www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာအုပ် ၃

# အီကြာကွေး
# ရုံအပြင်ကထွက်ကြည့်ပါ

တွတ်ပီစာအုပ်တိုက်
အမှတ်(၄/က)အဝေရာလမ်း၊ဘောက်ထော်
ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၁၀/၂၀၀၁(၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၂၅/၂၀၀၁(၈)

■

မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်
ပိုးဇာ

■

ပုံနှိပ်ခြင်း
ပထမအကြိမ်

■

ထုတ်ဝေသည့်လ
စက်တင်ဘာလ၊ ၂၀၀၁ခုနှစ်

■

အုပ်ရေ
၅၀၀

■

မျက်နှာဖုံးဖလင်
SUNN COLOUR

■

အတွင်းဖလင်
နိုင်ကြီး

■

ထုတ်ဝေသူ
ဦးသန်းမောင်၊ မိုးဝေစာပေ(၀၅၄၈)
အမှတ်(၁၇၈)၊ ဦးချစ်မောင်လမ်း၊ ဗဟွာလစ်၊ ရန်ကုန်မြို့။

■

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးခင်မောင်မြင့်၊ တွတ်ပီပုံနှိပ်တိုက်(၀၆၇၀၂)
အမှတ်(၄/က)၊ အဝေရာလမ်း၊ ဘောက်ထော်၊ ရန်ကင်း၊ ရန်ကုန်မြို့။

■

စာအုပ်ချုပ်
ရော်နီ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | စောင့်လို့ကြည့်ချင်သေး | ၉ |
| ၂။ | တဖျပ်ဖျပ်နှစ်ပါးခွင် | ၁၆ |
| ၃။ | သန်းတုတ်ဖို့ပဲကျန်တော့တယ် | ၂၄ |
| ၄။ | ပောက်ပြားအစွကိုဂန်စာ | ၃၂ |
| ၅။ | ဒီမြေလောက်ပဲတတ်နိုင်တော့တယ် | ၃၇ |
| ၆။ | ဇာတ်မြိုးပြတ်ချိန် | ၄၄ |
| ၇။ | ပဲဟင်းသောက်သူ | ၅၂ |
| ၈။ | ဘယ်ဇာတ်တော်လေမှန်းမသိ | ၅၉ |
| ၉။ | ဇာတ်တွင်းနှာ | ၆၆ |
| ၁၀။ | ဇာတ်စာ | ၇၃ |
| ၁၁။ | ကြံကြီးစည်ရာ | ၈၀ |
| ၁၂။ | ရှိအပြင်ကထွက်ကြည့်ပါ | ၈၇ |
| ၁၃။ | ခုထိနာတုန်း | ၉၄ |
| ၁၄။ | ခြောက်လုဆဲဆဲ ငါးခွဲကျော်ကျော် | ၁၀၁ |
| ၁၅။ | အစိုးလုပ်သဘင် | ၁၁၀ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၁၆။ | ကမ္ဘာကြီးပါကျဉ်းပစ်မယ် | ၁၁၇ |
| ၁၇။ | ကိုယ့်အလုပ်ကိုယ်လုပ် | ၁၂၅ |
| ၁၈။ | စန်းမတ်တတ်စိန်အိကြာ | ၁၃၄ |
| ၁၉။ | တစ်မျိုးပဲရှိတဲ့စိန်အိကြာ | ၁၄၂ |
| ၂၀။ | ရပါတယ်ဆိုသော်လည်း | ၁၅၀ |
| ၂၁။ | ပန်းတွေနဲ့ဝိန် | ၁၅၇ |
| ၂၂။ | ထိုးဇာတ် | ၁၆၂ |
| ၂၃။ | ပေါက်တဲ့သူမှန်မှန်ပြော | ၁၇၂ |
| ၂၄။ | သောင်တင်ဇာတ် | ၁၇၈ |
| ၂၅။ | ဆန်ချက်တဲ့စိန်အိကြာ | ၁၈၅ |
| ၂၆။ | ကြိုးကြာဖိုးကြာ | ၁၉၂ |
| ၂၇။ | သဘင်လူရှမ်းမင်းသားစိန်အိကြာ | ၂၀၀ |
| ၂၈။ | ဇာတ်သွေးပျက်ချိန် | ၂၀၇ |
| ၂၉။ | လင်းရင်ပြိုးရောဇာတ်တော်ကြီး | ၂၁၆ |


www.burmeseclassic.com

www.burmeseclassic.com



# စောင့်လို့ကြည့်ချင်သေး

သူ့လို မင်းသားကတော့ ကမ္ဘာရှားရုံမက စကြဝဠာပင် ရှားသည်။ သူကား သဘင့်မျက်နှာကို ကတ္တရာစေးသုတ်ရန်အတွက် တစ်ခေတ်တွင် တစ်ကောင်၊ ခပ်ပြောင်ပြောင် ပေါ်ပေါက်လာသူပင်။

မြန်မာပြည်အထက်အောက်တွင် ကတ်တလောက် ဝေရန် မလို။ သူ့ကို ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမမရွေး အကုန်သိသည်။

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်သည် တားမလွယ်၊ ဆီးမရ၊ ထိန်းမနိုင်၊ သိမ်းမနိုင်အောင် တစ်နေ့တခြား ကြီးကြီးလာသည်။ ထိုနှုန်းအတိုင်း ဆက်ကြီးသွားလျှင် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဝုန်းခနဲ မြည်ကာ နာမည်ကြီး ပေါက်ကွဲသွားနိုင်သည်။ နာမည်အစအနများ ထိမှန်ပါက နာသူနာ၊ ကြေသူကြေ ဖြစ်ကာ အပြင်လူနာ၊ အတွင်းလူနာများအဖြစ် ဆေးရုံ၊ ဆေးခန်းများသို့ ရောက်နိုင်သည်။

သူကား အခုန်ဝိဇ္ဇာ၊ အပျံဝိဇ္ဇာ၊ ဆူပါအခါတစ်သိန်း စတား မင်းသား စိန်အီကြာပင်။ စိန်အီကြာသည် သဘင်လောကသို့ လမ်းရိုး လမ်းမှန်မှ ဝင်လာသော မင်းသား မဟုတ်ပေ။ မိလ္လာလမ်းမှ အလစ် ခင်ကာ အိမ်သာကြို အိမ်သာကြားမှ ဖြတ်ထွက်လျက် ရုတ်တရက် ထင်ပေါ်လာသော မင်းသားသာ ဖြစ်သည်။

သဘင်ပညာနှင့် ပတ်သက်၍ သွားမမေးနှင့်။ စိန်အီကြာ ဘာတစ်ခုမှ မသိ။ ဇာတ်စာ၊ ဇာတ်စကားနှင့် စပ်လျဉ်း၍ သွားမစူးစမ်းနှင့်။ စိန်အီကြာ တစ်လုံးတစ်ပါဒမျှ နားမလည်။ တစ်ခါက ဇာတ်ပညာ လေ့လာလိုသူ လူရွယ်တစ်ယောက်က

"ဝမ်းစာတို့ တေတျာတို့ကို စိန်အီကြာ သိမှာပေါ့.. ဗဟုသုတ ရအောင် ရှင်းပြစမ်းပါ.. "

ဟု မေးဖူးသည်။ စိန်အီကြာဆိုသော ဆူပါအခါတစ်သိန်းစတား က ဘယ်လိုဖြေကြားသည် ထင်သနည်း။

"ဟား... သိတာပေါ့ဗျာ... သိသမှ သိပ်သိပေါ့... ဝမ်းစာဆို တာ တောင်သူလယ်သမားဦးကြီးတွေ မိုးတွင်းစားဖို့ ပုတ်ထဲတောင်းထဲမှာ လှောင်ထားတဲ့ စပါးဗျ... ဝမ်းစာထားတယ်ဆိုတာ ခင်ဗျား မကြားဖူးဘူး လား... အဲ သရေသရာတို့ ကရေကရာတို့ ပေါက်ပေါက်ဆုပ်တို့ဟာ မုန့်နာမည်တွေပါပဲ... "



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါကလည်း ဇာတ်ဝါသနာပါသူတစ်ယောက်က စိန်အိကြာ အား...

"ခေါင်း၊ ခါး၊ ခြေ၊ လက်၊ ဤလေးချက် မပျက်စေရ သုခုမ ဆိုတာကို ကြားဖူးတာ ကြာပြီ... အကျယ်သိရအောင် လင်းစမ်းပါဦး စိန်အိကြာ... "

ဟု မေးဖူးသည်။ စိန်အိကြာက ဗဟုသုတ ဟင်းလေးအိုးကြီး လေသံဖြင့် ခပ်တည်တည် ရှင်းပြသည်ကား...

"အနှိပ်သည်တွေအတွက် လမ်းညွှန်ထားတဲ့ စကားပါ... ခေါင်း ရယ်၊ ခါးရယ်၊ ခြေရယ်၊ လက်ရယ်ဟာ ခန္ဓာကိုယ်မှာ အရေးကြီးတယ်... အဲဒီ ခေါင်း၊ ခါး၊ ခြေ၊ လက်ကို လေးချက်စီ၊ လေးချက်စီ နေ့စဉ်မပျက် နှိပ်ပေးရင် လေငန်း မဖြစ်နိုင်ဘူးလို့ ဆိုလိုတာပါ... "

"သုခုမဆိုတာကကော ဗျာ... "

"ဟာ ခင်ဗျားကလည်း ရန်ကုန်နေပြီး ဒါတောင် မသိဘူးလား တော်တော်တုံးတဲ့ လူပဲ... သုခုမဆိုတာ ရုပ်ရှင်ကုမ္ပဏီဗျ... "

ထိုသူမှာ စိန်အိကြာကို ဆွဲထိုးချင်စိတ်များ တဖွားဖွား ပေါ်သွား သည်။ နဂိုက သိသလိုလို ရှိသည်မှာ စိန်အိကြာ ရှင်းလိုက်မှ ရှုပ်ကုန်သော ကြောင့်ပင်။

သဘင်ပညာနှင့် ပတ်သက်၍ ဘယ်စမ်းစမ်း၊ ညာစမ်းစမ်း၊ စမ်းချင်ရာက စမ်း။ စိန်အိကြာ နကန်းတစ်လုံးမှ မတတ်ပေ။ သို့ မတတ် သော်လည်း စိန်အိကြာက လည်သည်။ သူ့နာမည်ကို မကြီးကြီးအောင် ဖန်တီးတတ်သည်။ မကျော်ကျော်အောင် လုပ်တတ်သည်။ မထင်ရှား ထင်ရှားအောင် ကြံတတ်သည်။

"ကျော်ချင်ရင် ပေါ်ပင်လိုက်ရတယ်ဗျ... ခု ဘာပေါ်နေသလဲ သရက်သီးမှည့်တွေ ပေါ်နေတယ်... အဲလေ စတိတ်ရှိုးဆိုတာ ပေါ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်... ဒီစတိတ်ရှိုးကို ဘယ်ကောင်စပြီး ဇာတ်ခုံပေါ် သယ်လာတယ် မသိဘူး... သူ့ စတိတ်ရှိုး၊ ငါ စတိတ်ရှိုး အပြိုင်အဆိုင် ရောဂါတက်နေကြတယ်... ဂုရုကွေးဆိုတဲ့ ခပ်ကြောင်ကြောင် အဘိုးကြီးတစ်ယောက်က "စတိတ်ရှိုးရောဂါ၊ ဇာတ်တွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမရှိ" ဆိုပြီး စာချိုးသတဲ့။ ဒီခွေးသူခိုးကြီး ဘာ့နားလည်လို့လဲ။ ကျုပ်တို့ ဒါမျိုးတွေနဲ့ စားလာတာ သွားတောင် အမွေးပေါက်ပြီ... "

စိန်အိကြာ၏ စတိတ်ရှိုးမှာ သူများစတိတ်ရှိုးထက် ပိုသည်းသည်။ သူများတွေက မီးရောင်စုံထိုး၍ ဆိုသည်။ မီးလုံးမီးစလွယ်ဆင်၍ ဆိုသည်။ စိန်အိကြာကတော့ တစ်မျိုး။ ဇာတ်ခုံကို မှောင်ချထားကာ မှောင်ထဲမှာ ဆိုသည်။

လည်ပင်းက လိပ်ပြာတောင် လည်စည်းရယ်၊ ခါးက ခါးပတ်ရယ်၊ ခြေက ဖိနပ်ရယ်။ ဤသုံးနေရာသာ မီးစုန်းသုတ်ထားသည်။ သူက ဒါကို "ခနေဖြူ ရောင်ခြည်" ဟု ခပ်ကြွားကြွား ကြွေးကြော်သည်။ မှောင်ထဲမှာ လက်လက်လက်လက်နှင့် ဟိုယိမ်း သည်ယိမ်း လှုပ်ရှားနေသည်ကို ကလေးတွေက "ပိုးစိမ်းဖြူတွေ ထွက်နေတယ်ဗျို့" ဟု တစ်ခဲနက် ဝိုင်းအော်ကြသည်။

မှောင်ထဲမှာ အပြတ်ဟစ်နေစဉ် ဇာတ်စင်၏ ဝဲယာနှစ်ဘက်မှ မီးလုံးကြီးတွေ ဝုန်းခနဲ ဝုန်းခနဲ တစ်လှည့်စီ ထွက်လာသည်။ ဝဲက ထွက်လိုက်၊ ယာက ထွက်လိုက် အလှည့်ကျ ထွက်နေသည်။ ပါးစပ်ထဲတွင် ရေနံဆီငုံကာ ပရိသတ်မမြင်အောင် ကွယ်ထွန်းထားသော မီးခွက် မီးတောက်ကို ထွေးပေးသောကြောင့် ဖြစ်သည်။

တစ်ခါက ဘုရားပွဲတစ်ခု၌ စိန်အိကြာ စတိတ်ရှိုး ဟစ်နေစဉ် မီးလုံးနှစ်ဘက် တစ်ပြိုင်တည်း ထွက်လာကာ အဝတ်အစားများ မီးစွဲသည်။ တစ်ဇာတ်လုံး ဝရုန်းသုန်းကားဖြင့် ဝိုင်းငြိမ်းကြရသည်။ ရုတ်ရုတ်



www.burmeseclassic.com

www.burmeseclassic.com



သဲသဲ ဖြစ်နေစဉ် အုတ်ထက်ပိုင်းကျိုး သုံးဆယ့်ငါးလုံး၊ ဒီလုံးခဲ ငါးဆယ့် နှစ်လုံး၊ ဖိနပ်မျိုးစုံ ရှစ်ဆယ့်သုံးဘက်၊ ပြောင်းဖူးရိုး တစ်ရာ့ရှစ်ဆယ်၊ ကြံပန်းခိုင်တုတ် နှစ်ရာ့လေးဆယ်၊ ဆီးစေ့ ရှစ်ရာ့အစိတ်နှင့် ခွေးချေး တစ်ထုပ် ဇာတ်ခုံပေါ် တက်လာဖူးသည်။

စိန်အီကြာက ထွင်သည့်နေရာတွင် နှစ်ယောက်မရှိအောင် တော်သည်။ မြန်မာ့ဇာတ်သဘင် နှစ်ပါးသွားခွင်တွင် အင်္ဂလိပ်သီချင်း၊ ကုလားသီချင်း၊ ဂျပန်သီချင်းများဆိုကာ စိန်အီကြာ ကျွမ်း တရမန်းကြမ်း ထိုးပြသည်။ အ၊ အိ၊ အု၊ အား သရများကို အာခေါင်ခြစ် အော်ကာ ဂျူဒို၊ ကရာတေး ပြသည်။ ယားတွေ၊ မယားတယားတွေ ဟစ်ပြီး မုန့် လေပွေကို ဖနောင့်ဖြင့် ပေါက်ပြသည်။ ဂျိမ်တုတ်တုတ်၊ ဂျိမ်တုတ်တုတ် ဘင်သံဖြင့် လူရွှင်တော်များ ထမ်းထားသော ဝါးနှစ်လုံးပေါ်မှာ လမ်း လျှောက်ပြသည်။

မင်းသမီးများက “ထိပ်ဆုံးက စိန်အီကြာ” နှစ်ပါးခွင်သီချင်းကို သံပြိုင်ဆိုပေးစဉ် စိန်အီကြာက ကုလားမခြေထောက် စီး၍ ကသည်။ သူ့အရပ်မှာ နဂိုရှိရင်းစွဲထက် သုံးဆ မြင့်သွားသည်။ ဦးခေါင်းမှာ နဖူးစီး ပိတ်ကားပေါ် ကျော်ထွက်သွားသည်။

ကုလားမခြေထောက်ပေါ် တက်ရပ်နေမှတော့ “ထိပ်ဆုံးက အီကြာ” မဖြစ်ဘဲ နေဦးမလား။ ထို့ထက် ထိပ်ဆုံးဖြစ်လိုလျှင် ဇာတ်စင် ခေါင်မိုးမှ ကျူဖျာပေါ် တက်ကဖို့ပဲ ကျန်တော့သည်။ ထိပ်ဆုံးထက် ထိပ်ဆုံးသာ ဖြစ်ပါ၏။ စိန်အီကြာဆိုတဲ့ မင်းသားက မီးသတ်မျှော်စင်ပေါ် တောင် တက်ကချင် ကမယ့်ကောင်။ သိပ်ယုံရတာ မဟုတ်။

မတတ်သူက ထင်ရာမြင်ရာတွေ စွတ်ရွတ်လုပ်ပြသည်ကို မသိ သူက မြှောက်စား၊ အားပေးခြင်းမှာ အနုပညာလောက၏ ဖြစ်ရိုးမဲ့တာ ပေပဲလား။ အမျိုးသားသဘင် အစစ်အမှန်ကို တန်ဖိုးလည်း မထား၊



www.burmeseclassic.com

www.burmeseclassic.com



သိလည်း မသိ။ သိအောင်လည်း မလေ့လာ၊ အရွယ်ငယ်တာ၊ ရုပ်ချောတာ၊ အဆင်အယင်၊ အခင်းအကျင်း၊ ခေတ်မီခမ်းနားတာကို "ဇာတ်ပညာ" ဟု ထင်နေသော ဆယ်ကျော်သက်များကား စိန်အီကြာမှ စိန်အီကြာ။ တစိန်တည်း စိန်၊ တအီတည်း အီပြီး၊ တကြာတည်း ကြာနေကြသည်။

ပေးလိုက်ရတဲ့ လက်ဆောင်တွေ၊ ရေးလိုက်ရတဲ့ မိတ်ဆက်စာတွေ၊ မေးလိုက်ရတဲ့ မေးခွန်းတွေ၊ လစဉ်ထုတ် မဂ္ဂဇင်း၊ စာစောင်များမှ ဇာတ်သဘင်ကဏ္ဍ အမေးအဖြေခန်းတွင် စိန်အီကြာ၏နာမည် လွှမ်းနေသည်။

စိန်အီကြာ အိမ်ထောင်ရှိသလား၊ မာနကြီးသလား၊ မိတ်ဆက်စာရေးတာ လေးရာ့ငါးဆယ်ခြောက်စောင် ရှိပြီ။ တစ်စောင်မှ မပြန်လို့ မေးရတာပါ ဆိုတာက တစ်မျိုး။ နှစ်ပါးခွင်မှာ ကင်းမြီးကောက်ထောင်ပြီး ကုလားသီချင်းဆိုတဲ့ စိန်အီကြာကို မျက်စိထဲ၊ နားထဲမှာ ဖျောက်မရအောင် စွဲနေပါတယ်ဆိုတာက တစ်ဖုံ။ ကြာကြာ မြို့မှာ ကတုန်းက ဇာတ်သေတ္တာ သုံးလုံးဆင့်ပြီး ကျွမ်းထိုးတာ ခါးမျက်သွားတယ် ကြားလို့ ငိုလိုက်ရတာ၊ တအားပဲ။ မိသည်းတို့ ဘကြီးလိမ်းတဲ့ သက်ရင်းကြီးမြစ် လိမ်းဆေးကို ပို့ပေးချင်တယ် ဆိုတာက တစ်နည်း။ အမေးအဖြေ ကဏ္ဍမှာ သူ့ တစ်ယောက်တည်းအတွက် ဖွင့်ပေးရသလို၊ စိန်အီကြာ့နာမည်ချည်း လစဉ်ထပ်နေသည်။

"ဟဲ ဟဲ... အောင်မြင်တယ်ဆိုတာ ဒါပဲဗျ... တစ်ည တစ်ည ကျုပ်ရတဲ့ လက်ဆောင်တွေဟာ စုံနေတာပဲ... ကုန်မျိုးစုံဆိုင် ဖွင့်လို့ ရတယ်... ပန်းတွေ၊ ပန်းတွေများ လာလာပေးကြတာ ထားစရာ မရှိဘူး... တချို့တစ်ဝက်ကို ပရိသတ်ဆီ ပြန်ကြဲပစ်တယ်... အတော်များများကို ဈေးထဲက ပန်းတန်း ပြန်သွင်းတယ်... အပိုဝင်ငွေ ရတာပေါ့... ဒါကို ဇာတ်သဘင် ဝေဖန်ရေးသမားတွေက မနာလိုတိုရှုည်ဖြစ်ပြီး စိန်အီကြာ



www.burmeseclassic.com

www.burmeseclassic.com



အလကားကောင်တဲ့၊ မယုံကြနဲ့... စိန်အိကြာ အလကားကောင် မဟုတ်ဘူး... ပိုက်ဆံနဲ့ကောင်... ကျုပ်လောက် ဇာတ်ကြေးကြီးတာ၊ ပွဲချီ စိပ်တာ၊ ဝင်ငွေကောင်းတာ ကျုပ်ပဲ ရှိတယ်... ဟောဒီ စိန်အိကြာပဲ ရှိတယ်... ”

ဇာတ်သဘင်ပညာရှင်နှင့် ဇာတ်မင်းသားကြီးဖြစ်သော ကွယ်လွန်သူ အမယ်ကြီးအိုဦးအောင်စိန်က “ဒီအတိုင်းသွားနေရင် ဇာတ်ပျောက်ပြီး ပွဲပဲ ကျန်တော့မယ်” ဟု အမျိုးသားဇာတ်သဘင်အတွက် စိုးရိမ်ပူပန်စွာ ပြောခဲ့ဖူးသည်။


လောလောဆယ်အနေအထားတွင် သဘင်ပညာဖြင့် ကနေသော “ဇာတ်” များ စန်းမှိန်ကာ ပေါ်ပင်လိုက်ပြီး ဗရုတ်သုတ်ခ လုပ်ပြနေသော “ပွဲ” များ စန်းထနေကြသည်။ သဘင်ပညာကို တန်ဖိုးထားလေးစားသော သဘင်ပညာရှင်များ၊ စာပေပညာရှင်များက လက်ရှိအနေအထားကို အလှည့်အပြောင်းဖြစ်ရန် ကြိုးစားနေကြသည်။ ပရိသတ်၏ သဘင်အကဲဖြတ် အရည်အသွေး တဖြည်းဖြည်း၊ တစ်စတစ်စ မြင့်တက်လာနေသည်။ အတုနှင့် အစစ်တို့ အားပြိုင်နေကြပြီ။ ကျောက်ခဲ ရေပေါ်သော မင်းသားစိန်အိကြာ ဘယ်လောက်ကြာကြာခံမလဲ။ စောင့်လို့ကြည့်ချင်သေး၊ စောင့်လို့ ကြည့်ချင်သေး။ အဟေး၊ ဟေး၊ ဟေး၊ ဟေး။

အိကြာကွေး
(နိုဝင်ဘာလ၊ ၁၉၈၃ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✹✧✹✧✹✧

www.burmeseclassic.com

www.burmeseclassic.com



# တဖျပ်ဖျပ် နှစ်ပါးခွင်

စိန်အိကြာတို့ ထွင်ပြန်ပြီ။

"တဖျပ်ဖျပ် နှစ်ပါးခွင်" တဲ့။ မြန်မာ့သဘင်မှာ မကြားဖူးတာတွေ ကြားနေရသည်။ မကြည့်ဖူးတာတွေ ကြည့်နေရသည်။ မကြုံဖူးတာတွေ ကြုံနေရသည်။ သဘင့်မျက်နှာကို အိုးမည်းပါမက ကတ္တရာစေးပါ သုတ်ရန် စိန်အိကြာ ကြံပြန်ပြီ။

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဗမြဝိုင်းခေတ်ကလည်း မရှိခဲ့ဖူး၊ ဦးစိန်ကတုံးတို့၊ ဦးဖိုးစိန်တို့ခေတ်ကလည်း မရှိခဲ့ဖူး၊ ရွှေမန်းဦးတင်မောင်တို့၊ ဦးစိန်အောင်မင်းတို့ခေတ်ကလည်း မရှိခဲ့ဖူး၊ မြန်မာသဘင်မှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးသော နှစ်ပါးခွင်မျိုးကို သူမို့ ထွင်တတ်ပလေ။ "တဖျပ်ဖျပ် နှစ်ပါးခွင်" တဲ့။

"ခုအချိန်က ပညာမလိုဘူး... သမ္မာမလိုဘူး... သမားစဉ်မလိုဘူး... ပရိကံ မလိုဘူး... ဇာတ်အထာ၊ ဇာတ်စာ ဘာမှမလိုဘူး... ဒါတွေအားလုံး ခေါက်... ဂက်ဒေါက်၊ ဂိုးအဝေး၊ ဂျာလတီးဂျောင်း။ ဟုတ်ဟုတ် မဟုတ်ဟုတ် ပေါက်တတ်ကရတွေ ထွင်ရမယ်... ထွင်နိုင်မှ တန်ကာကျမယ်... ကျုပ်တော့ အမြဲတမ်း ထွင်နေတာပဲ... ထွင်လွန်းလို့ မင်းသားလောကမှာ "ငထွင်ကြီး စိန်အိကြာ" ဆိုပြီး နာမည်တစ်လုံးတောင် ရနေပြီ... ရိုးရာတွေ ဂိုးဂွာတွေ လုပ်နေရင် ဇာတ်ခေါင်းကွဲသွားမယ်... ဇာတ်နောက်စိကျေသွားမယ်... ဇာတ်အုပ်ဆက်ပါ ပြုတ်ထွက်သွားမယ်... ဘာမှတ်သလဲ... ဒစ္စကိုခေတ်ဗျ... "

အားပါးပါး။ တာဝန်မဲ့လွန်းသော ပရမ်းပတာ အဆိုအမိန့်ပါလား။ စိန်အိကြာကတော့ ထိုအဆိုအမိန့်အတိုင်း ဆက်လိမ့်နေသည်။ လောကကြီးကား ရယ်စရာပင်။ မတတ်သူက လုပ်ပြသည်ကို မသိသူက အထင်ကြီးသည်။ နားမလည်သူက လက်ခုပ်တီးသည်။ မလေ့လာသူက ချီးကျူးသည်။

စိန်အိကြာကို ပေးလိုက်ကြသည့် ပန်းတွေ၊ ဘုရားစောင်းတန်းမှာ ပန်းဆိုင်ကြီးတစ်ဆိုင် ဟည်းနေအောင် တည်နိုင်သည်။ စိန်အိကြာကို ပါးလိုက်ကြသည့် လက်ဆောင်ပစ္စည်းတွေ။ ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင် ဟိန်းနေအောင် ဖွင့်နိုင်သည်။ စိန်အိကြာကို ပို့လိုက်ကြသည့် မိတ်ဆက်စာတွေ။ စက္ကူဟောင်းဆိုင်ကြီးတစ်ဆိုင် ဟည်းနေအောင် ရောင်းနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com


"အရိုးကို အရွက် မဖုံးရဘူးဆိုတာ ဟိုတုန်းက စကားဗျ... အခု ဖွတ်ကျား ဖြစ်သွားပြီ... ကျုပ်တော့ အရိုးကို အရွက်ဖုံးတယ်... အရွက်တင် မကဘူး၊ အကိုင်းပါ ဖုံးတယ်... အရိုးပျောက်မှ တိုးမပေါက်အောင် လူဝင်မယ် မဟုတ်လား... ငပေါတစ်ယောက်က ထွင်လိုက်တာဆို ငပေါ တစ်ရာက နောက်က လိုက်လုပ်ကြလိမ့်မယ်... ခင်ဗျားတို့ မယုံရင် စောင့်ကြည့်နေ... ဒီတိုင်း ဖြစ်မလာရင် ကျုပ် သျှောင်ထုံးကို ဆွဲပြီး ခင်ဗျားတို့ စီးတဲ့ဖိနပ်နဲ့ ပါးသက်စေ့ရိုက်... "

အောင်မြင်နေသူဆိုတော့ ဆေးစက်ကျရာ အရုပ်ထင်၊ ပြောသမျှ တင့်တယ်နေသည်။ ထိုစကားကို တကယ့်ပညာရှင်များ ကြားလျှင် စိန်အီကြာကို ဆွဲထိုးချင်ကြလိမ့်မည်။ စန်းတက်တုန်းတော့ ထင်ရာမြင်ရာတွေ ရမ်းနှက်ဦးပေါ့။ စန်းမှိန်မှ တဂန်းဂန်း၊ တဂိန်ဂိန် အော်ရုံသာ။

"စိတ်ညစ်ပါတယ်အေ... ဝါသနာ မဖျောက်နိုင်လို့သာ ဒီဇာတ်ထဲ လိုက်နေရတာ တစ်ညတစ်ည ကရတယ်ကို မရှိဘူး... ထိုင်ချည်းနေရတာပဲ... လူလည်း အညောင်းမိလှပြီ... "

မင်းသမီး သခေါ်ကြည် (သွားခေါ်ကြည်)က ခြူသံပါအောင် ညည်းသည်။ ဆင်နင်းထားသော ယပ်တောင်လို ပြားကပ်နေသည့် မီးယပ်စိန်အမည်ရှိ မင်းသမီးက

"ညည်းက ခုမှ နှစ်နှစ် ရှိသေးတယ်... ကျုပ်က ငါးနှစ် ရှိပြီ... စိန်အီကြာဇာတ်ထဲ ရောက်စက ကျုပ် ဒီကိုယ်လုံး မဟုတ်ဘူး... ဝဝပြည့်ပြည့်၊ ခါးသေးရင်ချီ၊ ပဒုမ္မာနီ။ ထိုင်ရလွန်းလို့ အညောင်းမိတာနဲ့ ဒီရုပ်မျိုး ဖြစ်သွားတာ... ငါ့ကို ကြည့်စမ်း... ဘာမှ မရှိတော့ဘူး... ချိုနဲ့သားရေပဲ ကျန်တော့တယ်... မီးယပ်စိန်ဆိုတဲ့အတိုင်း ခုမှ တကယ့် မီးယပ်ပိန် မီးယပ်ခြောက်ဖြစ်တာ... "


www.burmeseclassic.com

www.burmeseclassic.com



စိန်အီကြာဇာတ်တွင် မင်းသမီးကို အသားမပေးပေ။ လည်ချောင်းရိုးနှင့် တောင်ပံရိုးသာ ပေးသည်။ အသားမှန်သမျှကို စိန်အီကြာ တစ်ယောက်တည်း၊ တစ်ဦးတည်း မောင်ပိုင်လုပ်ထားသည်။ နှစ်ပါးခွင်တွင် မင်းသမီး မကရ။ ထတောင် မထရ။ အစအဆုံး ထိုင်နေရသည်။ ညောင်းလွန်း၍ ဟိုလှည့် သည်ပြောင်း အထိုင်ပြောင်းသည်ကိုပင်။

"ဘာလဲ ကမလို့လား... ကချင်ရင် ငါ့ဇာတ်ထဲက ထွက်... နှစ်ပါးခွင်မှာ မင်းသမီး မကရဘူး... ဒါ စိန်အီကြာရဲ့နှစ်ပါးခွင်... "

အနားရောက်လာကာ ယပ်တောင်နှင့် ကွယ်၍ ဟောက်တတ်သည်။ မင်းသမီးများမှာ သူ့ပဲ ကြောက်နေရသည်။ ခဏခဏ အထိုင်မပြောင်းရဲ။ သူ ပုဆိုးဝင်လဲမှ ကမန်းကတန်း အထိုင်ပြင်ရသည်။ ခြေကျဉ်လိုက်သည်မှာ ပြောစရာ မရှိတော့။ မင်းသမီးတိုင်း၏ခြေမနှင့် ခြေညှိုးကြားတွင် စက္ကူစ ဖြစ်စေ၊ တုတ်စဖြစ်စေ ညှပ်ထားကြရသည်။

"ဒီသေချင်းဆိုးကလည်း ပြီးပဲ မပြီးနိုင်ဘူး... အလကား ကျွမ်းထိုးလိုက်၊ ကင်းမြီးကောက် ထောင်လိုက်၊ မျောက်ခုန် ခုန်လိုက်၊ ပေါက်တတ်ကရတွေ လျှောက်လုပ်နေတယ်... "

စိန်အီကြာ ဒသမအကြိမ် ပုဆိုးဝင်လဲခိုက် မဆလာစိန်ဆိုသော မင်းသမီးက မဲ့ကာရွဲ့ကာဖြင့် အတင်းပြောသဖြင့် သခေါ်ကြည်က

"ဟဲ့ ကောင်မ... တိုးတိုးပြော... နင့်လင် ပြန်ထွက်လာလို့ ကြားသွားရင် ညောင်းကြေးဖြတ်နေဦးမယ်... "

မင်းသမီးများက "ညကြေး" ကို "ညောင်းကြေး" ဟု ကွယ်ရာမှာ ခေါ်ကြသည်။ ကလို့ ပေးတာက ညကြေး။ မကရဘဲ ညောင်းအောင်ထိုင်ရလို့ ပေးတာက ညောင်းကြေး။ ထိုအမည်မှာ သဘာဝ ကျလှသည်။

စိန်အီကြာဇာတ်တွင် မင်းသမီးမှာ "အပိုပစ္စည်း" ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ပိုစတာတွင် မင်းသမီးနာမည်ကို ပါသည်ဆိုရုံ စာလုံးသေးသေးဖြင့် ဖော်ပြသည်။ နှစ်ပါးခွင်တွင် မင်းသမီးနာမည်ကို ခေါ်ကာ ပရိသတ်နှင့် မိတ်ဆက်မပေး။ စိန်အီကြာဇာတ်မှာ ဘယ်မင်းသမီးတွေ ပါသည်ဆိုတာ ဘယ်သူမှ မသိရ။ မင်းသမီးတွေခမျာလည်း နာမည်အခေါ်မခံရသဖြင့် ကြာလျှင် ကိုယ့်နာမည်ကို မေ့ကုန်မှာ စိုးရသည်။ "ကျွန်မ နာမည် ဘယ်သူလဲ ဟင်" ဟု လူတကာကို လျှောက်မေးရမလို ဖြစ်နေသည်။

မင်းသမီး၏အခန်းကဏ္ဍမှာ မှိန်မှန်းမသိ မှိန်ကာပျောက်လုနီးနီး ဖြစ်လာသည်။ မင်းသမီးပညာဆိုတာ ဘာပါလိမ့်။ ဖြိုးလိမ်းဝတ်စားပြီး နှစ်ပါးခွင်မှာ ကျုံ့ကျုံ့လေး ထိုင်နေတာ မင်းသမီးပညာ ထင်တယ်... ဒီလိုဆို တို့တောင် လုပ်တတ်သေးတယ် ပြောလာလျှင် မြန်မာဇာတ်သဘင် ငါးပါးကြီး မှောက်ပေတော့မည်။

ဇာတ်ပညာကို နှိုက်နှိုက်ထွင်းထွင်း လေ့လာထားသော စာရေးဆရာတစ်ယောက်က စိန်အီကြာကို မေးဖူးသည်။

"မင်းသားဇာတ်ကို ကျွန်တော် အကဲခတ်ကြည့်တယ်...မင်းသမီး ပျောက်နေတယ်ဗျ... နေရာတကာ မင်းသားချည်း ဖြစ်နေတယ်... "

"မင်းသမီး မပျောက်ပါဘူးလေ... တန်းစီပြီး ထိုင်နေကြတာပဲ မင်းသားချည်း ဖြစ်နေတာကတော့ ဟဲ ဟဲ... ဆယ်ကျော်သက်တွေက မင်းသားမှ မင်းသား ပုဂ္ဂိုလ်စွဲနဲ့ အားပေးကြတာကိုး... "

မင်းသမီးပျောက်နေသည်ဆိုသည်မှာ မင်းသမီး၏အခန်းကဏ္ဍ မှေးမှိန်နေသည်၊ မင်းသမီးပညာ ပျောက်နေသည်ဟု ပြောလိုခြင်း ဖြစ်သည်။ ဒါကို စိန်အီကြာ နားမလည်ပေ။ မင်းသမီးတွေ တန်းစီပြီး ထိုင်နေကြပါတယ်တဲ့။ ဘယ်လောက် ဟုတ်သလဲ။

"ပိုး၊ မွေး၊ ခေါ်၊ မျှော်၊ အောင်၊ ဇော်၊ လု၊ တ၊ ရှုး၊ အ၊ သေ၊ ပစ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ကြားဖူးတယ်... ဒါတွေ အသေးစိတ် ရှင်းပြစမ်းပါ... ”

စာရေးဆရာက စိန်အီကြာ၏ အတိမ်အနက်ကို သိလို၍ မင်းသမီးပညာ ဆယ့်နှစ်ရပ်ကို အကဲစမ်းကြည့်သည်။ စိန်အီကြာ ဘယ်လို ရှင်းပြသည် ထင်သနည်း။

“ပိုးမွေးခေါ် မျှော်ဆိုတာက သမီးမိန်းကလေးကို ပိုးမွေးသလို မွေးတယ်... အရွယ်ရောက်တော့ သဘော်သားတို့ ဆရာဝန်တို့ကို သားမက်တော်ရအောင် ခေါ်တယ်၊ မျှော်တယ်... ဒါကို ဆိုလိုတာဗျ... ”

“ကြိုက်သွားပြီဗျာ... အောင်၊ ဇော်၊ လု၊ တ ကကော... ”

“အောင်ဇော်က အောင်ပျော်ရဲ့ညီလေဗျာ... ကန်တော်ကလေး ဘင်္ဂါလီစုမှာ နေတယ်... လုတဆိုတာ စကားလိမ်ဗျ... လုတ၊ လတု... သိပ္ပံနဲ့ ဆိုင်တယ်... အာကာသထဲမှာ လအစစ်တင် မကဘူး... လအတု လည်း ရှိချင် ရှိနိုင်တယ်... ”

“တောက်... အတော်ပြည့်တာပဲ... ရှူး၊ အ၊ သေ၊ ပစ် ကကော”

“ပထမ ရှူးတယ်လေ... ရှူးရာက စကားမပြောနိုင်ဘဲ အ,သွားတယ်... သနားစရာပဲ... သေပစ်ကတော့ ဘယ်သူမဆို သေရင် ပစ်လိုက်... သုံးရက်ထက် ပိုမထားနှင့်... ငါးရက်အထိ ထားရင် ငံပြာရည် ထွက်လာမယ်လို့ သတိပေးတာဗျ... ”

စာရေးဆရာ နှာခေါင်းရှုံ့သွားသည်။ “သွားဦးမယ်ဗျာ” ဟု နှုတ် ဆက်ကာ နေရာမှ ထသည်။ စိန်အီကြာက “နောက်လည်း ဇာတ်ပညာ နှင့် ပတ်သက်လို့ သိချင်တာလေးတွေ ရှိရင် လာပါ... ကျုပ် သိသလောက် ပြောပြမယ်” ကမ်းလှမ်းသည်ကိုပင် စကားမပြန်တော့။ မလာအပ်သော အရပ်ကိုလာမိသူပမာ၊ သုတ်သီးသုတ်ပျာဖြင့် ရုံနောက်ပေါက်မှ ထွက် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


"စိန်အီကြာ တီထွင် တဖျပ်ဖျပ် နှစ်ပါးခွင်"

ထိုသတင်းကို ကြားသော ဇာတ်ဆောင်းပါးရှင်များက စိန်အီကြာနှင့် သွားတွေ့ရန် စီစဉ်ကြသည်။ စိတ်တစ်ခြမ်း ညစ်ပြီး ပြန်ခဲ့ရသော စာရေးဆရာက ကန့်ကွက်၏။

"ဟော့လူတွေ... မသွားကြနဲ့... စိန်အီကြာဆိုတဲ့ မင်းသားဟာ အလကားကောင်ဗျ... ကျုပ်ကြုံဖူးလို့ ပြောတာ"

"ဘယ်က အလကားကောင်ရမှာလဲ... ပိုက်ဆံနဲ့ကောင်ဗျ... ဖျာမှောင်ခို ဝယ်ကြည့်ရအောင် လူကြိုက်များတယ်... ဘာပဲဖြစ်ဖြစ် သွားလေ့လာတာတော့ မမှားဘူး... တဖျပ်ဖျပ် နှစ်ပါးခွင်အကြောင်း သိတာပေါ့... "

စိန်အီကြာက သူ့နှစ်ပါးခွင်ကအကြောင်း မင်နှင့် ကွင်းနှင့် ပလီကင်နှင့် ခပ်တည်တည် ရှင်းပြသည်။

"တဖျပ်ဖျပ် နှစ်ပါးခွင်ဆိုတာ တကယ်တော့ ဘာမှမဆန်းပါဘူး... မင်းသမီးတွေ မထတမ်း ထိုင်နေရမယ်... ဆိုစရာ မလိုဘူး... ကစရာ မလိုဘူး... ကျုပ်တစ်ယောက်တည်း ဆိုမယ်... ကျုပ်တစ်ယောက်တည်း ကမယ်... ကျုပ် ဆိုတဲ့ကတဲ့အခါ လက်ခုပ်တီးပေးရမယ်... လက်ခုပ်သံကို တင်စားပြီး "တဖျပ်ဖျပ် နှစ်ပါးခွင်" လို့ နာမည်ပေးထားတာ... ဘယ့်နှယ့် ကျုပ်ပေးတဲ့နာမည် မိတယ် မဟုတ်လား... "

စိန်အီကြာက သတင်းစာထဲ ထည့်ရန် စာကြမ်းရေးထားသော ကြော်ငြာကို ထုတ်ပြသောအခါ ဇာတ်ဆောင်းပါးရှင်များ မျက်လုံးလင်းကွင်းလောက် ကျယ်အောင် ပြူးတူးပြဲတဲ ဖြစ်ကုန်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com



## အမြန်ဆက်သွယ်ပါ

တဖျပ်ဖျပ်နှစ်ပါးခွင်အတွက် မင်းသမီးသုံးဆယ် အလိုရှိသည်။ သီချင်းဆိုတတ်ဖို့ မလို၊ ကတတ်ဖို့ မလို။ နှစ်နာရီ၊ နှစ်နာရီခွဲနီးပါး မထတမ်း ထိုင်နိုင်ရမည်။ မင်းသား ဆိုကနေစဉ် လက်ခုပ်ကို ညီညီနှင့် မြည်မြည် တီးပေးနိုင်ရမည်။ အညောင်းထိုင်ကျင့်ရှိသော ဆေးလိပ်သမများ၊ စက်သမများကို ဦးစားပေး ရွေးချယ်မည်။

(မှတ်ချက်)။ ။ ပလာတာနှင့် နံပြားရိုက်သူများလျှောက်ထားရန် မလို။

(ပုံ) စိန်အိုးကြာ
ဒစ္စကိုခေတ်သဘင်ထွင်


အိုးကြာကွေး
(ဇန်နဝါရီလ၊ ၁၉၈၄ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✸✧✸✧✸✧



www.burmeseclassic.com

www.burmeseclassic.com



# သန်းတုတ်ဖို့ပဲ ကျန်တော့တယ်

ကြံ့ကြံ့ဖန်ဖန်၊ ပေါက်ပေါက်ရှာရှာ ထွင်ရာတွင် စိန်အီကြာကို ဘယ်မင်းသားမှ လိုက်မမီပေ။ သူ့ဇာတ်မှာ (သဘင်ပညာ) မရှိ။ ပေါက်တတ်ကရတွေ ထွင်ထားသည့် (အထွင်ပညာ) သာ ရှိသည်။ ထွင်သည်ဆိုရာ၌ (လမ်းရိုးဟောင်းတွင်၊ ဆင့်ကာထွင်) ခြင်း မဟုတ်။ (လမ်းရိုးဖျောက်ပြင်၊ တွေ့ကရာထွင်) ခြင်း ဖြစ်သည်။

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်တချို့က (ဇာတ်ကို ဇာတ်နှင့်တူအောင် ကမည်) ဟု ကြော်ငြာသောအခါ စိန်အီကြာ ထွင်စရာအကွက်ရသွားသည်။ သူက သူများကြော်ငြာကို အခြေခံကာ တစ်မူထွင်၍ ကြော်ငြာလိုက်သည် (ဇာတ်ကို မျောက်နှင့်တူအောင် ကမည်။ ပုံ၊ စိန်အီကြာ) တဲ့။

ဒီကြော်ငြာလည်း ပါလာရော၊ ဘာပြောကောင်းမလဲ။ သဘင်ပညာမြတ်နိုးသူတွေက ဆဲလိုက်ကြတာ ပွက်ပွက်ညံသွားသည်။ စိန်အီကြာက ဆဲတာကို မတုန်လှုပ်။ သူ့ခံယူချက်က အဆဲခံရအောင် လုပ်ရမည်။ များများအဆဲခံရလေ၊ မြန်မြန် နာမည်တက်လေ။

(ဇာတ်ကို မျောက်နှင့်တူအောင် ကမည်) ဟုကြော်ငြာပြီးနောက် စိန်အီကြာ တိရစ္ဆာန်ဥယျာဉ်သို့ သွားသည်။ မျောက်ရုံတွင် မျောက်တွေကို စေ့စေ့စပ်စပ် လေ့လာသည်။ မျောက်တွေ ဘယ်လိုနေလဲ။ ဘယ်လိုပြုမူသလဲ။ စိတ်ရှည်လက်ရှည် ထိုင်ကြည့်ကာ မှတ်စုစာအုပ်တွင် မှတ်သည်။

မျောက်ရုံခေါင်မိုးတွင်ကား တာယာဟောင်းတစ်လုံးကို သံကြိုးနှင့် တွဲလောင်းဆွဲပေးထားသည်။ မျောက်တစ်ကောင်ပြီး တစ်ကောင် သံဇကာကို တွယ်တက်ကာ ကားတာယာဆီသို့ ခုန်ကူးသည်။ တာယာကွင်းကို မျောက်တိုင်း မိကြသည်။ ထိုကွင်းတွင် တွဲလောင်းခိုကာ ဒန်းလွှဲသည်။ ပြီးနောက် အောက်ခံသမံတလင်းပေါ်သို့ ကျွမ်းပစ်ချသည်။ ဘယ်မျောက်မှ ခေါင်းနှင့်မကျ။ ကျောနှင့်မကျ။ မျောက်တိုင်း စွေ့ခနဲ စွေ့ခနဲ ငုတ်တုတ်ကလေးတွေ ကျသည်။

"အားပါး... တယ်တော်တဲ့ မျောက်တွေပါလား... ဒါမျိုး ဘယ်မင်းသားမှ မလုပ်နိုင်ဘူး... ငါ ရအောင်လုပ်မယ်... စိန်အီကြာတို့ နာမည်ကြီးချင်တော့ ကြံဖန်ဖြစ်လာတာပဲ... "

ဇာတ်ကို မျောက်နှင့်တူအောင် ကမည့် စိန်အီကြာ မှတ်စုစာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တွင် အောက်ပါအတိုင်း မှတ်သားလိုက်သည်။

**(သင်ခန်းစာ ၁။ မျောက်လို ကျွမ်းပစ်တတ်ရမည်)**

မျောက်ရုံကြည့်နေသော ကလေးတစ်ယောက်သည် ကျောက်ခဲသေးသေးတစ်လုံးကောက်ကာ မျောက်တစ်ကောင်ကို လှမ်းရွယ်လိုက်သည်။ အရွယ်ခံရသော မျောက်မှာ ဒေါသကြီးပုံရသည်။ ပေါက်တောင်မပေါက်ရသေး။ ရွယ်ရုံ ရွယ်လိုက်သည်နှင့် တခွီးခွီး အော်ကာ ထထခုန်သည်။ စိန်အီကြာ ချက်ချင်း မှတ်သည်။

**(သင်ခန်းစာ ၂။ မျောက်လို ခုန်ဆွခုန်ဆွ လုပ်ရမည်)**

မျက်ကွင်းညိုညိုနှင့် မျောက်တစ်ကောင်မှာ ပြဿနာမျောက်ဖြစ်သည်။ မျောက်သားလေးကို သန်းရှာပေးနေသော မျောက်အမကြီးကို အမြီးသွားဆွဲသည်။ မျောက်မကြီး လိုက်ကိုက်တော့ မျက်ကွင်းညို လှည့်ပြေးသည်။ ပြေးရင်းမှ အခြားမျောက်တွေကို ပြဿနာ လုပ်သွားသည်။ သံဇကာ တွယ်တက်နေသော မျောက်ကို အမြီးဆွဲချပြီး အတင်းလုတက်သည်။ တာယာကွင်းလွှဲနေသော မျောက်ပေါ် ခုန်တက်သည်။ နှစ်ကောင်စလုံး ပြုတ်ကျသည်။ မျောက်ရုံထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ စိန်အီကြာ ချက်ချင်းမှတ်ရပြန်သည်။

**(သင်ခန်းစာ ၃။ မျက်ကွင်းညိုမျောက်လို မျက်စိနောက်အောင် လုပ်ရမည်)**

မျောက်ရုံထောင့်တွင် အဝတ်စုတ်တစ်စ ကျနေသည်။ တင်ပါးကြားတွင် ခရမ်းချဉ်သီးထွက်နေသော မျောက်ကြီးတစ်ကောင်က ထိုအဝတ်စုတ်ကို ပြေးဆွဲသည်။ ခေါင်းပေါ်တွင် ဝေ့ယမ်းသည်။ အဝတ်စုတ်ကြီး လေထဲတွင် ဝေ့ဝဲနေသည်။ စိန်အီကြာ ကမန်းကတန်း မှတ်ရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



(သင်ခန်းစာ ၄။ ဦးခရမ်းချဉ်သီး၏ နည်းအတိုင်း အဝတ်စရှည်ရှည်တစ်စကို ခေါင်းပေါ်မှာ ဝေ့ယမ်းရမည်)

ယနေ့အဖို့ တော်လောက်ပြီ။ ဆရာဦးမျောက်ကြီးတို့ထံမှ အဖိုးတန်သင်ခန်းစာလေးမျိုး ရလိုက်ပြီ။ အချိန်ရှိခိုက် ဇာတ်ရုံပြန်၍ လေ့ကျင့်ကာ ညအမီ ကရမည်။ စိန်အီကြာ သင်ခန်းစာ လေးမျိုးကို ပြင်းပြင်းထန်ထန် လေ့ကျင့်သည်။

"ရပြီကွ ရသွားပြီ… ရာနှုန်းပြည့် မတူတောင် အတော်များများ တူသွားပြီ… စိန်အီကြာကို ဘာထင်သလဲ… လူခွေးရဲ့အဘ လူမျောက်ကွ အဟား ဟား ဟား ဟား ဟား… "

ဇာတ်ကို မျောက်နှင့်တူအောင် ကမည်ကြော်ငြာကြောင့် လာလိုက်ကြသည့် ပရိသတ်တွေ။ စိန်အီကြာ၏ ဇာတ်သက်တမ်းတစ်လျှောက်တွင် ထိုညလောက် များသော ပရိသတ်မျိုးကို တစ်ခါမျှ မရခဲ့စဖူး။ ညနေစောင်းကတည်းက ဖျာအားလုံးကုန်သွားသည်။ ခုနစ်နာရီမထိုးခင် ပက်လက်ကုလားထိုင်တွေပါ ကုန်သွားသည်။

လူတွေကား ဝင်နေကြတုန်းပင်။ ထရံနားမှာ ကတ်သီးကတ်သတ် ကျန်နေသော နေရာလပ်များတွင် မတ်တတ်ရပ်ကြည့်ကြမည်လား။ မင်းလမ်းတစ်လျှောက်မှာ ဖိနပ်ဖင်ခုထိုင်ကြည့်ကြမည်လား။ ကြိုက်သလိုကြည့်။ ရုံပြည့်သည်ဆိုလျှင် ကန်ထရိုက် မျက်နှာ သကြားရည်လိမ်းပြီးနေပြီ။ ချိုချိုပြုံးပြုံး။

သူများဇာတ်တွေ စတိတ်ရှိုးဆိုလို့သာ အားကျမခံ လိုက်ရှိုးရသည်။ စိန်အီကြာ ကိုယ်ပိုင်သီချင်း မရှိ။ စတီရီယိုအဆိုတော်တွေ၏ သီချင်းများကို (ခွင့်မတောင်းပေမယ့် ရပါတယ်) သဘောထားကာ ခပ်တည်တည် ယူဆိုသည်။ ဆိုသည်ဆိုရာ၌ တစ်ထပ်တည်းတော့ မဟုတ်။ စိန်အီကြာက စာကျက်ပျင်းသော ငပျင်းမို့ သီချင်းရအောင် မကျက်။



www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးသမျှ ဟိုတစ်စ သည်တစ်စ ခေါင်းထဲပေါ်လာရာ ကောက်ဆိုခြင်းမျှသာ။

"ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး... ဟူး ဟူး ထ ထခုန်မှ ဆီးထုပ် ရောက်လာမယ် ဟယ် ဟယ်... "

တိရစ္ဆာန်ရုံ ဆရာဦးမျောက်ကြီးတို့ဆီမှ လေ့လာခဲ့သော သင်ခန်းစာ ၂ အတိုင်း စိန်အိကြာ သီချင်းဆိုရင်း ထ ထခုန်သည်။ ဆီးထုပ်ကလေးများ ပစ်တင်လို တင်ပြား၊ မြူဆွယ်သော်လည်း မည်သည့် ဆီးထုပ်မျှ ရောက်မလာ။ ထိုသီချင်းကို ဒုတိယအခေါက်ထပ်အဆိုတွင် ဘယ်သူပစ်တင်လိုက်မှန်း မသိသော အထုပ်ကြီးတစ်ထုပ် စင်ပေါ် ရောက်လာသည်။ လူရွှင်တော်တစ်ယောက် ထိုအထုပ်ကြီးကို ကောက်ကာ ဖွင့်ကြည့်သည်။

"ဇာတ်ဆရာရေ.. ဆီးထုပ်တော့ မဟုတ်ဘူး... နွားချေးခြောက်တွေ ထုပ်ထားတဲ့ နချီးထုပ် (နွားချေးထုပ်ကြီး) ဗျ... "

စိန်အိကြာ အညံ့မခံ။ ထိုသီချင်းကို တတိယအကြိမ် ပြန်ဆိုသောအခါ စာသားပြောင်းဆိုသည်။

"ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူး ဟူး ဟူး... ထ ထခုန်တော့ နချီးထုပ် (နွားချေးထုပ်) ရောက်လာတယ် ဟယ် ဟယ်... "

ပြက်လုံးခွင်မဟုတ်ဘဲ တစ်ရုံလုံး ပွဲကျသွားသည်။ မည်သို့ပင်ဖြစ်စေ၊ ဆရာမျောက်စိတ်တို့၏ သင်ခန်းစာ ၂ မှာ အတော် အလုပ်ဖြစ်သွားသည်။ စိန်အိကြာ သင်ခန်းစာ ၃ (မျက်စိနောက်အောင် လုပ်ရမည်) ကို ဆက် အကောင်အထည်ဖော်သည်။ သီချင်းဆိုရင်းမှ ဇာတ်ခုံပေါ်တွင် ပတ်ချာလှည့်ပြေးသည်။ ပြေးရင်းမှ လူရွှင်တော်တစ်ယောက်ကို ခေါင်းပုတ်သွားသည်။ နောက် လူရွှင်တော်တစ်ယောက်ကို လှမ်းကန်သွားသည်။ မင်းသမီး သခေါကြည်ဆံထုံးမှ ပန်းကို ဆွဲဖြုတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘင်ပညာ နားမလည်သော ဆယ်ကျော်သက်များ လက်ခုပ်တီးကြသည်။ ဆရာဦးပြုံသနာ မျှောက်၏သင်ခန်းစာလည်း မဆိုးပါ။ လက်ခုပ်သံ အတော်များများကို စိန်အိကြာ ရလိုက်ပြန်ပါသည်။

သင်ခန်းစာ ၁ နှင့် ၄ ကို နှစ်ပါးခွင်တွင် စိန်အိကြာ အားရပါးရ အသုံးချသည်။ သင်ခန်းစာ ၁ က ကျွမ်းထိုးခြင်း၊ သေတ္တာတွေ ဆင့်ကာ စိန်အိကြာ ကျွမ်းထိုးသည်။ ရှေ့ကျွမ်း၊ နောက်ကျွမ်း၊ တစ်ပတ်ကျွမ်း၊ နှစ်ပတ်ကျွမ်း ပေါင်းစုံ ထိုးသည်။ ဇာတ်ရုံခေါင်မိုးတွင် တန်းလန်း ချိတ်ဆွဲထားသော တာယာကွင်းကို လှမ်းခုန်ဆွဲကာ ဒန်းလွှဲသည်။ လွှဲပြီးနောက် ကျွမ်းပစ်ချလိုက်ရာ မင်းသမီး မီးယပ်စိန်ပေါ် တည့်တည့် သွားကျသည်။ "အံမာလေးတော်၊ သေပါပြီ... အသားမရှိလို့ ပိန်နေတဲ့ ကိုယ်ပေါ်မှ လူတစ်ကိုယ်လုံး ကျလာတယ်... " ဟု မီးယပ်စိန် ထအော်သည်။

တီးဝိုင်းက အရိပ်အကဲ သိသည်။ "ဟေလာမျောက်ကြီး၊ ရှောက်သီးစားမလား၊ မစားချင်ဘူး ချဉ်ပြုံး ချဉ်ပြုံး" သီချင်းကို အဆိုမြိုင်မြိုင်၊ အတီးပိုင်ပိုင်ဖြင့် ဆူတီး တီးပေးသည်။

"ဟော့ကောင် ငပေါ... တော်တော့ကွာ... ဒါ သဘင်ပညာ မဟုတ် ဘူး... အကပညာ မဟုတ်ဘူး... အလကား အရူးထတာ... တော်တော်"

ပရိသတ်အလယ်မှ ခပ်စူးစူး အော်သံတစ်သံ ပေါ်လာသည်။ သို့သော် ဆယ်ကျော်သက်များ၏ လက်ခုပ်သံတွေက ထိုအော်သံကို ဖုံးလွှမ်းသွားသည်။ စိန်အိကြာ အားတက်လာသည်။ ဆရာဦးခရမ်းချဉ်သီး၏ သင်ခန်းစာအမှတ် ၄ ကို ဆက်လုပ်သည်။

ကားလိပ်ကြားတွင် အသင့်ချထားသော ပိတ်စရှည်ကြီးကို ပြေးဆွဲကာ ခေါင်းပေါ်တွင် ဝှေ့ယမ်းသည်။ လူရွှင်တော်တွေ၊ မင်းသမီးတွေက "ဝေဟေးဟေ စိန်အိကြာကွ" ဟု ဝိုင်းအော်ပေးသည်။ မြန်မာ့အက



www.burmeseclassic.com

www.burmeseclassic.com



များတွင် ထိုအကမျိုး မရှိပါ။ အမှန်က ကတာပင် မဟုတ်ပါ။ ပိတ်စရှည်ကြီးကို လေထဲတွင် ဝှေ့ယမ်းနေခြင်းသာ ဖြစ်သည်။ ထိုအပြုအမူကို အလုပ်ကြီးအကိုင်ကြီး လုပ်ပြီး အကဟု ခေါ်လိုလျှင်ကား "ပိတ်စရှည်ခေါင်းပေါ်ဝှေ့ယမ်းအက" ဟု ဆန်းဆန်းကြယ်ကြယ် ခေါ်နိုင်ပါသည်။

ဇာတ်ကို မျှောက်နှင့်တူအောင် ကသည့် စိန်အိကြာ အောင်မြင်ပါသည်။ သဘင်ပညာ နားမလည်သော ဆယ်ကျော်သက်များ၏ အားပေးမှုကို ရသည်။ စာနယ်ဇင်းများမှ ဇာတ်သဘင်ကဏ္ဍ အမေးအဖြေခန်းတွင် စိန်အိကြာ နာမည် လွှမ်းသွားသည်။ ကြာကြာမှာ အိမ်ထောင်ရှိပါသလား။ ဒီက သိပ်ကြိုက်နေပြီဆိုတာ ပြောလိုက်ပါ။ (ပုံ) အပြုတတ်တဲ့ တစ်ခုလပ် အစရှိသောပေါက်တတ်ကရမေးခွန်းတွေရောက်လာသည်။

"လူဟာ မျှောက်က ဆင်းသက်လာတယ်လို့ ဟို... ဟို ချားချားချား... ဒါဝင်ဆိုလား... ချပ်ချပ်ချပ် ဒါထွက်ဆိုလား... အဲဒီလူကြီးက ပြောခဲ့တယ်ဗျ... ကျုပ်က ဒီအတိုင်းလုပ်တာ... ဒိန်းခနဲ မြည်အောင် အောင်မြင်တာပဲ... "

စိန်အိကြာ အရမ်းတက်ကြွနေသည်။ စလေဦးပုညစာအတိုင်း ပြောရလျှင် (သူပြုသည့် အလဇ္ဇီကို ပါရမီကံကဲ့သို့ ရေနံသည် ကုပ်ချောင်းက ခေါင်းပေါင်းစထောင်ပြန်၍) ဆိုသည့်အတိုင်း သူလုပ်သည့် မဟုတ်မဟတ်ကို အဟုတ်မှတ်ပြီး စိန်အိကြာ မြှောက်ကြွမြှောက်ကြွဖြစ်နေသည်။

ဇာတ်ကို မျှောက်နှင့်တူအောင် ကသည့် စိန်အိကြာထံသို့ ထူးခြားသော စာတစ်စောင် ရောက်လာသည်။ ထိုစာမှာ လာနေကျ စာမျိုး မဟုတ်၍ ထူးခြားသောစာဟု ဝိသေသ တပ်ရခြင်း ဖြစ်သည်။ မိတ်ဆက်စာ မဟုတ်။ ချီးကျူးစာမဟုတ်။ စိန်အိကြာကို သရော်ထားသော သရော်စာ ဖြစ်သည်။ စာအဆုံးတွင် (မြန်မာ့သဘင်ပညာကို လေးစားမြတ်နိုးသော အသက်နှစ်ထောင် ဆရာကြီးကွေး) ဟု လက်မှတ်ထိုးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင် စိန်အီကြာ၊ မင်းအမေ မျောက်ပွဲကြည့်ပြီး မွေးထားလို့ ဇာတ်ကို မျောက်နှင့်တူအောင် ကတာလား... ကျွမ်းထိုးတာတို့၊ ခုန်ဆွခုန်ဆွ လုပ်တာတို့၊ မျက်စိနောက်အောင် ပတ်ချာလှည့်ပြေးတာတို့ဟာ တကယ့်မျောက်အတိုင်းပဲ... တိရစ္ဆာန်ရုံက မျောက်တွေသာ မြင်ရရင် တစ်ခါတည်း ငိုချင်သွားမယ်... မျောက်နှင့်တော့ အတော်တူနေပြီ... အပြည့်အဝ တူအောင် သန်းတုတ်ဖို့ပဲ ကျန်တော့တယ်... ဆက်ကြိုးစားဟေ့... သွတ် သွတ် သွတ် သွတ်... ”

အီကြာကွေး

(မတ်လ၊ ၁၉၈၄ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✸✧✸✧✸✧



www.burmeseclassic.com

www.burmeseclassic.com



# တောက်ပြား ဒစ္စကိုဂန်စာ

တောက်၊ နာတယ်ကွာ။ စူပါ အခါတစ်သိန်းစတား မင်းသား ကို လက်မှတ်မျှောင်ခိုသမား အထင်ခံရတာ။ နာတာမှ ဆတ်ဆတ်ခါ၊ ဖျပ်ဖျပ်လူး၊ အသည်းခိုက်အောင့် နာသည်။

"သွား သွား... ဒီစီလည်း မရှိဘူး... စတောလ်လည်း မရှိဘူး... လက်သီးပဲ ရှိတယ်... လူကို ဘာမှတ်လို့လဲ... "

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



စောစောက အပြုံးတုများ၊ ဘယ်ရောက်၍ ဘယ်ပျောက်ကုန်သည် မသိ။ အပြုံးနေရာတွင် အမဲ့ရောက်လာသည်။ မဲ့တာမှ ဇာတ်ထဲက လူကြမ်းမင်းသား၊ မင်းသမီးနှိပ်စက်ခန်းတွင် လူချဉ်အောင် မဲ့တာထက် အဆတစ်ရာ ပိုမဲ့သည်။ မိနစ်ကလေးနှစ်ယောက် သုတ်သီးသုတ်ပျာဖြင့် ဝေးဝေးခွာသွားကြသည်။

စိန်အီကြာ ရုပ်ရှင်ကြည့်ချင်စိတ် ကုန်ခန်းသွားသည်။ ဘွတ်(ခ်)လုပ်ထားသော ဒီစီလက်မှတ်တစ်စောင်ဖိုး အဆုံးခံ၍ မကြည့်ဘဲ ပြန်သွားရကောင်းမလား။ သည်ကားက မကြည့်ဖူးသည့်ကားမှ မဟုတ်ဘဲ။ ကြည့်ဖူးပြီးတာမှ ဆယ့်တစ်ခါတိတိ ရှိပြီ။ သည်တစ်ခါ ထပ်ကြည့်လျှင် ဒွါဒသမ ဆယ့်နှစ်ကြိမ်မြောက် ကြည့်ခြင်း ဖြစ်သည်။

အကြောင်းမဲ့ ကြည့်နေတာတော့ မဟုတ်။ အကြောင်းရှိ၍ အကြောင်းနှင့် ကြည့်နေတာ ဖြစ်သည်။ စီးပွားရေးအမြင် အလုပ်သဘော အရ ကြည့်နေတာ ဖြစ်သည်။ ရုပ်ရှင်ရုံတံခါးပေါက်များ ပွင့်လာသည်။ ဆယ့်နှစ်ကြိမ်မြောက် ကြည့်ရန်အတွက် စိန်အီကြာ ရုံတွင်းသို့ ဝင်လိုက်သည်။

✧✸✧✸✧✸✧

ထော်လော်ရယ်မှ ကန့်လန့်၊ ကားရားရယ်မှ ကိုးရိုး ဆိုသလို နဖူးစည်းတွင် ရေးထားသည်က "စိန်အီကြာ မြန်မာဇာတ်သဘင်"။ အမွှမ်းတင်ပြီး ပွဲထုတ်နေတာက အိန္ဒိယအကခေါ် ကုလားက။ ဘာဆိုင်လို့လဲ။ မဆိုင်တဲ့အပေါက်ကို စိန်အီကြာ ကလိုင်နှင့် ခေါက်နေသည်။ မြန်မာသဘင် အမည်တပ်ပြီး ကုလားကနှင့် စိန်အီကြာ နာမည်ယူရန် ကြိုးစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မြန်မာအကစစ်စစ်ကို စိန်အိကြာ ဘာအကမှ မကတတ်။ ဟုတ်ဟုတ်ညားညား လောက်လောက်လားလား ပီပီပြင်ပြင် မတတ်။ ကတတ်အောင် ကြိုးစားသင်ယူလေ့ကျင့်ခဲ့ခြင်း မရှိ။ ယခင် အများကို ယခုပြင်လျှင် အချိန်မီသေးသော်လည်း ကြိုးစားမည်၊ သင်ယူမည်၊ လေ့ကျင့်မည် ဟူသော ဆန္ဒမျိုး စိန်အိကြာတွင် ယခင်ကလည်းမရှိ။ ယခုလည်း မရှိ။ နောင်တွင်လည်း ရှိလိမ့်မည် မဟုတ်။

သူက "ကျော်ချင် ပေါ်ပင်လိုက်ရမည်" ဆိုသော ခပ်လွယ်လွယ်အမြင်ဖြင့် သဘင်ခရီးကို တစ်ခွင်ပြီး တစ်ခွင် ဆက်ဆက်နှင်လာသည်။ ယနေ့ပွဲကြည့်အများစုမှာ ငယ်ရွယ်သူများသာ ဖြစ်ကြသည်။ ရိုးရာဆိုသည်မှာ ရိုးသောအရာဟု မှားယွင်းစွာ နားလည်နေကြသည်။ ပွဲကို ပေါ့ပေါ့လာ၊ ပေါ့ပေါ့ကြည့်၊ ပေါ့ပေါ့ပြန်ကြသော ဆားမဖက် ငံပြာရည်မစွက်သည့် ဆယ်ကျော်သက်များသာ ဖြစ်ကြသည်။ ဤအပေါ်တွင် စည်ဆော်ကာ စိန်အိကြာ နာမည်ကျော်နေခြင်း ဖြစ်သည်။

"တေက်ပြား ဒစ္စကို ဂန်စာ... အဟို့ တေက်ပြား ဒစ္စကို ဂန်စာ"

ပသီပုံပြင်ထဲက သူခိုးအာမက်လိုလို အာရေဗျဒဏ္ဍာရီထဲက စောရ အလီဘာဘာလိုလို ဘာလိုလိုမှန်း မသိသော "လိုလို" အဝတ်အစားဖြင့် စိန်အိကြာ နှစ်ပါးကနေသည်။ မင်းသမီးခြောက်လက်ကလည်း "လိုလို" အဝတ်အစားမျိုးဖြင့်ပင် ပူးတွဲပါဝင်ကပြနေသည်။ မြန်မာဇာတ်သဘင် နှစ်ပါးခွင် သရုပ်ပျက်များထဲတွင် စိန်အိကြာနှစ်ပါးခွင်က သရဖူဆောင်းသွားသည်။ မြန်မာပြည်၊ မြန်မာဇာတ်ရုံ၊ မြန်မာဇာတ်ခုံပေါ်မှနေ၍ မြန်မာပွဲကြည့်များကို ကုလားလို ဝတ်ကာ ကုလားက ကပြခြင်းဖြင့် စိန်အိကြာ တစ်လွဲဂုဏ်ယူနေသည်။ ဆိုသည့်သီချင်းကို ကြည့်ဦး။ ယခုတလော ကလေးများ ပါးစပ်ဖျားတွင် ရေပန်းစားနေသော ကုလားသီချင်း။ သီချင်းစာသားက မှန်မှန်ကန်ကန် ပီပီပြင်ပြင်မဟုတ်။ တေက်ပြား



www.burmeseclassic.com

www.burmeseclassic.com



ဒစ္စကိုဂန်စာတဲ့။

အကာကကော တကယ့်ကုလားက အစစ်အမှန်လား။ မဟုတ်ပါ။ အရပ်ထဲမှ ခပ်သည်းသည်းလူငယ်အချို့ ဒိုးပတ်ဝိုင်းမှာ ကတတ်သည့် ကုလားကလောက်မှ မပြောင်မြောက်ပါ။ အရပ်ထဲတွင် အပြောင်အပြက် အနေနှင့် ကသည်မှာ အပြစ်ဆိုဖွယ် မဟုတ်။ ဇာတ်ထဲတွင် အပြောင် အပြက်လုပ်သည့်တိုင် အပြစ်မဆိုချင်သေး။ မဆိုသင့်သေး။ ဒါက လူရွှင်တော်များ လုပ်တတ်ကြသည့် အလုပ်မျိုးပဲ။ ထိုအလုပ်မျိုးကို တာဝန်ရှိ ခေါင်းဆောင်မင်းသားက မက်မက်မောမော ရှေ့တန်းထုတ်၍ လုပ်နေသည်ကတော့ များစွာ အရုပ်ဆိုးလှသည်။ အထူးအကျည်းတန်လှသည်။ အင်မတန်မှ ဖနောင့်ဖြင့် ပေါက်ချင်စရာ ကောင်းလှသည်။

မြန်မာသဘင်ခေတ်ကို ရှေ့မမီသည့်တိုင် အလယ်၊ နောက်နှင့် မျက်မှောက်ကို ကောင်းကောင်းမီသော ဂုရုကွေးဆိုသည့် အဘိုးကြီး တစ်ယောက်က စိန်အီကြာဆိုနေသော "တေက်ပြား ဒစ္စကိုဂန်စာ" ကို သရုပ်ခွဲပြသည်။

"ဒီကောင်က ဘာမှန်းမသိဘဲ ဆိုနေပေမယ့် သူဆိုတဲ့အတိုင်း ဖြစ်နေတာကွ… ဒါကို ဒီကောင် နားမလည်ဘူး… တေက်ပြားဆိုတာ ခိုးတာ ကုလားကားတွေ လျှောက်ကြည့်ပြီး ဒီကောင် ခိုးချတာ… ဒစ္စကိုကတော့ မင်းတို့ခေတ်ပေါ် ဝေါဟာရ ဒစ္စကိုပါပဲ… ဂန်စာကိုတော့ နည်းနည်း ရှင်းဖို့ လိုတယ်… ဂန်စာဆိုတာက မနုဖြူလို မြစ်ဝကျွန်းပေါ်ဒေသ အချို့မှာ ပြောဆိုသုံးကြလေ့ရှိတဲ့ အရပ်သုံးစကား၊ ဒေသစကား။

"မဖြစ်ညစ်ကျယ် စွာကျယ်ကျယ် လုပ်တတ်တဲ့ကောင်ကို "ဂန်စာ" လို့ ခေါ်လေ့ရှိတယ်… အပြောအဆို၊ အနေအထိုင်၊ အလုပ် အကိုင် ဘာတစ်ခုမှ အချိုးမကျဘဲ အလွန်အင်မတန် ရိုက်ချင်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ကောင်ကို "တုတ်စာ" သို့မဟုတ် "ဂန်စာ" လို့ ခေါ်လေ့ရှိတယ်။ စိန်အီကြာ ဆိုတဲ့ "တေက်ပြား ဒစ္စကိုဂန်စာ" ဆိုတာ သူများအကကို ဘာမှန်းမသိဘဲ ခိုးချကနေတဲ့ ကျွန်တော် စိန်အီကြာဟာ အင်မတန်မှ ရိုက်ချင်စရာ ကောင်းတဲ့ တုတ်စာ "ဂန်စာ" ပါလို့ သူ့ကိုယ်သူ ဝန်ခံနေတာကွ... နားလည်လား... သွတ် သွတ် သွတ် သွတ်... "


အီကြာကွေး
(မေလ၊ ၁၉၈၄ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✹✧✹✧✹✧



www.burmeseclassic.com

www.burmeseclassic.com



# ဒီမြေလောက်ပဲ တတ်နိုင်တော့တယ်

စိန်အီကြာဆိုသော မင်းသားက ပေါ်ကြောင်ကြောင်၊ သွတ်ချောင်ချောင်၊ မြန်မာပြည်တွင် ရှိရှိသမျှသော ဇာတ်များကို ကြီး၊ လတ်၊ ငယ် တန်းစီလိုက်ပါက စိန်အီကြာဇာတ်သဘင်သည် ဘိတ်တကာ့ ဘိတ်ချေးနေရာတွင် ရှိနေသည်ကို တွေ့ရမည်။ သူ့နောက်တွင် ဘယ်ဇာတ်မှ မရှိတော့၊ သူ့ကျောပြင်သာ ရှိသည်။

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးကို ကျော်ဖြတ်ရမယ်၊ အားလုံးကို ကျော်ဖြတ်ရမယ်... စိန်အိကြာတဲ့ကွနော်... "

ဘိတ်ဆုံးရောက်နေသော ဇာတ်က ထိပ်ဆုံးရောက်နေသော ဇာတ်များကို ကျော်ဖြတ်ရမယ်ဆိုပဲ။ ဘယ်လိုဖြစ်နိုင်မှာလဲ။ စိန်အိကြာ၏ သဘင်မိတ်ဆွေ၊ ဇာတ်အပေါင်းအသင်း၊ ဟာကြူလီငပျော့က...

"စိန်အိကြာ... မင်းသားတကာ့ မင်းသားထဲမှာ ခင်ဗျားကို မီတဲ့မင်းသား ရှားတယ်... တော်တဲ့နေရာမှာ မဟုတ်ဘူး... ညံ့တဲ့နေရာမှာ ခင်ဗျားလောက် ညံ့တာ ခင်ဗျားလောက် အသုံးမကျတာ ဇာတ်လောကမှာ ခင်ဗျားနဲ့ ခင်ဗျားပဲ ရှိတယ်" ဟု ပက်ပက်စက်စက် ဝေဖန်သည်။

"ပြောပေါ့ကွာ... မင်းလို "အန္တပုထုဇဉ်" ရဲ့ အပြောကို ငါလို မင်းသား စကြဝဠာရှားက မတုန်လှုပ်ပါဘူး... သဘင်လောကမှာ အလှည့် အပြောင်း ရှိတယ်... အခု ဘိတ်ဆုံးရောက်နေတဲ့ စိန်အိကြာဟာ ဇာတ်လောကကြီး ပြောင်းပြန်လန်သွားရင် ထိပ်ဆုံးရောက်ရမယ်... ဘိတ်ဆုံးနဲ့ ထိပ်ဆုံးဆိုတာ အစွန်းနှစ်ဘက်ကွ... အောင်မြင်ခြင်း စန်းလာဘ်ဟာ တိုင်ကပ်နာရီချိန်သီးလို ဟိုဘက်သည်ဘက် လွှဲရမ်းနေတယ်... ဘိတ်ဆုံး အစွန်းက ထိပ်ဆုံးအစွန်းကို တိန်ခနဲ မြည်ပြီး မကြာမီ ရောက်ရမယ်... မင်းမယုံ စောင့်ကြည့်နေ... ရွှေနှစ်သဘင်ရာသီမှာ စိန်အိကြာဇာတ်ကြီး ဖြစ်ပြီ... "

ဟာကြူလီငပျော့မှာ စိန်အိကြာအပြောကို မယုံတစ်ဝက်၊ ယုံ တစ်ဝက်နှင့် စောင့်ကြည့်သည်။ သဘင်ရာသီသစ်တွင် စိန်အိကြာဇာတ်မှာ ထူးခြားမှု မတွေ့ရ။ တစ်နှစ်မနှစ်ကလိုပင် မျောက်လောင်း၊ မျောက် လောင်းပဲ ဖြစ်နေသည်။ ဇာတ်အနေအထား၊ ကားခွင်၊ မီးခွင်၊ ဇာတ်ခုံ အဆင်အပြင်၊ ရုံဝင်ဂိတ်ရှိုး၊ ဘာတစ်ခုမှ အပြောင်းအလဲ မရှိ။ အမွေး ကျွတ်သော ခွေးဝဲစားလို ဟိုတစ်ကွက်၊ သည်တစ်ကွက်၊ ပြောက်တိ



www.burmeseclassic.com

www.burmeseclassic.com



ပြောက်ကျား အမွေးကျွတ်နေသော အစိမ်းရောင် ကတ္တီပါ ပြည့်ဖုံးကားကြီးပင် ယခင်ကအတိုင်း။

"ခင်ဗျား တော်တော်ဖြီးတဲ့လူ... ဇာတ်ကြီးဆိုပြီး ဘယ်မှာ ဇာတ်ကြီး ဟုတ်လို့လဲ... ဇာတ်ဖြီးပဲဗျ... "

ငပျော့က ကျွမ်းနေသော ဆလိုက်မီး၊ ခါးကျိုးနေသဖြင့် ဝါးပိုးထားရသော နန်းတော်ပုံ၊ ဆေးရောင် မှိန်နေသော ဇာတ်သေတ္တာများကို လက်ညှိုးထိုးပြကာ ပြက်ချော်ချော် ပြောသည်။ စိန်အီကြာ စိတ်မဆိုးပါ။ စဉ်းစားမိသည်မှာ ဟောလစ်မဟုတ်။ ဒီငပျော့ဆိုတဲ့ကောင်ဟာ အင်မတန် မျက်စိရှုန်းတာပဲ။

"ဇာတ်ကြီးမှ ဇာတ်ကြီးအစစ် ဖြစ်လာပြီ။ နဖူးစီး ဆိုင်းဘုတ်ကို သေသေချာချာ ကြည့်၊ မနှစ်က (စိန်အီကြာ ဇာတ်သဘင်အဖွဲ့)၊ ဒီနှစ်မှာ စိန်အီကြာ ဇာတ်သဘင်အဖွဲ့ကြီး (ကြီး) တစ်လုံး တိုးထားတယ်... အဲဒါ ဇာတ်ကြီးမဟုတ်လို့ ဘာလဲ... မင်းကြီးတော်ယောကျ်ားလား... "

နာမည်ရင်းနောက်တွင် "ကြီး" တစ်လုံး ထည့်ရုံဖြင့် လူကြမ်းဖြစ်သွားသော ရုပ်ရှင်အသံတိတ်ခေတ်ကို စိန်အီကြာ အားကျလေသလားမသိ။ နဖူးစီးတွင် "ကြီး" တစ်လုံး ထည့်ကာ ရှိရင်း ဇာတ်ကို ဇွတ်အတင်း ဇာတ်ကြီး လုပ်ပစ်လိုက်သည်။

ဇာတ်ကြီး ဖြစ်လာတော့ ပွဲကြီးလမ်းကြီး၊ နေရာကြီးများတွင် အခြားဇာတ်ကြီးများနှင့် ရင်ဘောင်တန်းကာ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲရတော့မည်။ သူများတွေ "စတား" တယ်ဆိုတာက တစ်ခါ နှစ်ခါပါ။ စိန်အီကြာက အခါတစ်သိန်း စတားပါ။ သူများတွေ ကျော်တယ်ဆိုတာက တော်ရုံပါ၊ စိန်အီကြာက ဆီရွှဲရွှဲဖြင့် ညော်အောင် ကျော်နေသော ဒယ်အိုးမင်းသားပါ။

"မင်းသား စဉ်းစားနော်... အရင်းပါးရုံမကဘဲ ပေါက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားနိုင်တယ်... ဒီပွဲက တကယ့်ပွဲ... တကယ့်နေရာ ထိတ်ထိတ်ကြဲ ဇာတ်ကြီးတွေသာ ဝင်ကတဲ့ပွဲ... စိန်အိကြာဆိုတဲ့အတိုင်း မင်းသား "အိ" သွားမယ်... ရုံမြေနေရာစျေးက ပေါ့သေးသေး မဟုတ်ဘူး... တစ်နှစ်ထက် တစ်နှစ် အာကာသယာဉ်နဲ့အပြိုင် မိုးပေါ်တက်နေတာ... "

ခြောက်ပြားတစ်လှည့်၊ ခုနစ်ပြားတစ်လှည့်။ မဖြစ်ညစ်ကျယ် ဇာတ်ကလေး တစ်ဇာတ်၊ ဇာတ်သက်ပြတ်ပြီး ဇာတ်မာလကီးယားမည်ဟု စိုးရိမ်သော မိတ်ဆွေများက တားဆီးကြသည်။ ရုံမြေနေရာသမားတွေက ရလေလိုလေ အိုတဏှာတောင် မဟုတ်တော့။ ရလည်း လိုမြဲ အိုသရဲနှင့် ရလျက်လိုလျက် အိုသဘက်အထိ ဝိသမ လောဘဇော တက်နေကြသည်။ သဘင်ချေးဖြာအောင် ယခင်ရှေးအခါထက် သုံးလေးဆစျေးတင်ကြသည်။

"အိုဗျာ နောင်ခါလာ နောင်ခါချေး... ကျုပ်က ဖြစ်ချင်တာ ဖြစ်၊ မောင်ဘချစ်တော့ မဟုတ်ဘူး... သွတ်ချင်တာ သွတ် မောင်ဘသွတ် ကမယ်ဆိုရင် ကကိုကရမှ... ဇာတ်ပေါင်ပြီး ရုံမြေနေရာကို မရအရ ဝင်ဆွဲ မယ်... "

မိုက်တယ်ဆိုတာ မလွယ်ဘူးနော်။ လွယ်ပါတယ်ဆိုတာ အလကားပြောတာ။ စိန်အိကြာတို့ တကယ်မိုက်ပြီ။ ဇာတ်ကို ငွေရှင် တစ်ဦးထံမှာ ပေါင်သည်။ မဟားတရား စျေးတင်ထားသော ရုံမြေနေ ၉ ကို အရဝင်ယူသည်။ လေးငါးထောင်သာ စျေးရှိခဲ့သော ရုံမြေနေရာကို နှစ်သောင်းခွဲ စျေးပြိုင်ပေးပြီး လေလံဝင်ဆွဲတယ်ဆိုတာ နည်းနည်းနော နော မိုက်မဲမှု မဟုတ်။ သန်းခေါင်လကွယ်၊ တောအုပ်လယ်၌ မီးသွေးခဲ ကို ကတ္တရာစေးသုတ်ပြီး ကျောက်မီးသွေးမှုန့်ဖြူးကာ ထူးထူးခြားခြား မိုက်ခြင်း ဖြစ်သည်။

"ဘာမပို တာဝေဌလိုက်တော့ ရာဇဂြိုလ် သာကေတရယ်နဲ့ အလိုဗျာ ဖျာဝေကရပါတဲ့ စိန်အိကြာ... "



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းက "ကိန်၊ ဘူနိန်းဗျောင်" ဟု တီးသော်လည်း စိန်အီကြာနားထဲတွင် "တယ်ပူတဲ့ကောင်" ဟု ကြားရသည်။ တကယ်ပင် ပူရ ပင်ရပြီ။ ဇာတ်တွေ လေးငါးခြောက်ဇာတ် ရုံချင်းကပ်လျက် အပြိုင်က,နေတော့ ဘယ်ဇာတ်မှ ဟုတ်တိပတ်တိ လူမဝင်။ ရုံမြေနေရာ ဈေးကြီးသဖြင့် ရုံဝင်ခ၊ ဖျာခ၊ ကုလားထိုင်ခတွေ တိုးမြှင့်ထားရသည် မဟုတ်လား။

ဇာတ်ချင်းအတူတူ ကိုယ့်ဇာတ်လူဝင်နည်းတယ်ဆိုတော့ မဟာသောက်ရှက်ဟက်တက်ကွဲခြင်းပင်။ အရှက်ကွဲတော့ မခံနိုင်။ ထိုပွဲတွင် ကန်ထရိုက်များ ခြေချင်းလိမ်ရုံမက ခေါင်းချင်းပါ လိမ်နေကြသည်။ ပွဲကဲခတ်နေကြသည်။ ရုံထဲ လူပြည့်မှ ဣန္ဒြေရမည်၊ ဇာတ်နာမည် မကျမည်။ စိန်အီကြာလည်း အများနည်းတူ မိုးခါးရေ သောက်ရတော့သည်။ ဆေးလိပ်ခုံများ၊ ဇာဘော်လီရုံများကို ဖျာလက်မှတ်၊ ရုံဝင်လက်မှတ်များ အလကားပေး၍ ရုံပြည့်အောင် ဖန်တီးရခြင်း (ဝါ) ဖျာဝေကရခြင်း။

တာဝန်အရဆိုလို့သာ ဆိုနေရ၊ ကလို့သာ ကနေရ၊ စိတ်ထဲက မပါ။ လမိုင်းမကပ်၊ ဇာတ်သက်မဝင်၊ ဇာတ်ဖီလင် မလာ။ လူသားစစ်စစ်မှ အခြားစကြဝဠာမှ ဂြိုဟ်သားလို ဖြစ်နေသည်။ စိန်အီကြာမှာ စိန်အီကြာမဟုတ်တော့။ စိန်အီးတီ ဖြစ်နေသည်။ ရှေ့တွင် မြင်နေရသော ပရိသတ်မှာ လုပ်ယူရသော ပရိသတ်။ ဤပွဲမှာ ဆပ်ကပ်ဆင်ပွဲထက် ကြီးကျယ်သော တကယ့်ဆင်ပွဲ။ ဆင်ထားသော ပွဲ။

ရာနှုန်းအရ တွက်ကြည့်မည်ဆိုသော် ပရိသတ်တစ်ရာတွင် ကိုးဆယ့်ငါးယောက်မှာ အလကားရသဖြင့် လာကြည့်သော ပရိသတ်။ ကျန်ငါးယောက်မှာ ဇာတ်ထဲက အသိနှင့် ကပ်ပြီး နောက်ပေါက်က ဝင်၍ ရှေ့ဘက်သို့ ထွက်ကြည့်သော ပရိသတ်။

"ဒါတွေကို အသိ ဟိတိ... ငါ သေဖွယ် မချိတော့ပါလား။ မိဂျမ်းဘုံတဲ့မှ မဒူလမန်... "



www.burmeseclassic.com

www.burmeseclassic.com



အဲသလိုသာ စိန်အိကြာ အော်ဟစ်ငိုပစ်လိုက်ချင်တော့သည်။ အပြင်မှာ ကနေရတာက ဇာတ်မြူး၊ ရင်ထဲမှာ ကနေရတာက အလွမ်းဇာတ်။ စိတ်မပါဘဲ ဇွတ်လုပ်နေရတော့ ဇာတ်မြူးမှာ မမြူးနိုင်တော့။ အထက်မရောက် အောက်မကျ အီလည်လည်နှင့် ဇာတ်ဟတ်ဘွိုင်ကြီးဖြစ်နေသည်။ မနက်ဖြန်ဆို နောက်ဆုံးည။ ဇာတ်တွေ မခံချင်စိတ်ဖြင့် တလားခေါက်သံ အပြိုင်ပေးပြီး ဝင်ငွေအရ သေပွဲဝင်ကြတော့မည်။ သူများတွေက အကြောင်းမဟုတ်။ နောက်ခံငွေကြေးတောင့်သည်။ စိန်အိကြာက ဇာတ်ပေါင် ကရတာ။

"မနုဖြူမိုးလောင်တုန်းက ပါသွားတဲ့ ကျုပ်ဘိုးဘွားပိုင် အိမ်နေရာကြီးဟာ အကျယ်ကြီးဗျ... ဇာတ်ရုံတစ်ရုံ ကောင်းကောင်း ဆောက်လို့ရတယ်... အဲဒီမြေနေရာကို ဖျာလိုလိပ်ယူသွားလို့ ရရင် မြန်မာပြည်အရပ်ရပ် ယူသွားပြီး ရုံမြေနေရာ ပြဿနာကို ဖြေရှင်းပါတယ်... ဟိုတုန်းက ဂရိတ်ဦးဖိုးစိန်ကြီးကိုယ်ပိုင်ရွက်ထည်ရုံနဲ့ ကသလို ကနေ့ စိန်အိကြာကိုယ်ပိုင်မြေနေရာနဲ့ ကပါတယ်... "

စိန်အိကြာ သျှောင်တုံး ဖိုးရိုးဖားရားဖြင့် စိတ်နာစကား ပြောသည်ကို ဇာတ်သမားများ တအံ့တသြ ဖြစ်နေကြသည်။ မြေနေရာကို ဖျာလိုလိပ်ပြီး ကလေရာကို ယူသွားမယ်တဲ့။ တို့ဇာတ်ဆရာတော့ သွားရှာပြီ။ နဂိုက ပေါ်တောတောရယ်။ သွတ်တွတ်တွတ် ဖြစ်ပြီ။

"အရင်မိန်းမဖို့မြေ၊ ဒီမြေ နောက်မိန်းထီးဖို့မြေ ဒီမြေ... "

ငူငူငိုင်ငိုင်ဖြင့် တစ်ခုခုကို စူးစိုက်တွေးနေရာက စိန်အိကြာ ထကပြီး ဇာတ်ရုံနောက်ပေါက်မှ ပြေးထွက်သွားသည်။ မင်းသား စဉ်းစားနော်၊ အရင်းပါရုံတင်မကဘူး၊ ပေါက်တောင် သွားနိုင်တယ်။ မိတ်ဆွေများ သတိပေးသော ရုံမြေနေရာ ဈေးစကား စဉ်းစားမိလေသလား။ ဇာတ် ပြန်မရွေးနိုင်တောင် အရင်းပါးရာက ပေါက်သွားပြီလား။

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ ဟေ့... လိုက်ကြပါလားဟ... ဇာတ်ဆရာ သချိုင်းဘက် ပြေးတယ်... သချိုင်းဘက် ပြေးတယ်... "

စိန်အိကြာ သချိုင်းထဲ ဝင်ပြေးသည်။ ဇာတ်အဖွဲ့သားများ နောက်မှ လိုက်ကြသည်။ သချိုင်းက အကျယ်ကြီး။ သစ်ပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်း ချုံတွေ ရှုပ်ရှုပ်ထွေးထွေး အုတ်ဂူတွေ ဖြူဖြူဖွေးဖွေး။ စိန်အိကြာ ဘယ်နားပျောက်သွားပါလိမ့်။

"အရင်မိန်းမဖို့မြေ၊ ဒီမြေ၊ နောက်မိန်းထီးဖို့မြေ၊ ဒီမြေ အဟုတ်ပါ မုချမသွေ၊ ကျုပ်ရတဲ့ ဒီမြေ... လတ့်နယ် တူးနယ်တဲ့နယ်... ပူနိမ့်တိန့် ဂျိန်နောင်... ဂျိန်နောင်... "

လား၊ လား၊ တူးထားသော မြေကျင်းတစ်ကျင်းထိပ်တွင် စိန်အိကြာ ကွေးနေအောင် ကနေပါလား။ စိတ်ထိခိုက်ဖောက်ပြန်သွားသော ဇာတ်ဆရာကို "သတိထား၊ ဇာတ်ဆရာ၊ သတိထားပါ၊ သတိထားပါ" ဟု ဇာတ်အဖွဲ့သားများက ဝိုင်းသတိပေးကြသည်။ ကနေသော စိန်အိကြာ ဒက်စတော့ဖြင့် ချက်ချင်း ရပ်သွားသည်။

"မပူကြနဲ့... ကျုပ် ဘာမှ မဖြစ်ဘူး... ရုံမြေနေရာ ဈေးကြီးတာကို စိတ်ချဉ်ပေါက်လာလို့ ထလုပ်တာ... ကျုပ်ရှိတဲ့ ပိုက်ဆံနဲ့ နောက်ဘယ်မြေနေရာ လေလံမှ ဝင်မဆွဲနိုင်တော့ဘူး... ကျုပ် တတ်နိုင်တာ ဟောဒီ ခြောက်ပေ၊ သုံးပေ၊ မြေနေရာပဲ ရှိတော့တယ်... (အို ဘာတဲ့တုန်း) အဟုတ်ပ၊ မုချမသွေ၊ ကျုပ်ရတဲ့ ဒီမြေ... ဒီမြေ၊ လတ့်နယ်... တူးနဲ့တဲ့နယ် ပူနိမ့်တိန့် ဂျိန်နောင်... ဂျိန်နောင်... "

အိကြာကွေး

(ဇူလိုင်လ၊ ၁၉၈၄ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✸✧✸✧✸✧

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်မြီးပြတ်ချိန်

ဇာတ်လောကတွင် ဇာတ်ရှုးထချိန်၊ ဇာတ်ခေါင်းကွဲချိန်၊ ဇာတ်နောက်စိကြေချိန်၊ ဇာတ်ခါးကျိုးချိန်၊ ဇာတ်မြီးပြတ်ချိန်ဟူ၍ အချိန်အမျိုးမျိုး ရှိသည်။ ဇာတ်မကမီ ဇာတ်တိုက်ချိန်သည် "ဇာတ်ရှုးထချိန်" ဖြစ်၏။ တကယ်မကရသေးမီ အပြင်မှာ အရှုးထကြခြင်း မဟုတ်ပါလော။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ခေါင်းကွဲချိန်ကား အများသိကြပြီ ဖြစ်၏။ အစုအစည်းပြေကာ ဇာတ်အဖွဲ့သားများ ဟိုတစ်ကွဲ သည်တစ်ကွဲ ပြိုကွဲသွားခြင်းဖြစ်သည်။ ဇာတ်နောက်စိကြေချိန်ကား မိမိအဖွဲ့မှ လူကောင်း၊ ပေါက်ကောင်းများကို အခြားအဖွဲ့မှ ကြေးပိုပေးကာ အလစ်ခေါ်သွားခြင်း ဖြစ်သည်။ ရှေ့မှာ အာရုံစိုက်နေစဉ် နောက်မှ အုတ်ခဲကျိုးဖြင့် အလစ်ဝင်ထုခြင်း ခံရပုံမျိုး ဖြစ်၍ ထိုအချိန်ကို "ဇာတ်နောက်စိကြေချိန်" ဟု ခေါ်ရလေသည်။

ဇာတ်ခါးကျိုးချိန်ကား လေးညကရမည့်ခွင်တွင် အကြောင်းအမျိုးမျိုးကြောင့် တစ်ညသာ ကလိုက်ရပြီး ကျန်သုံးည မကရခြင်းကို ဆိုလိုသည်။ ကိုးရိုးကားရားနှင့် ရပ်လိုက်ရသည်ကို ဇာတ်ခါးကျိုးသည်ဟု တင်စားပြောခြင်း ဖြစ်သည်။ ဇာတ်ခါးကျိုးသည် ဆိုသဖြင့် ဇာတ်ခါးကို ကားကြိတ်ရထားကြိတ်သွားသည်ဟု မယူဆစေလိုပါ။

နှာစေး၍ နှပ်ချေးကပ်သော် မနေတတ် မထိုင်တတ် ဖြစ်ကြရမြဲ။ သည်ကဲ့သို့ပင် ကြမ္မာသည်း၍ ဇာတ်မြီးပြတ်သော် ပူစပ်ပူလောင် ယောင်တီးယောင်န ဒုက္ခပွေရမြဲ၊ အိမ်မြှောင်အမြီးပြတ်လျှင် တဆတ်ဆတ်ခါရသလို ဇာတ်အမြီးပြတ်သော် တလှုပ်လှုပ်နာရသည်။ ခုတော့ စိန်အီကြာအမြီးပြတ်ပြီ၊ ပြတ်သမျှ အရင်းကကပ်၍ တုံးတိ။

"တွေးတိုင်းနာကြည်း၊ ဒေါသသည်းခဲ့၊ အမြီးဘယ်သူဖြတ်သနည်း"

စိန်အီကြာသာ ကဗျောင်ကယောင် ဆိုလျှင် ဤပုံဤနည်းကဗျောင်တွေ၊ ကဗျက်တွေ စပ်ဖြစ်ကောင်း စပ်မည်။ သူ့အမြီးကို ဖြတ်သွားသူမှာ "ကန်ထယုတ် ကိုမျောက်ကြီး" ဆိုသူ ဖြစ်သည်။ ဤတွင်ရှင်းပြစရာ နှစ်ချက် ရှိသည်။ "ကန်ထယုတ်" ဆိုသည်မှာ ကန်ထရိုက်ဟုတ်ပါ။ အတိုင်းမသိအောင် ယုတ်မာသူ ယုတ်ကန်းသူကို ခေါ်ဆိုခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ "ကိုမျောက်ကြီး" အမည်နောက်တွင် ဆိုသူဟု ထည့်ထားသည်မှာ မရေရာခြင်း သဘောအနက်ဆောင်သည်။ ကိုမျောက်ကြီး ဘယ်ကလာသည်၊ ဘယ်မှာ နေသည် ဘာတစ်ခုမှ မရေရာပါ။ မျောက်ကြီး ဆိုသော အမည်ပင် နာမည်မှန် ဟုတ်ချင်မှ ဟုတ်မည်။

"တောက်... နာတယ်ဗျာ... ရေရေလည်လည် နာတယ်... စိန်အီကြာကို လာပြီး ခေါင်းတုံးပေါ် ထိပ်ကွက်တာ၊ ထိပ်ကွက်ပေါ် ပွေးပေါက်တာ၊ ပွေးပေါ် ဝက်ခြံထွက်တာ ဘယ်လောက်အောင့်သက်သက်ဖြစ်ရသလဲ... ခံပြင်းရသလဲ... ခင်ဗျားတို့ စဉ်းစားကြည့်ပါ... "

သူ့ဟာသူ မလည်လို့ ခံရတာ။ ဘယ်သူကမှ ကိုယ်ချင်းစာပြီး စဉ်းစားမကြည့်ကြပါ။ လောကကြီးက ကိုယ်ဖြစ်ကိုယ်ခံ လောကကြီးပေပဲ။ မင်းသား လုပ်စားလာတာ အနှစ်နှစ်ထောင် ရှိပြီဆိုသော စိန်အီကြာ ဒီတစ်ကွက်တော့ အလစ်အချောင်ခံလိုက်ရပြီ။

"ကန်ထရိုက်ကြီး လက်ထဲက ကန်ထရိုက်လတ်က တစ်ဆင့်ယူ၊ ကန်ထရိုက်လတ်လက်ထဲက ကန်ထရိုက်ငယ်က တစ်ဆင့်ယူ၊ ကန်ထရိုက်ငယ်လက်ထဲက မျောက်ကြီးတို့လို ဘယ်ကလာမှန်းမသိတဲ့ ကန်ထရိုက်ယုတ်က ထပ်ယူ၊ ဇာတ်ခွင်တွေကို အဆင့်ဆင့် လက်လွှဲကြတယ်... "မူလ ကန်ထရိုက်ကြီး" ကနေ ဆင့်ပွားယူလာလိုက်တာ မျောက်ကြီးတို့လို "မူလိမ်ကန်ထယုတ်" လက်ထဲ ရောက်လာတယ်။ မျောက်ကြီးက လူယုတ်မာလေ။ ဇာတ်ကြေးအပြေမပေး၊ ရုံခမပေး၊ ဘာမှမပေးဘဲ ငွေထုပ်ပိုက်ပြီး ခြေရာဖျောက်လစ်ပြေးပြီ။

စိန်အီကြာ စိတ်အကြီးအကျယ် ညစ်နေသည်။ တစ်သက်နှင့်တစ်ကိုယ် စိတ်အညစ်ရဆုံးအချိန် ဖြစ်သည်။ လူတစ်ရာနီးပါး ရှိသော ဇာတ်အဖွဲ့ကြီးတစ်ခုလုံး၏ တာဝန်မှာ စိန်အီကြာသျှောင်ထုံးပေါ်တွင် ရောက်နေသည့် သျှောင်ထုံးလေး မခိုင့်တခိုင် ဇာတ်ပိုလို့ ယိုင်ပါရော့လား။



www.burmeseclassic.com

www.burmeseclassic.com



"ဇာတ်ဆရာ ရေထမ်းသမား ရောက်နေတယ်... ရေထမ်းဖိုးတွေ ရှင်းပေးပါတဲ့... "

ဇာတ်သမားတစ်ယောက်က စိန်အီကြာဆီ လာပြောသည်။ သည်မှာ ရုံခမရှင်းနိုင်သေးလို့ စိတ်ညစ်နေရသည့်အထဲ ရေထမ်းဖိုးက လည်းတစ်မျောင့်၊ ဇာတ်သူဇာတ်သားများ ချိုးရေ၊ သုံးရေအတွက် သုံးရက် ဆက်ထမ်းထည့်ပေးထားရသော ရေဖိုးကြွေးကို လာတောင်းနေပြီ။ စိန်အီကြာ စိတ်ပေါက်ပေါက်ဖြင့် ရိုက်လွှတ်ကွာဟု ပြောလိုက်တော့မလို ဖြစ်သွားပြီးမှ သတိရ၍ စိတ်ချုပ်လိုက်ရသည်။

"ပိုက်ဆံ မပြေလည်သေးလို့ တစ်ရက်နှစ်ရက် သည်းခံပါဦး လို့ တောင်းပန်လိုက်ပါကွာ... "

ဘယ်လောက် ရယ်ဖို့ ကောင်းသနည်း။ စူပါ အခါတစ်သိန်း စတားမင်းသား စိန်အီကြာ ဘာညာနှင့် နာမည်ကြီးလှသော ဇာတ် မင်းသားကြီး ရေထမ်းဖိုး မရှင်းနိုင်လို့ တောင်းပန်လိုက်ရတာ။

"ဇာတ်ဆရာ... ဒီမနက်စာအတွက် ဘာဟင်းချက်ရမလဲ... ဟင်းဖိုး ထုတ်ပါဦး... "

လာပြန်ပြီ။ ထမင်းဟင်းတာဝန်ခံ ဟင်းဖိုးတောင်းနေပြန်ပြီ။ စိတ်ညစ်ရပါလား။ ဟင်းချက်စရာ မရှိလျှင် မိမိသျှောင်တုံးကို အရင်းက ကပ်ဖြတ်ပြီး ဆံပင်များကို ကြာဆံနက်သဖွယ် သဘောထား၍ ကြော်စား ရ ကောင်းမလား၊ ဇာတ်ထဲက သျှောင်ထုံးတွေ ဖြတ်ကြော်စားမည်ဆိုသော် မိမိသျှောင်ထုံးအပြင် နောက်ပိုင်းမင်းသားကြီး၏ သျှောင်ထုံး၊ ယိမ်း မင်းသား နှစ်ယောက်၏သျှောင်ထုံး၊ ဆိုင်းထဲက နှာဆရဲ အဘိုးကြီး၏ သျှောင်ထုံးတွေ ရှိသေးသည်။ ဒါတွေ အကုန်ဖြတ်ကြ။ ကြာဆံနက်အမှတ် ထားပြီး ဆံပင်များကို တုံးတစ်ကာ ဘဲဥတစ်လုံးဖြင့် ကြော်စား၊ အောင်မယ် မင်း လည်ချောင်းယားလိုက်မယ့် ဖြစ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



"ငိုင်နေလို့ မပြီးဘူး ဇာတ်ဆရာ... တစ်ခုခု စီစဉ်မှ ဖြစ်မယ်... ထမင်းစားချိန် ထမင်းမစားရရင် ဇာတ်သမားတွေ ခင်ဗျားကို ဝိုင်းအရေခွဲ ဆုတ်ကြလိမ့်မယ်... မြန်မြန်လုပ်ပါ... "

"မီးလုံးရောင်းခိုင်းထားတဲ့ ကောင်တွေ ပြန်လာပြီလား... "

ပိုက်ဆံမရှိ ကြံမိကြံရာ ဇာတ်မှ မီးလုံးငါးလုံး ဖြုတ်ရောင်းခိုင်း ထားသည်။ မီးလုံးကြီးတွေက ဝပ်တစ်ထောင်အား ဧရာမအယ်စတုံကြီး တွေ။ ဝယ်သူရှိလျှင် မီးချောင်းတွေလည်း ဖြုတ်ရောင်းရမည်။

"ပြန်လာပြီ၊ ဒီမြို့က မီးစက်က ခဏခဏ ပျက်တတ်တယ်တဲ့ အသုံးမတည့်လို့ ဘယ်သူမှ မဝယ်ကြဘူး... "

"ယိမ်းသမတွေ ထဘီရောင်းခိုင်းကွာ... ရန်ကုန်ကျမှ ငါ အသစ် ပြန်ဝယ်ပေးမယ်... ဘယ်မလဲ ကောင်မလေးတွေ... "

"မရှိဘူး ဇာတ်ဆရာ... မုန့်ဖိုးပဲဖိုးရအောင်ဆိုပြီး မြို့ထဲက ဆေးလိပ်ခုံတွေမှာ ဆေးလိပ်သွားလိပ်နေကြတယ်... "

"ကြတ်... တယ်ခွကျပါလား... မင်းသားလတ်တွေနဲ့ ပြဇာတ်က ကောင်တွေ ဘယ်ရောက်နေကြသလဲ... စားဖို့သောက်ဖို့ တစ်ခုခု မဖန်တီး ကြဘူးလား... တဆိတ်ရှိ ဒီသျှောင်ထုံးပဲ လာလာအပူကပ်နေတယ်... "

"ကောင်လေးတွေလည်း မရှိကြဘူး ဇာတ်ဆရာ... ဆေးလိပ်ဖိုး လက်ဖက်ရည်ဖိုးရအောင်ဆိုပြီး ဆိုက်ကားထွက်နင်းတဲ့ကောင် နင်း၊ လက် သမားနောက်လိုက်၊ ပန်းရံနောက်လိုက်လုပ်တဲ့ကောင် လုပ်... "

"တောက်... ကန်ထယုတ် ဒုက္ခပေးတာနဲ့ ဇာတ်သမားတွေ အရပ်သားအလုပ်တွေ လျှောက်လုပ်ကုန်ရပြီ... "

ကံအားလျော်စွာပင် ထိုနေ့မနက်စာညစာအတွက် မြို့လယ် ကျောင်းဆရာတော်က ဆန်နှင့်ဟင်းချက်စရာ အာလူး၊ အာပြခြောက်များ စွန့်ကြသည်။ စိန်အိကြာတို့ တစ်ရက်စာတော့ စိတ်အေးသွားရပြန်ပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ရှက်စရာကောင်းတယ်ကွာ... ရဟာန်းသံဃာကို ကိုယ်က လှူရမယ့်ဟာ ရဟန်းသံဃာက စွန့်ကြဲတာကို မျက်နှာပြောင်တိုက်ပြီး စားရတာ ငါတော့ သေသာ သေလိုက်ချင်တော့တာပဲ... "

"ဘယ်တတ်နိုင်မလဲ ဇာတ်ဆရာ... ဖြစ်လာသမျှ ကြံဖန်ရင်ဆိုင်ရတော့မှာပေါ့... ဒီနေ့မနက်စာအတွက် ဈေးထဲက ဟင်းရွက်တန်းငါးတန်းက စေတနာရှင်တွေက ဟင်းရွက်တွေ၊ ငါးတွေ လာပို့ကြတယ် ဆရာတော့မနေ့က ဆရာတော်စွန့်ကြဲထားတာထဲက တစ်ရက်စာ ရသေးတယ်... ဆန်ရယ်၊ ငါးရယ်၊ ဟင်းသီးဟင်းရွက်ရယ် အကုန်ရောပြီး ပြုံးစပ်ကြိုမယ်.."

နောက်နေ့ နောက်နေ့များတွင် စိန်အီကြာဇာတ်အဖွဲ့ကို မေတ္တာထားကြသော ရပ်ကွက်များက ထမင်းထုပ်များ လာပို့ပေးကြသည်။ အချို့ထမင်းထုပ်များတွင် ဆေးလိပ်၊ ထန်းလျက်နှင့် မတ်စေ့၊ ငါးမူးစေ့များပါလာသည်။ ထမင်းထုပ်တစ်ထုပ်မှ စာတစ်စောင်ကား မှတ်သားဖွယ်ကောင်းလှသည်။

"ဘယ်ကမှန်းမသိတဲ့ ကန်ထယုတ်ကို အဟုတ်ကြီးမှတ်၊ ခေါ်တဲ့အရပ် လိုက်က၊ ကန်ထယုတ်ထွက်ပြေးတော့ ဒုက္ခများ နောက်ကို သတိထားပေတော့ သျှောင်ထုံးမာစတာ စိန်အီကြာ... "

စိန်အီကြာတို့မှာ မီးဘေးဒုက္ခသည် မဟုတ်ဘဲ ထမင်းထုပ်စား၍ဆယ့်ငါးရက်တိုင်တိုင် သောင်တင်နေရသည်။ မော်တော်သောင်တင်လျှင်ဒီရေအတက်စောင့်၍ဖြစ်စေ၊ ထိုးဝါးဖြင့် ထိုးချ၍ ဖြစ်စေ အခြားမော်တော်တစ်စီးမှ ကြိုးဖြင့် ချည်ဆွဲ၍ ဖြစ်စေ၊ သောင်ပေါ်မှ ကျအောင် ချလို့ရသည်။ ဇာတ်သောင်တင်လျှင်ကား မလွယ်၊ ဒီရေစောင့်လို့ မဖြစ်။ ထိုးဝါးဖြင့် ထိုးချလို့ မရ။ ကြိုးဖြင့် ဆွဲချလို့ မဖြစ်၊ သောင်တင်သော ဇာတ်မှာဆက်လက်တင်ပေရော့။ ကုန်းတစ်ပိုင်း၊ ရေတစ်ပိုင်း။

"ရှုပိုင်ရှင်ကတော့ တို့ဒုက္ခကို မကြည့်ရက်လို့ ရုံခတစ်ဝက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ယူမယ် ပြောတယ်... ရှုံခတစ်ဝက်အတွက်နဲ့ ပြန်စရိတ်ရဖို့အတွက် တစ်ည တော့ ကဦးမှ ဖြစ်မယ်... ”

ထိုတစ်ညမှာ မြို့ကလေးကို ကျေးဇူးဆပ်သော နောက်ဆုံးည ဖြစ်သလို စိန်အိကြာဘဝတွင် အမှတ်တရ ဖြစ်စေသော ညလည်း ဖြစ်သည်။ ဖျာအလကား၊ ကုလားထိုင်အခမဲ့၊ ရုံဝင်ခသဒ္ဒါကြေး၊ ကြိုက်သလောက်လေး ငွေပေးပေး၊ ဆန်ပေးပေး၊ ကြက်သွန်ပေးပေး၊ ငရုတ်ပေးပေး၊ ပဲပေးပေး၊ ပြောင်းပေးပေး၊ ကြိုက်ရာပေး။ မပေးလည်း ဝင်ကြည့်လို့ရသည်။

တချို့ ငှက်ပျောသီးပေးသလို တချို့ မာလကာသီး ပေးသည်။ တချို့ ဆေးလိပ်ပေးသလို တချို့ ကွမ်း၊ ကွမ်းသီး၊ ထုံးပေးသည်။ တချို့ ဗူးသီး၊ ခရမ်းသီး ပေးကာ တချို့ ဒန့်သလွန်ရွက်၊ ချဉ်ပေါင်ရွက်များ ပေးကြသည်။ ထူးထူးခြားခြား ရေကြိုငါးပိ နှစ်ဆယ်သားပေးသူနှင့် ငါးခုံးမခြောက် ငါးကျပ်သား ပေးသူလည်း ပါသည်။

မည်သို့ပင်ဖြစ်စေ ရသမျှ အမြတ်ပဲ သဘောထားကာ စိန်အိကြာ ကခဲ့သည်။ ရုံဝင်ခရသော ပစ္စည်းမျိုးစုံကို ဖောက်သည် ပေးတန်ပေး၊ လျှော့စျေးဖြင့် ရောင်းတန်ရောင်း လုပ်ကာ ရှုံခတစ်ဝက် ပေးချေခဲ့သည်။ ကျန်ငွေကို စရိတ်လုပ်ကာ ရန်ကုန်အရောက် ပြန်ရသည်။

“ရွှေမြို့တော်က တကယ်အားပေးလို့ ပြန်ပါတော့မယ်ဗျာ... ဟော့ ပြန်ပါတော့မယ်ဗျာ... ဒိန်း ဒိန်း ဒိန်း... ဒိန်းတတ် ဒိန်းတတ်... ”

ဆန်အိတ်များ တင်ထားသော စီဘီတွဲသဘော်ပေါ်မှ ဇာတ်သမားများက မြို့ကလေးကို နှုတ်ဆက်သည်။ ဆေးလိပ်လိပ်ရ၊ စက်ချုပ်ရ၊ ဆိုက်ကားနင်းရ၊ လက်သမား လုပ်ရ၊ ပန်းရံလုပ်ရသဖြင့် ဇာတ်သမားများ ပင်ပန်းပိန်ချုံးနေကြသည်။ မျက်ကွင်းဟောက်ပက်နှင့် သျှောင်ထုံး ဖရိုဖရဲ ဖြစ်နေသော စိန်အိကြာရင်ထဲမှာ ဒေါသမုန်တိုင်း ထန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အသားမည်းမည်း သွားကျဲကျဲ၊ ဝဲဘက်မေးဖျားမှာ ဒင်္ဂါးလောက် အမှတ်ကြီး ပါသတဲ့.. ကန်ထရိုက်ယုတ် မျောက်ကြီး၊ စိန်အီကြာကို ဇာတ်အမြိုးပြတ်အောင် ဒုက္ခပေးသွားတဲ့ ဂန်မြင်းမသား မင်းနဲ့ငါ တစ်နေ့တွေ့မယ်... "

စိန်အီကြာ ဘယ်လောက်ကြိမ်းကြိမ်း၊ ကြိမ်းချင်သလောက်ကြိမ်း၊ မျောက်ကြီးကို တွေ့ရန် မလွယ်ပါ။ မျောက်ကြီးဆိုသည့်အတိုင်း တောတစ်တောထဲဝင်ကာ ကိုယ်ရောင်ဖျောက်သွားချေပြီတည်း။

အီကြာကွေး


(စက်တင်ဘာလ၊ ၁၉၈၄ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✸✧✸✧✸✧



www.burmeseclassic.com

www.burmeseclassic.com



# ပဲဟင်းသောက်သူ

စိန်အီကြာကို ပြောလို့မရပါ။ ဇာတ်ပိုင်ရှင်မင်းသား ဖြစ်နေတော့ ပြောလည်း မပြောရဲကြပါ။ သို့ဖြင့် စိန်အီကြာမှာ လက်ဖက်မကာမ်းကွမ်းမကမ်းဘဲ "ဂရိတ်ဖိုးကြာ" ဖြစ်သွားသလို သူ့အဖွဲ့မှာလည်း အော်တိုငုတ်တုတ် "ဂရိတ်ဖိုးကြာ ဇာတ်သဘင်အဖွဲ့ကြီး" ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ လိုက်မမီတဲ့ ပြဇာတ်သစ်တွေ ထွင်ရမယ်… ဇာတ်လမ်းဆန်းဆန်း၊ ဇာတ်ရုပ်ဆန်းဆန်း၊ ဇာတ်နာမည်ဆန်းဆန်း အိုဗျာ ထက်ပေါင်းစုံ အကုန်ဆန်းတဲ့ "ဆန်းသမျှ တက္ကသိုလ်" ပြဇာတ်မျိုးကို ဂရိတ်ဖိုးကြာ စဉ်းစားပြီးပြီ… "

သူ့ပြဇာတ်အမည် "ဖောရိန်းလေဒီ" ဖြစ်သည်။ မြန်မာ့စရိုက် မြန်မာ့နားနှင့် ဘယ်လိုမှ အဆင်မချောသော နာမည်ပစ္စည်းထိန်း ငပျော့က "ဖောရိန်းဆိုတာ နာတာရှည် လူမမာ မတည့်တာ စားလို့ ခြေဖမိုးက စပြီး တစ်ကိုယ်လုံး ဖောတာ ဖြစ်မယ်" ဟု သူ ဉာဏ်မီသလို အနက်ဖွင့်သည်။ နောက်ပိုင်း မင်းသားကြီး သျှောင်ထုံးက "မင်းအဖေကြားသွားရင် မိုးမီးလောင်မယ်နော်… သိပ်ဟောင်ဖွာ ဟောင်ဖွာ လုပ်မနေနဲ့… " ဟု သတိပေးသည်။

"ဖောရိန်းလေဒီ" တွင် ဂရိတ်ဖိုးကြာက လေယာဉ်မောင်းသော မိုင်းလော့အဖြစ် သရုပ်ဆောင်မည်။ မင်းသမီး မီးယပ်စိန်က နိုင်ငံခြားသူ "ပင်မလာ" အဖြစ် သရုပ်ဆောင်ရမည်။ လူရွှင်တော် ကိုပါဒန်က ပင်မလာ၏အစ်ကို ဒေးဗစ်ပါဒန်၊ ဇာတ်လမ်းမှာ သပွတ်အူက အဘခေါ် ရအောင် ရှုပ်ထွေးသည်၊ ဇာတ်ဦးတည်ချက် မည်မည်ရရ မရှိ။ ဂရိတ်ဖိုးကြာက ဘောင်းဘီအရှည်ဝတ်၍ မီးယပ်စိန်က ဂါဝန်တိုနန့်နန့်ဝတ်ကာ မရိသတ်မျက်စိနောက်အောင် ပြောမည့် ရွတ်ရှက်ဒွတ်ဒက်တွေ မှတ်မည့် ညစ်ကျယ် ပြဇာတ်မျှသာ။

"ဇာတ်ဆရာ… ကျွန်မ အင်္ဂလိပ်စာ မတတ်ဘူး… အေဘီစီဒီ တောင် ဘယ်နှစ်လုံး ရှိမှန်း မသိတာ… ဒီဇာတ်လမ်းနဲ့ ဖြစ်ပါ့မလား…"

ပြဇာတ်မတိုက်ခင်ကပင် မီးယပ်စိန်က ဦးစွာ ပြောသည်။ လူရွှင်တော်ကိုပါဒန်ကလည်း…

"ဟုတ်တယ် ဇာတ်ဆရာ… ကျုပ်လည်း လှည်းထောက်နဲ့ သိပ်



www.burmeseclassic.com

www.burmeseclassic.com


ကွဲပြားတာ မဟုတ်ဘူး... ခပ်ဝါးဝါးရယ်... ဖြစ်ပါ့မလား... ”

စိုးနှောင့်သံဖြင့် ညည်းတွားသည်။ ဂရိတ်ဖိုးကြာဆိုသော စိန်အိကြာကတော့ ဇွတ်မှဇွတ်။

“အို... ဘာလို့ မဖြစ်ရမှာလဲ... ဂရိတ်ဖိုးကြာ အဘိဓာန်မှာ မဖြစ်ဘူးဆိုတာ ရှိကို မရှိဘူး... လုပ်ယင်ဖြစ်ရမယ်... ဖြစ်ကိုဖြစ်တယ်... အင်္ဂလိပ်စာနဲ့ ပတ်သက်လို့ ခင်ဗျားတို့တင် မတတ်တာ မဟုတ်ဘူး... ကျုပ်ဆီမှာ အင်္ဂလိပ်စကားပြော စာအုပ်ရှိတယ်... ဒီစာအုပ်ထဲမှာ မြန်မာလို အသံထွက်တွေ ပါတယ်... အဲဒါ ကျက်မှတ်ပြီး ခပ်တည်တည် တွယ်ကြတာပေါ့... ခုသွားကမယ့် အရပ်က နထိ့ပလို့ဆိုတဲ့ ဇနပုဒ်ပါဗျာ၊ ကြောက်မနေကြစမ်းပါနဲ့... သူ့ဟာ့သူ ဖြစ်သွားပါလိမ့်မယ်... ”

မည်သို့ပင်ဖြစ်စေပွဲဝတ်နေသော နထိ့ပလို့ကမူ ဂရိတ်ဖိုးကြာဇာတ်သဘင်အဖွဲ့ကြီးကို တစ်ခဲနက်၊ နှစ်ခဲနက်၊ သုံးခဲနက်အားပေးကြသည်။ ပွဲဦးထွက်ညတွင်ပင် ‘ဖောရိန်းလေဒီ’ ကြီးကို ပွဲထုတ်လိုက်သည်။

“ဟဲလို... တက်စတင်... ဝမ်း တူး သဒီး ဖိုး လေဒီး အင်ဂျင်ဂလယ်မင်း... တူးနိုက်ဝီရှိုး ဖောရိန်း- လေဒီ... ယူစီး ယူစီး... ”

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ‘ဖောရိန်းလေဒီ’ ပြဇာတ်ပဏာမ မိတ်ဆက်စကားကို ဂရိတ်ဖိုးကြာ ကိုယ်တိုင် မိုက်ကရိုဖုန်းမှ စကြေညာလိုက်သည်။ နထိ့ပလို့ ပရိသတ်များ လက်ခုပ်တဖြောင်းဖြောင်း တီးကြသည်။ လက်ခေါက်တရှီရှီ မှုတ်ကြသည်။ ကလေးများက ‘ယူစီးယူစီး ကျွန်တော် ဖိနပ်’ဟု ပြန်အော်ကြသည်။

ပိုင်းလော့ဝတ်စုံဖြင့် စိန်အိကြာ ထွက်လာသည်။ ဦးထုပ်မှာ ပိုင်းလော့ ဦးထုပ်မဟုတ်ပေ။ ဆိုင်ကယ်စီးဦးထုပ် ဖြစ်သည်။ သျှောင်ထုံးကြောင့် စိန်အိကြာ ဦးထုပ်ဆောင်းလို့မရ။ ဦးထုပ်ကို ဘယ်လက်ဖြင့် ရင်ဘတ်တွင် ကပ်ကိုင်ထားရသည်။ ကြည့်ရမြင်ရသည်ကပင် ထော်လော်


www.burmeseclassic.com

www.burmeseclassic.com



ရယ်မှ ကန့်လန့်။ ကိုးရိုးရယ်မှ ကားရား ဖြစ်နေသည်။ ကမ္ဘာ့ အရပ်ရပ်မှ ပိုင်လော့များမှ အားလုံးလိုလို ဘိုကေများသာ ဖြစ်ကြသည်။ ခေါင်းတုံး သမားအဖြစ် ရှားရှားပါးပါး တစ်ယောက်စ၊ နှစ်ယောက်စရှိချင် ရှိရမည်။ သျှောင်ထုံးနှင့်တော့ တစ်ယောက်မှ ရှိလိမ့်မည်မဟုတ်။ သျှောင်ထုံးနှင့် ပိုင်းလော့ဆို၍ ကမ္ဘာ့တစ်ဝန်းလုံးတွင် စိန်အီကြာတစ်ယောက်သာ ရှိသည်။

ဇာတ်လမ်းအရ ပင်မလာ မီးယပ်စိန်နှင့် ဒေးဗစ်ပါဒန်တို့က မြန်မာပြည်သို့ လာလည်ကြသော နိုင်ငံခြားသား မောင်နှမ။ လေယာဉ် ပေါ်ကပင် ဂရိတ်ဖိုးကြာနှင့် အသိအကျွမ်း ဖြစ်ခဲ့သည်။ သူတို့ဆုံကြလေ ပြီ။ ပိုင်းလော့ သျှောင်ကြီးဇွဲက

"ဟလို၊ ဝှပ် တစ် ယူပါနိမ်း"

နိုင်ငံခြားသူကို နှုတ်ဆက်ယင်း၊ နာမည်မေးသည်။ အမှန်တော့ လေယာဉ်ပေါ်ကတည်းက နာမည်သိပြီးသား၊ လူချင်းကျွမ်းပြီးသား၊ အင်္ဂလိပ်လို မှတ်ချင်၍ အပိုလုပ်ကာ ထပ်မေးခြင်းဖြစ်သည်။ ဂါဝန်တိုနန့် နန့်ဝတ်လျက်၊ ဘိုမဦးထုပ်ဆောင်းထားသော ပင်မလာ (မီးယပ်စိန်)မှာ ကြောင်အမ်းအမ်း ဖြစ်နေသည်။ နေ့ခင်းက နှုတ်တိုက်ချပေးထားသော စကားများကို မနည်းပြန်စဉ်းစားရသည်။

"အဲ၊ အင်း၊ ဟိုဒင်း။ မိုင်နိမ်း အစ် မီးယပ် (အဲ) ပင်မလာစိန်"

ဂရိတ်ဖိုးကြာ အကြီးအကျယ်ဒေါကန်သွားသည်။ "အာပေါက် မတတ် သင်ပေးထားတာ၊ အရေးထဲ ကျမှ မေ့ရသလား။ နင့် အမေလင် ပင်မလားစိန်လား။ စိန်မပါဘူး။ ပင်မလာ၊ ပင်မလာ"ဟု တီးတိုး ဟောက်ပစ်လိုက်ရသည်။ နိုင်ငံခြားဧည့်သည် လမ်းပြအဖြစ် သရုပ်ဆောင် သော လူရွှင်တော် ကိုပုတိုက ဒေးဗစ်ပါဒန်ကို အသားလွှတ် ဝင်မှတ်သည်။

ဒေးဗစ်ပါဒန်လည်း ဘယ်ခေမလဲ။ ဘောင်ဘီ လက်ရှည်ကြီး ဝတ်လျက် နိုင်ငံခြားသားအဖြစ် သရုပ်ဆောင်နေတာပဲ။ တတ်သမျှ



www.burmeseclassic.com

www.burmeseclassic.com



မှတ်သမျှ ပြန်မှတ်လိုက်သည်ကား...

"ရက်စစ်၊ အောဒိုက်၊ မိုင်စစ္စတား ယူဝါဝိုက်"

နထို့ပလို့ ပရိသတ်ထဲမှ 'ဝိုက်ဆိုတာ ကုလားသုံးစီးကို နိုင်တယ်ကွ'ဟု စီခနဲ အော်သံထွက်လာသည်။ ဧကန္တ ဖဲသမားဖြစ်ရမည်။ ဂရိတ်ဖိုးကြာက မီယပ်စိန်ကို

"ဝဲယား ဒူးယူလစ်"

ဟုမေးသည်။ မီးယပ်စိန် စာမေ့နေသဖြင့် တောက်တဲ့လှည်းနင်းသလို၊ အင်း၊ အဲဖြစ်နေစဉ် လူရွှင်တော် ကိုပုတိုက 'အိုင်လစ် ပိုက်ဆံငါးပြား'ဟု ဝင်ဖြေပေးလိုက်သည်။ ဇာတ်ခုံဘေးမှ ကလေးများက 'တခိုးကြီး၊ တခိုးကြီး'ဟု အော်ကြလေသည်။

ချစ်ခန်း၊ ကြိုက်ခန်းမှာလည်း ပုံပျက်ပန်းပျက်ပင်။ ဂရိတ် ဖိုးကြာရည်းစား စကားပြောပုံကို နားထောင်ကြည့်ပါ။ 'အိုင် လပ်ဗ်ယူ။ ယူလပ်ဗ်အိုင်'တဲ့။ ပင်မလာ မီးယပ်စိန်မှာ ကျက်မှတ်ထားသည်များမှ 'အိုးရက်' တစ်လုံးသာ မှတ်မိသည်။ ဂရိတ်ဖိုးကြာပြောသမျှ 'အိုးရက်' 'အိုးရက်'နှင့် (စ)သတ်သံမပါပဲ၊ လျှာဖျားကြီးဖြင့် လိုက်ဖြေနေသည်။

"အိုးချည့် ရက်မနေပါနဲ့ဗျို့။ သံဇလုံပါ ရက်ပါ။ ဟင်းတွေပေနေတယ်... "

ဟု နထို့ပလို့ အာဘောင်နီများက တစ်ခဲနက် ထအော်ကြ သည်။ ကျက်မှတ်ထားသမျှ ဂရိတ် ဖိုးကြာလည်း မေ့ပြီ။ မီးယပ်စိန်လည်း ဘာမှစဉ်းစားလို့ မရတော့။ သည်တော့ လွယ်လွယ်ကူကူပင်၊ မြန်မာ စကားကို (စ)သတ်သံတွေ ထည့်ပြောကြတော့သည်။

"သိပ်စ် လွမ်းစ် တာပဲစ်ကွယ်"

"အိုး၊ ဒီကလဲစ် လွမ်းစ်တာပါပဲ"

"ခွဲစ် ရတော့မယ် အချစ်စ်ရယ်။ မိုင်ဟတ်တွေ ကွဲကုန်ပြီစ်"



www.burmeseclassic.com

www.burmeseclassic.com



"စာထည့်စ်၊ စာထည့်စ်"

ဖောရိန်းလေဒီကို အလွမ်းဖြင့် သိမ်းသည်။ ပင်မလာက သူ့နိုင်ငံသို့ ပြန်သွားသောအခါ၊ သျှောင်ထုံး ပိုင်းလော့မှာ လွမ်းကျန်ခဲ့ရသည်။ ဤတွင် လုံးဝထင်မထားသော ပြဿနာများ ဝင်လာသည်။ ဂရိတ်ဖိုးကြာ၏ မြာငမ်းသော အကျင့်ရှိသည်။ ဤအကျင့်က ပြင်မရသောအကျင့်။ ရောက်လေရာအရပ်၊ လာလေရာ ခွင်တိုင်း ဇာတ်ခုံနှင့် နီးသော ရှေ့ဆုံးဖျားများမှ မိန်းကလေးများကို ဖောဖောသီသီ ငမ်းနေကျ။ ဇာတ်ဝင်စကားကိုသာ မေ့ချင်မေ့မည်။ ရှေ့ဆုံးဖျားမှ ကောင်မလေးများကို ငမ်းဖို့ကား မမေ့။

နထိုပလို့၏ ကွမ်းတော်ကိုင်၊ ငွေကျော့။ ရှေ့ဆုံးဖျားတွင် သနပ်ခါးအဖွေးသား၊ ပန်းအဝေသားဖြင့် ပွဲကြည့်နေသည်။ ဂရိတ်ဖိုးကြာမျက်လုံးများက ငွေကျော့ထံတွင် တရစ်ဝဲဝဲ။ ဇာတ်ကတာ ကောင်းကောင်းမကဘဲ မျက်လုံးက ငွေကျော့ဆီပဲရောက်နေသည်။ ဒါကို တစ်ပွဲလုံးအကဲခတ်မိနေကြသည်။ အထူးမကျေနပ်ကြတာက ချစ်ပန်းတို့ ကာလသားတစ်သိုက်။ သည်ထဲမှာ ဖိုးလုံးတို့ ကြွက်နီတို့လည်းပါကြသည်။

ဖောရိန်းလေဒီ ဇာတ်သိမ်းပိုင်း။ နောက်ခံ ပိတ်ကားဖြူတွင် လေယာဉ်က ဖြည်းဖြည်းတက်သွားပုံကို ဆလိုက်ဖြင့် ထိုးပေးသည်။ ဇာတ်ခုံ၏ လက်ယာဘက်တောင့်တွင် ဂရိတ်ဖိုးကြာ ရှိနေသည်။ စပေါ့လိုက်ဖြင့် ကွက်ထိုးပေးထားသည်။ တီးဝိုင်းက အလွမ်းသီချင်းကို ခပ်မှိန်မှိန်တီးနေသည်။ လေယာဉ်က တစ်စတစ်စဝေးသွားပြီ။ ဂရိတ်ဖိုးကြာက မသာရှင်၏ မျက်နှာမျိုးဖြင့် အလွမ်းရိပ် ဆင်နေတုန်း။ ဇာတ် အထွတ်အထိပ်ရောက်နေတုန်း... ချစ်ပန်းတို့ တစ်ခဲနက်ထအော်ကြသည်ကား

"ဘောင်းဘီနဲ့ သျှောင်ထုံးကြီးပါ တစ်ခါတည်းခေါ်သွားပါဗျို့၊ ဇာတ်ခုံပေါ်မှာရှုပ်လွန်းလို့၊ ရှုပ်လွန်းလို့ တစ်ခါတည်းခေါ်သွားပါ... "



www.burmeseclassic.com

www.burmeseclassic.com



တီးလုံးမှာ မပြီးဆုံးသေး။ လေယာဉ်လည်း လုံးလုံးမပျောက်သေး။ ဂရိတ်ဖိုးကြာမှာ လွမ်းရအခက်၊ ဒေါ်ပွရအခက်။ အီလယ်လယ်ဖြစ်ကာ မျက်နှာအထားရခက်နေသည်။ ကားလိပ် အမြန်ချလိုက်ပေလို့သာ။ မချလျှင်သည့်ထက် ဆိုးမည်။

✧✸✧✸✧✸✧

နောက်တစ်နေ့တွင် ဇာတ်ထဲ၌ ပဲဟင်းချက်သည်။ လူရွှင်တော်ကိုပါဒန် ဝမ်းပျက်နေ၏။ ထမင်းချက်သမားက 'ကိုပါဒန်ပဲဟင်းလေ' ဟုသတိပေးသည်ကို 'မယူတော့ဘူးဗျာ။ ဓာတ်တွေသွားနေတယ်။ ဖင်မနိုင်ဘဲ ပဲဟင်းမသောက်ပါရစေနဲ့'ဟု ပြောသည်ကို ဂရိတ်ဖိုးကြာက သူ့စောင်းပြောသည်ထင်သည်။

"ဘာလဲ၊ ခင်ဗျားက ကျုပ်ကိုစောင်းတာလား... "

ညက ပင်မလာမီးယပ်စိန်ပြောသည်ကို နားစွဲနေသော ဒေးဗစ်ပါဒန် ရုတ်တရက် ဖြေမိသည်ကား

"အိုရက်... "

အီကြာကွေး

(နိုဝင်ဘာလ၊ ၁၉၈၄ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✸✧✸✧✸✧



www.burmeseclassic.com

www.burmeseclassic.com



# ဘယ်ဇာတ်တော်လေမှန်းမသိ

"ဘယ်ဇာတ်တော်လေမှန်းမသိ၊
အခန်းအခန်းပြေပြေ၊
မျှားနိုင်လှပေ..."

(စလေဦးပုည)

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဂရိတ်ဖိုးကြာခေါ် စိန်အိကြာ ရှေ့ပိုင်းတွေမှာ အချိန်ယူတာ များသွားသည်။ များတာမှ နည်းနည်းနှောနှော များတာ မဟုတ်၊ မဟား ဒယားဖြင့် တအားတအား များတာ။

စတိုတ်ရှိုးမှာ နှစ်နာရီ၊ အော်ပဒါမှာ တစ်နာရီခွဲ၊ ပြဇာတ်မှာ သုံးနာရီ နီးပါး၊ မင်းသမီးတွေ အကုန်ထိုင်ခိုင်းပြီး၊ သူတစ်ယောက်တည်း ကြဲနေသော (တစ်ပါးသွား) မှာ နှစ်နာရီခွဲ။ အားလပ်ချိန် နာရီဝက်ပေး ပြီး နောက်ပိုင်းဇာတ်ကို ပြန်စတော့ မိုးစင်စင်လင်းရန် တစ်နာရီသာသာ ပဲ လိုတော့သည်။

"ဇာတ်ဆရာ အချိန်မကျန်တော့ဘူး... ဘယ်လိုလုပ်ကြမလဲ"

မြန်မာ့ဇာတ်သဘင်၏ အသည်းနှလုံးဖြစ်သော နောက်ပိုင်းကို အရေးထား လေးစားသည့် မင်းသားကြီး သျှောင်ထုံးစိန်က ပြူးပြူးပျာပျာ ဖြင့် လာပြောသည်။

"ကြည့်ကြက် လုပ်ကြတာပေါ့ဗျာ... ဇာတ်သမားတွေပဲ... တစ်လတ်ပါးဝပြီးသားပါ... မိုးမြန်မြန်လင်းရင် ပြီးတာပဲ... ကချင်တာကို ကချင်သလို ကကြ... ကဲ ဟော့ကောင် စမ်းလေကွာ... မင်းအလှည့်..."

ဂရိတ်ဖိုးကြာ ဖဲဝိုင်း ရောက်နေပြီ။ ဇာတ်ခုံနောက်ပိုင်းအတွင်း ဘက်တွင် ဖဲဝိုင်း မပြတ်တမ်း ရှိသည်။ ဇာတ်ခုံပေါ်က အော်ပဒါ၊ ပြဇာတ်၊ နှစ်ပါးသွားတို့သာ ရှပ်ကာပိတ်၍ ကားချ၍ ခေတ္တ နားကြသည်။ နောက်ပိုင်းမှ ဖဲဝိုင်းကတော့ လုံးဝမနား။ ညဦးပိုင်းမှ စလိုက်တာ မိုးလင်း သည်အထိ အလျဉ်မပြတ်။ ရှုံးသူ ထွက်၊ နိုင်သူဆက်။ သူဝင်ငါထွက်ဖြင့် ကြက်ပျံမကျ ဘဲပျံမကျ စည်ကားဆဲ။

"ဒုက္ခပါပဲဗျာ... ဒုက္ခပါပဲဗျာ... "

အချိန်တစ်နာရီကျော်ကျော်နှင့် နောက်ပိုင်းဇာတ်ထုပ်ကြီး တစ်ထုပ်လုံးကို ဘယ်လိုလုပ်၍ ကရမည်နည်း။ နောက်ပိုင်းကို တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ယူထားရသည်မှာ ဂရိတ်ဖိုးကြာဆိုတဲ့ ခွေးမသား စိန်အီကြာ မဟုတ်။ သျှောင်ထုံးစိန်တည်းဟူသော နောက်ပိုင်းမင်းသားကြီး မိမိကိုယ်တိုင်ဖြစ်သည်။ သျှောင်ဖြီး၍ ဆံပင်ထဲသို့ လက်ဆယ်ချောင်းသွင်းကာ တဗျင်းဗျင်း ကုတ်သည်။ အကြံမထွက်ဘဲ သန်းတွေ၊ ဘောက်တွေသာ ထွက်လာ၏။

"အင်း... ကာယကံရှင်ကတောင် ပေါ့ပေါ့ပြောနေမှပဲ... ငါနဲ့ ဘာဆိုင်တော့လို့လဲ... မြင်းကမလှုပ်ဘဲ ခုံက လှုပ်နေရတာ... ကိုယ့်ကို ကိုယ်တောင် စက်ဆုပ်လာပြီ။ သဗ္ဗေသတ္တာ ကမ္မသကာ၊ ဖြစ်ချင်တာ ဖြစ်ကြပေတော့... "

မင်းသားကြီး သျှောင်ထုံးစိန် စိတ်လျှော့လိုက်သည်။ မလျှော့လို့ မဖြစ်။ ကျန်ဇာတ်၏ ဇာတ်စီးမင်းသား ဂရိတ်ဖိုးကြာကိုယ်တိုင်က ကချင်သလို ကကြ၊ မိုးမြန်မြန်လင်းရင် ပြီးတာပဲဟု တစ်ချက်လွှတ် အမိန့် ပေးလိုက်ပြီ မဟုတ်ပါလော။

ဇာတ်စင်၏ လက်ယာဘက်မှ ဝန်နီတစ်ပါး၊ ဇာတ်စင်၏ လက်ဝဲဘက်မှ ဝန်စိမ်းတစ်ပါး၊ ဝန်နှစ်ပါး ပြိုင်တူ ထွက်လာသည်။ ဝန်နီက မျက်လုံးပွတ်လာသည်။ အိပ်ချင်လို့။ ဝန်စိမ်းက တင်ပါးကုတ် လာသည်။ ဝဲယားလို့။ ဝန်နှစ်ပါး ဇာတ်စင်အလယ်တွင် ဆုံမိကြသည်။

"အဟမ်း၊ အဟမ်း၊ အရှေ့ဝန်မင်း မှတ်တယ်... "

"ဟုတ်ပ၊ ဟုတ်ပ... အနောက်ဝန်မင်း ထင်ရဲ့... "

"မှန်လိုက်လေဗျာ... ကျုပ်တို့မှာ စေတလုံး ပခုံးထမ်းတဲ့ မင်းမှုထမ်းတွေ မဟုတ်လား... ကနေ့ည ဖဲသေလိုက်တာ ပိုကာတစ်ခါမှ မပါဘူး ဝန်မင်း... "

"ဟုတ်ပ... ဟုတ်ပ... ကျုပ်မလဲ စပိတ်ကလေးတစ်လုံးပါလို့ ဟန်မလား အောက်မေ့ပါတယ်... လက်ထိပ်အိမ်က အတွဲဖျက်ပြီး နင်းကန် ထုနေတော့ ဒေါင်းဖို့နေနေသာသာ ဆယ်ချပ်မိလိုက်၊ ခုနစ်ချပ် မိလိုက်၊



www.burmeseclassic.com

www.burmeseclassic.com



အလှည့်တိုင်း ပေးချည့်နေရတာပဲ... ကနေ့ညရမယ့် ညကြေးတော့ ချောပါပြီဗျာ... ”

ဝန်နှစ်ပါးမှာ ဖဲဝိုင်းမှ ချက်ချင်းထလာရသည်မို့ ဝန်စကားမပြောဘဲ ဖဲစကားတွေချည်း ပြောနေသည်။ နှစ်ပါးစလုံး အနည်းအများသာ ကွာမည်။ အသီးသီးက ရှုံးထားကြသူများဖြစ်၍ လက်ထိပ် လက်အောက်အိမ်များကို မကျေမနပ် ပြောဆိုနေကြခြင်း ဖြစ်သည်။

ဝန်နှစ်ပါး ထွက်နေစဉ် ပရိသတ်ကလည်း ရုံပြင်ထွက်၍ အပေါ့အပါး သွားကြသည်။ မုန့်စားကြသည်။ သူတို့စကားကို နားစိုက်ထောင်သူမရှိ။ သည်တော့ ဝန်နှစ်ပါးကလည်း ထင်ရာမြင်ရာတွေ စွတ်တင်ကြသည်။

သျှောင်ထုံးစိန်သည် နန်းဝတ်နန်းစားဖြင့် ပလ္လင်ထက်တွင် အခန့်စား ထိုင်နေသည်။ ဝန်စိမ်း၊ ဝန်နီနှင့် ပုဏ္ဏားတော်ကြီးတို့က ပလ္လင်ရှေ့မှာ ပျပ်ဝပ်စွာ ခစားလျက်။ သျှောင်ထုံးစိန် သံလျက်ကြီး တဆဆမြှောက်လျက် ဇာတ်စာရွတ်သည်။

“ပြည်ထဲရေးရာ၊ ရှိသောခါဝယ်၊ မျက်နှာအပ်လွှဲ၊ ကုံလုံ ကဲလျက်၊ ကျော်သဲလှိုက်ဆူ၊ ဇမ္ဗူမြေပြင်၊ သောင်းခွင်မြရိပ်”

စာက ရွတ်စသာ ရှိသေး၊ အာတွေ့မယ်မှ မကြုံသေး။ ပလ္လင်နောက်နား နန်းကားကြားမှ “အစ်ကိုကြီး ဘာတွေ ဆိုနေတာလဲ... အချိန်မရှိဘူး... တိုတိုလုပ်... ” ဟု ခပ်ငေါက်ငေါက် ပြောသံ ကြားရသည်။ ပြောသူမှာ လူရွှင်တော် ကိုပါဒန် ဖြစ်ကြောင်း အသံကျက်မိနေ၍ သျှောင်ထုံးစိန် သိလိုက်သည်။

ခက်တာပဲ။ ဇာတ်သမားစဉ်အရ ဇာတ်စာရွက်တာကို ပါဒန်က ဘာအကြံနဲ့ ဝင်နှောင့်ယှက်တာလဲ... သျှောင်ထုံးစိန် စာပျောက်ကာ ဘာဆက်ရွက်ရမှန်း မသိဖြစ်နေစဉ် ဆိုင်းဝိုင်းထဲမှ နှဲဆရာဖေယျာပျော့က “တော်၊ တော့၊ တော်၊ တော့” ဟု နှဲသံဖြင့် တော်ခိုင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါလောက်ဖြစ်လှတာ ဘာစာမှ မရွတ်တော့ဘူးဟု သျှောင်ထုံးစိန် စိတ်ပိန်သွားသည်။

နောက်ပိုင်းဇာတ်တွေအတွက် ကြိုတင်စီစဉ်ထားတာက မပဒါ၊ ကိုဒါသ။ မပဒါအဖြစ် မင်းသမီး သခေါ်ကြည်ကို ဇာတ်ရုပ်ချထားသည်။ မပဒါက မင်းသမီး အသားပေးဇာတ်။ ကိုဒါသကို မြွေကိုက်စဉ်၊ သခေါ်ကြည် အပြတ်လွမ်းတော့မည်ဟု စကားပနာထိုး၍ အိုင်ကျင်းဖွဲ့နေစဉ်...

"ရိုးရာမပျက် ကိုးကာသာ ဖတ်ကြရ၊ မယွင်းမှတ်ကြပေတော့ ချင်းနတ်တဲ့ ဟေ့... "

အာခေါင်ခြစ်၍ အော်ဟစ်သံနှင့်အတူ ပစ္စည်းထိန်းငခွက်၊ နတ်ဝတ်နတ်စားဖြင့် ကားကြားမှ ခုန်ထွက်လာသည်။ မပဒါဇာတ်မှာ ချက်ချင်း ချင်းဖဝေးဇာတ် ဖြစ်သွား၏။ သည်လိုပါ။ ပစ္စည်းထိန်းငခွက်သည် ဂရိတ်ဖိုးကြာ၏ လက်စွဲတော် ဖြစ်သည်။ မင်းသား၏ ဝေယျာဝစ္စများကို အောက်ခြေသိမ်း လုပ်ပေးရသည်။ စိန်အိုကြာက အင်မတန်ဟောက်တဲ့ မင်းသား။ စွပ်ကျယ်ပျောက်လည်း ဟောက်၊ ဆပ်ပြာခွက်ပျောက်လည်း ဟောက်။ မျက်ခုံးဆွဲခဲတံပျောက်လည်း ဟောက်။ တစ်နေ့အခါတစ်ရာလောက် အဟောက်ချည်း ခံနေရတော့ ငခွက် စိတ်ညစ်လာသည်။

မင်းသား၏အဟောက်ခံဘဝမှ ခဏတဖြုတ်လွတ်လည်းမနည်း။ အဟောက်ခံနေရာမှ သူများကို ပြန်ဟောက်ရလျှင် ဘယ်လိုများ နေပေမလဲ။ ဇာတ်ထဲမှာ ဟောက်နိုင် ဝေါက်နိုင်တာက နတ်တို့၊ ဘီလူးတို့၊ နဂါးတို့ ဒါတွေပဲရှိသည်။ နတ်စာ၊ ဘီလူးစာ၊ နဂါးတွေက ခပ်ဝေါက်ဝေါက် ခပ်ဟောက်ဟောက် အကြိမ်းအမောင်းတွေ။ ငခွက်မှာ နှစ်ပြားဖိုးလောက် ဟောက်ရလည်း မနည်းဟု တွေးတောကာ နတ်လို ဝတ်၍ နတ်စာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မပဒါကို အသားလွတ် ထွက်ဟောက်လိုက်ခြင်း ဖြစ်သည်။

"သာဂလခေါ် တိုင်းပြည်ကြီးဝယ်... ပပဝတီရယ်... ချောမှ တယ်... ဘုံကြိုးပြတ်တဲ့ မိုးနတ်သူဇာပုံနှယ်... "

လူရွှင်တော် ကိုပါဒန်က ဒီအကွက်မျိုး ချောင်းနေတာ ကြာပြီ။ ခွေက် နတ်လုပ်၍ ထွက်သွားပြီး မကြာမီ ကုသသီချင်းဆိုကာ ကားကြားမှ ထွက်လာခဲ့သည်။ နတ် အူကြောင်ကြောင် ဖြစ်သွားသည်။ ချင်းဖဝေးမှာ အော်တိုငုတ်တုတ် ကုသဇာတ် ဖြစ်သွားသည်။

"နှမတော် ပဘာ၊ ငါ ချောတယ် ငါလှတယ်ဆိုပြီး မာနတွေ မထားပါနဲ့ကွယ်... တစ်နိုင်ငံ မြိုင်ယံခြားတဲ့ သာဂလကို မောင်တော် လိုက်လာခဲ့ရတာဟာ နှမတော်ကို ချစ်ခင်မြတ်နိုးလွန်းလို့ပါ... "

ဟိုက် ရှာလပတ်ရည်။ သခေါကြည်လည်း မပဒါစင်စစ်မှ ပပဝတီဖြစ်ရပြန်ပါရောလား။ သခေါကြည် ရယ်ရအခက် ငိုရအခက် မျက်နှာစပလိန် ဖြစ်နေစဉ်...

"ရော့... သည်တစ်ခါ လောင်းမြတ်ဆဒ္ဒန်အစွယ်ရဖို့ ကြိုးစားကြံ မြိုင်ယံကိုခွင်း၊ တစ်ကိုယ်ချင်း လာခဲ့တာ၊ ကျွန်ုပ် သောနုတ္တိုရ် ဖြစ်တော့ သကိုး... "

လူရွှင်တော် ပုတိုကလည်း သူ့ကိုယ်သူ သောနုတ္တိုရ်ဆိုပဲ။ ဆဒ္ဒန် ဆင်မြတ်၏ အစွယ်တော်ဖြတ်ရန် ငှမန်းစွယ်ကြီး ထမ်း၍ ကားကြားမှ ထွက်လာသည်။ ကိုပါဒန်တို့ သခေါကြည်တို့ ခွေက်တို့မှာ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိတော့။ ကုသဇာတ်သည် ရုတ်ခြည်း ဆန္ဒန်ဆင်မင်း ဇာတ်ဖြစ်သွားရပြန်လေပြီ။

"အချင်း စုဋ္ဌသုဘဒ္ဒါ၊ ဆင်မင်းရှိရာကို ကျွန်ုပ်အား ပြပေတော့။ သင်၏အချစ် အာဃာတအတွက် ဆဒ္ဒန်ဆင်မင်းကို ကျွန်ုပ် လက်စား ချေပေးမည်... သောနုတ္တိုပုတိုဆိုတာ ကျွန်ုပ်ပေပဲ... ကျွန်ုပ်ကို ခိုင်းပါ...



www.burmeseclassic.com

www.burmeseclassic.com



ငွေထည်ပစ္စည်းဟောင်းများကို ဈေးကောင်းပေး၍ ဝယ်ပါတယ်... ”

ကိုပုတိုက ပါးစပ်ထဲတွေ့ရာ ထင်ရာမြင်ရာတွေ စွတ်တင်နေစဉ် စူဠသုဘဒ္ဒါ ဖြစ်ရပြန်သော သခေါကြည်က “ဟိုမှာ ဆင်မင်းနေရာ” ဟု ကားကြားထဲသို့ လက်ညွှန်ပြလိုက်သည်။ ကားကြားထဲတွင် သျှောင်ထုံးစိန် ရှိနေသည်။ မပဒါဇာတ်မှ ဖြစ်ချင်ရာ လျှောက်ဖြစ်နေသော နောက်ပိုင်းကို ဒေါသထွက်နေစဉ် သခေါကြည်က သူရှိရာသို့ ဟိုမှာ ဆင်မင်းနေရာဟု ညွှန်လိုက်သဖြင့် ပေါက်ကွဲသွားသည်။

“အယင် မိန်းမဖို့ စိန်၊ ဒီစိန်... နောက်မိန်းမဖို့ စိန် ဒီစိန်... အဟုတ်ပ မုချမလိမ်၊ ကျုပ်ကတော့ သျှောင်စိန်၊ သျှောင်စိန်၊ အဟုတ်ပ မုချမလိမ်၊ ကျုပ်ကတော့ သျှောင်စိန်၊ သျှောင်စိန်... ”

စိတ်ပေါက်ပေါက်ဖြင့် ဘုရင်အဝတ်အစား ဝတ်လျက်မှ သံလျက်တရမ်းရမ်းလုပ်၍ ထွက်ကပစ်လိုက်သည်။ ရှုပ်နေသော ဇာတ်မှာ ပိုရှုပ်ကုန်သည်။ ရွာစားစိန်ငပျော့က ကကောင်းအောင် တီးပေးသည်။ သို့ဖြင့် မိုးလင်းသွားကာ တစ်ညတာ အလုပ်စခန်း ပြီးသွားသည်။

ပွဲကြည့်ပရိသတ်ထဲတွင် နောက်ပိုင်းဇာတ်ကို တူတူတန်တန် ကြည့်လို၍ လာကြသော ပရိသတ်များ ရှိသည်။ ထိုသူတွေက စိန်အိကြာခေါ် ဂရိတ်ဖိုးကြာ၏နောက်ပိုင်းကို ဝေဖန်ကြသည်ကား...

“ဘာတွေမှန်းလဲ မသိဘူး... ရွာထဲက ကိုသာဝ နွားသိုးကြီးလူတွေ လိုက်ဖော့တုန်းက ပြေးကြလွှားကြသလို ရုတ်ရုတ်ရုတ်ရုတ်နဲ့... ဒီဇာတ်မျိုး သုံးလေးည ဆက်ကြည့်ရင် ဦးနှောက် ပျက်နိုင်တယ်... ”

**အိကြာကွေး**

(ဇန်နဝါရီလ၊ ၁၉၈၅ခုနှစ်၊ အမှတ် (၁၅)၊ သဘင်မဂ္ဂဇင်း)

✧❋✧❋✧❋✧

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်တွင်းနာ

မြန်မာဇာတ်သဘင်လောကတွင် "ဇာတ်တွင်းနာ" ဖြစ်လာသည်မှာ မကြာသေးပေ။ သို့မကြာသေးလင့်ကစား "ဇာတ်တွင်းနာ" သည် လျင်မြန်သော အရှိန်အဟုန်ဖြင့် တစ်ဇာတ်မှတစ်ဇာတ်သို့ ကူးစက်ပြန့်ပွားနေသည်။ ယနေ့အချိန်တွင် ဇာတ်အတော်များများ၌ "ဇာတ်တွင်းနာ" အမြစ်စွဲကာ ရောဂါရင့်လျက် ရှိချေပြီ။

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



အနာမသိ ဆေးမရှိဟု စကားစဉ်ရှိသည်။ အနာသိလျက် ဆေးမရှိသည်ကား အတော်အံ့ဩစရာ ကောင်းသည်။ အနာရှင်ကိုယ်တိုင်က မိမိအနာကို သာယာကာ မကုလိုသောကြောင့်သာ ဖြစ်ရမည်။ "ဇာတ်တွင်းနာ" ဆိုသည် ကင်ဆာကဲ့သို့ပင် ဇာတ်အတွင်းမှာ လှိုက်လှိုက်စားလာသည်။ ကြာသော် ဇာတ်သဘင်မှာ တွင်းချိုင့်ကလိုင်ဖြစ်ကာ ဟိုဘက်သည်ဘက် တိုးလျှိုပေါက် အပေါက်ကြီး ဖြစ်သွားနိုင်သည်။

ထိုအခါ နှစ်ပေါင်းများစွာ အစဉ်အလာကြီးခဲ့သော မြန်မာ့ဇာတ်သဘင်မှာ "အပေါက်ကြီး" အမည်သစ်ဖြင့် ကိုယ်ကျိုးနည်းရပေတော့မည်။ ဇာတ်တွင်းနာကို ဘယ်သူစခဲ့သနည်း။ သက်တမ်း မကြာသေးသဖြင့် သုတေသနပြုရန် မခက်လှပါ။ စခဲ့သူ၏အမည်ကို ဇာတ်သေတ္တာဘေးတွင် စာလုံးကြီးကြီးဖြင့် ရေးထိုးမှတ်တမ်းတင်ထားသင့်သည်။ သို့မှသာ ဇာတ်တွင်းနာ သမိုင်းပြုစုသောအခါ "လက်ဦးအစ မည်သူက" ဟု တရားခံ၏ နာမည်ကို ခိုင်ခိုင်မာမာ သိနိုင်ကြမည်။

ဇာတ်တွင်းနာကို စခဲ့သူမှာ ဂရိတ်ဖိုးကြာခေါ် စိန်အီကြာတော့ မဟုတ်ရေးချ မဟုတ်ပါလေ။ စိန်အီကြာမှာ သူများလုပ်ပြီးမှသာ နောက်က လိုက်၍ ယောင်တတ်သော ငယောင်သာဖြစ်သည်။ ဤသို့ အယောင်ကောင်းသဖြင့် တေဇောဘမ်း မကြာခဏ လိမ်းရခြင်းကို စိန်အီကြာ သင်ခန်းစာ မယူတတ်သေးပေ။ ဇာတ်တွင်းနာဆိုတာ ဘယ်လိုအနာမျိုးနည်း။ ယောင်သလား၊ ကိုင်းသလား၊ ပြည်ထွက်သလား၊ သငန်ရေထွက်သလား၊ ညှော်မိလျှင် ငန်းမန်းလိုက်သလား သိချင်ပါက ဝေးဝေးသွားစရာမလို။ အနီးကလေးတွင် ရှိသည်။ ကြည့် ပေရာ့ စိန်အီကြာကို။

✧✸✧✸✧✸✧

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



(၂)

"ပူစွန်ထုပ်ကြီး ဘယ်လိုအယ်၊ ဆီပြန်ချက်တုပ်မယ်... ပူစွန်ထုပ်ကြီး ဘယ်လိုအယ်အယ် ဆီပြန်ချက်တုပ်မယ်"

စိန်အီကြာ ပျော်နေသည်။ အမွေရတာထက်၊ သိန်းဆုပေါက်တာထက်၊ အဆပေါင်းများစွာ ပျော်နေသည်။ မိန်းမရတာထက်ပင် ပျော်ပါသေးသည်။ ပျော်လွန်းတော့ မြူး၊ မြူးလွန်းတော့ ကြွ၊ ကြွလွန်းတော့ ထိန်းမရ၊ စည်းလွတ်ဝါးလွတ် အရမ်းပျော်နေသည်။

ပျော်လို့ ကောင်းပေမပေ့ါ။ အရှုးဘုံမြှောက်သလို တီးဝိုင်းက ဒရမ်သမားက ပြင်းပြင်းခေါက်ကာ မြှောက်ပေးနေသည် မဟုတ်လား။ အင်မတန် အော်လှသဖြင့် "အော်ဂင်" ဟု အမည်ရသော နိုင်ငံခြားတူရိယာပစ္စည်းကြီးကလည်း စိန်အီကြာ ပျော်လို့ကောင်းအောင် အသံကျယ်ကျယ် အော်ပေးနေသည်။ စိန်အီကြာက အော်၊ အော်ဂင်က အော်၊ အခြားလေမှုတ်ကိရိယာတွေက အော်၊ ဇာတ်ခုံရှေ့နားမှ ဖျာတွေပေါ်က ကောင်မလေးတွေက အော်လိုက်ကြတာ ဆူညံနေသည်။

"မညှော် ညှော်... ညှော် ညှော် ညှော် ညှော်... ။

မပေး ပေး... ပေး ပေး ပေး ပေး... ငါ့ဒယ်အိုးကြီး ပြန်ကာ ပေး... "

အံမယ်လေးဟဲ့။ ကောင်းလိုက်တဲ့ သီချင်း။ ယနေ့ ခေတ်စားနေသော သူများသီချင်းများကို အလိုက်တူ ခိုးချကာ ပေါက်ကရ စာသားထည့်၍ စိန်အီကြာ ခပ်တည်တည် ဆိုနေသည်။ ဆိုယင်းမှ ကိုယ်ကို လှုပ်ယမ်းသည်။ လျှောင်မိသလိုလို၊ နတ်ကျသလိုလို၊ ဓာတ်လိုက်သလိုလို ရှေ့နောက်ဝဲယာ၊ သွက်သွက်ခါနေ၏။

မိုက်ကယ်ဂျက်ဆင်ကို အားကျမခံ။ မိုက်ကယ်ကြွက်စုတ်လုပ် လေသလား မသိ။ သီချင်းဆိုရင်းမှ ခြေကားယား လက်ကားယား ထထ



www.burmeseclassic.com

www.burmeseclassic.com



ခုန်သည်။ မတ်တတ်ဆိုနေရာမှ ဆောင့်ကြောင့်ထိုင်ဆိုသည်။ ဆောင့်ကြောင့်ထိုင်ဆိုနေရာမှ ဝမ်းလျှားမှောက်ဆိုသည်။ ဝမ်းလျှားမှောက်ဆိုနေရာမှ တံတောင်နှစ်ဘက်ထောက်ကာ ဖင်ပူးတောင်း ထောင်ဆိုသည်။ မည်သူပစ်လိုက်သည် မသိ။ မီးတရဲရဲနှင့် ဆေးလိပ်တို တစ်တိုက တင်ပါးလာမှန်ကာ မီးဖွားတွေ ဖွားခနဲ လွင့်သွားသည်။

"ဟေး... အကယ်ဒီရှော့တ်ကွ... အလယ်ဒီရှော့တ်... "

ဇာတ်သဘင်ဆိုသည်မှာ မျောက်ခုန်ခုန်ခြင်း၊ ကျွမ်းထိုးခြင်း၊ တိုင်ကီထဲ ဝင်လိုက်ထွက်လိုက် လုပ်ပြခြင်းဟူ၍သာ ခပ်တုံးတုံး နားလည်ထားသော ဆယ်ကျော်သက်များက စိန်အီကြာ တင်ပါး ဆေးလိပ်တိုမှန်ခြင်းကို "ဘလယ်ဒီရှော့တ်" ဟု ဟစ်အော် ကောင်းချီးပေးကာ လက်ခုပ်တီးကြသည်။

ဟိုက်၊ ရှာလပတ်ရည်။ အကယ်ဒမီရှော့တ်သာ ကြားဖူးသည်။ ခုတော့ ဘလယ်ဒီရှော့တ်ဆိုပါလား။ သူ့အရပ်နှင့် သူ့ဇာတ်၊ စပ်မိဟပ်မိပါသည်။ စိန်အီကြာလို မင်းသားမှာ အကယ်ဒမီရှော့တ် မရှိနိုင်ပါ၊ ဘလယ်ဒီရှော့တ်သာ ရှိနိုင်ပါသည်။ လောကမှာ တန်ရာတန်ရာ မဟုတ်ပါလား။

ဇာတ်တွင်းနာဆိုသည်မှာ ဤအနာပင် ဖြစ်ပါသည်။ ဇာတ်တွင်းနာ၏ အများသိအမည်မှာ "စတော့ချ်ရှိုး" ဖြစ်သည်၊ စတော့ချ်ရှိုး ရောဂါ၊ ဇာတ်တွင်းနာကား ကုရာနတ္တိ ဆေးမရှိပြီလော။ သို့မဟုတ် ဆေးရှိပါလျက် အနာတွင် သာယာကာ မကုဘဲ ထားခြင်းလော။

စိန်အီကြာဆိုသော ငပေါကတော့ ဇာတ်တွင်းနာကို ငယ်ရာမှ ကြီးအောင်၊ ကြီးရာမှ အဖတ်ဆည်မရအောင် အဖတ်ဆည်မရရာမှ အကျိုးနည်းအောင်၊ အားကြိုးမာန်တက်၊ ထက်ထက်သန်သန် ကြံဆောင်နေသည်ကား။

✧✸✧✸✧✸✧

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



(၃)

"ဇာတ်အလုပ်နဲ့ ထမင်းစားလာတာ နှစ်ပေါင်း သုံးဆယ်ကျော်ပြီ။ ကျုပ်တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါလောက် စားပေါက်ချောင်တာ ဒီတစ်ခါပဲ ကြုံဖူးတယ်... အပျိုတော်တွေ၊ အပြတ်တော်တွေ လုပ်မနေနဲ့၊ အော်ပဒါတွေ၊ အာပဒေါ်တွေ ဘေးချိတ်၊ ပြဇာတ်တွေ၊ မပြတပြ ဇာတ်တွေ နောက်ဆုတ်... နှစ်ပါးခွင်တွေ၊ သုံးပါးခွင်တွေ ရပ်တန်းက ရပ်... ငါးရာ့ငါးဆယ်တွေ ဖင်းမယ်ပဏ္ဏာသတွေ နောက်ပိုင်းအတွက် မလိုတော့ဘူး... ပွဲစကပြီး မိုးလင်းအထိ စတေ့ချ်ရှိုးချည်း လုပ်မယ်... တစ်မျိုးတစ်မျိုး တစ်ရှိုးပြီး တစ်ရှိုးပြီး တောက်လျှောက်လုပ်မယ်... "

ဘုရား ဘုရား။ မကြုံစဖူး၊ မကြားစဖူး။ စတေ့ချ်ရှိုးချည်း တောက်လျှောက်လုပ်မယ်ဆိုပါလား။ ဂရိတ်ဖိုးကြာဆိုတဲ့ စိန်အိုးကြာ စိတ်မှကောင်းသေးရဲ့လား။ မြန်မာ့ဇာတ်သဘင်၏ တစ်ညတာ အစီအစဉ်ကို ရစရာမရှိအောင် ဖျက်ဆီးပစ်ဖို့ အကြံကြီး ကြံနေပြီ။

"ဖြစ်ပါ့မလား ဇာတ်ဆရာ... စဉ်းစဉ်းစားစား လုပ်ကြရင်ကောင်းမယ် ထင်တယ်... တစ်ညလုံး ဇာတ်မကဘဲ သီချင်းချည်း ဆိုနေတာကို ပွဲကြည့်က သည်းခံမလား... "

တစ်ဇာတ်လုံးတွင် အသက်အကြီးဆုံးနှင့် သမ္မာအရင့်ဆုံး ဖြစ်သော နောက်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန်က ပြောသည်။

"သိပ်ဖြစ်ပေါ့ဗျာ... ပွဲကြည့်က သည်းခံရုံမကဘူး... လက်ခုပ်တောင် တီးပေးဦးမယ်... "

"အနှစ်မှန်း မသိ၊ အနက္ကာမှန်း မသိ၊ ပရချေးနမ်း ပရိသတ်က လက်ခုပ်တီးပေးတာကို အဟုတ်ကြီး ထင်နေလို့ မဖြစ်ဘူး ဇာတ်ဆရာ ညလုံးပေါက် စတေ့ချ်ရှိုး လုပ်ကြပါပြီတဲ့... ကျုပ်လို အဘိုးကြီးက ဘာသီချင်းဆိုရမှာလဲ... "



www.burmeseclassic.com

www.burmeseclassic.com



သျှောင်ထုံးစိန် မေးမည်ဆိုက မေးစရာပင်။ ဇာတ်သူဇာတ်သားတွေ တစ်ယောက်ပြီးတစ်ယောက် တစ်ဦးချင်းကော၊ အုပ်စုလိုက်ပါ စတေ့ချ်ရှိုးထွက်ဆိုကြပါပြီတဲ့... အသက်ခြောက်ဆယ်ကျော် အဘိုးကြီးက ဘယ်သီချင်းဆိုရမည်နည်း။ "မဟာပဒုမမှာလေ" ကို ဒစ္စကိုစည်းချက်ဖြင့် ခပ်သွက်သွက် ဆိုရမည်လော။

"လွယ်ပါတယ်ဗျာ... ခင်ဗျားအရွယ် အဘိုးကြီးအတွက် သီချင်းရှိပါတယ်... ကြီးမှ ဝဲချောက်ပေါက်ရင် ဆိုလား၊ လေငန်းဖြတ်ရင် ဆိုလား အဲဒီသီချင်းကို ရအောင်ကျက်ပြီး ဆိုပေါ့... စတေ့ချ်ရှိုး လုပ်ရတာဇာတ်က,ရတာထက် သက်သာတယ်... ဟေးလားဝါးလားနဲ့ ညကြေးချောင်ချောင်လေး ရတာဗျ... စိတ်ကူးမလွဲကြနဲ့... ဒါမျိုး နောက် ကြုံချင်မှ ကြုံမှာ... "

စိန်အီကြာကတော့ ဖွတ်မှ ဖွတ်။ ဘယ်သူပြောလို့မှ မရ။ ဘယ်သူ ဖျောင်းဖျလို့မှ နားမဝင်။ သူလုပ်ချင်လျှင် စွတ်တင်တတ်သော စွတ်တင်မင်းသား ဖြစ်သည်။ ဇာတ်သူဇာတ်သားများ ဇာတ်စာ၊ ဇာတ်စကား မကျက်ရတော့။ ခေတ်ပေါ်စတီရီယို သီချင်းမှန်သမျှ အကုန်ကျက်ကြရသည်။ လူပြက်ကိုပါဒန်က လူပြက်ကိုပုတိုကို သီချင်းကျက်ရင်းတိုးတိုးလှမ်းနောက်သည်။

"ထိုင်နေလို့တော့ ဘာမှ ဖြစ်မလာဘူးဆိုတော့ ထသွားရင်ခွေးချေးနင်းမိမယ် ထင်တယ်... "

ကိုပုတိုကလည်း အားကျမခံ ပြန်လှောင်သည်။

"ကျုပ် ကျက်ရတဲ့ သီချင်းက "အဆင်သင့်ပဲဟေ့" တဲ့... ကျုပ်တို့တွေ ခဲပေါက်ခံရဖို့ အဆင်သင့်ဖြစ်နေပြီလို့ ဆိုလိုတာ ထင်တယ် ဟဲဟဲ... "

ညလုံးပေါက် စတေ့ချ်ရှိုး လုပ်မည့်သတင်းသည် ဇာတ်သဘင်



www.burmeseclassic.com

www.burmeseclassic.com



ကို တန်ဖိုးထား လေးစားသော အဝန်းအပိုင်းသို့ ရောက်ရှိသွားသည်။ စိန်အိကြာဇာတ်ရုံသို့ ထိုသူတွေ အုပ်စုလိုက် လာကြ၏။ ဘယ်လိုလဲ၊ ဘာလဲ၊ ဘာလုပ်တာလဲ၊ ရိုးရာကို ဖျက်တာလား၊ နာမယ်နော်။ သေချင်လို့လား စသည်ဖြင့် ပြင်းပြင်းထန်ထန်၊ ခက်ခက်မာမာ ကြိမ်းမောင်းကြသည်။

ဂရိတ်ဖိုးကြာဆိုသော စိန်အိကြာက စန္ဒမုခ်ပြုံးလေး ပြုံးပြီး ရှင်းပြသည်။

"ကျော်ချင်ရင် ပေါ်ပင်လိုက်တဲ့... စကားစဉ် ရှိပါတယ်... ကျုပ်က ကျော်ချင်လို့ ပေါ်ပင်လိုက်တာပါ.. ရိုးရာကို ဖျက်ဆီးတာ မဟုတ်ပါဘူး... ခင်ဗျားတို့တတွေနဲ့ ဝေဖန်ရေးဆရာတွေ အပြောအဆို အကဲ့အရဲ့ လွတ်အောင် ဇာတ်နဖူးကို **"စိန်အိကြာ ဇာတ်သဘင်"** အစား **"စိန်အိကြာ စတေ့ချ်ရှိုးပွဲ"** လို့ ပြောင်းလိုက်ပါပြီ။ သွပ် သွပ် သွပ်... ။


အိကြာကွေး
(မတ်လ၊ ၁၉၈၅ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✸✧✸✧✸✧



www.burmeseclassic.com

www.burmeseclassic.com



၈

# ဇာတ်စာ

"အလကား... အုတ်ကြားမြက်ပေါက်၊ မြက်ကြားကျွတ်ဝင်၊ ကျွတ်ကြား ဖြုတ်ကိုက်၊ ဒီကောင် ဘာနားလည်လို့လဲ... "

စိန်အီကြာ အကြီးအကျယ် ဒေါပွနေသည်။ သူ့ဒေါသသည် ဇာတ်ထမင်းရုံမှ ချဉ်ရေဟင်းအိုးကြီးလို ပွက်ပွက်ဆူနေ၏။ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသဖြင့် သျှောင်ထုံးမှာ ဟိုယမ်းသည်ယမ်း။

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သျှောင်ထုံး လျှောင်လှုပ်သောအခါ ဇာတ်သမားများ ငြိမ်ကုပ်နေကြရသည်။ မျက်နှာလေးတွေ အငယ်သား၊ စကားကျယ်ကျယ် မပြောရဲ။ ဘာလဲ။ မင်းသား ဘာဖြစ်လို့လဲ။ တစ်ယောက်ကို တစ်ယောက် မျက်ရိပ်ပြကာ အမူအရာဖြင့် မေးကြသည်။ အမေးခံရသူက ခေါင်းယမ်းပြသည်။

စိန်အိကြာ ဘာကို စိတ်ဆိုးနေသနည်း။ ရာဇဝတ်အိုးကို ဘယ်သူသွား တုတ်နှင့်ထိုးပါလိမ့်။ မင်းသား၏ဒေါသမှာ တစ်ခုမှ တစ်ခုသို့ ဆက်တတ်သည်။ ကိုယ့်ဘက်လှည့်လာရင် အခက်။ အားလုံး ငြိမ်နေကြစဉ်... ။

"ဟေ့... ဘူလဲကွ၊ ကျွတ်စီ ကျွတ်စီ လုပ်နေတာ... ကိုယ့်ကိုကိုယ် ဇာတ်ရေရွှေအိုး မှတ်နေသလား... ဆူတဲ့ကောင် လက်ဖက် ခြောက်ခတ်ပစ်မယ်... "

ဟိုက်... ရှာလပတ်ရည်။ ဇာတ်ခုံမန်နေဂျာ ဟာကြူလီ ပျော့ပါလား။ ဘယ်က သောက်လာသည် မသိ။ ပျော့ မူးနေသည်။ ယိုင်တိယိုင်ထိုးဖြင့် ဇာတ်ရုံနောက်ပေါက်မှ ဝင်လာသည်။ ဆူနေသော စိန်အိကြာကို လှမ်းဟန့်သည်။ မင်းသားကို ပြောရဲဆိုရဲသူ ဆို၍ တစ်ဇာတ်လုံးမှာ သူတစ်ယောက်သာ ရှိသည်။ သူနှင့်မင်းသားက သူငယ်ချင်းတွေ။

"ဘာဇာတ်ရေရွှေအိုးလဲ... မင်းဘိုးအေကြီး ဇာတ်ရေရွှေအိုးလား... ဒေါသဖြစ်စရာတွေ့လို့ ဒေါသဖြစ်နေတာကွ... ဒီမှာ ဖတ်ကြည့်စမ်း... "

ကုတင်ခြေရင်းသို့ လွှင့်ပစ်ထားသော မဂ္ဂဇင်းစာအုပ်ကို စိန်အိကြာ ပြန်ကောက်သည်။ စာအုပ်ကို လှန်၍ စာမျက်နှာတစ်နေရာသို့ ပြသည်။ မူးယစ်ရီဝေသော မျက်လုံးများဖြင့် ပျော့ ဖတ်ကြည့် သည်။

"ဟား ဟား... စိန်အိကြာဇာတ်မှာ ဇာတ်စာ မရှိဘူးတဲ့... ဇာတ်စာပျောက်နေတယ်တဲ့... ဇာတ်စာနဲ့သူနဲ့ ဘာဆိုင်လို့လဲ... ဇာတ်စာ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်တာကို သူ့အဖေ ခေါင်းပေါင်းပျောက်သလို ကြီးကြီးကျယ်ကျယ် ရေးထားလိုက်တာ... အဲဒီရေးတဲ့ကောင် ခင်ဗျား သိသလား... ”

“မသိဘူးကွ... သိရင် ဖျာနှစ်ချပ်လောက် ပေးပြီး နှုတ်ပိတ်တယ်... ဒါ ဖျာမရလို့ ရေးတာ... စာရေးဆရာ မဟုတ်ဘူး... ဖျာရေးနော... ”

ဇာတ်သဘင်ကို ချစ်၍ ဇာတ်သဘင် တိုးတက်ရေးကို မြင်လို၍ ရေးသောစာကို ဖျာမရလို့ ရေးတာတဲ့။ စိန်အိကြာဆိုတဲ့ မင်းသားက ဇာတ်အကြောင်း မကောင်းရေးလျှင် ဖျာမရလို့ချည့် ထင်နေသည်။

“ဇာတ်စာ မရှိဘူးတဲ့... ငါ့ကို ဇာတ်စာ မရှိဘူးတဲ့... ဘာလဲ ဇာတ်စာ... ပျော့ မင်းသိလား... ”

ကိုယ့်ကိုကိုယ် ဂရိတ်ဖိုးကြာ လုပ်ထားတဲ့ စိန်အိကြာတောင် မသိတာ၊ ငပျော့က ဘယ်မှာ သိနိုင်လိမ့်မည်နည်း။ မသိသည်ကို မသိပါ ဟု ရိုးရိုးသားသား ဝန်မခံဘဲ ဟိုလိုလို ဒီလိုလို လုံးထွေးပစ်တတ်သော စရိုက်အတိုင်း...

“ဇာတ်စာဆိုတာ ကြက်စာလိုဟာမျိုး ဖြစ်လိမ့်မယ်... ကြက်စာကိုတော့ ကြက်ခြံတွေ၊ မွေးမြူရေးခြံတွေမှာ ဝယ်ရတယ်... ဇာတ်စာကို ဘယ်မှာ ဝယ်ရသလဲ ကျုပ်မသိဘူး... အချိန်နဲ့ ရောင်းသလား၊ အချင်နဲ့ ရောင်းသလား၊ ဒါမှ မဟုတ် ပုံတိုက်ရောင်းသလား... ကီလီဈေးဘက် ရောက်မှ စုံစမ်းကြည့်ရဦးမယ်... ”

ဟိုက်... ရှာလပတ်ရည်။ ဇာတ်စာကို ကီလီဈေးမှာ စုံစမ်း မလို့ ဆိုပါလား။ ဇာတ်စာနှင့် သရက်သီးမှည့် ရောကုန်ပြီ။

“သေသေချာချာ ပြန်ဖတ်စမ်းပါဦးကွယ်... ဇာတ်စာ မဟုတ်ဘဲ ခတ်စာများ ဖြစ်နေမလား... ခတ်စာဆိုရင် ပထဝီစာလား၊ အာပေါ စာလား၊ အတိအကျ ညွှန်းရမယ်... ”

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ငပျော့ ဆောင်းပါးကို တစ်ခေါက် ပြန်ဖတ်သည်။ ခါတ်စာ မဟုတ်၊ ဇာတ်စာ။

"သေချာပါတယ်... ဇာတ်စာမှ ဇာတ်စာအစစ်... "

စိန်အိကြာ တောက်တစ်ချက် ပြင်းပြင်းခေါက်ကာ ဇာတ်ရုံ အတွင်းဘက် ဝေ့ဝဲကြည့်သည်။ ဇာတ်သမားများမှာ သူ့မျက်လုံးနှင့် မဆုံမိအောင် ခေါင်းငုံ့နေကြသည်။ ဓါသဆိုင်ကလုံး ကိုယ့်ဘက် လှည့် လာက မခက်ပါလား။

"ဟဲ့ သခေါကြည်... ဇာတ်စာ နင်သိသလား... "

"မ... မ မသိပါဘူး ဇာတ်ဆရာ... "

"မဆလာစိန်ကော... "

"ကျွန်မလည်း မသိဘူး ဇာတ်ဆရာ... "

မင်းသမီးတွေ မေးကြည့်တော့ တစ်ယောက်မှ မေးမရ။ မသိ ဘူးချည်းပဲ။ မင်းသမီးတောင် မသိတာ၊ ယိမ်းသမကတော့ သိဖို့ ပိုဝေး မည်။ လူရွှင်တော်တွေဘက် လှည့်လိုက်ဦးမှ။ သူတို့သိချင် သိမည်။

"ကိုပါဒန်... ဇာတ်စာဆိုတာ ဘာလဲဗျ... ခင်ဗျား သိလား"

ကိုပါဒန်လည်း ရေရေရာရာ သေသေချာချာ မသိ။ သန့်သန့် သိုးသိုး ကြားဖူးသလိုလိုတော့ ရှိသည်။

"ဇာတ်စာဆိုတာ ဇာတ်နဲ့ပတ်သက်တဲ့ စာတွေကို ပြောတာ ထင်တယ်... ရှာစားစိန်ဆိတ်သိုး သူ့မိန်းမဆီ စာရေးတာ ဇာတ်စာပေါ့။ လူရွှင်တော်ကိုပုတိုကို သူ့မိန်းမက ငွေမှန်မှန် ပို့ဖို့ စာရေးလိုက်တာလဲ ဇာတ်စာပဲ... "

"ခင်ဗျား ပြောတာကမှ ရေးတေးတေး ရှိသေးတယ်... ဟုတ် တယ် ဖြစ်နိုင်တယ်... "

"ဟဲ ဟဲ... ကျွန်တော်က ပတိရူပ ဒေသာဝါသော စ အကြား



www.burmeseclassic.com

www.burmeseclassic.com



အမြင် ဗဟုသုတ ရှိပါတယ်ဗျ… ”

ကိုပါဒန်က ပါးစပ်ထဲ ပေါ်လာရာ ပါဠိကို ကောက်ရွတ်ပြီး ပညာရှိဟန် ဆောင်လိုက်သည်။ မသိသူက ပြောသည်ကို မတတ်သူက အဟုတ်မှတ်တတ်သည်။ ဇာတ်သမားအချို့ ကိုပါဒန်ကို အထင်ကြီး သော မျက်လုံးများဖြင့် ဝိုင်းကြည့်နေကြသည်။ ကိုပါဒန် အကြီးအကျယ် မြောက်သွားသည်။

“ဒီလိုဆို ဟိုဟာလည်း ဇာတ်စာပေါ့… ”

ဟာကြူလီငပျော့က ဇာတ်သေတ္တာတစ်လုံးကို လက်ညှိုးထိုး ပြသည်။ သေတ္တာဘေးတွင် “သတိ မီးလုံးများ ကွဲတတ်သည်” ဟု ရေး ထားသည်။

“မှန်တယ်… အဲဒါ ဇာတ်စာပဲ… ဆိုင်းဝိုင်းထဲကဘင်မှာ “စိန်ဆိတ်သိုး” လို့ ရေးထားတာ တွေ့တယ် မဟုတ်လား၊ သခေါကြည် သေတ္တာမှာ “ထဘီများ” လို့ ရေးထားတာ မြင်တယ် မဟုတ်လား… အဲဒါတွေ ဇာတ်စာမဟုတ်လို့ ဘာတွေလဲ… ဒါနဲ့များ စိန်အိုကြာဇာတ် မှာ ဇာတ်စာ မရှိဘူး… ဇာတ်စာတွေ ပျောက်ကုန်ပြီတဲ့… အုတ်ကြားမြက် ပေါက် မြက်ကြားကျွတ်တွယ်က ရေးထားလိုက်တာ… အဲဒီကောင် နားရွက်ဆွဲခေါ်ပြပြီး ကြည့်စမ်း… ဖတ်ကြည့်… ဒါ ဇာတ်စာ မဟုတ်လို့ နင့်အမေ ဟိုဒင်းလား… မေးဖို့ ကောင်းတယ်… ”

“မဟုတ်သေးဘူး ထင်တယ် ဇာတ်ဆရာ… ”

ညောင်နာနာ အသံတစ်သံ ပေါ်လာသည်။ အသံရှင်မှာ နောက်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန်၊ သူ့အသံက ရွှေဖဝါးတော် အောက် ကျွန်ဖြင့်လျှောက်အံ့၊ မလျှောက်ဝံ့ဝံ့၊ လျှောက်ဝံ့ဝံ့တည့်။ မဝံ့ မရဲအသံ။

“ဘာမဟုတ်တာလဲ… ဘာတွေ မဟုတ်တာလဲ… အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်နေတာ ခင်ဗျားတစ်ယောက်တည်း မဟုတ်ရအောင် ခင်ဗျား ဘာကောင်လဲ... ခင်ဗျားနဲ့ကျုပ်နဲ့ သျှောင်ထုံးချင်း ချည်ပြီး ဘယ်သူ အုံလိုက်ပြုတ်မလဲ ဆွဲမလား... "

စိန်အိကြာအသံမှာ လှောင်ချိုင့်ထဲမှ ကျား တုတ်ထိုးခံရ၍ ဟိန်းသလို ကျယ်ကျယ်လောင်လောင် ဟိန်းသွားသည်။ သျှောင်ထုံးစိန် မျက်လုံးလေး ပြာကလပ်၊ ပြာကလပ် ဖြစ်သွား၏။ ရင်ထဲက အလိပ်လိုက် ကြွတက်လာသော ကြောက်စိတ်ကို တံတွေးမျိုချကာ ထိန်းရင်း တုန်တုန် ရီရီ ထစ်ထစ်ငေါ့ငေါ့ဖြင့်...

"ဇာတ်... ဇာတ်စာဆိုတာ လုံးထပ်တွေ... နဘေတွေ... "

"ဩ... ခင်ဗျားက ပညာရှိကြီးပေါ့... ဟုတ်လား... နမူနာလေး လုပ်စမ်းပါဦး... ကြားစမ်းပါရစေဗျာ... "

သျှောင်ထုံးစိန် တံတွေး ထပ်မျိုရပြန်သည်။ ဇာတ်စာကို သူ့ ကိုယ်တိုင်လည်း သေသေချာချာ ဂဃနဏ မသိ။ သူတို့ထက်စာရင် မဆိုစလောက်ကလေးသာ ပိုသိသည်။

"ဒီ... ဒီလိုပါ ဇာတ်စာဆိုတာ ကာရန်နဘေတွေနဲ့ ဥပမာ အုတ်တံတားအဆင်းမှာ ဖားပြုပ်ခါးနင်းတော့... အဲ အဲ ဖားပြုတ်ခါးနင်း တော့... "

သျှောင်ထုံးစိန် စာဆက်မေ့နေသဖြင့် ထစ်အထစ်အ ဖြစ်နေ စဉ်...

"ဖားပြုပ်ခါးနင်းတော့ ကွိကနဲ မြည်တာပေါ့... ဖိနပ်ကြီးကြီး နဲ့ နင်းရင် ဖားပြုပ်တစ်ခါတည်း သေသွားမယ်... ရှည်တယ်ဗျာ... လုံးထပ်တွေ၊ ကြားထပ်တွေ၊ နဘေတွေ၊ ဂလေတွေ၊ လာပြောမနေနဲ့၊ နားကလောတယ်... ဇာတ်စာဆိုတာ ဇာတ်ထဲမှာ ရေးတဲ့စာ၊ ရည်းစား စာ၊ ကြွေးစာရင်းစာ၊ အိမ်ကို ရေးတဲ့စာ၊ အိမ်က လာတဲ့စာ၊ စာမှန်သမျှ



www.burmeseclassic.com

www.burmeseclassic.com


အကုန်အကျုံးဝင်တယ်... ”

ဇာတ်စာအကြောင်းမှာ ဤမျှဖြင့် နိဂုံးမတံပါ၊ တစ်ယောက်ကစ တစ်ရာဆိုသလို တီးတိုးတီးတိုး ပြောကြသည်။ မင်းသားကြီး ဩဘောင်ထုံး စိန်က “ဇာတ်စာဆိုတာ သူပြောတာမျိုး မဟုတ်ဘူး” ဟု စိန်အီကြာကို လက်သိပ်ထိုး အပုပ်ချသည်။ “သူပြောတာမျိုး မဟုတ်ရင် ဘယ်လို ဟာလဲ အဘ” ဆိုတော့ “ငါလည်း မသိဘူး” တဲ့။

ဇာတ်သမားအကြောကို စိန်အီကြာ နှောနေအောင် သိသည်။ စောဖေ၊ နှောကျေနေသည်။ ကျိတ်ကျိတ် ကျိတ်ကျိတ်လုပ်နေစဉ် မိမိ ရောက်သွားသော အကျိတ် ရပ်သွားခြင်းမှာ အတင်းပြောခြင်း။ သူများ အတင်းမဟုတ်။ မိမိအတင်းဖြစ်ကြောင်း စိန်အီကြာ အတပ်သိသည်။

“ဇာတ်စာအစစ်ကို ကျောက်သင်ပုန်းကြီးမှာ ရေးထားတယ်... သွားဖတ်ကြည့်ကြ... ”

ဇာတ်သမားများ အပြေးအလွှား သွားဖတ်ကြည့်ကြသည်။ စာတတ်ပေတတ်ကြီး စိန်အီကြာ၏ လက်ရေးဖြင့် ရေးထားသည်ကား...

“သဒိ”

ဇပ်စာအကျောင်း ပျောရင်
ပျောတဲ့ကောင် ညကြေးဖျတ်မြီ။

ပုံ- စိန်အီကြာ

**အီကြာကွေး**


(ဇူလိုင်လ၊ ၁၉၈၅ ခုနှစ်၊ အမှတ် (၂၁)၊ သဘင်မဂ္ဂဇင်း)

✧✹✧✹✧✹✧

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



# ကြံကြီးစည်ရာ

ဇာတ်တွေ၊ မိုးပါးရာ အထက်မြန်မာပြည်ဘက် ရောက်နေသည်။ အထက် တက်ကနေကြသည်။ စိန်အီကြာ ရန်ကုန်မှ မခွာသေး။ အဘိုးတန် အကြံတစ်ခုကို အကောင်အထည် ဖော်ရန်၊ ဇာတ်ကျောက်ချ၍ နားနေသည်။ ဇာတ်ကျောက်ချခြင်းနှင့် ဇာတ်သောင်တင်လျှင် ငွေမှ တစ်ပါး ဘာနှင့်မှ ဆွဲချလို့ မရ။

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သောင်တင်ဇာတ်မှ ဇာတ်သမားများကို အစပထမတွင် အရပ်က ကျွေးသည်။ တစ်အိမ်က ဆန်၊ တစ်အိမ်က ဘဲဥ၊ တစ်အိမ်က ငရုတ်၊ ကြက်သွန် စသည်ဖြင့် ဝိုင်းဝန်းထောက်ပံ့ကာ ကျွေးမွေးကြသည်။ နေ့တစ်ဓူဝကိစ္စ ဖြစ်၍ လူကိုးဆယ်တစ်ရာခန့်၏တာဝန်ကို အရပ်သည် ကြာရှည် တာဝန်မယူနိုင်။

ထိုအခါ ဇာတ်သမားများသည် ဆိုက်ကားနင်းတတ်သူက ဆိုက်ကားအငှားလွတ် နင်းသည်။ မဖြစ်ညစ်ကျယ် လက်သမားလုပ်တတ်သူက ဒေသခံလက်သမားထံတွင် နေ့စားနောက်လိုက် လိုက်လုပ်သည်။ လယ်ထွန်တတ်သူက လယ်ဝင်ထွန်သည်။ ပုဆိုးထဘီများ ချရောင်းကာ ရန်ကုန်ပြန်သူက ပြန်သည်။

ဇာတ်သောင်တင် ရက်ကြာသောအခါ ဇာတ်ခေါင်းကွဲမှန်း မသိကွဲကာ၊ ဇာတ်နောက်စီ ကြေသွားသည်။ တစ်ဇာတ်လုံး လေးဘက်နာဖြစ်လျက်၊ ဗုန်းဗုန်းလဲကာ ဇာတ်သက်ငင်သည်။ မကြာခင် ဇာတ် အနိစ္စရောက်သည်။ သပိတ်သွတ်မည့်သူပင် မရှိ။ ကြေကွဲဖယ် အတိ။

ဇာတ်ကျောက်ချခြင်းကား တစ်မျိုး၊ လာမည့်သဘင်ရာသီသစ်အတွက် အော်ပရာ ပြဇာတ်၊ နောက်ပိုင်းအသစ်များ တိုက်ရန်၊ လိုအပ်သော ဇာတ်ပစ္စည်းများ ဖြည့်ဆည်းရန် ဇာတ်ကို ခေတ္တ နားခြင်း ဖြစ်သည်။ ဇာတ်အတွင်းအား ကြီးမားသည်ထက် ကြီးမားအောင် ထက်မြက်သည်ထက် ထက်မြက်အောင် "ဇာတ်ကိုသွင်းခြင်းကာလ" ဟု ယူသော်ရသည်။

"ဘယ်လိုလဲ စိန်အိုကြာ... သူများတွေ အထက်အညာမှာ ဒြိမ့်ဒြိမ့်သည်း ကနေကြပြီ... ခင်ဗျားက ရန်ကုန်မှာ လတ်လျားလတ်လျား လုပ်နေတုန်းပါလား... အထက် ဘယ်တော့ တက်မှာလဲ... "

သျှောင်ထုံးတကားကားဖြင့် ဟိုနားတွေ့ သည်နားတွေ့ ဈေး



www.burmeseclassic.com

www.burmeseclassic.com



လည်း တွေ့၊ အရပ်ထဲ တွေ့၊ လက်ဖက်ရည်ဆိုင် တွေ့၊ ဆိုက်ကားဂိတ် တွေ့နေရသော စိန်အိကြာကို ပွဲချစ်သူများက မေးကြမြန်းကြသည်။

"တက်မှာပါ၊ မကြာတော့ပါဘူး... လိုအပ်တဲ့ပစ္စည်းလေးတွေ စုဆောင်းလို့ မပြီးသေးလို့... ပြီးတာနဲ့ တက်မှာပဲ... တပည့်သားမြေး မင်းသားလေးတွေ အထက်အညာမှာ စားကြသောက်ကြပါစေဆိုပြီး တမင် လွှတ်ပေးထားတာ... ကျုပ်တက်လာရင် သူတို့ စားကျက် ကျဉ်း သွားမယ် မဟုတ်လား... "

ဟုတ်တာ မဟုတ်တာ အပထား၊ စိန်အိကြာ၏ အာလူးများ အလုံးကြီးလှသည်။ လာမည့်သဘင်ရာသီအတွက် စိန်အိကြာ၏ ဇာတ်ထုပ်သစ် မသင်နိုင်။ မနှစ်က ဇာတ်ထုပ်များကိုပင် ပြန်ကမည်။ မနှစ်က ဇာတ်ထုပ်များသည်လည်း ဟိုး... တစ်မြန်နှစ်က ဇာတ်ထုပ်များပင်ဖြစ် သည်။ ဖန်တရာတေနေသော ဇာတ်ထုပ်များဖြင့် စိန်အိကြာ "ဆပ်စလူး စိန်" လုပ်ပါလိမ့်ဦးမည်။

ထမင်းကျွေးသောပရိသတ်ကို လေးစားသောအားဖြင့် ဇာတ်ထုပ် ဟောင်းများကို တစ်နှစ်တစ်ခါ နာမည်ပြောင်းသည်။ စိန်အိကြာ၏အသစ် သည် အဟောင်းကို ဖုတ်ဖက်ခါ၍ သနပ်ခါးလိမ်းထားသော အသစ်။ အဟောင်းကို ကော်ပတ်စား၍ ပါလစ်ပြန်သုတ်ထားသော အသစ်။ အဟောင်းကို ချုပ်ရိုးဖြုတ်၍ ပြောင်းပြန်လှန်ပြီး ပြန်ချုပ်ထားသော အသစ်။

ဇာတ်ထုပ်များ အသစ်မဟုတ်သော်လည်း နှစ်ပါးခွင်ကမူ တကယ့်ဘုရားစူး အသစ်ဖြစ်သည်။ နာမည်တောင် ကြိုပေးပြီးပြီ။ နှစ်ပါးခွင်အတွက် လိုအပ်သော ပစ္စည်းများ ရှာဖွေစုဆောင်းရန် စိန်အိကြာ နှင့်တကွ ဇာတ်သူဇာတ်သားများ အပြင်းအထန် လှုပ်ရှားနေကြသည်။

သျှောင်ထုံးမိုးမိခံ၍ တောင်ဥက္ကလာတစ်ဝန်းရှိ ဟော်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်များသို့ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် စိန့်အီကြာ လှုပ်ရှားနေသည်။ သူ ကျက်စားရာ ဆိုင်များတွင် သတင်းစာ အဟောင်း၊ ဗလာစာအုပ် အဟောင်း၊ ဘူးဟောင်း၊ ပုလင်းဟောင်း၊ သတ္တုဒန်ခွက်ဟောင်း မှန်သမျှ အစုံရသည်။

"မီးလုံးအကျွမ်းတွေ ရှိသလား၊ ရိုးရိုးမီးလုံး၊ ရောင်စုံမီးလုံး ရသလောက် ယူမယ်… "

"ရှိပါတယ် သျှောင်တုံးဆပ်… လက်နှိပ်ဓာတ်မီးမှာ တပ်တယ် နော်… ဘတ်သီး ချွတ်ကရားတွေလည်း ရှိတယ် ယူမလား… "

"ယူမယ်… ထည့်လိုက်… "

ဇာတ်သူဇာတ်သားများကလည်း မိမိတို့အိမ်၌ ရှိသော နှစ်ဆယ့်ငါးဝပ်၊ လေးဆယ်ဝပ်၊ ခြောက်ဆယ်ဝပ် မီးလုံးအကျွမ်းများကို အသီးသီး ယူလာကြသည်။ လူရွှင်တော် ကိုပါဒန်သည် ရုပ်ဖျက်၍ အထမ်းသမား အဝယ်တော် လုပ်သည်။

"မီးလုံးအကျွမ်းတွေ ဝယ်ဒရယ်၊ ရောင်စုံမီးလုံးတွေ ဝယ်ဒရယ်၊ နှစ်ပေချောင်း၊ လေးပေချောင်း အမည်းအကျွမ်းတွေ ဝယ်ဒရယ်… "

ပွဲချစ်သော အိမ်တစ်အိမ်က ကိုပါဒန်ကို မှတ်မိသွား၍ ရောင်စုံ မီးလုံးအကျွမ်းတစ်လုံး အလကား ပေးလိုက်သည်။ နှစ်ပါးခွင်အတွက် လိုအပ်သောပစ္စည်းများ စုံလေပြီ။ ဇူလိုင်လလယ်၊ အောက်ပြည် အောက်ရွာ၌ မိုးဖြိုင်ဖြိုင် ရွာနေချိန်တွင် စိန်အီကြာ ဇာတ်အဖွဲ့ကြီး ဇာတ်ကျောက်ဆူး နှုတ်ကာ အထက်အညာသို့ တက်လေသတည်း။

✧✸✧✸✧✸✧



www.burmeseclassic.com

www.burmeseclassic.com



"အလို... ဘာပုံကြီးပါလိမ့်... မျက်စိနောက်လိုက်တာ... "

သဘင်တွင် စိန်အိကြာ ဂိတ်ရှိုးကို စပယ်ရှယ် ထွင်ထား သည်။ မိုက်ကယ်ဂျက်ဆင်ပုံစံမျိုး အတုခိုး ဝတ်ထားသော စိန်အိကြာပုံမှာ လက်ခြောက်ဘက် တပ်ထားသည်။ လက်တစ်ဘက်တွင် ကျာပွတ်၊ လက်တစ်ဘက်တွင် နံချပ်ကူ၊ လက်တစ်ဘက်တွင် ဓားရှည်၊ လက်တစ်ဘက်တွင် ဖဲချပ်အသီးသီး ကိုင်ထားကာ ကျန်လက်နှစ်ဘက်တွင် ဓာတ်မီးခြစ်နှင့် ဆေးပြင်းလိပ်တိုတို့ကို ကိုင်ထားသည်။

ဂိတ်ရှိုးပုံကို မြင်လိုက်ရုံဖြင့်ပင် ပွဲချစ်သူများ အတော် ချဉ်သွားသည်။ သို့သော် ထိုအရပ်က ပွဲငတ်နေတာ ကြာပြီ။ ခွေးချင်း ကိုက်တာကိုပင် ဝိုင်းအုံကြည့်ရန် အသင့်ရှိသည်။ စိန်အိကြာကို မြို့လုံးကျွတ်၊ ရွာလုံးကျွတ်၊ နယ်လုံးကျွတ်၊ ကွင်းလုံးကျွတ် တစ်ခဲနက် အားပေးကြ သည်။ ပွဲမထွက်ခင် ရုံဖွင့်လိုက်ရသည်။

"စိန်အိကြာ... လာပါပြီ... စိန်အိကြာ လာပါပြီ... "

ဇာတ်တွင် ရှိရှိသမျှ ကလေးလူကြီး ယောကျာ်းမိန်းမ ထမင်းချက်သမား၊ ထမ်းဆင့်သမား မကျန်၊ သံသေးသံကြောင် သံပြာလောင်တို့ဖြင့် ဝိုင်းဆူပာစ်ကြွေးကာ ဇာတ်ပဏာမ စလိုက်သည်။ စိန်အိကြာ လာပါပြီတဲ့။ ဘယ်လို လာတာလဲ၊ စာကလေး ဆိုက်ကားနှင့် လာတာလား၊ ကုန်းကြောင်းလာတာလား။ ဘတ်စကားနောက်မြီးက တန်းလန်းချိတ်စီးပြီး လာတာလား။ ဘယ်လိုလာမှန်းမသိ သိချင်းက ရှင်းမပြ၊ လာပါပြီလို့သာ ခပ်ဝါးဝါး လုံးချထားသည်။

စတိတ်ရှိုး၊ အော်ပရာနှင့် ပြဇာတ်များကား မဲပြာပုဆိုး၊ သမာရိုးကျများပင်။ ယခင့်ယခင်နှစ်များက အဟောင်းများကို တစ်ခါနှစ်ခါ နာမည်သစ်ပြောင်းကာ ပြန်လာခြင်း ဖြစ်သည်။ ယခုနှစ်အတွက် အပြုသစ်ထားသည်မှာ စိန်အိကြာ၏ နှစ်ပါးခွင်၊ ကားဖွင့်သည်နှင့် ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



များ ဟာခနဲ ဟင်ခနဲ ဖြစ်သွားကြသည်။ ကလေးတစ်ယောက်မှာ ဟိုက်... ရှာလပတ်ရည်၊ မန်ကျည်းဖျော်ရည်ဟု အကျယ်ကြီး ထအော်သည်။

နှစ်ပါးခွင်၏ ကျောထောက်နောက်ခံအဖြစ် နှစ်ပေမီးချောင်း၊ လေးပေမီးချောင်းများကို ရာနှင့်ချီကာ အလှဆင်ထားသည်။ ထောင်လျက် တစ်မျိုး၊ စောင်းလျက် တစ်ဖုံ၊ ကန့်လန့် တစ်နည်း၊ စကြ္ဍာပသာဒဖြစ်အောင် ခင်းကျင်းဆင်ယင်ထားသည်။ မီးသီးအရွယ်အစားမျိုးစုံမှာ ကြိုးတန်းများ တွင် ဆင့်ကာဆင့်ကာ အစီအရီ။

စိန်အီကြာကိုလည်း ကြည့်ပါဦး။ မင်းသားခေါင်းပေါင်းထဲတွင် ဝပ်တစ်ထောင်အား ဧရာမ မီးလုံးကြီးကို ထောင်စိုက်ထားသည်။ လည်ပင်း တွင် ဖြူ၊ နီ၊ ပြာ၊ ဝါ ရောင်စုံမီးလုံးကလေးများကို ဆွဲကြိုး လုပ်ဆွဲထား သည်။ အင်္ဂလိမာလပန်းချီကားထဲမှ အင်္ဂလိမာလာ လက်ညှိုးပန်းကုံး ဆွဲထားပုံနှင့် တစ်ထေရာတည်း တူလှသည်။

သခေါ်ကြည်၊ မီးယပ်စိန်၊ သာကေပု မင်းသမီးများလည်း လက်နှိပ်ဓာတ်မီးမှ ဘတ်သီးအသေးလေးတွေ ဘီးဆံထုံးတွင်း ဆလိုက် ထိုးလိုက်သောအခါ စိန်ဆံထိုးတွေလိုလို ဘာလိုလို တစ်ခေါင်းလုံး ပြိုးပြိုး ပြက်ပြက်၊ လိုးလိုးလက်လက်။

လူရွှင်တော် ကိုပါဒန်နှင့် ကိုပုတိုတို့လည်း လည်ပင်းမှာ ဝပ် ခြောက်ဆယ်မီးလုံးတွေ အသီးသီး ဆွဲလိုက်။ စတိုင်တင်းနေကြသည်။ စိန်အီကြာသည် မင်းသားခေါင်းပေါင်းထဲမှ ဝပ်တစ်ထောင်အား မီးလုံး ကြီးကို လက်ညှိုးညွှန်ကာ...

"ဒီမီးလုံးဟာလေ ဘာလို့ မလင်းရပါလိမ့်... ဟောဒီ မီးလုံး ကြီးဟာလေ ဘာဖြစ်လို့ မလင်းရပါလိမ့်... "

နှစ်လက်မခွဲသံဖြင့် ဆိုမေး မေးလိုက်လျှင်

"အကျွမ်းကြီးမို့ပါတဲ့ မောင်ရယ်... မောင်ရယ်... အို အကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးမို့ပါတဲ့ မောင်ရယ်... မောင်ရယ်... ”

သခေါ်ကြည်၊ မီးယပ်စိန်၊ သာကေပုအစုစုသော မင်းသမီးများက သုံးလက်မသံဖြင့် ဆိုဖြေ ဖြေကြသည်။ ရှာစားကျော် စိန်ဆိတ်သိုး ကကြိုးတစ်ပုဒ် တီးပြီးနောက် စိန်အိကြာ လူရွှင်တော်များကို နှုတ်ခွန်းဆက်သည်။

“ကိုပါဒန်တို့၊ ကိုပုတိုတို့ ပါကြမှတ်တယ်... ”

ကိုပါဒန်က “ဝမ်းနုတ်ဆေး စားထားလို့ ပါပါတယ် ဇာတ်ဆရာခြောက်ခါတောင်... ” ဟု ဖြေသည်။ ကိုပုတိုကလည်း အားကျမခံ “ကျွန်တော်လည်း ဆားကွမ်းသီးလုံးလောက် မျိုထားလို့ ခပ်ပျော့ပျော့ပါပါတယ် ခင်ဗျာ” ဟု ညောင်နာနာ ဖြေသည်။ ပရိသတ် ဝါးခနဲ ပွဲကျသွားသည်။

“ယခုနှစ် အသစ်ပြုထားတဲ့ နှစ်ပါးခွင် နာမည်က ဘယ်လိုပါလိမ့်... ”

“စိန်အိကြာတီထွင်... မီးကလီကမာ နှစ်ပါးခွင်တဲ့ ခင်ဗျာ”

မြန်မာ့ဇာတ်သဘင်တွင် လူသား၏ အရည်အသွေး တဖြည်းဖြည်း နောက်ဆုတ်ကာ မီးလုံး၏ အရှိန်အဝါက လျင်မြန်စွာ ရှေ့ရောက်လာသည်။ ပညာချင်း မပြိုင်ဘဲ မီးချင်း ပြိုင်နေကြသည်။ လူမကဘဲ မီးကနေကြသည်။ မီးပဒေသာ၊ မီးကန့်လန့်ကာ၊ မီးလိပ်ပြာတို့ကြားတွင် စိန်အိကြာ (မီးကလီကမာ) ဟု ထထွင်လိုက်ခြင်းပေတည်း။ အဟောဝတ ဩော်... မိလေစွ... မိလေစွ... ။

အိကြာကွေး

(ဩဂုတ်လ၊ ၁၉၈၅ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✹✧✹✧✹✧

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



# ရုံအပြင်က ထွက်ကြည့်ပါ

တကယ်တော့ စဉ်းတီးတုံးသည်ကို ကျေးဇူးတင်ရမည်။ သူ့ကျေးဇူးကား ကြီးမားလှပါဘိ။ ဘယ်လောက်ကြီးသနည်းဆိုတော့ ဇေရက်တောင်ပေါ်တွင် ခါဘိုခါရာဇီတောင်ကြီး ထပ်ဆင့်ထားသလောက်ကြီးသည်။

စိန်အိကြာက ဇာတ်ကချိန်သာ ဇာတ်ရုံမှာ ရှိတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်အချိန်များတွင် ခြေထောက်ဗွေပါသူပီစီ ဟိုဟိုဒီဒီ လမ်းသလား တတ်သည်။ လမ်းများတတ်သည်။ သူတို့ဇာတ် တောင်ဥက္ကလာပဇာတ်ရုံ တွင် ကစဉ်က ဖြစ်သည်။

စိန်အီကြာသည် ဇာတ်ပြီး၍ မိုးလင်းသည်နှင့် ဆယ်ရပ်ကွက် ဈေးထဲ ရောက်နေသည်။ သျှောင်ထုံးတကားကားဖြင့် ဟိုဆိုင်ရှေ့ မတ်တတ်မတ်တတ်၊ ဒီဆိုင်ရှေ့ မတ်တတ်မတ်တတ်၊ ဒါဘယ်လောက်လဲ၊ ဟိုဟာ ဘယ်လောက်လဲ၊ လျှောက်မေးနေသည်။ ဘာပစ္စည်းမှ ဟုတ်တိ ပတ်တိ မဝယ်။

ညက ကတဲ့မင်းသား စိန်အီကြာဆိုတာ အီစကိုပါပဲဟု ဈေးထဲ လှည့်ကာ လူလုံးပြနေခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် လူကြော်ငြာ ခြင်းနှင့် သျှောင်ထုံး ပွဲထုတ်ခြင်း ဖြစ်သည်။ မြို့မေတ္တာ ခံယူတဲ့သား ဆိုတော့ ဘယ်ဆိုင်ကမှ ဝင်ပါဦး ထိုင်ပါဦး မဖိတ်။ အချင်းချင်း လက်တို့ ကာ “ညက အစွမ်းကုန် ပေါ်သွားတဲ့ သျှောင်ထုံးပေါ့” ဟု တီးတိုး ပြောကြ သည်။

ဤသို့ လမ်းသလားရင်းမှ စဉ်းတီတုံးသည်နှင့် ဆုံမိခြင်း ဖြစ် သည်။ ဈေးပေါက်ဝတွင် စဉ်းနှီးတုံး ရောင်းသော အဘိုးကြီးတစ်ယောက် စဉ်းတီတုံးများကို ကြီး၊ လတ်၊ ငယ် အရွယ်အတိုင်း တစ်ခုပေါ် တစ်ခု ဆင့်ထပ်ကာ...

“မန်ကျည်းသား စဉ်းတီတုံးတွေ၊ မန်ကျည်းသား စဉ်းတီတုံးတွေ ကြံ့တုန်း ဝယ်ထား... ပေါတုန်း ဝယ်ထား၊ ငါးခုတ်ရတယ်၊ အသား ခုတ်ရတယ်... ”

အော်ရောင်းနေရာသို့ စိန်အီကြာ ရောက်သွားသည်။ ဘာရယ် မဟုတ်။ ဘယ်ဘက်လက်ဖြင့် ခါးထောက်ကာ သျှောင်ထုံးကို နောက်ငိုက် ၍ ထပ်ဆင့်ထားသော စဉ်းတီတုံးပုံကို စိုက်ကြည့်မိသည်။ ဟိုက်...



www.burmeseclassic.com

www.burmeseclassic.com



ရှာလပတ်ရည်။ မန်ကျည်းသား စဉ်းတီတုံးကလေးတွေ တယ်လှပါလား။ အကြီးဆုံးက အောက်ဆုံးမှာ သူ့ထက် နည်းနည်းငယ်တာက သူ့အပေါ်မှာ။ ဤသို့ဖြင့် ကြီးစဉ်ငယ်လိုက် ထပ်ဆင့်ထားသည်မှာ ကြည့်လို့ပင် ကောင်း ကောင်းသေးတော့။

ကြည့်ယင်း... ကြည့်ယင်း... ကြည့်ယင်း... ကြည့်ယင်း။

စိန်အီကြာ သျှောင်ထုံးထဲတွင် ထူးခြားသော အကြံဉာဏ်များ ရွှစိရွစိ ဖြစ်လာသည်။ သန်းမှတ်၍ စမ်းသပ်ကာ တုပ်မလို့ပင် ကြံမိသေးသည်။ သန်းမဟုတ်။ စူးရောက်သော အကြံဉာဏ်။ ထိုအကြံဉာဏ်ကို အဖန်ဖန် သုံးသပ်ရင် စိန်အီကြာ ရင်ထဲတွင် တလှပ်လှပ် ဖြစ်လာသည်။ စိတ်ထဲက ကျိတ်ကြုံးဝါးလိုက်သည်။ မင်းတို့အားလုံး ဖျားသွားရမယ်။ စိန်အီကြာကွ။ ဘာမှတ်သလဲ။

“စိန်အီကြာကွ... ဘာမှတ်သလဲ... ရှိသမျှ ဇာတ်တွေထဲမှာ ရူပါအခါတစ်သိန်းစတား ငါကွ... ဟောဒီ သျှောင်၊ ဟောဒီ မောင် စိန်အီကြာကွ... တခြားဘယ်သူမှ မဟုတ်ဘူး... ”

စိန်အီကြာမှာ စိန်မြောက် မြောက်ကာ အရမ်းမြောက်ကြွနေသည်။ ဇာတ်ရုံပြန်ရောက်သည်နှင့် ဇာတ်ခုံမန်နေဂျာ ဟာကြူလီငပျော့ကို အမြန်ဆုံး ခေါ်ခိုင်းလိုက်သည်။ ငပျော့ ဖဲရိုက်နေရာမှ မင်းသား ခေါ်သည်ဆို၍ ပျာပျာ ပျာပျာဖြင့် ရောက်လာသည်။

“ပြောစရာရှိ မြန်မြန်ပြောဗျာ... ပိုကာနှစ်ကောင်ပါတဲ့ အလှည့်မှ ခင်ဗျားခေါ်တယ်ဆိုလို့ ဖဲချထားပြီး ထလာရတာ... ဘာလဲ... ခင်ဗျား သျှောင်ထုံးကို နက်သထက်နက်အောင် ဆေးကတ္တရာသုတ်မလို့လား”

စိန်အီကြာနှင့်ငပျော့မှာ ပြောမနာ၊ ဆိုမနာ သူငယ်ချင်းများ ဖြစ်ကြသည်။ တစ်ယောက်ကောင်းရင် တစ်ယောက်ကို မ,မည်ဟူသော သူငယ်ချင်းကောင်းတို့ သဘောထားအတိုင်း ဘာမှမတတ်သော ငပျော့



www.burmeseclassic.com

www.burmeseclassic.com



ကို စိန်အိကြာက ဇာတ်ခုံမန်နေဂျာ တန်းခန့်ထားသည်။ အမှန်တော့ ဇာတ်ခုံမန်နေဂျာ ခန့်မည့်အစား ပိုကာမန်နေဂျာ ခန့်လိုက်တာကမှ ကောင်းဦးမည်။ ငပျော့မှာ အားသည်နှင့် ပိုကာဝိုင်းမှာချည်းသာ... ။

"မင်းကြီးတော်ကြီး... သျှောင်ထုံး ဆေးကတ္တရာ သုတ်ရမှာလား... သဘော်ဆေးသုတ်တယ်ဆိုရင် တော်သေး... မင်းကို ခေါ်တာ ဒီလိုကွ... ငါ ဈေးက အပြန်မှာ အကြံရလာတယ်... "

"ခင်ဗျားအကျန် ခွေးကျွေးပစ်လိုက်ပေါ့... "

"စကားကောင်းပြောမလို့ကွ... မနောက်နဲ့... ငါ့အကြံ အဲလေ ငါ့စိတ်ကူးက ဒီလိုကွ... တို့ အခု ရှိရင်းစွဲ ဇာတ်ခုံကို ဒါတွေ ဒါတွေ ဒီလို ဟိုလို လုပ်လိုက်ရင်... "

စိန်အိကြာက သူ လုပ်ချင်သည့် အစီအစဉ်ကို တီးတိုး ပြောပြသည်။ ငပျော့ စိတ်မဝင်စားပါ။ သူ့အာရုံက ဖဲဝိုင်းဘက် ပြန်ပြန်ပြေးနေသည်။ ဖဲ ခဏအပ်ခဲ့တဲ့ ပစ္စည်းထိန်းခွေက် ဟန်မှ ဟန်ပါ့မလား။ ပိုကာနှစ်ကောင်နှင့် မဒေါင်းဘူးဆိုလျှင် သျှောင်ထုံးတကာတို့ လျှောင်ပြုံးစရာ ဖြစ်တော့မည်။

"ရပါတယ်... ဖြစ်ပါတယ်... ကျုပ် လုပ်ရတာမှ မဟုတ်ဘဲ... ခင်ဗျားပြောတဲ့အတိုင်း လက်သမားဆရာကို ပြောလိုက်ရုံပဲ... သူ့အလုပ် သူ နားလည်ပါတယ်... ဒါပဲ မဟုတ်လား... သွားမယ်... ပိုကာနှစ်ကောင် ပါနေတယ်ဗျ... ခွေက်က ဖဲသိပ်ကျွမ်းတာ မဟုတ်ဘူး... "

ငပျော့ထိုင်ရာမှ ဖြုန်းခနဲ ထသဖြင့် စိန်အိကြာက ပုဆိုးစကို လှမ်းဆွဲထားရင်း...

"ငါပြောတာတွေ မှတ်မိတယ်နော်... စဉ်းတီတုံးသည် စဉ်းတီတုံးတွေ ထပ်ဆင့်ထားသလို သပ်သပ်ရပ်ရပ်နဲ့ စကျွပသာဒဖြစ်ဖို့ အရေးကြီးတယ်... နောက်ခွင်မှာ စပွဲထုတ်မှာ... နှစ်ဆယ့်ခုနှစ်ထပ် ဇာတ်ခုံဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



စိန်အိကြာတို့ နာမည်ကြီးဦးမှာပေါ့ကွာ... ”

စိန်အိကြာတို့ နာမည်ကြီးချင်တော့ စဉ်းတီတုံးသည်နှင့်မှ တိုက်တိုက်ဆိုင်ဆိုင် သွားဆုံရသည်။ တစ်ခုပေါ်တစ်ခု ကြီးစဉ်ငယ်လိုက် ထပ်ထားသော စဉ်းတီတုံးတွေနှင့်မှ ထူးထူးခြားခြား သွားတွေ့ရသည်။

စိန်အိကြာ နှစ်ဆယ့်ခုနစ်ထပ် ဇာတ်ခုံနှင့် ကမည်ဆိုသော သတင်းမှာ ခွေးသေကောင်ပုပ်နံ့ကဲ့သို့ လေလွင့်ပျံ့သွားသည်။ ဇာတ်ဆောင်းပါးရှင်တွေ ပျာယီးပျာယာဖြင့် ရောက်လာကြသည်။

“တယ်လည်း ထွင်လိုက်ပါလား... မင်းသားကတော့ တကယ့်ငထွင်ကြီးပဲ... နောက်ထပ် ဘာတွေထွင်ဖို့ စိတ်ကူးထားသေးလဲ... သျှောင်ထုံးဖုတ်တိုက်အကဆိုပြီး ကင်းမြီးကောက်ထောင်ကဖို့ မလုပ်သေးဘူးလား... ”

ဇာတ်ဆောင်းပါးရှင်တွေက ဝိုင်းနောက်ကြသည်။ စိန်အိကြာ ကျေးဇူးမကန်းတတ်ပါ။ သူ့ကျေးဇူးရှင်မှာ စဉ်းတီတုံးသည် အဘိုးကြီး ဖြစ်ကြောင်း၊ စဉ်းတီတုံးများ ထပ်တင်ထားသည်ကို မြင်ရ၍ နှစ်ဆယ့်ခုနစ်ထပ် ဇာတ်ခုံကို တီထွင်ရန် စိတ်ကူးရကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြသည်။

လူတို့မည်သည် ထူးဆန်းသော အရာများကို စိတ်ဝင်စားလေ့ရှိကြသည်။ “ကျားပျံ” ဆိုသဖြင့် စိတ်ဝင်စားကာ နှစ်ပြားပြေး ဝင်ကြည့်မိမှ “ကြံဖျား” ကြီး ဖြစ်နေ၍ မကျေမနပ်နှင့် ဆဲရေးတိုင်းထွာကြရသည်။ ကျားပျံဘိုးဘွားမိဘများမှ တစ်ဆင့်တစ်ဆင့် ဆင်းသက်ပေါက်ဖွားလာခဲ့ကြသော ယနေ့ပရိသတ်မှာလည်း...

“နှစ်ဆယ့်ခုနစ်ထပ် ဇာတ်ခုံဆိုပဲ... တစ်ခါမှ မကြားဖူးဘူး... မင်းသား အထင်မကြီးပေမယ့် ဇာတ်ခုံအဆန်း မြင်ဖူးအောင် သွားကြည့်ဦးမှ... ”



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ရုံတိုင်လေးတိုင်လောက်သာ လူအများဆုံး ရခဲ့ဖူးသော စိန်အိကြာမှာ နှစ်ဆယ့်ခုနစ်ထပ် ဇာတ်ခုံဟိတ်ကြောင့် ရုံပြည့်လုနီးနီး အထိ လူရသွားသည်။ စိန်အိကြာ့ဇာတ်သက်တမ်းတွင် ထူးခြားသော မဟာအောင်ပွဲကြီးပင်။

"ဟင်... နှစ်ဆယ့်ခုနစ်ထပ် ဆိုပြီး ဇာတ်ခုံက ခုနစ်ထပ်ထဲ ရှိပါလား... အထပ်နှစ်ဆယ်လုံးလုံး ဘယ်ပျောက်နေတာလဲ... "

ပရိသတ်မြင်ကွင်းတွင် ခုနစ်ထပ်သာ မြင်ရသည်။ လက် တစ်ဝါးခန့်အထပ်ကလေးများကို အထပ် ၁၊ အထပ် ၂၊ အထပ် ၃ ဟု ဂဏန်း ရေးထိုးထားသည်။ ပြည်ဖုံးကား အပြင်ဘက်တွင် စုစုပေါင်း ခုနစ်ထပ်မျှသာ။

"ရွှေပွဲလာပရိသတ်များရှင့်... သဘင်မှာ ပထမ၊ ထင်ရှာ ကပါ တဲ့ ဂရိတ်ဖိုးကြာခေါ် စိန်အိကြာရဲ့ "အဘိုးကြီးအို၊ ခါးမတ်မတ်၊ ဆေးပြင်းလိပ်၊ ပါးစပ်တပ်" အထူးအော်ပဒါကို မကြာမီအချိန်အတွင်း မှာ ရှုစားရပါတော့မယ်... ယနေ့ မုဆိုးမများ အသည်းစွဲ၊ တစ်ခုလပ် များ အသည်းကျော်၊ တစ်လင်ကွာများ အပြတ်ခိုက်တဲ့ စူပါအခါ တစ်သိန်း စတားစိန်အိကြာကို နှစ်ဆယ့်ခုနစ်ထပ်ဇာတ်ခုံထက်မှာ ရှုစားတော်မူ ကြပါရှင်... "

ပြည်ဖုံးကားကြီး တအိအိ လွန့်တက်သွားသည်။ ဟိုက်... ရှာ လပတ်ရည်။ ဇာတ်ခုံတွေက အထဲမှာလည်း အများကြီးပါလား။ အထပ် စဥ်ကို နံပတ်တပ်ပြီး မီးထွန်းထားသဖြင့်သာ တော်တော့သည်။ ပရိသတ် မှာ ရှစ်ထပ်၊ ကိုးထပ်၊ ဆယ်ထပ် စသည်ဖြင့် နံပါတ်တွေကို ရေတွက် ကာ နှစ်ဆယ့်ခုနစ်ထပ် ပြည့်မပြည့် စစ်ဆေးကြသည်။ စိန်အိကြာ ဘယ် မှာလဲ။ စိန်အိကြာ... ဒီမှာပါ။

"အဘိုးကြီး အို... ခါးမတ်မတ်၊ ငပြောင်း ပါးစပ်တပ်။ အို့ ဘာတဲ့



www.burmeseclassic.com

www.burmeseclassic.com



တုန်း... အဘိုးကြီးအို... ခါးမတ်မတ်... ငပျင်း ပါးစပ်တပ်... ”

သီချင်းသံက ဇာတ်ရုံခေါင်မိုးဆီမှ လွင့်ပျံ့လာသည်။ ပရိသတ်တွေ မော့ကြည့်ကြသည်။ လား... လား ခွေးသူခိုး စိန်အီကြာက ဟိုး... ထိပ်များ ရောက်နေတာကိုး... နှစ်ဆယ့်ခုနစ်ထပ်ဟု နံပါတ်တပ်ထားသော လူတစ်ရပ်စာ အဝိုင်းလေးပေါ်မှ စိန်အီကြာ၏ မင်းသားဖိနပ် နှစ်ဘက်ကိုသာ မြင်ရသည်။ ထိုဖိနပ်များမှာ အဏ္ဏမြူရောင်ခြည်ဆိုသော မီးစုန်းသုတ်ထားသဖြင့် တဖိတ်ဖိတ် တောက်နေသည်။

“ချစ်ပရိသတ်များ ရှင့်... ဇာတ်ခုံက အထပ်ပေါင်းများနေ တော့ ကသောလက်ကိုတော့ မမြင်နိုင်ပါဘူး... ဆိုသော ခြေထောက် ကိုသာ မြင်ကြရပါလိမ့်မယ်... ပရိသတ်များရဲ့ ချစ်လှစွာသော မင်းသားကျော် စိန်အီကြာဟာ ဇာတ်ရုံခေါင်မိုးပေါ် ရောက်နေပါတယ် လူတစ်ကိုယ်စာ ဖောက်ထားတဲ့ အပေါက်နေ တစ်ကိုယ်လုံး ထွက်ပြီး ကနေပါတယ်... အဲဒီနေရာမှာ ဝပ်တစ်ထောင်အား မီးတစ်ပွင့် ဆင်ပြီး ဖွင့်ထားပါတယ်... ကသောလက်ကို မြင်ချင်ရင် ရုံအပြင်က ထွက်ကြည့်ကြပါ... ကျေးဇူးတင် ပါတယ်ရှင်... ”

အီကြာကွေး

(မေလ၊ ၁၉၈၅ ခုနှစ်၊ အမှတ် (၁၉)၊ သဘင်မဂ္ဂဇင်း)

✧✹✧✹✧✹✧



www.burmeseclassic.com

www.burmeseclassic.com



# ခုထိနာတုန်း

နထိုးပလို့ရွာ ဘုရားထီးတော်တင်ပွဲတွင် စိန်အိကြာ အပါအဝင် ဇာတ်လေးဇာတ် ဆုံမိခြင်းမှာ (ဗေဒင်ဝေါဟာရဖြင့် ဆိုရသော်) ဂြိုဟ်ကြီးလေးလုံး ပူးမိခြင်းပေတည်း။

ကောင်းကင်ဂြိုဟ်များ အလာအသွား မမှန် ဖောက်ပြန်လျှင် ဗျဿစာကျင့်သည်၊ သီဟဇာကျင့်သည်၊ နိယထုံကျင့်သည်ဟု ပြောကြသည်။

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်သဘင်ပြုဟ်များ အလာအသွားမမှန် ဖောက်ပြန်လျှင် စတိတ်ရှိုး အချိန်ယူသည်။ မိုက်ကယ်ဂျက်ဆင် အတုလုပ်သည်၊ နောက်ပိုင်းဇာတ်ထုပ် ပြီးကပစ် ကသည်ဟု ပြောကြလေသည်။

ဆုံမိသော ဇာတ်လေးဇာတ်စလုံးမှာ ဒီပုတ်ထဲမှ ဒီပဲတွေချည်း သာ။ ထိုအထဲတွင် စိန်အိကြာဆိုသော "ပဲ"မှာ အဆိုးရွားဆုံး၊ အညံ့ဖျင်းဆုံး ဖြစ်လေသည်။ မင်းသား အမည်ခံထားသော်လည်း သဘင်ပညာနှင့် ပတ်သက်၍ နကန်းတစ်လုံးမှ မတတ်။ ဇာတ်စာဆိုသည်မှာ ဇာတ်သေတ္တာ တွင် ရေးထားသော စာများဖြစ်သည်ဟု ခပ်လွယ်လွယ် နားလည်ထားသူ ဖြစ်သည်။

သူနှင့် ယှဉ်ပြိုင်ကရမည့် မင်းသားများကို ကြည့်ဦး။ ဗလရှင် ဂျင်တန်စိန်၊ ပန်တျာ တေဇောဘမ်း။ ပူပူလောင်လောင် နာမည်များ ချည်းသာ။ ထိုထိုသော ဇာတ်တြိုကျွက် သုံးပါးနှင့် ဆုံရသော်လည်း စိန်အိကြာက မကြောက်ရေးချ မကြောက်။ အောက်ကမြင့် မလန့်။ ရှေ့က ပေါက် ကြက်သီးမထပေ။

ဗလရှင်မှ ဂိတ်ရှိုးတွင် "သဘင့်ထိပ်တင် ဗလရှင်" ဟု စာလုံး အကြီးကြီး ရေးထားသည်။ မတ်တတ်ရပ်နေသော ဗလရှင်ပုံတူတွင် မီးပွင့် များ ဆင်ထားသည်။ စိန်အိကြာက "သဘင့်ထိပ်တင် ဆိုတာ သဘင့် ထိပ်ပေါ် ဘာတွေ တင်တာလဲ၊ ဆေးလိပ်တိုတွေ တင်တာလား၊ ဆီးစေ့တွေ တင်တာလား၊ ပြောင်းဖူးရိုးတွေ တင်တာလား" ဟု ကွယ်ရာက ဟား သည်။

ဂျင်တန်စိန်ရုံမှ ဂိတ်ရှိုးတွင် မိုက်ကယ်ဂျက်ဆင်ပုံ ဝတ်စား ထားသော ဂျင်တန်စိန်ပုံတူကြီး ဆင်ထားသည်။ စိန်အိကြာက "ဂျင်တန် စိန် နာမည်နဲ့လိုက်အောင် လက်ထဲမှာ ဂျင်တန်ဗူးလေး ကိုင်ထားဖို့ ကောင်းတယ်၊ ဒီကောင် ငပေါ" ဟု တီးတိုးအပုပ်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်တျာတေဇောဘမ်း၏ ဂိတ်ရှိုးကား ခပ်ရိုးရိုးပင်။ မင်းသား အဝတ်အစားနှင့် တေဇောဘမ်းပုံကို ဇရာမ အမြင့်ကြီး ဆင်ထားသည်။ စိန်အိကြာက "ငါ့အဖေ မော့ကာကြည့်၊ ခေါင်းပေါင်းကျွတ်ကဆိုတာ တေဇောဘမ်းပုံကွ... ဒီကောင် လုပ်လိုက်ရင် သောက်ချိုးမပြေဘူး... ဒါကြီးသာ မော့မော့ကြည့်ရရင် ဦးထုပ်တွေ ခေါင်းပေါင်းတွေ ကျိန်းသေ ကျွတ်ကျမယ်" ဟု ကြုံကြုံဖန်ဖန် အပြစ်ရှာ၍ မကောင်းပြောသည်။

အောင်မယ်... သူများ ဂိတ်ရှိုးတွေသာ အပြစ်ပြောတာပါ။ သူ့ရုံဂိတ်ရှိုးက ဘယ်လိုလာမလဲ။ သွားကြည့်မိမှ ဟိုက် ရှာလပတ်ရည် အော်သွားရသည်။ စိန်အိကြာမှာ ဗန္ဓုလအဝတ်အစားဖြင့် ခါးတွင် ဓားရှည်ကြီး ချိတ်ကာ ခပ်တင်းတင်း လက်ပိုက်ရပ်နေသည်။

ပုံပေါ်တွင် စကောဝိုင်းခန့် စာလုံးကြီးများဖြင့် ပြူးပြူးပြဲပြဲ ရေး ထားသည်ကား... "မြန်မာ့သဘင်တပ်ဦးမှ သဘင်တပ်မှူးကြီး စိန်အိကြာ" ဟူသတည်း။ ဂရိတ်ဖိုးကြာခေါ် စိန်အိကြာ ထွင်ပြန်ပြီ။ ရွှေပွဲလာ ပရိသတ်များ အထင်ကြီး မကြီး မသိရသော်လည်း ရွှေပွဲပြိုင် မင်းသားချင်း ကတော့ လုံးဝအထင်မကြီးကြပေ။ စိန်အိကြာ့အကြောင်းကို အပ်ကျတာက အစ ဖိနပ်ပျောက်တာအဆုံး အကုန်လုံး သိနေကြသောကြောင့်ပင်။

"ငပေါက သူ့ကိုယ်သူ သဘင့်တပ်မှူးကြီးတဲ့... ရာရာစစ ဂိတ်ရှိုး ပုံမှာ ဗန္ဓုလအဝတ်အစားတွေ ဘာတွေ ဝတ်လို့၊ သူနဲ့ ဗန္ဓုလနဲ့ ဘာဆိုင် လို့လဲ... "

"မဆိုင်ဘူးဆိုလည်း ဖြစ်တယ်... ဆိုင်တယ်ဆိုလည်း ရတယ် မဟာဗန္ဓုလစစ်သူကြီးက သူတို့မြို့မှာ ကျဆုံးခဲ့တာကိုး... စိန်အိကြာက ဓနုဖြူသားဗျ... ဓနုဖြူဇာတိမှန်းသိအောင် ဗန္ဓုလဝတ်စုံဝတ်ပြီး ကြွားပြ တာ ဖြစ်ရမယ်... "

စိန်အိကြာက အခြားဇာတ်ပြိုင်များကို အကောင်းမပြောသလို



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ပြိုင်များကလည်း စိန်အီကြာကို အကောင်း မပြောကြပေ။ ဇာတ်သမားဥာဉ်အတိုင်း တွေ့စဉ်သာ ပြုံးပြုံး ပြုံးပြုံး၊ ကွယ်သွားသည်နှင့် အတင်းချကြသည် မဟုတ်သလော။ ဟုတ်ပေ၏။ မှန်၏။ နောက်စိ။

ပွဲဦးည စတိတ်ရှိုးတွင် ဗလရှင်၊ ဂျင်တန်နှင့် ပန်တျာတေဇော ဘမ်းတို့မှာ မိတ်အင်ဒီတင် မိုက်ကယ်ဂျက်ဆင်များ အသီးသီး လုပ်ကြ လျက် လပေါ် လမ်းလျှောက် အကဲတို့၊ တိမ်ပေါ် ကင်းမြီးကောက်ထောင် အကတို့၊ ငြိုဟ်ပေါ် ခွေးချေးနင်း အကတို့ ထိုးထိုးထန့်ထန့် က,ကြသည်။ ခေတ်ပေါ် တီးဝိုင်းများမှ ဂွီဂွီဂွမ်ဂွမ်တွေ၊ တုံတုံချမ်းချမ်းတွေ အရမ်းတီးကြ သည်။ နထို့ပလို့ ပရိသတ်နှင့် အတပ်ကွာသွားသည်။

နထို့ပလို့က မိုက်ကယ်ဂျက်ဆင်ကို မသိ။ သူတို့သိသည်မှာ အနာဂျက်ဆင်ဆိုသည့် အပူကျဆေးသာ။ ပွဲဦးညတွင် စိန်အီကြာက ကျန်သုံးဇာတ်ကို နှာတစ်ဖျားမက ကိုယ်လေးလျှားသာပြီး ရာနှုန်းပြည့် အနိုင်ရသွားသည်။

စိန်အီကြာက စတိတ်ရှိုးတွင် ဗန္ဓုလဝတ်စုံဝတ်ပြီး "ရဲရဲတောက် တို့မြန်မာတွေ၊ သတ္တိခဲတွေ" သီချင်းတွေ မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် မြိုင်မြိုင် ကြီး ဆိုသည်။ နထို့ပလို့ ပရိသတ်က ဗန္ဓုလကို သိပြီးသား။ ရဲရဲတောက် သီချင်းကို ကြိုက်ပြီးသား။ စိန်အီကြာ ပရိသတ်စိတ်ဓာတ်နှင့် သိပ်ဟပ် ကာ နာမည်ရသွားသည်။

"ပိုင်လိုက်တဲ့ မင်းသားနှယ်၊ ရဲရဲတောက် သီချင်းဆိုပြီး ခြေသလုံး ပိန်ပိန်လေးတွေနဲ့ ဘယ်ညာ၊ ဘယ်ညာ၊ မာန်ပါပါ နင်းပြနေလိုက်တာ တို့ရွာက ငပျော့စပါးနယ်တာနဲ့ တစ်ထေရာတည်းပဲ... "

ဤသို့ဤနှယ် ချီးကျူးသံတွေ ညံလာတော့ စိန်အီကြာ ဘဝင် လေခွေ့သွားသည်။ ဖနောင့်နှစ်ဘက် သံစူးကာ ချိုင်းကြားနှစ်ဘက်တွင် ကိန္နရာနာ ပေါက်လာသည်။ မြောက်ကြွ မြောက်ကြွ၊ ကားတား ကားတား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။

"ကျုပ် လာယှဉ်လို့ ဘာရမလဲဗျ... ကျုပ်က သဘင်တပ်မှူးကြီး ဆိုပြီး သူတို့ခေါင်းပေါ် တက်ရပ်ပြထားတာပဲ... ကျုပ်ကိုယ်ကျုပ် သဘင်တပ်မှူးလုပ်လိုက်တာနဲ့ ဒီကောင်တွေဟာ အလိုလိုနေရင်း ကျုပ် တပည့်သားမြေးတွေ ဖြစ်ကုန်ရော မဟုတ်လား... လူပါးဝတယ်ဆိုတာ အဲသလိုဝရတယ်... "

စိန်အိကြာ နာတော့မည်။ ဘာမဟုတ်သော အနုတ်စုတ် ဂုတ်စုတ် အောင်မြင်မှုလေးအပေါ် သာယာယစ်မူးပြီး စကားလုံးတွေ ကြီးထွားလာသည်။ လေကျယ်လာသည်။ ဇာတ်ထဲမှာ ဟောင်ဖွာ ဟောင်ဖွာ လုပ်လာသည်။ ညကြေး ခဏခဏ ဖြတ်ခြင်း၊ ကူချီခဏခဏ ကပေးရခြင်း၊ ဇာတ်ထမင်း ဇာတ်ဟင်းညံ့ခြင်း၊ ဇာတ်ဆရာ၊ ဇာတ်သမား အပေါ်စီးက ဆက်ဆံခြင်းတို့ကြောင့် စိန်အိကြာကို တစ်ဇာတ်လုံးက အော့နှလုံး နာနေသည်။

သူ လေကြွားသော စကားကားကို အခြားဇာတ်များမှ မင်းသားများသို့ တိတ်တဆိတ် သွားပြောကြသည်။ ပြောရာတွင် ငယ်သောအမှု ကြီးအောင်၊ ကြီးသောအမှု အကျိုးနည်းအောင် အဆရာထောင် ချဲ့ကား ပြောကြသည်။ စိန်အိကြာက ဗလရှင်ကို ဒါပဲ ထင်တယ်လို့ ပြောတယ်။ ဂျင်တန်စိန်ကို ခွေးသားလို့ ဆဲတယ်။ ပန်တျာတေဇောဘမ်းကို အရူးလို့ သမုတ်တယ် စသည်ဖြင့် မဟုတ်က ဟုတ်ကတွေ ပုံကြီးချဲ့ကြသည်။

သျှောင်သျှောင်ချင်း အငြင်းပွား အချင်းများစေရန် သျှောင်ထုံး ခတ်ဆီ ဖျန်းပေးကြသည်။ သျှောင်ထုံး မီးတို့ပေးကြသည်။ သျှောင်ထုံး လေပင့်ပေးကြသည်။ ဗလရှင်၊ ဂျင်တန်စိန်၊ ပန်တျာတေဇောဘမ်း သျှောင်သုံးထုံးတို့ ဒေါသမီး တဟုန်းဟုန်း တောက်လေပြီ။

"ဘာ သဘင်တပ်မှူးကြီးလဲ... လူပါးဝတဲ့ကောင်... ခွေးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် သိမယ်... ”

ဇာတ်ရုံနောက်ပေါက်မှ မီးဟုန်းဟုန်းလောင်နေသော ချောင်းသုံးလုံး ဝင်လာသည်။ ခုတင်ပေါ်တွင် ဆေးပြင်းလိပ်ခဲရင်း ထမင်းလုံးစီနေသော စိန်အီကြာကို ချောင်းမှ ဆွဲ၍ ထစေသည်။ ဗလရှင်၊ ဂျင်တန်စိန်၊ ပန်တျာတေဇောဘမ်း အကုန်လုံး ပူပူလောင်လောင်တွေချည့်။ စိန်အီကြာ မချောင်တော့ပြီ။

“ချောင်ထုံးချင်း အတူတူ မင်းက ဘယ်လောက်ပိုတတ်လို့ သဘင့်တပ်မှူး လုပ်ရတာလဲ... ချောင်ချောင်ချင်း လက်တစ်လုံး ပိုမြင့်လို့ မရဘူးကွ... ”

ဗလရှင်၏ လက်သီးမှာ ထန်းသီးခန့် ရှိသည်။ ဗလရှင် ဆိုသည့်အတိုင်း အားကောင်းမောင်းသန်။ ဂျင်တန်စိန်မှာ ပိန်ပိန်ကျစ်ကျစ် အရိုးအဆစ် မာမာ။ ပန်တျာတေဇောဘမ်းမှာ မင်းသားမလုပ်ခင်က ပန်းပဲ လုပ်လာသဖြင့် လက်မောင်းကြီးတွေ အယ်စတုံ။

“ခင်... ခင်ဗျားတို့... ကျုပ် ကျုပ် သဘင့်တပ်မှူးကြီး ဖြစ်တာကို မနာလိုလို့လား၊ မုဒိတာ ပွားကြစမ်းပါဗျာ၊ မုဒိတာ ပွားကြစမ်းပါ”

“အောင်မယ်... လုပ်တုန်းက လုပ်ပြီး မဟာန်မှ ဘာမုဒိတာလဲ... တာဦးကွာ... ”

ဗလရှင်၏ လက်သီးကြီး မျက်ခွက်ဆီသို့ ဝှီးခနဲ ဝင်လာသည်။ စိန်အီကြာ ခေါင်းငုံ့ရှောင်သည်။ လွတ်သွားသည်။

“ခင်... ခင်ဗျားတို့... မုဒိ... ”

“ဒိ ဦးကွာ... ”

ဂျင်တန်စိန်မှာ ဒေါသကြီးနေသဖြင့် ထိုးသော လက်သီးလွဲသွားသည်။ စိန်အီကြာ၏ ဇာတ်သမားများမှာ မင်းသားတွေကို ဖျဉ်ပေးသလိုလိုနှင့် စိန်အီကြာကို ဝိုင်းချုပ်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"သဘင့်တပ်မှူးကြီး ကျုပ်ကို ခင်ဗျားတို့ မုံ… "

ဒီနှင့်တာသို့ပင် မဆက်ဖြစ်လိုက်။ ပန်တျာ တေဇောဘမ်း၏ လက်သီးက စိန်အီကြာ၏ ဝဲဘက်မျက်လုံးသို့ ခွပ်ခနဲ လာထိသည်။ နောက်က ချုပ်ပေးထားတာဆိုတော့ မလွဲတမ်းပေါ့။

ဒုတိယညတွင် သဘင့်တပ်မှူးကြီး ဘယ်ညာ အယ်ညာ ထွက်လုပ်မပြနိုင်တော့။ မျက်လုံးက ချက်ချင်း ယောင်လာသည်။ ဆားကြပ်ထုပ် မပြတ် ထိုးကာ ဆေးကွင်းထားရသည်။ ဆေးပေါ်မှ မိတ်ကပ်ထူထူ ထပ်ဖုံးသည်။ သို့သော် ဘယ်ဘက် မျက်ကွင်းကား ညိုမည်းနေသည်။ မျောက်မျက်ကွင်းညိုနှင့် တူသလိုလို။

နှစ်ပါးခွင်တွင် အားတင်းကနေစဉ် မျက်လုံးက စစ်ခနဲ စစ်ခနဲ ထိုးထိုးနာလာသဖြင့် စိန်အီကြာ သတိလွှတ်ပြီး ငိုချင်းချလိုက် သည်ကား…

"မုဒိတာ သုံးမိတာကြောင့်… အောင်မယ် မင်း… ခုထိ နာတုန်း ဒီမျက်လုံး ဟုန်း… ဟုန်း… "

အီကြာကွေး

(အောက်တိုဘာလ၊ ၁၉၈၅ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✹✧✹✧✹✧



www.burmeseclassic.com

www.burmeseclassic.com



# ခြောက်လုဆဲဆဲ ငါးခွဲကျော်ကျော်

အလွန်နာမည်ကြီးပြီး အလွန် လူကြည့်များခဲ့သော ရုပ်ရှင်ကားတစ်ကားကို စိန်အိကြာလည်း ကြည့်ခဲ့ရသည်။ ဟိုကားကို ကြည့်ပြီး နောက်ထူးခြားသော အကြံဉာဏ်၊ ဆန်းပြားသော အစီအစဉ်များ စိန်အိကြာ၏ သျှောင်ထုံးကြားတွင် (သန်းတွေ လမ်းသလားသလို) ရွစိရွစိ ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ဒီလုပ်ရပ်ဟာ ဇာတ်သဘင်က စခဲ့တာပဲ၊ ဇာတ်ထဲမှာ လုပ်တုန်းက လူသိပ်မသိဘူး... ရုပ်ရှင်က လုပ်လိုက်မှ ဟိုးဟိုး ကျော်သွားမယ်၊ ဟိုးဟိုး မကျော်သည့်တိုင် တိုးတိုးကျော်အောင် ငါလည်း လုပ်ကို လုပ်ရမယ်"

ထိုရုပ်ရှင်ကားတွင် စူပါမင်းသားက အချို့ဇာတ်ဝင်ခန်း၌ မိန်းမလို ဝတ်၍ သရုပ်ဆောင်ခဲ့သည်။ ရုံဆင် ပိုစတာတွင် မိန်းမလို ဝတ်ထားသော ပုံကြီးကို အထူး အသားပေး ချိတ်ဆွဲပြထားသည်။ ရုပ်ရှင် ပရိသတ်မှာ ထိုမင်းသားကို ယောကျ်ားအဝတ်အစားနှင့်သာ အမြင်များခဲ့ကြသည်။ မိန်းမအဝတ်အစားနှင့်ဆိုတော့ ထူးထူးခြားခြား ဖြစ်နေသည်။ ပွဲတိုင်း ရုံပြည့်အောင် တိုးဝှေ့ကြည့်ခဲ့ကြသည်။ ယောကျ်ားကြီးစင်စစ်မှ မိန်းမလို ဝတ်စား၍ သရုပ်ဆောင်ခြင်းကို ဇာတ်သဘင်မှ စခဲ့သည်။ မောင်မစ္စကဇာတ်မှာ ဇာတ်လမ်းအရ မဝတ်လျှင် မဖြစ်၍ ဝတ်ခဲ့ရသည်။ မိန်းမလို ဝတ်ခြင်းကို (သဘာဝအတိုင်း) မိန်းမပရိသတ်က ပို၍ နှစ်သက်သည်။ သို့ဖြင့် မဝတ် ဝတ်ရအောင် ထိုးဇာတ်၊ ထွင်ဇာတ်တွေ ဖန်တီးပြီး ဇာတ်မင်းသား အသီးသီး မိန်းမလို ဝတ်ခဲ့ကြပြီးပြီ။ မဝတ်ရသေးဘဲ ကျန်နေသူဟူ၍ ဂရိတ်ဖိုးကြာ (ခေါ်) စိန်အိကြာနှင့် မင်းသားအချို့သာ ရှိတော့သည်။

"ဝတ်မယ်၊ ဝတ်မယ်... ငါလည်း ဝတ်မယ် ချန်မထားနဲ့... သူများ ဝတ်ထားတာ အားကျတယ်... (အို ဘာတဲ့တုန်း) ကိုယ့်ဘာသာ ကိုယ် ဝတ်တာ ဘာဖြစ်လဲ၊ ဘာဖြစ်လဲ၊ ကြာ့ဘာသာ ကြာဝတ်တာ ဘာဖြစ်လဲ၊ ဘာဖြစ်လဲ... "

ဘာမှ မဖြစ်ပါ။ လူဆိုသည်မှာ ကိုယ့်ကိုကိုယ် ပိုင်သဖြင့် ဝတ်ချင်ရာ ဝတ်နိုင်သည်။ စိန်အိကြာသည် မိန်းမလို ဝတ်ရန် အထူး တက်ကြွနေသဖြင့် စတီရီယို သီချင်းတစ်ပုဒ်အလိုက် တီးတိုး ဆိုနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ခုံမန်နေဂျာ ဟာကြူလီ ငပျော့ ရောက်လာသည်။

"အင်း... မမြူးစဖူး သျှောင်ထုံး မြူးတယ်... သျှောင်ထုံးမြူးတော့ ညောင်တုံးအကူးက သောင်ပြင်မှာ ခရမ်းပင်၊ ငရုတ်ပင်တွေ အောင်မြင်မယ့်နိမိတ်ပဲ... မသာကြီး ဘာဖြစ်နေတာလဲ... "

ဟာကြူလီငပျော့မှာ စိန်အီကြာနှင့် သူငယ်ချင်းဖြစ်၍ ပြောရဲဆိုရဲသူ ဆို၍ ငပျော့တစ်ယောက်သာ ရှိသည်။

"ဘာဖြစ်ဖြစ်ပေ့ကွာ... အကြံကောင်းတစ်ခုရလို့ ပျော်နေတာ မင်းလာနှောင့်ယှက်လို့ အပျော်ဒီဂရီ လျော့သွားပြီ... "

"ဘာအကျန်လဲဗျ... ခွေးကျွေးမယ့် အကျန်လား... "

"မပြီးခင် ငပျော့ မမြင်စေနဲ့တဲ့... ငါ့အကြံ ဘာဆိုတာ ဒီညစတိတ်ရှိုး ထွက်ဆိုရင် မင်းမြင်ရမယ်... "

ငပျော့မှာ ထိုစကားကို ပြီးပြီးပျောက်ပျောက် သဘောထားခဲ့သည်။ ထိုညစတိတ်ရှိုးအချိန်တွင် ဇာတ်စင်နောက်မှ ဖဲဝိုင်းမှာ ဖဲရိုက်ကောင်းနေတုန်း ပရိသတ် တအုံးအုံး ရယ်သံကြားရသည်။ ဇာတ်သမားတွေ ဇာတ်စင်ဆီသို့ တဝုန်းဝုန်း ပြေးကြည့်ကြသည်။ ဖဲဝိုင်း ပျက်သွား၏။

"တနင်္ဂနွေလို ဆန်းဒေးရက်တွေမှာတော့ အိမ်ကို လာလယ်တုန်း စကားမဆုံးခင်ဝယ်... "

ဟိုက် ရှာလပတ်ရည်။ တနင်္ဂနွေလို ဆန်းဒေးရက်တွေမှာတော့တဲ့။ တနင်္ဂနွေနှင့် ဆန်းဒေး၊ အရာကြီးနှင့် ဘာဘူကြီးလို အတူတူ ဖြစ်သည်။ တနင်္ဂနွေလို ရုံးအားရက်တွေမှာတော့ဟု ဆိုရာမှာ ဘယ့်နှယ် ဆန်းဒေးရက် ဖြစ်နေရသနည်း။ စိန်အီကြာသည် သီချင်းစာသားကို ဂရုမထားဘဲ ဖြန်းသန်းဆိုလေ့ ရှိသည်။

"မောင်အရင်လို မဟုတ်တော့ဘူး... မဟုတ်တော့ပါဘူးကွယ်"

သီချင်းပထမပိုဒ်အပြီးတွင် ငပျော့ဇာတ်ခုံပေါ် ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကခွင်ထဲသို့ လှမ်းကြည့်သည်။ လူလုံးမကွဲ မိန်းမတစ်ယောက် မိုက်ကရိုဖုန်းကိုင်ကာ စင်ဟိုဘက်ပြေး၊ ဒီဘက်ပြေးဖြင့် သီချင်းဆိုနေတာ မြင်ရသည်။ ဖဲပွင့်တွေ ကြည့်ရင်း ထလာရ၍ မျက်လုံးက ဝေဝေဝါးဝါး၊ ဘယ်သူလဲ၊ သခေါကြည်လား၊ မီးယပ်စိန်လား၊သာကေတုမိစုလား။

ဇာတ်စင်၏ နှစ်ဘက်နှစ်ချက် အမှောင်ပိုင်းတွင် ဇာတ်သမားများ စုပြုံကျပ်ညပ်နေသည်။ အရပ်ပုသော သူက ခြေဖျားထောက်၍ ကြည့်သည်။ သူတို့သည် ကခွင်ထဲမှ မြင်ကွင်းကို မမြင်လိုက်ရမှာ စိုးရိမ်နေကြသည်။ ငပျော့က သူ့အနီးမှ လူပြက်ကိုပါဒန်ကို မေးကြည့်သည်။ ဒါ ဘယ်သူလဲ။

"အဲဒါ ဇာတ်ဆရာလေ"

ထိုအချိန်တွင် စိန်အိကြာမှာ "ကျွန်မမှာ မိန်းမသား" သီချင်းကို ဆိုနေသည်။ အကုသိုလ်တွေ အပြားလိုက် ကပ်ပါပကော။ လည်ချောင်းမှာ စားလုတ်ကြီးနှင့် လက်မောင်းမွေးတွေ ထောထနေသော ယောကျ်ားရင့်မကြီးက ကျွန်မမှာ မိန်းမသားတဲ့၊ အားနွဲ့သူပါရှင်တဲ့။

ခွေးသူခိုးကြီး။ သင်းလား အားနွဲ့တာ။ တောင်ဥက္ကလာမှာ တစ်လမ်းတည်း အတူနေစဉ်က အိမ်ရှေ့ရေမြောင်းကို ကိုယ်တိုင်ပေါက်ကာ မြေကြီးများကို တောင်းဖြင့် ထမ်းတင်နေသော စိန်အိကြာကို မြင်ယောင်လာသည်။ ရပ်ကွက်သမဆိုင်တွင် ဆန်အတူသွားထုတ်ကြစဉ် သူ့ဆန်ရော ကိုယ့်ဆန်ပါ ဆန်တစ်တင်းနီးပါးကို သက်တောင့်သက်သာ ထမ်းယူလာခဲ့သော စိန်အိကြာရုပ်ပုံ အတွေးထဲမှာ ပေါ်လာသည်။

"ဘယ့်နှယ်လဲဟေ့... ငါ့စတိတ်ရှိုး ကောင်းတယ် မဟုတ်လား"

ထဘီကြီးတကားကားဖြင့် ကားကြားထဲ ဝင်လာပြီး စိန်အိကြာက မေးတော့ ဇာတ်သမားများမှာ သူ့ဆန်စားနေရသူများမို့ ကောင်းပါတယ်၊ မဆိုးပါဘူးဟု အလိုက်သင့် မောင်ဘဦး လုပ်ကြသည်။ ငပျော့



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘူ ပွင့်ပွင့်လင်းလင်း ရှုတ်ချ၏။

"ဆိုးတာမှ တစ်ကမ္ဘာလုံးရှိတဲ့ ပင်မင်းတွေ ဆိုးတာထက် ခင်ဗျားက အဆပေါင်းများစွာ ပိုဆိုးတယ်... ကျက်သရေရော ဘဲသရေပါ တုံးအောင် လုံးလုံး အသုံးမကျဘူး... ကြည့်ရင်းက အော်ဂလီဆန်လာလို့ မအန်အောင် မနည်းထိန်းထားရတယ်... သွားဗျာ... ဒါကြီးတွေ လဲပစ်လိုက်စမ်းပါ... "

ငပျော့က ခိုင်းဇသော်လည်း စိန်အီကြာ မလဲသေး။ မိန်းမ အဝတ်အစားဖြင့် ဆေးပြင်းလိပ် ထိုင်ခဲနေစဉ် ဇာတ်ရုံနောက်ပေါက်မှ အသက်လေးဆယ်ခန့်အရွယ် မိန်းမကြီးတစ်ယောက် ဝင်လာသည်။

"ချီးကျူးချင်လို့ပါ မင်းသားရယ်... မင်းသားက မိန်းမလို ဝတ်ပြီး စင်ဟိုဘက်ပြေးလိုက်၊ ဒီဘက်ပြေးလိုက်နဲ့ သီချင်းဆိုနေတာ မြင်ရတော့ ကျွန်မကိုယ်ကျွန်မ မြင်ရသလို ခံစားရတယ်... ကျွန်မ မနှစ်ကမှ ယောကျ်ား ဆုံးသွားတာ... ယောကျ်ားဆုံးလို့ အသုဘချတော့ မင်းသားလိုပဲ ဘိုသီဘတ်သီနဲ့ပေါ့... ဟိုဘက်ပြေးလိုက် "အောင်မယ်လေး သွားလေသူကြီးရဲ့" လို့ ငိုလိုက်၊ ဒီဘက်ပြေးလိုက် "ကျွန်မမှာ ကလေးလေးယောက်နဲ့ ဘယ်လိုလုပ်စားသောက်ရမလဲတော့" လို့ တိုင်တည်လိုက်၊ ခုနက မင်းသားလုပ်သွားတဲ့အတိုင်း တစ်ထေရာတည်းပဲ... "

စိန်အီကြာမှာ စတိတ်ရှိုးတွင် မိန်းမလို ဝတ်ရာမှ အော်ပရာနှင့် ရှေ့ပိုင်းပြဇာတ်မှာပါ ကြုံရင် ကြုံသလို မိန်းမလို ဝတ်လာသည်။

နှစ်ပါးသွားခွင်တွင် မိန်းမတစ်လှည့် ယောကျ်ားတစ်လှည့် ဝတ်က၏။ နောက်ပိုင်းဇာတ်များကို မိန်းမလို ဝတ်ခန်းပါအောင် ထိုးဇာတ်၊ ထွင်ဇာတ်တွေ အများဆုံး ကလာသည်။ တစ်ည သုံးလေးခါလောက် မိန်းမလို မဝတ်ရလျှင် စိန်အီကြာ မနေတတ်တော့။ ပို၍ ဆိုးသည်မှာ ဇာတ်မကသော နေ့ခင်းဘက်တွင်ပါ မိန်းမလို ဝတ်ထားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးတွေ၊ ယိမ်းသမတွေ စိတ်ညစ်ကြရပြီ။ သခေါ်ကြည်၏ ထဘီ၊ မီးယပ်စိန်၏ ဘရာစီယာ၊ သာကေတ မိစု၏ တင်တု အကုန်လုံး စိန်အိကြာက ယူသုံးထားသည်။ ယိမ်းသမများ၏ ထဘီများကို တစ်ထည် ပြီးတစ်ထည် ယူဝတ်နေသည်။

စိတ်ညစ်ကြရသည်မှာ မိန်းမများသာ မဟုတ်။ ဇာတ် ထမင်းချက်နှင့် ထမ်းဆင့်ကောင်ကလေးတွေပါ စိတ်ညစ်နေကြသည်။ ဟင်းချက်နေရာသို့ ထဘီကြီးတကားကားဖြင့် ရောက်လာ၍ "ဒါ ဒီလို မထည့်ရဘူး... ဒီလို ထည့်ရတယ်" ဆိုကာ ငံပြာရည်တွေလောင်းထည့်သွားသည်။

ထမ်းဆင့် ကောင်ကလေးတွေမှာ အားကောင်းမောင်းသန် လူငယ်လေးတွေ ဖြစ်ကြသည်။ စိန်အိကြာက သူ့သီးခြားအခန်းသို့ တစ်မျိုးမဟုတ် တစ်မျိုး အကြောင်းပြ၍ ကောင်လေးတွေကို ခဏခဏ ခေါ်နေသည်။ ကောင်ကလေးတွေမှာ မသွားလည်း အခက်၊ သွားလည်း အခက်။ ဤတွင် အမြင်မတော်သော ဟာကြူလီငပျော့က ခပ်ပြတ်ပြတ် ဝင်ရပ်ရတော့သည်။

"ငထမ်းဆင့်တွေ သတိထားကြ... တို့မင်းသားက ခြောက်လုံ ဆဲဆဲ ငါးခွဲကျော်ကျော် အခြေအနေ ရောက်နေတယ်... လုံးလုံး ခြောက်ဖို့ တဲတဲလေးပဲ လိုတော့တယ်... သူ ခေါ်တိုင်း မသွားကြနဲ့... သူ့အနား မကပ်ကြနဲ့... ပေါင်ဒါနံ့သင်းတာက နည်းနည်း၊ ဆေးပြင်းလိပ်စော်နံတာက များများ၊ ကပ်တဲ့ကောင် ငါကိုယ်တိုင် ဆွဲထိုးမယ်... "

တစ်ဘက်က ထမ်းဆင့်ကောင်ကလေးတွေကို ဟန့်တားရ သလို တစ်ဘက်ကလည်း စိန်အိကြာကို ရှက်အောင် လုပ်ရသည်။ စိန်အိကြာကို တစ်ဇာတ်လုံး မပြောရဲပေမယ့် ငပျော့ ပြောရဲသည်။

"ခင်ဗျားက ဘာလဲဗျ... စိန်အိကြာကနေ စိန်အေအိုင်ဒီအက်စ် ဖြစ်ချင်လို့လား... ဇာတ်မကနဲ့တော့... ရှောက်သီးဆေးပြား ရောင်း...



www.burmeseclassic.com

www.burmeseclassic.com



နတ်ကတော် လုပ်... ”

စိန်အီကြာ ရှက်အောင် စိန်အေအိုင်ဒီအက်စ်လို့ပဲ ခေါ်တော့သည်။ သို့သော် စိန်အီကြာက မရှက်၊ စိန်အေအိုင်ဒီအက်စ်ခေါ်သည်ကို သူ့ကို ချီးမြှင့်မြှောက်စားသည်ဟု ဂုဏ်ယူသည်။ များများ ခေါ်ပါစေ။ ခဏခဏ ခေါ်ပါစေဟု ဆုတောင်းသည်။ မိန်းမလို ဝတ်ကရာမှ အဝတ်၏ လွှမ်းမိုးမှုခံရကား အဝတ်အပေါ်တွင် သာယာသွားသည်။ ဘုရားဆုပန်နိုင်သော ယောကျာ်းဘဝ ဆုံးရှုံးရတော့မည်။

“ဇာတ်ဆရာ ရေတိမ်နစ်တော့မယ်... မင်း ဘာမှ မတတ်နိုင်တော့ဘူးလား ငပျော့... ”

နောက်ပိုင်းမင်းသားကြီးသျှောင်ထုံးစိန်က ဝမ်းနည်းသံဖြင့် ပြောလာတော့ ငပျော့ မျောက်ဖိုးစိန်အပြုံးလေး ပြုံးသည်။

“တတ်နိုင်ပါတယ်ဗျ... သူ့အခြေအနေ ဘယ်အထိ ဆိုးလာ မလဲ စောင့်ကြည့်နေတာ... ယောကျာ်းပီပီသသ ပြန်ဖြစ်အောင် ဘယ်လို လုပ်ရမယ်ဆိုတာ ကျွန်တော် သိပါတယ်... မနက်ဖြန် ပြောင်းလဲရမယ် ကြည့်နေ... ”

နောက်တစ်နေ့ မနက်ပိုင်းတွင် စိန်အီကြာ၏ သီးသန့်ခန်းထဲမှ ပွစိပွစိ ဖြစ်တောက်ဖြစ်တောက် ပြောသံတွေ ကြားရသည်။ ပြောသူကား စိန်အီကြာ၊ ပထမတွင် တိုးတိုးပြောသည်။ တစ်စတစ်စ အသံကျယ်လာသည်။ နောက်ဆုံးတွင် ကျားဟိန်းသလို အသံ ဟိန်းလာသည်။

“ဒါ ဘယ်သူ လုပ်တာလဲကွ ဟေ... ဘယ်ခွေးမသား လုပ်တာလဲ... ”

ကာထားသော အဝတ်ကန့်လန့်ကာကြီး ဝုန်းခနဲ ပြုတ်ကျသွားသည်။ သျှောင်ထုံး ဖရိုဖရဲနှင့် ဒေါသအကြီးအကျယ် ထွက်နေသော စိန်အီကြာကို မြင်ရတော့ ဇာတ်သမားတွေ လန့်ရှိန်ပြီး ငြိမ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှာ ဆေးပြင်းလိပ်များ ထည့်ထားသော ဖန်ပုလင်းကြီး ကိုင်ထားသည်။ ဆေးပြင်းလိပ်များမှာ ပုလင်းထဲတွင် အချို့၊ မြေပေါ်တွင် အချို့ ရှိနေသည်၊ ပုလင်းထဲမှ ဆေးပြင်းလိပ်များမှာ မိုးတိုးမတ်တတ် ရပ်လျက်။ အနေအထား မပျက်ကြ။ မြေပေါ်မှ ဆေးပြင်းလိပ်များမှာ ခေါင်းကြေ ဖင်ကျိုး ပိုးလိုးပက်လက်။

ဆေးပြင်းလိပ်မှာ စိန်အီကြာ၏ အသည်းစွဲ။ အမြတ်နိုးဆုံး အရာ။ ဘဝတွင် တန်ဖိုးမဖြတ်နိုင်သော ရတနာ။ စိန်အီကြာက ရည်းစား မရှိ။ ထို့ကြောင့် ချစ်ချစ်ကိုထိ၊ ခါးကြည့်ဟု မကျိန်း၊ ဆေးပြင်းလိပ်ကို ထိလျှင်ကား ဘယ်အခါမှ မခံ။ ပြင်းပြင်းကို ထိ ခါးကြည့်သမား။

"ဟေ့ကောင်တွေ… ဖြေကြလေ… တရားခံ မပေါ်တော့ဘူး လား… လုပ်တုန်းက လုပ်ထားပြီး ပြောရမှာ ကြောက်နေကြသလား… ဘယ်ကောင်က ငါ့ဆေးပြင်းလိပ်တွေကို တေဇောဘမ်း သုတ်ထား တာလဲ… ငါ… တွေ့။ ဒါသက်သက် ယုတ်မာတာ… "

ဆေးပြင်းလိပ်တိုင်းလိုလို ထိပ်နှင့်ဖင်ကို တေဇောဘမ်းတွေ သုတ်ထားသည်။ စိန်အီကြာမှာ တစ်လိပ် ဖွာကြည့်လိုက် ပူလွန်း၍ လွှင့် ပစ်လိုက်နှင့် ဆေးပြင်းလိပ်တစ်ပုလင်းလုံး ကုန်ပေတော့မည်။

"ခင်ဗျား ရမ်းမနေနဲ့… ကျုပ် သုတ်ထားတာ… ထိပ်နဲ့ဖင်သာ မကဘူး… တချို့ ဆေးပြင်းလိပ်တွေကို တစ်လိပ်လုံး သုတ်ထားတယ်… ခင်ဗျား ဆေးပြင်းလိပ်အကုန်လုံး တေဇောဘမ်းနဲ့ချည်းပဲ… "

စိန်အီကြာက ဖန်ပုလင်းနှင့် လှမ်းပစ်သည်။ ငပျော့ မထိ အောင် ရှောင်လိုက်နိုင်၏။

"ဟား… ဟား… ဟား… ဟား… ခင်ဗျား ယောက်ျား ပြန်ဖြစ်ပြီ စိန်အီကြာ… ဘုရားဆုပန်နိုင်တဲ့ ယောက်ျားစစ်စစ် ဇာကန် ပြန်ဖြစ်ပြီ… ယောက်ျားဆိုတာ စိတ်ဆိုးရင် အဲဒီလို ဆဲရတယ်… အဲသလို ကြမ်းရ



www.burmeseclassic.com

www.burmeseclassic.com



တယ်... ဒါမှ ယောက်ျားဗျ... ကျူပ်မှာ လုပ်သာ လုပ်ရတယ် ကိုယ့်လူကြီး ယောက်ျားဆဲမှ ဆဲပါ့မလားလို့ တထိတ်ထိတ်နဲ့ ပူလိုက်ရတာ.., မိန်းမဆဲ ဆဲလိုက်ရင် ငါးပါးမှောက်ပြီကိုး... ခုမှပဲ စိတ်အေးရတော့တယ်... သဘင် တပ်မှူးကြီး စိန်အီကြာ ခြောက်လုဆဲဆဲ၊ ငါးခွဲကျော်ကျော် အေအိုင် ဒီအက်စ်လောင်းလျာဘဝမှ ယောက်ျားပီပီသသ ဘဝသို့ ရာနှုန်းပြည့် ပြန်ရောက်သွားပါပြီ... ဇာတ်သူဇာတ်သားများ ခင်ဗျား... သွတ်... သွတ်... သွတ်... သွတ်... သွတ်... ”

အီကြာကွေး

(ဒီဇင်ဘာလ၊ ၁၉၈၅ ခုနှစ်၊ အမှတ် (၂၆)၊ သဘင်မဂ္ဂဇင်း)

✧✺✧✺✧✺✧



www.burmeseclassic.com

www.burmeseclassic.com



# အစုံလုပ်သဘင်

စိန်အိကြာသည် သဘင်လောကတွင် အမှိုက်ဖြစ်၏။ အမှိုက်တို့မည်သည် မရှုပ်ရလျှင် မနေနိုင်။ တစ်နည်းမဟုတ် တစ်နည်း၊ တစ်မျိုးမဟုတ် တစ်မျိုး၊ ရှုပ်ကို ရှုပ်နေရမှ အစာကြေသည်။ ရင်ချောင်သည်။ စားဝင်သည်။ အိပ်ပျော်သည်။ ဆီးဝမ်းလေ မှန်၍ ကျန်းမာသည်။

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အပျိုတော်ဆိုတာ အလကားပိုနေတာပဲ... မင်္ဂလာရယ်မှ မဏ္ဍိုင်လေတဲ့... မဏ္ဍိုင်ဆိုတာ တစ်ခါတုန်းက ထုတ်ခဲ့တာ သတင်းစာပဲဗျ... သတင်းစာနဲ့ ဇာတ်နဲ့ ဘာဆိုင်သလဲ... အပျိုတော်အခန်းကို ဖြုတ်ရမယ်... အပျိုတော် ထွက်စရာ မလိုဘူး... "

ဤသို့ဖြင့် မြန်မာ့သဘင်၏ ပွဲဦးအစ မင်္ဂလာ့မင်္ဂလာဖြစ်သော "အပျိုတော်" ဇာတ်ခုံပေါ်မှ ပျောက်သွားသည်။ အပျိုတော်နှင့်အတူ "အပျိုတော် ဆယ့်နှစ်ခန်း" ပညာပါ ပျောက်သွားတော့သည်။ မြန်မာ့ဇာတ်သဘင်အစစ်ကို မြတ်နိုးသူများ အပျိုတော်ကို ရှာကြသည်။ အပျိုတော် ဘယ်ရောက်နေမှန်း မသိတော့။ ဇာတ်ခုံပေါ်မှ အပျိုတော် ပျောက်သွားတာ ကြာပြီ။

"ယိမ်းတဲ့... ဘာတွေလဲ... ရှစ်ယောက်ယိမ်းတို့၊ ဆယ်ယောက်ယိမ်းတို့၊ ဆယ့်နှစ်ယောက်ယိမ်းတို့၊ အချိန်ကုန် မျက်စိနောက်အောင် လက်မြှောက်လိုက်၊ ခြေထိုးလိုက်၊ တန်းခွဲလိုက်၊ တန်းညှိလိုက်နဲ့ အလကားရှုပ်နေတယ်... ဖြုတ်ပစ်လိုက်... ယိမ်းဆိုရင် လေတိုက်လို့ ယိမ်းတာကအစ မလိုချင်ဘူး... ယိမ်းမှန်သမျှ ခွေးနဲ့ခေါက်ပြီး ပစောက်နဲ့ ပိတ်တယ်... စိန်အီကြာ့ဇာတ်ခုံပေါ်မှာ မမြင်စေရဘူး... "

ယိမ်းကို ဂရိတ်ဦးဖိုးစိန် တီထွင်ခဲ့သည်။ ယိမ်းသည် စုံစည်းညီညာခြင်း အထိမ်းအမှတ် ဖြစ်၏။ ဇာတ်သဘင်၏ ကျက်သရေဆောင် ယိမ်းသည် စိန်အီကြာ သကောင့်သားကြောင့် ဇာတ်ခုံပေါ်မှာ ပျောက်ခဲ့ရပြန်ပြီ။

"အော်ပရာဆိုတာလည်း အပိုပစ္စည်းပဲ... အော်ပရာများ အဆန်းလုပ်ပြီး အချိန်ပေးနေရသေးတယ်... အော်ပရာဆိုတာ လွယ်လွယ်လေး... ငှက်ပျောသီးအခွံခွာ စားတာထက် လွယ်သေးတယ်... "အံမာလေးဗျ... လာကြပါဦး... ကျွန်တော့်ကို ခွေးကိုက်တော့မယ်" လို့



www.burmeseclassic.com

www.burmeseclassic.com



ငယ်သံပါအောင် အော်တာဟာ အော်ပရာပဲ... ”

အော်ပရာကို ရွှေမန်းဦးတင်မောင်လက်ထက်တွင် ပရိသတ်လက်ခံအောင် ကြိုးစားခဲ့သည်။ အော်ပရာတိုင်းတွင် ပေးဝေချင်သော သင်ခန်းစာတစ်ခု ပါလေ့ရှိသည်။ ဝဏ္ဏပထ (ခေါ်) လှည်းသားငါးရာ အော်ပရာသည် ရွှေမန်းသဘင်၏ နာမည်ကျော် အော်ပရာ ဖြစ်၏။ ဂရိတ်ဦးဖိုးကြာ ခေါ် စိန်အိကြာကား ငမိုက်သား သက်သက်ပင်။ အစဉ်အလာကြီးခဲ့သော အော်ပရာကို သူ၏ဇာတ်ခုံမှ ဖယ်ရှားပစ်ခဲ့သည်။

“ကြည့်လည်း လုပ်ဦး ဇာတ်ဆရာ... အပျိုတော်လည်း မထားယိမ်းလည်း ဖြုတ်၊ အော်ပရာပါ နှုတ်လိုက်တော့ ဇာတ်ဆရာ ဇာတ်မှာ ဘာကျန်တော့လို့လဲ... ဇာတ်ဆရာ သျှောင်ထုံးနဲ့ ကျုပ်သျှောင်ထုံး ဒါပဲ ကျန်တော့မယ်... ”

နောက်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန်က သတိပေးသည်။ သူသည် စိန်အိကြာဇာတ်အဖွဲ့တွင် အသက်အကြီးဆုံး ဇာတ်သဘင်ပညာရှင် ဖြစ်သည်။ အမြင်မတော်လျှင် ပြောရမည့်ဝတ္တရား ရှိသည်။

“ပူမနေစမ်းပါနဲ့ အဘိုးကြီးရာ... သျှောင်နှစ်ထုံးတည်း ကျန်တော့လည်း ခင်ဗျားသျှောင်နဲ့ ကျုပ်သျှောင်၊ သျှောင်ချင်း ချိပြီး သူဖြုတ်ကိုယ်ဖြုတ် ဆွဲကြတာပေါ့... ဖယ်ရှားလိုက်တဲ့ အခန်းကဏ္ဍတွေအတွက်အစားထိုးဖို့ ကျုပ်မှာ အစီအစဉ် ရှိပါတယ်... ”

ဤသို့ဖြင့် စတီရီယိုအဆိုတော်များ၏ စတိတ်ရှိုးသည် မဆီ မဆိုင် ဇာတ်သဘင်စင်မြင့်ပေါ် ရောက်လာသည်။ စိန်အိကြာသည် ရန်ကုန်တွင် ဇာတ်ရောက်စဉ်အတွင်း စတိတ်ရှိုးပေါင်းစုံသို့ ရုပ်ဖျက်၍ ‘လှည့်လည်လေ့လာသည်။ စတီရီယိုအဆိုတော်တွေ ဘယ်လို ဆိုကြသည်၊ ဘာသီချင်းတွေဆိုကြသည်၊ ဘယ်ပုံ လှုပ်ရှားကြသည် စသည်တို့ကို အပ်ကျမတ်ကျ မှတ်သားသည်။ လုံးဝဥဿုံ အတုခိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြင်မြင်ချင်း တို့နှစ်ယောက်မှာ ဘာလိုလိုကြီး ဖြစ်ကြတာ... အေအိုင်ဒီအက်စ် အေ့ဒ်... "

သူမှတ်လာသည့် သီချင်းက တစ်လွဲကြီး ဖြစ်နေသည်။ လွဲမှ လွဲစေ။ စိန်အိကြာကား ဟဲလေ၏။ သျှောင်ထုံးနှင့် ခေါင်းလောင်း ဘောင်းဘီမှာ ဘယ်လိုမှ မအပ်စပ်။ ဘယ်ထောင့်က ကြည့်ကြည့်၊ အကြည့်ဆိုးလှသည်။ သို့သော် စိန်အိကြာကား မမှု ခေါင်းလောင်းဘောင်းဘီဝတ်ကာ သျှောင်ထုံးတကားကားဖြင့် စတိတ်ရှိုး ထွက်ဆို၏။

"ဟော့ကောင် ငပေါ... ဘာတွေ ဆိုနေတာလဲ... ဝင်ကွ ဝင်... ဝင် မျက်စိနောက်တယ်... "

BURMESE CLASSIC .com

အောက်က ကာလသားတွေ ဘယ်လိုအော်အော် စိန်အိကြာ မဝင်ပေ။ ဆားပက်ခံရသော တီကောင်လို ထိုးထိုးထွန့်ထွန့်တွေ လုပ်ပြနေသည်။ ဂိုး၊ ဝင့်၊ ဂွန်းတို့၊ ကမ်း၊ ကိန်း၊ ကမ်းတို့၊ စလိ၊ စလက်၊ စလက်တို့ တတ်သမျှ မှတ်သမျှ ဆက်ဆိုသည်။ အောက်က ပြောင်းဖူးရိုးဖြင့် ပစ်သည့်တိုင် မဝင်သေးပေ။ ပြောင်းဖူးရိုးကို ပြောင်းဖူးကောင်း ထင်ကာ ကောက်ဝါးပြီး ဆက်ဆိုသည်။ ခဲလုံးတက်လာမှ ဝင်တော်မူသော ဟူ၏။

"မတော်မနမ်း အလုပ်တွေကို လျှော့ဖို့ ကောင်းပြီ ဆရာ... အားပေးကြတဲ့ ပရိသတ်က ပြောင်းဖူးရိုးကနေ ခဲလုံး ဖြစ်လာပြီ... အုတ်ထက်ပိုင်းကျိုး မဖြစ်ခင် ရပ်တန်းက ရပ်ဖို့ ကောင်းတယ်... "

ဇာတ်ထဲတွင် သက်ကြီးပိုင်း၊ သက်လတ်ပိုင်း သဘင်သည်များ ဖြစ်ကြသော သျှောင်ထုံးစိန်နှင့် လူရွှင်တော် ကိုပါဒန်၊ ကိုပုတိုတို့က ဝိုင်းဝန်း သတိပေးကြသည်။ ခေတ်ပေါ်ကိစ္စမှန်သမျှ ဆိုင်ဆိုင်မဆိုင်ဆိုင် ဇာတ်ခုံပေါ် ဆွဲတင်ချင်သော စိန်အိကြာက အလျှော့မပေးပေ။ သူသည် ဆက်လုပ်ရန် မိုက်မိုက်ကန်းကန်း ဆုံးဖြတ်လိုက်သည်။

"ကမ္ဘာမှာ ယနေ့ ဘာခေတ်စားနေသလဲ... ခင်ဗျားတို့ သိကြ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား...”

ကိုပါဒန်က “သိတာပေါ့ ဇာတ်ဆရာ... ကမ္ဘာမှာ ခေတ်စားနေတာ အေအိုင်ဒီအက်စ်ပဲ” ဟု ပြောသဖြင့် စိန်အိကြာ ရှုံ့သွားသည်။

“သွားစမ်းပါ... တစ်ဆိတ်ရှိ အေအိုင်ဒီအက်စ်... တစ်ခါလာ အေအိုင်ဒီအက်စ်... ကျုပ် ဆိုလိုတာ ဒါမဟုတ်ဘူး... ကမ္ဘာမှာ ကနေ့ လျှမ်းလျှမ်းတောက် ခေတ်စားနေတာ မိုက်ကယ်ဂျက်ဆင်ဗျ... သူ့အက တွေကို ဗီဒီယိုမှာ ကျုပ် လေ့လာထားပြီးပြီ... စတိတ်ရှိုးမှာ မိုက်ကယ် ဂျက်ဆင်အက ကမယ်... ”

BURMESE CLASSIC .com

သျှောင်ထုံးစိန်မှာ ရှေးအဘိုးကြီး ဖြစ်၍ မိုက်ကယ်ဂျက်ဆင်ကို မသိ။ သူသိသည်မှာ အနာဂျက်ဆင်ဆိုသော အပူကျဆေးသာ ဖြစ်သည်။

“ဖျားယင် ကိုက်ခဲယင် သောက်တဲ့ဆေးက ဘယ်လိုလုပ်ပြီး က သလဲ ဇာတ်ဆရာ... ဖြူဖြူဆေးပြားလေးတွေ ကတယ်ဆိုတာ ကျုပ် တစ်သက် တစ်ခါမှ မမြင်ဖူးဘူး... ”

“အဘိုးကြီး ခင်ဗျားမသိဘဲ ရမ်းပြောမနေနဲ့.. မိုက်ကယ်ဂျက်ဆင်နဲ့ အနာဂျက်ဆင်၊ ဂျက်ဆင်ချင်း တူပေမယ့် မိုက်ကယ်ဂျက်ဆင်က ဆေး မဟုတ်ဘူး... လူဗျ... လူမှ ကမ္ဘာကျော်နေတဲ့ အဆိုတော်... ”

သို့ဖြင့် စတိတ်ရှိုးတွင် စိန်အိကြာ မိုက်ကယ်ဂျက်ဆင်အက ကတော့သည်။ လပေါ် လမ်းလျှောက်အကတဲ့။ ထိုအကကို တစ်ခါမှ မမြင်ဖူး၊ တစ်သက်လုံး မကြားဖူးသော ဇာတ်သမားများ ကားလိပ်ကြားမှ ဝိုင်းကြည့်ကြသည်။ စိန်အိကြာ လပေါ် လမ်းလျှောက်သလို ခြေဖျားလေး ထောက်ကာထောက်ကာဖြင့် ဆိုင်း၍ချက်ကျကျ လျှောက်ပြသောအခါ ဇာတ်သမားတွေ မျက်နှာမည်းသွားသည်။

“ဟွန်း... ဒါများ အဆန်းတကြယ်လုပ်လို့ ကနေရသေးတယ်... ခွေးချေးပုံ နင်းမိမှာစိုးလို့ ဟိုရှောင်နင်း ဒီရှောင်နင်း နင်းနေတာနဲ့ တစ်ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



တည်းပဲ... ”

“ဟုတ်ပတော်... ဘာပုံကြီးမှန်းလဲ မသိဘူး... ရှေ့နင်းလိုက်၊ ကိုယ်ကို နောက်ပြန်ကော့လိုက်နဲ့ ကျုပ်တို့ဇာတ်ဆရာ စိတ်မှ ကောင်းသေးရဲ့လား... ”

မီးယပ်စိန်တို့ သခေါ်ကြည်တို့ မင်းသမီးများ တီးတိုးတီးတိုး အတင်းပြောကြသည်။ ဇာတ်ဆရာဆိုတော့ ညကြေးဖြတ်မှာ ကြောက်ရတယ် မဟုတ်လား။ သူတို့က တီးတိုးပြောပေမယ့် ပရိသတ်ကတော့ ကျယ်ကျယ်ပြောသည်။ “ဟော့ကောင် ငပေါ.. ဘာတွေ လုပ်နေတာလဲ” တဲ့။

ဤမျှဖြင့် တစ်ခန်းရပ်သင့်သော်လည်း စိန်အိကြာ မရပ်။ ကမ္ဘာမှာ နောက်ထပ် ဘာခေတ်စားလာသလဲ လေ့လာတော့ ဘရိတ်ဒန့်ကို တွေ့ရသည်။ ဟုတ်သည်။ ကမ္ဘာ့နောက်ဆုံးပေါ် ရောဂါက ဘရိတ်ဒန့်ပေပဲ။ ဘရိတ်ဒန့်ကို မြန်မာ့ဇာတ်ခုံပေါ် နေရာရွှေ့ပြောင်းရမည်။

ဘရိတ်ဒန့်ပါသော ဗွီဒီယိုခွေတွေ စိန်အိကြာ မလွတ်တမ်း ကြည့်သည်။ ဘရိတ်ဒန့်ကို မလွတ်ရအောင် ကျက်မှတ်သည်။ ပိုင်ပြီ ထင်သည်နှင့် ဇာတ်ခုံပေါ် တင်တော့၏။ စတိတ်ရှိုးနှင့် စိန်အိကြာ ဘရိတ်ဒန့် ခမ်းခမ်းနားနား ကြော်ငြာသည်။ ကြီးကြီးကျယ်ကျယ် ဟိတ်ထုတ်သည်။

ဘရိတ်ဒန့်ဆိုသည်မှာ မြန်မာပွဲကြည့်ပရိသတ်၏မျက်စိတွင် သူငယ်နာထောင့်သန်း ဆွဲသလို၊ လေငန်း ဝေဒနာရှင် လမ်းလျှောက်သလို ဓာတ်လိုက်ခံရသလို၊ ပျားရိုင်းတုပ်၍ ကိုးရိုးကားယား ဖြစ်သလို ဒီလိုပဲ မြင်နေရသည်။ မည်သည့်အရသာမျှ မခံစားရ။ ကြာကြာကြည့်လေ၊ ခံနှင့်ထုချင်လေ။ ဒေါမနဿစိတ်တွေသာ ပွားများကြရသည်။

စိန်အိကြာ ဘရိတ်ဒန့် ကနေစဉ် ရုံဝမှ စိန်အိကြာ၏ ဧရာမ ဇာတ်ပိုစတာကြီးကို စာလုံးတွေ ပြင်ရေးသွားသည်။ စိန်အိကြာ ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



သဘင်ကို "ဇာတ်" ဆိုသော စကားလုံးနေရာတွင် "အစုံလုပ်" ဟု ပြင်ရေးထားခဲ့သည်။ ကမ္ဘာမှာ ခေတ်စားသမျှ ကိုယ်နှင့်ဆိုင်ဆိုင်၊ မဆိုင်ဆိုင် အစုံလိုက်လုပ်နေမှတော့ "ဇာတ်သဘင်" အမည်မတပ်ဘဲ "အစုံလုပ်သဘင်" သာ တပ်သင့်သည် မဟုတ်ပါလော။

အိကြာကွေး

(ဖေဖော်ဝါရီလ၊ ၁၉၈၆ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✹✧✹✧✹✧



www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာကြီးပါ ကျဉ်းပစ်မယ်

"ဟူး... မလွယ်ပါလား... "

စိန်အိကြာသည် ဆေးပြင်းလိပ်တိုကို မဲဖွာနေရာက ဟူးခနဲ သက်ပြင်းမှုတ်ကာ မလွယ်ပါလားဟု ပြောလိုက်သည်။ တစ်မနက်လုံးပါပဲ။ ခုတင်ပေါ်တွင် မျောက်ထိုင်ထိုင်ကာ လင်းတမှိုင်မှိုင်နေခဲ့သည်။ ဆေးပြင်းလိပ် မီးခိုးကို ဖူးခနဲ မှုတ်လိုက်၊ သက်ပြင်းကြီးကို ဟူးခနဲ ထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာ ကြာပြီ။ မလွယ်ပါလား၊ မလွယ်ပါလားကလည်း အခွန်းပေါင်း တစ်သိန်းလောက် ရှိရော့မည်။

"မင်းသား ဘာဖြစ်တယ် မသိဘူး… တစ်မနက်လုံး စကား သိပ် မပြောဘဲ မလွယ်ပါလားချည်း ညည်းနေတယ်… အစစအရာရာ သတိ ထားကြနော်… စိတ်တိုင်းမကျတာ တစ်ခုခုတွေ့တာနဲ့ သူ့ဒေါသ ပေါက် ကွဲလိမ့်မယ်… "

ဇာတ်ထဲမှာ မင်းသားက အရေးပါအရာရောက်ဆုံး ပုဂ္ဂိုလ် မဟုတ်လား။ မင်းသားလည်း မင်းသား၊ ဇာတ်ဆရာလည်း ဇာတ်ဆရာ ဆိုလျှင် ပို၍ အရေးပါကာ ပို၍ အရာရောက်သည်။ ဇာတ်ထဲမှာ သူသာ အရှင်၊ သူသာ သခင်။ သူ့အလိုမကျလျှင် တွေ့ရာနှင့် ကောက်ပေါက် တာတို့၊ ဆွဲထိုးတာတို့၊ ညကြေးဖြတ်တာတို့ လုပ်တတ်သည်။ အဆုံးစွန်မှာ ဇာတ်ထဲကပင် ထုတ်ပစ်တတ်သည်။

ဆဲတာ၊ တိုင်းတာလောက်ကတော့ အသေးအဖွဲ့ပါ။ ဆဲတာ တိုင်းတာလောက်ဖြင့် ပြီးသွားလျှင် ကံကြီးလှပြီ ယူဆရသည်။ ဇာတ်သမား များ အမေတွေ၊ အဒေါ်တွေ၊ နှမတွေ၊ တူမတွေမှာ စိန်အိကြာ၏ အဆဲ သမုဒ်ပြင်တွင် ပက်လက်မျောက်ခုံ၊ နစ်တုံပေါ်တုံ မျောပါရပေါင်း များပြီ။ စိန်အိကြာက ဆဲပြီဆိုလျှင် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ထက် အောက် စုန်ဆန်ကာ တစ်ယောက်မှ မကျန်အောင် ဆဲတတ်သည်။

"သက်ပြင်းတွေ ချလှချေလား မြင်းလားကြီး… "

တစ်ဇာတ်လုံးတွင် စိန်အိကြာကို ပြောရဲဆိုရဲသူဆို၍ ဟာကြူလီ ပျော့သာ ရှိသည်။ သူက စိန်အိကြာနှင့် အလွန်ရင်းသည့် စိန်အိကြာ့ ရောင်းရင်း။ ဘာမှနားမလည်ဘဲ ဇာတ်ထဲမှာ ဇာတ်ခုံမန်နေဂျာ အလုပ် ရထားသူ။ မင်းသားကို မြင်းလားခေါ်ရဲသည်မှာ နည်းနည်းနောနော ရင်းနှီးမှု မဟုတ်၊ သေးသေးကွေးကွေး သတ္တိ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com


"မင်း အေးအေးနေရင် ကောင်းမယ် ငပျော့... ငါ စိတ်ညစ်နေတယ်... "

"စိတ်ညစ်နေရင် ဖြူအောင် ဖွတ်လိုက်ပေါ့ဗျာ... ဘာအမိပ္ပာယ်နဲ့ မလွယ်ပါလား ညည်းနေတာလဲ... မလွယ်ပါလားဆိုတာ ကျုပ်အထင်တော့ ခက်လို့ပဲ... "

"ကဲ ခက်ဦးကွာ... "

စိန်အီကြာက ကြေးမီးခြစ်ကြီးဖြင့် လှမ်းပစ်သည်။ ဟင်း... ဟင်းသိုင်းဝတ္ထုတွေ ဖတ်ထားတဲ့ ဟာကြူလီငပျော့ပဲ။ ရှောင်ကွန်နရီသိုင်းကွက်ဖြင့် အသာလေး ရှောင်ပေးလိုက်သည်။

"စိန်အီကြာတဲ့ဟေ့... ကမ္ဘာကြီးပါ ကျဉ်းပစ်မယ်... "

ဟိုက်... ရှာလပတ်ရည်။ နေရင်းထိုင်ရင်း အကောင်းသားကဘယ်လိုတွေ ဖြစ်ပြန်ပါလိမ့်။ မင်းသား ရူးသွားတာလား၊ စိန်အီကြာကမ္ဘာကြီးပါ ကျဉ်းပစ်မယ်တဲ့... အော်ကြီးဟစ်ကျယ် ထကြွေးကြော်သည်၊ ကမ္ဘာကြီး ကျဉ်းသွားတယ်ဆိုရင် ဓနုဖြူ ပြန်လိုပါက သင်္ဘောစီးဖို့ မလို။ တောင်ဥက္ကလာ့အိမ်ပေါ်က ဆင်းပြီး တစ်လှမ်းနှစ်လှမ်းလောက် လျှောက်လိုက်ရုံဖြင့် စိန်အီကြာ ဓနုဖြူ ပြန်ရောက်နိုင်သည်။ ဒီအမိပ္ပာယ်လား။

"ဇာတ်သမားတွေ ရှေ့ခွင်ကစပြီး ခုတင်တွေ ယူစရာ မလိုတော့ဘူး... အားလုံး ရန်ကုန်ပြန်ပို့မယ်... သိမ်းကြ သိမ်းကြ... "

မည်သို့ပင် ဖြစ်စေ၊ အမိန့်သည် အမိန့်ပဲ ဖြစ်သည်။ စိန်အီကြာအဖွဲ့တွင် ဇာတ်သူဇာတ်သား ရှစ်ဆယ်ကျော် ရှိသည်။ ခုတင်ရှစ်ဆယ်မှာ အချိန်အနည်းငယ်အတွင်း ဝုန်းဒိုင်းဖြင့် ဖြုတ်ပြီး၊ ထပ်ပြီး၊ သိမ်းပြီးဖြစ်သွားသည်။ ခုတင်ဆို၍ စိန်အီကြာ အိပ်သော ခုတင်တစ်လုံးသာကျန်တော့သည်။ ငပျော့၏ခုတင်ပင် ရန်ကုန်ပြန်ပို့ခံရသည်။


www.burmeseclassic.com

www.burmeseclassic.com



"စိန်အိုးကြာတဲ့ပေ့… ကမ္ဘာကြီးပါ ကျဉ်းပစ်မယ်… "

လုပ်ပြန်ပြီ နောက်တစ်ရုံ။ နောက်တစ်ခွင်၏ နောက်ဆုံးည ကအပြီး စိန်အိုးကြာ ကြွေးကြော်ပြန်ပြီ။ ဇာတ်သမားတွေ၏ အိုးခွက်၊ ပန်းကန်၊ အပိုပစ္စည်းဟူသမျှ ထုပ်ပိုးပြီး ရန်ကုန်ပြန်ပို့ပစ်သည်။

"မြင်းလားကြီး… ခင်ဗျား မဟုတ်တော့ဘူး ထင်တယ်… ခုတင် တွေ ပြန်ပို့၊ အိုးခွက်ပန်းကန်တွေ ပြန်ပို့… ဘာတွေ လျှောက်လုပ်နေတာ လဲ… ခင်ဗျားက ခုတင်ပေါ်မှာ သေတော်ခေါ်၊ ဇာတ်သမားတွေက မြေပေါ်မှာ ဖျာခင်းအိပ်… ခင်ဗျားက ကြွေပန်းကန်နဲ့ အပင်းဆို့… ဇာတ် သမားတွေက မြစိမ်းဖက်နဲ့ ပွဲတော်တည်… ခွဲခြမ်း ခွဲခြမ်း မလုပ်ပါနဲ့… ငါ မင်းသား၊ ငါ ဇာတ်ပိုင်ရှင်၊ ငါတကောကောပြီး ဇာတ်သမားတွေကို အနိုင်ကျင့်တာလား… ခင်ဗျားက တစ်ယောက်တည်း… ဇာတ်သမားက ရှစ်ဆယ်ကျော်… ကိုယ့်လူ လူစင်စစ်က လျက်ဆားဖော်လို့ရအောင် အမှုန့် ဖြစ်သွားမယ်… "

"ဟုတ်တယ် ဟုတ်တယ်… ဒါ ဟုတ်တယ်… "

အပေါင်းအသင်းသော်၊ ဘာသောညာသော မတရားရင် ဆော် သာဆော် ဟာကြူလီငပျော့က ပြောသည်။ ကျန်ဇာတ်သမားတွေက "ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါဟုတ်တယ်" ဟု တစ်ခဲနက် ထောက်ခံကြ သည်။ ကမ္ဘာကြီးပါ ကျဉ်းပစ်မည့် စိန်အိုးကြာ မဖြုံပါ၊ မတုန်ပါ။

"ကျုပ်က ကောင်းသော ရည်ရွယ်ချက်နဲ့ လုပ်နေတာ… နေ့စဉ် စားနေရတဲ့ ဇာတ်ထမင်း၊ ဇာတ်ဟင်းတွေ အတန်အသင့် ကောင်းမွန်လာ မယ်… ညစဉ် ရနေတဲ့ ညကြေးတွေ သုံးကျပ်၊ ငါးကျပ်၊ ရှစ်ကျပ်၊ ဆယ့် နှစ်ကျပ်စီ အသီးသီး တိုးမြှင့်လာမယ်… ဒါဆိုရင် ခင်ဗျားတို့ ကျေနပ် မလား… "



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဒီလိုဆိုရင်တော့... "

"ဒီလိုဆိုရင်တော့တွေ ဟိုလိုဆိုရင်တော့တွေ လုပ်မနေနဲ့... ကားလိပ်တွေ ရန်ကုန် ပြန်ပို့မယ်... ပြည်ဖုံးကားနဲ့ နောက်ခံပိတ်ကားအဖြူ ဒါပဲ ထားမယ်... စစ်ပြီးစခေတ်က ရန်ကုန်မှာ "မီးတစ်လုံးနဲ့ဆိုင်" ဆိုတဲ့ ကြော်ငြာတစ်ခု ကျုပ် မှတ်မိတယ်... စိန်အီကြာ ဇာတ်သဘင်လည်း မီးတစ်လုံးနဲ့ သဘင် ဖြစ်အောင် မီးခွင်တွေကို လျှော့ပစ်မယ်... "

"ဘယ်လိုလဲဗျ... ဇာတ်အသက်ထွက်အောင် အမှည့်ခွေ ခွေနေတာလား... ကားမပြည့်မစုံ၊ မီးမှုန်မှုန်နဲ့ ကကြရမှာလား... မြေဝိုင်းခေတ်ကို ပြန်သရုပ်ဖော်မလို့လား... သူများဇာတ်တွေ မီးကန့်လန့်ကာ၊ မီးလိပ်ပြာ မီးခွင်အမျိုးမျိုး တိုးချဲ့နေချိန်မှာ ကျုပ်တို့ဇာတ်က ရှိတဲ့မီးခွင်လေး ပြန်လျှော့မယ်ဆိုတော့ အင်း... အမှောင်နှင့်မည်းမည်းမှာ မမြင်မစမ်း က,ရတဲ့ အိုးနင်းခွက်နင်းသဘင် ဖြစ်တော့မှာပဲ... "

"မင်း နားမလည်ပါဘူး ပျော့... ကမ္ဘာကြီးပါ ကျဉ်းပစ်မယ့် စိန်အီကြာကွ... နောက်ခံကား အဖြူတစ်ကားပဲ ထားမယ်... လိုအပ်တဲ့ တော၊ တိုက်၊ အိမ်၊ တဲ ဆလိုက်ပြားနဲ့ ထိုးပြမယ်... နန်းမြို့ရိုး၊ ကျုံးဒါတွေ လည်း ဆလိုက်ပြားပဲ... ပင်လယ်သမုဒ္ဒရာ၊ ရေမြေတောတောင် လျှိုမြောင်ချိုင့်ဝှမ်း... အိုကွာ ယုတ်စွအဆုံး သချိုင်းကုန်းမြင်ကွင်းအထိ ဆလိုက်ပြားပဲ သုံးမယ်... "

ဇာတ်သမားများကို ခါးဝတ်ခါးစား နှစ်စုံစီသာ ထားစေ၍ ကျန်သမျှကို ရန်ကုန် ပြန်ပို့ပစ်သည်။ ပျော့က အဝတ်နှစ်ထည် ကိုယ်တစ်ခု သဘင်ဟု မထိတထိ လှောင်သည်။ ဇာတ်ထမင်းမှာ ဆန်ကောင်းလာတာ၊ ဇာတ်ဟင်းမှာ တစ်ပတ်နှစ်ခါ အသားဟင်း ပါလာတာ အမှန်။ ညကြေးတွေ သုံးကျပ်၊ ငါးကျပ်၊ ရှစ်ကျပ်စီ အသီးသီး တိုးရတာလည်း



www.burmeseclassic.com

www.burmeseclassic.com



အမှန်။

"အဝတ်နှစ်ထည် ကိုယ်တစ်ခု သဘင်မှာ ကျုပ်ပိုင်အဝတ်နှစ်ထည်လုံး လျှော်ထားလို့ ဝတ်စရာ မရှိဘူး... အရပ်ဝတ်မရှိတော့လည်း ဇာတ်ဝတ်ပဲ ဝတ်သွားတော့မယ်... "

ထိုမြို့က အရက်ပုန်းဆိုင်လေးတွင် ဇော်ဂျီဝတ်စုံဖြင့် အရက်ဝင်ချနေသော ဟာကြူလီငပျော့။ အရက်ပုန်းဆိုင်မှ အပြန် ဇော်ဂျီဦးထုပ်မေ့ကျန်ခဲ့သဖြင့် လမ်းတစ်ဝက်မှ ပြန်လှည့်ယူရသည်။ တော်ပါသေးရဲ့။ အမြည်းဆိုင်က ဒန်အိုးဖုံးပေါ်မှာ ပုံ့ပုံ့ကလေး ပြန်တွေ့ရပေလို့။ နီနီသေးသေးလေးမို့ လက်သုတ်ဖတ် မှတ်ပြီး အမူးသမားတွေ လက်မသုတ်တာ ကျေးဇူးတင်ရသေးသည်။

မင်းသမီးများလည်း အရပ်ဝတ် မရှိကြတော့သဖြင့် ဇာတ်ဝတ်ဖြင့်ပင် ဈေးသွားကြသည်။ ဘော်ကြယ်ထိုး ထဘီတွေ ပြောင်ပြောင်ဖြင့် ဈေးထဲမှာ လူဝိုင်းကြည့်ခံရသည်။ စစ်သူကြီးဝတ်စုံအပြည့် ဝတ်ထားသော ဇာတ်သမားတစ်ယောက် မုန့်ဟင်းခါး စားနေတာ မြင်ရသည်။ စစ်သူကြီးက ဗန္ဓုလဦးထုပ်ကြီး မြှောက်၍ မင်းသမီးများကို "လာ စားသွားကြပါဦးလား" ဟု လှမ်းခေါ်သည်။

ဈေးဝယ်ထွက်နေသော ပုဏ္ဏားတော်ကြီးနှင့် လက်ဖက်ရည်ဆိုင်ထိုင်ကာ နံပြားနှင့် မလိုင် တီးနေသော ဘုရင်မင်းမြတ်ကိုလည်း တွေ့ရသည်။ မြတ်ဘိုးတော် သိကြားမင်းနှင့် အာဋ္ဌာဝကဘီလူးမင်းတို့ ဆိုက်ကားပေါ် ကျောချင်းကပ် ပါသွားတာ မြင်တော့ ကလေးတွေ ဝိုင်းလှောင်သည်။ ဘီလူးကြီး ကလေးအသား ခါးသည်၊ ခွေးအသား ချိုသည်။ သွတ် သွတ် သွတ် သွတ်... တဲ့။

နောက်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန်၏ ဒုက္ခကလည်း



www.burmeseclassic.com

www.burmeseclassic.com



မသေး။ လေထိုးလေအောင့်သဖြင့် ဈေးထဲသို့ လေဆေး သွားဝယ်သည်။ ရှိတဲ့ အရပ်ဝတ်စုံနှစ်စုံ လျှော်ထား၍ သက်တော်ရှည်ဘိုးဘိုးကြီးဝတ်စုံဖြင့် သွား ရသည်။ သျှောင်ထုံး နေပူမှာစိုး၍ ဝန်ဦးထုပ် စွပ်သွားသည်။ သို့ရင်း အင်္ကျီကြီးတဖားဖားကို ခွေးတွေ မျက်စိနောက်ကာ ကိုက်ဆွဲသဖြင့် ဈေး မရောက်ဘဲ လမ်းတစ်ဝက်က ပြန်ပြေးခဲ့ရသည်။

အဝတ်နှစ်ထည် ကိုယ်တစ်ခု ဇာတ်အဖွဲ့သားများ၏အဖြစ်ကား စိတ်လည်း ညစ်ရ၏။ ပျော်လည်း ပျော်ရ၏။ ငိုစရာ ကောင်းသလို ရယ်စရာလည်း ကောင်းလှသည်။ ဇော်ဂျီ ဟာကြူလီပျော့က မူးမူးဖြင့် စိန်အီကြာကို အပြစ်တင်သည်။

"ခင်ဗျား တော်တော်ထွင်တဲ့ ငထွင်ပဲ... ဇာတ်သမားတွေ မြို့ထဲမှာ အဟားခံနေရပြီ... "

"ကောင်းတာပေါ့ကွ... "

"ဘယ်လိုရွှေဉာဏ်တော် စူးရောက်ပြီး ပေါက်တတ်ကရတွေ လျှောက်လုပ်တာလဲ... ကမ္ဘာကြီးပါ ကျဦးပစ်တော့ တောင်ဥက္ကလာက ခင်ဗျားအိမ်ကလေး ဓနုဖြူ ပြန်ရောက်မယ် ထင်လို့လား... "

"မင်း စဉ်းစားကြည့်ပါ... ခုဆိုရင် တို့ဇာတ်ဟာ အတော်လေး ကိုယ်ရည်စစ်သွားပြီ... ဇာတ်ဖက်တီးကနေ ဇာတ်ဆလင်းဘော်ဒီလေး ဖြစ် သွားပြီ။ ရုံမြေနေရာ ဈေးတွေ ခေါက်ခိုက်နေတဲ့အထဲ တစ်နေရာနဲ့ တစ်နေရာ၊ တစ်မြို့နဲ့ တစ်မြို့ ကူးရသန်းရတဲ့ သယ်ယူပို့ဆောင်ရေး စရိတ်စကလည်း မသေးဘူး၊ မိသားစုငါးယောက်ရှိတဲ့ အိမ်ထောင်တစ်စု ပြောင်းတာတောင် ဘယ်လောက်တုန်သလဲ... လူရှစ်ဆယ်ကျော် ဇာတ် အဖွဲ့သားတွေရဲ့ သွားစရိတ် လာစရိတ် သယ်ယူပို့ဆောင်ခကို တွက်သာ ကြည့်ပေတော့... ခုတင်တွေ ပြန်ပို့လိုက်တာ ကားတစ်စီးစာ သက်သာ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်... အိုးခွက်၊ ပန်းကန် အပိုပစ္စည်းတွေ ပြန်ပို့လိုက်တာ နောက်ထပ် ကားတစ်စီးစာ သက်သာသွားတယ်... ကားလိပ်တွေ၊ အဝတ်အထည်တွေ ပြန်ပို့လိုက်တာ နောက်ထပ်ပြီး ကားတစ်စီးစာ သက်သာသွားတယ်... မူလက ကားငါးစီး တိုက်ရတဲ့ တို့ဇာတ်ဟာ ခုတော့ ကားနှစ်စီး တိုက်စာပဲ ကျန်တော့တယ်... ဇာတ်ပစ္စည်းတွေ တဖြည်းဖြည်း ကျဉ်းပစ်ရာကနေ ကမ္ဘာကြီးပါ ကျဉ်းပစ်မယ်ဟေ့... ကမ္ဘာကြီးပါ ကျဉ်းပစ်မယ်... သွတ် သွတ် သွတ်... "

အိကြာကွေး

(မတ်လ၊ ၁၉၈၆ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✸✧✸✧✸✧



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ့်အလုပ် ကိုယ်လုပ်

"ဘာမပို... တာဝေငှလိုက်တော့၊
ရာဇဂြိုဟ် သာကေတရယ်နှင့်၊
(အလိုဗျာ... ) ဖျာဝေလို့ ကရပါတဲ့ စိန်အီကြာ... "

စိန်အီကြာ ဖျာဝေကခဲ့ရသည်မှာ ကာလတောင် အတော်ကြာခဲ့ပြီ။ ခေတ်ပြိုင်ဇာတ်သဘင်တွေ မီးခွင်သာသည်။ ဆက်တင် သာသည်။

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



တီးဝိုင်း သာသည်။ အစစအရာရာ စိန်အိကြာထက် သာသည်။ အသာတကာ့ အသာဆုံးကား ခေါင်းဆောင်မင်းသား အသက်ငယ်ခြင်း၊ ရုပ်ချောခြင်း။

ကနေ့ ပွဲကြိုက်သူတွေက "ပညာ" ကို မကြည့်တော့။ အသက်ကို ကြည့်ကြသည်။ မီးခွင်၊ ကားခွင်၊ ဆက်တင်၊ လိုက်တင်တွေကို ကြည့်ကြသည်။ မီးကန့်လန့်ကာ၊ မီးပဒေသာတို့ကြားတွင် မီးကလီကမာ စိန်အိကြာ ဘယ်ပုံတိုးနိုင်မည်နည်း။

ရှုံလူမဝင်လျှင် မဟာအရှက်ကွဲတော့မည်မို့ ဖျာဝေကရသည်။ ပွဲကြိုက်သူများမှာ ဖျာအလကား ပေးသည့်တိုင် မလာချင်ကြ။ ဒါပဲနော်၊ မလာရင် စိတ်ဆိုးမှာပဲနော် ဟု နှစ်ပါးခွင် ထွက်ရင်း သီချင်းနှင့် မက်လုံးပေး မြူဆွယ်သော်လည်း လူ တကယ်မလာသည်မှာ စိန်အိကြာဇာတ်ပွဲ။

"ခက်တယ်ဗျာ... ဖျာဝေတာတောင် လူမလာချင်ဘူး... ဖျာဝေရင်းနဲ့ ဒူးယားတစ်လိပ်စီပါ ဝေရရင် ကောင်းမယ် ထင်တယ်... "

စိန်အိကြာ ခြုံသံပါအောင် ညည်းပြောပြောသည်။ နောက်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန် တစ်စုံတစ်ရာကို နှိုက်နှိုက်နှဲ့နှဲ့ စဉ်းစားနေသည်။

"ဒီလိုလုပ်ရင် ကောင်းမယ် ဇာတ်ဆရာ... ဂရိတ်ဦးဖိုးစိန်နဲ့ ပြောင်းပြန်ပေ့ါ... ဦးဖိုးစိန်ခေတ်က ပွဲကြိုက်သူတွေဟာ ဦးဖိုးစိန်ကို ဆေးပေါ့လိပ်ကြီးတွေ လက်ဆောင်ပေးကြတယ်... တချို့မိန်းမတွေက ဆေးပေါ့လိပ်ထဲမှာ ရွှေဒင်္ဂါးပြားတွေ ထည့်ပေးတယ် ဆိုပဲ... ဇာတ်ဆရာလည်း ဖျာဝေရင်း ဆေးပေါ့လိပ်တစ်လိပ်စီ လက်ဆောင် ပြန်ပေးပေ့ါ... ကံကောင်းသူ ရမယ်လို့ သတင်းလွှင့်လိုက်ရင် ပွဲလူစည်ပါလိမ့်မယ်... "

စိန်အိကြာမှာ ခနေဖျူသား ဖြစ်သည်။ သူတို့ ခနေဖျူသည် သင်ဖြူးဖျာ၊ ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်တို့တွင် နာမည်ရသည်။ ခနေဖျူကို



www.burmeseclassic.com

www.burmeseclassic.com



ဖက်ဆေးပေါ့လိပ် သုံးထောင် ပြန်မှာပြီး ဖျာနှင့်အတူ ရောဝေသည်။ ရွှေဒင်္ဂါးပြားပါသည့် သတင်းမှာ ပွဲခင်းတွင် ပြန့်နေသဖြင့် ကျွန်တော့် တစ်လိပ်ပေးပါ၊ ကျွန်မ တစ်လိပ်ပေးပါ လက်ယှက်ထိုးဖြစ်နေသည်။

ဘယ်လိုပွဲကြည့်တွေပါလိမ့်။ ဖျာကို မယူဘဲ ဆေးပေါ့လိပ်ချည်း အရအမိ ယူနေကြသည်။ ရုံဝတွင်ပင် ဆေးပေါ့လိပ်ကို ဖျက်ကာ ရွှေဒင်္ဂါး ရှာကြသည်။ ရွှေဒင်္ဂါး အသာထား၊ ငါးပြားစေ့တောင် မတွေ့။ ဆေးလိပ် သုံးထောင်သာ ကုန်ရော၊ ရွှေဒင်္ဂါးနှင့် တူတာဆို၍ ဆေးပြင်းလိပ်တပ် သည့် ရွှေရောင်တံဆိပ်တောင် မတွေ့။ ပွဲကြိုက်သူတွေ အကြီးအကျယ် စိတ်ဆိုးကြသည်။ အညာခံရသည်ဟု ဒေါသ ဖြစ်ကြသည်။ "စိန်အီကြာ စဖြီး" ဟု အော်ဟစ်ဆဲဆိုကာ အိမ်ပြန်ကုန်ကြသည်။ ရုံဝတွင် ဆေးလိပ် ပျက်တွေ တောင်ပုံရာပုံ။

"ဆေးလိပ်သုံးထောင်တော့ ကုန်သွားပြီ... "

"ဟုတ်ပ ဟုတ်ပ... "

"အရှက်ကွဲတာပဲ အဖတ်တင်တယ်... "

"ဟုတ်ပ ဟုတ်ပ... "

မင်းသားကြီး သျှောင်ထုံးစိန်မှာ ညက နောက်ပိုင်းတွင် ဝန်လုပ် ထားသဖြင့် ဝန်စကားတွေ နှုတ်ထဲ စွဲနေသည်။ စိန်အီကြာ ဘာပြောပြော၊ ဟုတ်ပ ဟုတ်ပ ချည်း လိုက်နေသည်။

"ဘာဟုတ်ပလဲ... သျှောင်ထုံးဆွဲဖြုတ်ပစ်လိုက်လို့ ခေါင်းတုံး ပြောင် အုန်းမောင်နှပ်ချီးထူ ဖြစ်သွားမယ်... "

"ဟုတ်ပ ဟုတ်ပ... "

"လာပြန်ပလား ဒီဟုတ်ပ... ကျုပ် ဘာလုပ်ရမလဲ... "

"မပြောတတ်ဘူး ဇာတ်ဆရာ... "

သူ့မေးလိုက်ရင်း ဒီလိုချည့်ပဲ၊ ဟုတ်ပမှ လွဲ၍ တခြား ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်။ ကိုယ့်အနာဂတ်ကို ကိုယ့်ဘာသာ တည်ဆောက်ရမည်။ အကြံကောင်း ဉာဏ်ကောင်းထွက်အောင် စိန်အိကြာ သျှောင်ထုံး လေသလပ်ခံသည်။ ရုံနောက်ဘက်တွင် လယ်ကွင်း။ ကွင်းလေက တဖြူးဖြူး တဟူးဟူး တိုက်နေသည်။ သျှောင်ထုံး ဖြေလျှော့၍ ဦးရေပြားကို လေတိုက်ခံလိုက်တော့ ဟိုက်... ရှာလပတ်ရည် အကြံကောင်းဉာဏ်ကောင်းတွေ ရသွားသည်။

"အကြံရပြီ... ကျုပ် အကြံရပြီ... ကနေ့ညမှာ သခေါကြည်ကို အငြိမ့်ခန်း ကခိုင်းမယ်... ကိုပါဒန်တို့ ကိုပုတိုတို့နဲ့ ရောပြီး ကျုပ်ကိုယ်တိုင် လူရွှင်တော် ဝင်လုပ်မယ်... ခေါင်းဆောင်မင်းသားလူရွှင်တော် လုပ်တယ်ဆိုတော့ ပွဲကြည့်တွေ စိတ်ဝင်စားတာပေါ့... ဇာတ်ကြော်ငြာကား လှည့်ရင် ဒီအတိုင်း ကြော်ငြာလိုက်... "

လူမိုက် ကံကောင်းဟု ဆိုရလေမလား မသိ။ စိန်အိကြာ လူရွှင်တော်လုပ်သည်ကို ပွဲကြိုက်သူများ တစ်ခဲနက် လာရောက်အားပေးကြသည်။ ဝေဖျာတွေ အစောကြီး ပြတ်သွားသည်။ ဝေဖျာ ပြတ်တော့ ဝေကုလားထိုင် ဆက်လုပ်သည်။ ဝေကုလားထိုင်လည်း ရှစ်နာရီ မထိုးမီ ပြတ်ပြန်သည်။ ရုံဝင်ခမှာ လူကြီးတစ်ကျပ်၊ ကလေးပြားငါးဆယ်။

လူတွေ ကြိတ်ကြိတ်တိုးလာကြသည်။ ရှေ့လူကို ဝင်ခတောင်း‚ တော့ နောက်လူကို လက်ညှိုးထိုးပြသည်။ နောက်လူကို တောင်းတော့ သူ့နောက်လူကို လက်ညှိုးထိုးပြပြန်သည်။ လူဆယ်ယောက် တန်းစီဝင်သွားသည်။ ဆယ့်တစ်ယောက်မြောက်လူကို တောင်းတော့ "ဘယ်သိမလဲဗျ... ကျုပ်နဲ့ ဘာဆိုင်လဲ... " ဟု ဘုမှုတ်သည်။

"ကဲ ကဲ... မဆိုင်လည်း ခင်ဗျားတစ်ယောက်တွက်တော့ ပေးပါ... "

"ဘာလို့ ပေးရမှာလဲဗျ... နှဲမှုတ်တဲ့ ကိုစိန်အေးက အလကား



www.burmeseclassic.com

www.burmeseclassic.com



လာကြည့်ဖို့ ခေါ်ထားလို့ လာတာ... မဝင်ရရင် ပြန်မယ်... ”

“ဒီလိုတော့ မလုပ်ပါနဲ့လေ... ပိုက်ဆံမပါပေမယ့် ဝင်ပါ ဝင်ပါ နောက်ဘယ်သူ ဝင်ချင်သေးသလဲ... ”

ရုံဝမှ စုပြုံနေသော လူအုပ်ကြီးက ကျွန်တော် ဝင်မယ်၊ ကျွန်မ ဝင်မယ်၊ စာစာလောင်လောင် အော်ကြသည်။ အတင်းတိုးဝှေ့ဝင်ကြသည်။

“ရုံဝင်ခ မပေးဘဲ ,အလကားဝင်တဲ့ ဖရီးမေဆင်များ ခင်ဗျား မတိုးကြပါနဲ့... မဝှေ့ကြပါနဲ့... စည်းကမ်းသေဝပ်စွာ တစ်ယောက်ချင်း တန်းစီဝင်ကြပါ... ဖိနပ်တက်နင်းမိလို့ ပြုတ်သွားရင် ကျွန်တော်တို့ မလျော် နိုင်ပါဘူး... ”

အလကား ဝင်ရလို့လား မသိ။ တစ်ခဏအတွင်း ရုံပြည့်သွားသည်။ နှီးချက်ဖြုတ်ထားသော အကာထရံတွေကို ဖွင့်ပေးလိုက်တော့၊ အတွင်းပရိသတ်နှင့် အပြင်ပရိသတ် ဆက်မိသွားသည်။ သတင်းစာ တစ်စောင်စောင်တွင် ရုံပြည့်ရုံလျှံ ရုံပွင့်ထွက်အောင် တစ်ခဲနက် အားပေး ကြသော ပွဲကြိုက်သူများကို ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။ (ပုံ) စိန်အိကြာ။ ဘာညာကွိကွ ကြော်ငြာထည့်ပြီး မသိသူများကို စိန်အိကြာ ဖြီးပေးလိမ့်ဦးမည်။

ဘယ်နေ့မှ ဘယ်နေ့အထိ နတ်ထို့ပလို့ရွာ ဘုရားပွဲ၊ ဘယ်ရက်မှ ဘယ်ရက်အထိ ကင်ပွန်းခြုံရွာ သဲပုံစေတီပွဲ စသည်ဖြင့် ပွဲစဉ်တွေကို ကြော်ငြာကာ စိန်အိကြာ ကြွားပါဦးမည်။ မယုံသူများ သတင်းစာကြော်ငြာ ခန်းကို သတိထား စောင့်ဖတ်ကြပါ။ ဒါမျိုးတွေ လုပ်လာတာ စိန်အိကြာတို့ ရိုးဟိုးဟိုးနေပြီ။

“ပီလောရယ်တဲ့ မှိုနတို ဟင်းချိုအောင် အာဂျီနိုမိုတို ခပ်ပါလို့ ကိုကျားကြီး သူ့လယ်တောမှာ... ”



www.burmeseclassic.com

www.burmeseclassic.com



တောင်ရှည်ပုဆိုး ကွက်တုံးကြီး ဝတ်၊ ခေါင်းပေါင်း ငှက်ပျော တောမင်းသားပေါင်းဖြင့် လူ့ရှင်တော်ယောင်ဆောင်ထားသော စိန်အိုးကြာ ခွန်းထောက်ဟစ်သည်။ ပရိသတ် ရယ်မှ ရယ်စေဟူ၍ ဟင်းချိုအောင် ပုစွန်မခပ်ဘဲ အာဂျီနိုမိုတို ခပ်သည်။ ကိုသာမြတ် သူ့လယ်တော်ကို ကိုကျားကြီး သူ့လယ်တောဟု ကာရန် လွဲလိုက်သည်။

ဟာသညာဏ် ပြောင်မြောက်သောကြောင့် ထင်၏။ ပရိသတ် တုတ်တုတ်မျှ မလှုပ်။ စိန်အိုးကြာ ကိုယ့်ခွန်းထောက်နှင့်ကိုယ် ကြောင်သွားသည်။ ကိုပါဒန်၊ ကိုပုတိုတို့က မရယ်ရလို့ ရယ်တာမှန်း သိအောင် "ဟတ် ဟတ် ဟတ် ဟတ်... " ဟု အောက်ကလိသံဖြင့် ဝိုင်းလျှောင်ကြသည်။

"ကိုင်း... ကိုင်း ကောင်မလေးကို ခေါ်ကြရအောင်... ပဲပြုတ်သည် လာပါဦးဗျို့... "

ပရိသတ်ဘက် ကျောပေးထိုင်နေသော သခေါ်ကြည်ကို ခေါ်သည်။ မင်းသမီးခေါ်ရာတွင် ကာရန်နဘေ ဝေဝေဆာဆာဖြင့် ခေါ်ရသည်။ စိန်အိုးကြာ ဒါတွေ မတတ်။ ဟာသမြောက်အောင် ပဲပြုတ်သည် လာပါဦးဗျို့ဟု ဟစ်လိုက်သည်။ ပရိသတ် မရယ်။

"ဟဲ့... ခွေးမသား... မင်းသမီးခေါ်ပါဆိုတာ ဘယ့်နှယ် ပဲပြုတ်သည် ခေါ်ရတာလဲ... "

ကိုပါဒန်နှင့် ကိုပုတိုတို့က သတင်းစာလိပ်တွေနှင့် စိန်အိုးကြာ ခေါင်းကို ဝိုင်းရိုက်ကြသည်။ ကြည့်တော့သာ သတင်းစာလိပ်။ အတွင်းမှာ ပက်လက်ကုလားထိုင်တုတ်ကို ဖျောက်ထည့်ထားသည်။ ညကြေးခဏခဏဖြတ်တဲ့ ဇာတ်ဆရာ၊ သိကြရောပေါ့ကွာ အကြံဖြင့် တမင် ထည့်ထားခြင်း ဖြစ်သည်။ ကောက်ခနဲ၊ ဂေါက်ခနဲ မြည်ကာ စိန်အိုးကြာ ခေါင်းဖုသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခါးတင် အကျ၊ ငါးပဋ္ဌညီ၊ ပရိသတ်မနော ဘရိတ်မရပ်အောင် မောရပါတဲ့ အိုဗျ... သခေါ်ကြည်ရေ့... "

ကိုပါဒန်က ဝါရင့်လူရွှင်တော်မို့ ဒါတွေ ကျွမ်းပြီးသား၊ ပါးစပ်ထဲ တွေ့ရာ ကောက်ရွတ်သည့်တိုင် ကာရန်နဘေ ပါသည်။ မင်းသမီး အခေါ် ပီသသည်။

"ချောလည်း ချောတဲ့ မဒီ၊ ခေါ်လည်း ခေါ်တဲ့ ကြည်၊ ဟောဒီ လောကီ ပြောမည် မနောကြည် ကျွန်မလေ သခေါ်ကြည် သခေါ်ကြည်"

ဟိုက်... ရှာလပတ်ရည်။ အငြိမ့်သီချင်းက အပျံစားပါလား။

ချောလည်း ချောတဲ့ မဒီ၊ ခေါ်လည်း ခေါ်တဲ့ ကြည်တဲ့။ မည်သို့ပင် ဖြစ်စေ၊ သခေါ်ကြည်သည် ဒိုးဆစ်ကလေးတွေဖြင့် လှလှပပလေး ကသွားသည်။

"သခေါ်ကြည်လေး ဘယ်သူယူမယ်... "

"ငါယူမယ် ငါယူမယ်... "

"ခေါ်ခေါ်လေးကို ဘယ်သူယူမယ်... "

"အီကြာယူမယ် အီကြာယူမယ်... "

"မင်းကြီးတော်ကြီး ဘယ်သူယူမယ်... "

ဤနေရာတွင် ငါယူမယ်၊ ငါယူမယ် မှားအော်ပြီး၊ သတိရမှ ရပ်သွားရမည်။ မင်းကြီးတော်ကြီး ဘယ်သူယူမယ်၊ ကိုစိန်အီကြာက ဘကြီး ယူမယ်၊ ဘကြီး ယူမယ်ဟု ဆက်အော်သဖြင့် ကိုပါဒန်တို့ ဝိုင်းဆော် ကြသည်။ ဂေါက်ခနဲ ဂေါက်ခနဲ အသံကို ကားလိပ်ကြားမှ ကြည့်နေကြသော ဇာတ်သမားများ အတိုင်းသား ကြားရသည်။

"မင်းရိုက်တာ အားပျော့သေးတယ် ပုတို... နောက်တစ်ခါ ရိုက်ရင် လက်ကို အားထည့်ပြီး ခပ်ပြင်းပြင်း လွှဲရိုက်... ဒါမှ ဇာတ်ဆရာ ခေါင်းပေါက်မယ်... "



www.burmeseclassic.com

www.burmeseclassic.com



ကူချီ မကြာခဏ ကပေးရသဖြင့် မကျေမနပ် ဖြစ်နေသော လူကြမ်းက ပြောသည်။ ကိုပုတိုက စိတ်ချစိတ်ချ ဒီတစ်ခါ ဆေးရုံ ရောက်ရမယ်ဟု အာမခံသည်။ လူရွှင်တော်ပညာကို စိန်အိကြာ နားမလည်။ သူက ခါတော်မီ လူရွှင်တော် ဖြစ်၍ ပေါက်တတ်ကရတွေ စိတ်ကူးတည့်ရာ လျှောက်လုပ်သည်။ ကိုးရိုးကားရား ဖြစ်လေ၊ ကိုပါဒန်တို့ ရိုက်ကောင်းလေ။ နောက်သလိုလို ပြောင်သလိုလိုဖြင့် တကယ်ရိုက်ကြသည်။ အပီရိုက်ကြသည်။ လက်ကို အားထည့်ရိုက်ကြသည်။ သျှောင်ထုံးသာ ကြားခံမနေလျှင် စိန်အိကြာ မလွယ်။ ခေါင်းမပေါက်သော်လည်း အာလူးသီးတွေ ထွက်လာသည်။

"ဘယ့်နှယ်လဲ ဇာတ်ဆရာ... လူရွှင်တော် လုပ်ကြည့်တာ တော်တော်မှ နာရဲ့လား... အဲလေ ဟန်ရဲ့လား... "

အငြိမ့်ခန်းအပြီးတွင် မင်းသားကြီး သျှောင်ထုံးစိန်က မေးသည်။ ဆံပင်ဖြဲ၍ သျှောင်ထဲက အာလူးများကို တေဇောဘမ်းလိမ်းနေသော စိန်အိကြာ မှုန်ကုပ်ကုပ် ဖြစ်နေသည်။

"လူရွှင်တော်ကို ဇာတ်သဘင်မှာ ပညာ့တက္ကသိုလ်လို့ ခေါ်ကြတယ်... သူက မင်းသား၊ မင်းသမီးထက် ပညာကြီးတာကိုး... မင်းသား၊ မင်းသမီး ညံ့ရင် လူမသိဘူး... လူရွှင်တော် ညံ့ရင် ချက်ချင်း လူသိတယ်၊ မရယ်ရတော့ဘူး... "

"ဟုတ်ပ ဟုတ်ပ... "

သျှောင်ထုံးစိန်အလုပ်ကို စိန်အိကြာ ပြန်လုပ်နေသည်။ သူက တေဇောဘမ်း လိမ်းရာက ဟုတ်ပ... ဟုတ်ပ တဲ့။

"လူရွှင်တော်အလုပ်မှာ မျက်နှာခံ ရှိတယ်... လေယူလေသိမ်း ရှိတယ်... ကိုယ်လက်လှုပ်ရှားမှု ဟန်အမူအရာ ရှိတယ်... မကျွမ်းရင် မစမ်း တာ အကောင်းဆုံးပဲ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ ဟုတ်ပ... "

"မင်းသားက မင်းသားလို မနေဘဲ လူစိတ်ဝင်စားအောင် အပြောင်းအလဲ ဖြစ်အောင်၊ ဈေးခေါ်ကောင်းအောင် လူရွှင်တော် သွားလုပ်တော့ တစ်ချီတည်းနဲ့ အီးနီးကိသွားပြီ မဟုတ်လား... ကျွမ်းကျင်ရာ လိမ္မာတဲ့ စကားရှိတယ်... ကိုယ့်အလုပ် ကိုယ် ထူးချွန်အောင် လုပ်ရမယ် သူများအလုပ် သွားလုပ်လို့ မရဘူး... လောကမှာ နွားအလုပ်၊ မြင်းလုပ်ရင် စာရင်းရှုပ်တယ်ဆိုပြီး ဝါးရင်းတုတ်နဲ့ နရင်းအုပ်ခံရတတ်တယ်... နွား က နွား၊ မြင်းက မြင်းပေကိုး... ဇာတ်ဆရာကို စေတနာနှင့် ပြောချင်တာက ကိုယ့်အလုပ် ကိုယ်လုပ်ပါ... ဒါပါပဲ... "

အီကြာကွေး


(ဧပြီလ၊ ၁၉၈၆ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✹✧✹✧✹✧



www.burmeseclassic.com

www.burmeseclassic.com



# စန်းမတ်တတ် စိန်အိကြာ

"စန်း" ဟူသည် တစ်သက်မှာ တစ်ခါတော့ မတ်တတ် ရပ်စမြဲ။ ဒါကို "စန်း" ထသည်ဟု ပြောစမှတ် ပြုကြသည်။ စိန်အိကြာ စန်းမတ်တတ် ဖြစ်ခဲ့ဖူးပါသည်။ ယခုအခါ စန်းမတ်တတ် မဟုတ်တော့၊ စန်းငုတ်တုတ် ဖြစ်နေသည်။ "စန်း" သည် ထပြီးနောက် "ထိုင်" ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှ တုံးလုံး လဲသွားလျှင် "စန်းပက်လက်" ဖြစ်တော့သည်။ ထို့နောက်ကား "စန်း မမာမကျန်း" ဖြစ်ကာ၊ နောက်ဆုံးတွင် "စန်း မာလကီးယား"။ ယခုအချိန်တွင် စိန်အီကြာမှာ စန်းငုတ်တုက်ဘဝမှ စန်းပက်လက် မဖြစ်အောင် မနည်းထိန်းနေရသည်။

အတိတ်ကို ပြန်ပြန်တွေးရသည်မှာ အရည်မရ၊ အဖတ်မရပေမယ့် စိတ်တော့ အင်မတန် ချမ်းသာသည်။ ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့ရသည်ကို ဆိုင်ကားနင်းရင်း ပြန်တွေးသောအခါ ချိုင့်ခွက်ထဲ ကျလိုကျ၊ စပုတ်ကျိုးလိုကျိုး ဖြစ်ရသကဲ့သို့ပင်။ ကျမှ ကျ၊ ကျိုးမှ ကျိုး၊ တွေးရသည်ကပင် အရသာ။ စိန်အီကြာကလည်း ထိုသို့သော လူစား။

"ကျုပ်ရဲ့ စန်းမတ်တတ်ကာလကို ခင်ဗျားတို့ မီစေချင်တယ်… ဟိုက စိန်အီကြာ၊ ဒီက စိန်အီကြာ၊ ကလေရာ မြို့တကာမှာ ဟော်လေးတကျိုး၊ ဟိုးလေး တကျော်ပေါ့… စန်းချင်း မယှဉ်နိုင်လို့ မနာလို တိုရှည်ဖြစ်တဲ့ ခေတ်ပြိုင်မင်းသားတချို့ဟာ ကျုပ်ကို သေပါစေလို့တောင် တိတ်တခိုး ဆုတောင်းကြတယ်… ကျုပ် သေမှ သူတို့ နာမည်တက်မှာကိုး… ကျုပ်ကလည်း ဖိုးသက်ပြင်း… ဇာတ်မော်တော် နစ်တယ်၊ မသေဘူး… ဇာတ်ကားမှောက်တယ်၊ နည်းနည်းလေးတောင် မပွန်းပဲ့ဘူး… အသက်နှစ်ထောင်ဆိုတဲ့အတိုင်း တကယ် အသက်ပြင်းတော့ သူတို့ ဆုတောင်း မပြည့်ကြဘူးလေ… "

ဇာတ်သမားတွေက ဇာတ်တစ်ဇာတ်ထဲမှာ ကျောက်ချနေတာ အရှားသား။ တစ်နှစ် တစ်ဇာတ်၊ နှစ်နှစ်တစ်ဇာတ် ဆိုသလို ဟိုပင် သည်ပင် ကူးနေကြသည်မို့ နောက်လာတဲ့ မောင်ပုလဲတွေကို စန်းမတ်တတ်ကာလအကြောင်း ဓာတ်ပြားဟောင်း ပြန်ပြန်ဖွင့်ပြနေရသည်။ ဒါကို ကွယ်ရာမှာ စိန်အီကြာ "စကြွား" ဟု ဇာတ်သမား အချို့က အပုပ်ချကြသည်။

"ခုခေတ် မင်းသားငယ်လေးတွေ မိတ်ဆက်စာ လာတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ကျုပ် အိပ်နေသလောက်ပဲ ရှိသေးတယ်... ကျုပ်တုန်းက လာလိုက်တဲ့ မိတ်ဆက်စာ၊ တစ်လတစ်လ ပိသာချိန်နဲ့ကို ရောင်းစားရတယ်... ကိုကိုကြာ စာပြန်ရန် ဆိုပြီး စာအိတ်ထဲ အပိုထည့်ပေးတဲ့ တံဆိပ်ခေါင်းတွေ ပြန်ရောင်းစားတာကတင် လက်ဖက်ရည်ဖိုး၊ ဆေးပြင်းလိပ်ဖိုး ကောင်းကောင်းရတယ်... နှစ်ပါးခွင်မှာ ခုခေတ်မင်းသားလေးတွေကို ချိုချဉ်ထုပ်တွေ၊ ဆီးထုပ်တွေ ပစ်တင်ပေးကြတယ် မဟုတ်လား... ကျုပ်တုန်းကဆို ချိုချဉ်လောက် ဘယ်ကမလဲ... ဆေးပြင်းလိပ်တွေ အထုပ်လိုက်၊ အထုပ်လိုက် ပစ်တင်ပေးကြတာ... "

ကြွားလွန်းတယ် စိန်အိကြာရယ်။ တစ်ပတ်လောက် လျှော့ပါကွယ် ပြောလို့ မဖြစ်။ စိန်အိကြာက (သစ္စာ ဝစနာ) အမှန်စကားတွေကို ပြောနေခြင်း ဖြစ်သည်။ သူ စန်းမတ်တတ်ဖြစ်တုန်းက တကယ်ပဲ လက်ဆောင်အမျိုးမျိုး ရခဲ့ဖူးသည်။ ဂရိတ်ဦးဖိုးစိန်ဖြစ်တုန်းက ဆေးပေါ့လိပ်ထဲက ရွှေဒင်္ဂါးပြား ထည့်ပေးသလို၊ ဂရိတ်ဖိုးကြာ (ခေါ်) စိန်အိကြာခေတ် မှာ ဆေးပြင်းလိပ်ထဲ ဗျောက်အိုး ထည့်ပေးကြသည်။

ဆေးပြင်းလိပ်သောက်တိုင်း၊ တဗျောင်းဗျောင်း၊ တဒိုင်းဒိုင်း ဗျောက်အိုး ပေါက်သဖြင့် သူတို့ပေးသော ဆေးပြင်းလိပ်ကို မသောက်ရဲအောင် စိန်အိကြာ ကြောက်ချေးပါခဲ့ဖူးသည်။ စန်းမတ်တတ်ကာလကား ဟိုး ဝေးဝေးပျပျဆီတွင် မှုန်ရီမှိန်မွေး၍ ကျန်ခဲ့ချေပြီ။

"ကျုပ်တို့ဇာတ်ဆရာဟာ ဇာတ်သူငယ်ပြန်နေပြီ ထင်တယ်... ဟိုတုန်းက ဟန်ခဲ့တာတွေချည်း စမြုံ့ပြန်နေတယ်... ဒါတွေဟာ ဟုတ်ကော ဟုတ်ရဲ့လား... အထင်ကြီးအောင် ဇာတ်လေ၊ ဗလတ်လေနဲ့ ဖြီးနေတာလား... ကျုပ်တို့တော့ ယုံရခက်ခက်ပဲ... "

ဇာတ်သက်နုသေးသော ဇာတ်သမားများက စိန်အိကြာ့စကားကို မယုံကြ။ အချင်းချင်း လက်တို့ကာ ကွယ်ရာမှာ ပြန်ပြန် ဟားကြသည်



www.burmeseclassic.com

www.burmeseclassic.com



ကို နောက်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန် ကြားသွားသည်။

"မင်းတို့ မလျှောင်နဲ့လေ... ဇာတ်ဆရာက တကယ့်အမှန်တွေကို ပြောနေတာ... ငါက ဒီဇာတ်၊ ဒီဇာတ်ဆရာနဲ့ ပူးတုံခွာတုံ နေခဲ့တော့ ဒါတွေ ကောင်းကောင်း မီခဲ့တယ်... ငါတို့ ထုံးစံအတိုင်းပေါ့... ဒီဇာတ်မှာ သုံးလေးနှစ် လုပ်လိုက်၊ တစ်ခြားဇာတ် ပြန်ရောက်သွားလိုက်၊ တစ်ခါ ဒီဇာတ် ပြန်ရောက်လာလိုက်... သံသရာ လည်ခဲ့တာ... ခု ပြန်ရောက်တာဟာ ပဥ္စမအကြိမ်ပဲ... ဒီတစ်ခါတော့ ဒီမှာပဲ ကျောက်ချနေတော့မယ် ဆုံးဖြတ်တယ်... စန်းဆိုတာ ထပြီဆိုရင် ဘယ်လိုမှ ကုတ်နှိမ့်ချလို့ မရဘူး... အဲ ထိုင်ပြီပေါ့ဆိုရင်လည်း ဘယ်လိုပဲ ချိုင်းက ဆွဲမမ၊ ထကို မထတော့ဘူး... သူ စန်းထတုန်းက ငါ ကြုံခဲ့ရတာ နှစ်ခု ပြောပြမယ်... "

စိန်အီကြာ စန်းထချိန်။

ငယ်ကလည်း ငယ်၊ အရွယ်ကလည်း ကောင်းတုန်းဆိုတော့ သူ့အရွယ်ကောင်မလေးတွေ ဇာတ်ခုံနောက်ပိုင်းမှာ တရုန်းရုန်းပေါ့။ ကိုကြာ ရှိလား။ ကိုကြာ အိပ်နေသလား။ ကိုကြာ့ဖို့ ဆေးပြင်းလိပ် လာပို့တာပါ။ သူ့အခန်းထဲ ဝင်ပို့မယ်နော်။ မဝင်ပါနဲ့၊ မင်းသား အိပ်ရေးပျက်လို့ အိပ်နေပါတယ်။ ဘယ်လိုတားတား တားမရ။ တကတည်း သွတ်ခနဲ၊ သွတ်ခနဲ ဝင်လိုက်ကြတာ။ သွတ်ပေါင်း တစ်ထောင် ဖြစ်နေသည်။

မိန်းကလေး အမေအချို့ တုတ်ကိုင်ကာ သူတို့သမီးများကို ရိုက်နှက် ခေါ်ယူရသည်။ လာခဲ့၊ မင်းသားက ရွှေထွက်တာ မဟုတ်ဘူး။ နင့်အဖေ သိရင် သတ်လိမ့်မယ်။ ဘာညာကွိကွ တုတ်ပြခေါ်သည့်တိုင် တယ် မလိုက်ချင်ကြ။ ခဏလေး အမေ၊ ကိုကိုကြာ့ကို ဆေးပြင်းလိပ် မီးညှိပေးလိုက်ဦးမယ်၊ ဘာမယ် ညာနှင့် အချိန်ဆွဲနေကြသေးသည်။

"မြို့တစ်မြို့ သွားတုန်းက အဖြစ်ကို မှတ်မိသေးတယ်... အဲဒီမြို့က အင်မတန်မှ မင်းသားအစွဲကြီးတဲ့ မြို့ကွ... စိန်အီကြာမှ စိန်အီကြာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ မြို့... စိန်အိကြာကို အများဆုံး မိတ်ဆက်တာ အဲဒီမြို့ပဲ... ည ခုနစ်နာရီခွဲသာသာ မင်းသား တစ်ရေးနှပ်နေတုန်း မိန်းကလေးသုံးလေး ဆယ်လောက် ဇာတ်ရုံနောက်ပေါက်က ဝင်လာကြတယ်... ကိုကြာ ကိုကြာ ဆိုတဲ့ အသံတွေဟာ လက်ပံပင် ဆက်ရက်ကျသလို ကျွတ်ကျွတ်ဗရပွက် ညံလို့ပေါ့... မင်းသားလည်း သူ့ဘေး သူသိတာနဲ့ ဇာတ်ရုံထရံကို နှီးချက် ဖြုတ်ပြီး ပွဲဈေးတန်းဘက် ထွက်ပြေးတယ်... ကံဆိုးချင်တော့ ပွဲဈေးတန်း မှာ ကလေးဆွဲကြိုးဖြုတ်လို့ ဆိုပြီး ရှုတ်ရှုတ်သဲသဲ ဖြစ်နေတယ်... ”

“စိန်အိကြာ အပြေး၊ ဟိုက အလိုက်ဆုံမိကြတော့ “ကလေး ဆွဲကြိုး ဖြုတ်တဲ့ကောင် ဆော်ကွ... နှက်ကွ... ” အော်ကြသည်။ သျှောင် ထုံးဆွဲပြီး ဝိုင်းထိုးကြတယ်... ကျွန်တော် မင်းသားပါ... ဒီဇာတ်ကပါ... စိန်အိကြာပါ... ဘယ်လိုမှ တောင်းပန်လို့ မရဘူး... မင်းသား မင်းသား ကတ်ကျေးကိုက်... ဆဲလိုက်ဆိုလိုက်ကြတာ ပွက်ပွက်ညံနေတယ်... သျှောင်ထုံးဖရိုဖရဲနဲ့ စိန်အိကြာကို တကယ် ကတ်ကျေးကိုက် ထင်ပြီး ငါ့တောင် တစ်ချက် ဝင်တီးလိုက်မိသေးတယ်... အဲဒီခေတ်က မင်းသား လည်း သျှောင်ထုံး၊ အရပ်သားလည်း သျှောင်ထုံး... ယောကျ်ား မှန်သမျှ သျှောင်ထုံးချည်း ဆိုတော့ မင်းသားသျှောင်နဲ့ ကတ်ကျေးကိုက် သျှောင်၊ သျှောင်ချင်း ရောရှုပ်ကုန်တာပေါ့... ”

စိန်အိကြာ အတော်ခံလိုက်ရသည်။ မျက်နှာကြီး ယောင်အမ်း နေသည်။ နှစ်ပါးသွားထွက်တော့ မိတ်ကပ်ထူထူ ဖို့ထွက်ရသည်။

“သူ့ခေတ်သူ့အခါ ဆိုသလိုပေါ့လေ... စိန်အိကြာကလည်း ခပ်သဲသဲ၊ မိန်းကလေးတွေကလည်း ခပ်ရဲရဲဆိုတော့ သဲတာနဲ့ ရဲတာ တွေ့ ကြတော့တာပေါ့... ဇာတ်သမား ပါးစပ်ဖျားက စကားပလွတ်ပလွတ် တတွတ်တွတ်နဲ့ ညီမရဲ့၊ အစ်မရဲ့၊ ချွဲလေ၊ မိန်းကလေးတွေက စွဲလေ၊ စိန်အိကြာ့ကို စွဲကြတာ ပင်မင်းပေးလို့တောင် မကျွတ်နိုင်တော့ဘူး... ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက သဘင်မျက်လုံးတို့၊ သဘင့်နောက်စိတို့ သဘင်နဲ့ပတ်သက်တဲ့ စာနယ်ဇင်းတွေရဲ့ အမေးအဖြေကဏ္ဍတွေမှာ "ကြာ့ချစ်သူ၊ ကြာကြာ့ချစ်သဲ၊ ခင်ပပကြာ၊ လုပ်လိုက်လေ ကြာသလားလို့" နာမည်တွေနဲ့ မိန်းကလေးတွေ အရမ်းမေးခဲ့ကြတာပေါ့... မိတ်ဆက်စာ ရေးထားတာလေးရှာငါးဆယ့်သုံးစောင် ရှိပြီ... စိန်အီကြာ မာနကြီးသလား... မိတ်ဆက်စာတွေကို ပဲလှော်နဲ့ လဲစားသလား စသည်ဖြင့် ဒေါတပွပွ မေးခဲ့ကြတယ်"

စိန်အီကြာဘုန်း၊ မိုးသို့ချုန်း၊ ဇာတ်ပုန်းတောမှာ မကသာ။ စိန်အီကြာ မြို့တွေမှာချည်း လျှောက်ကခဲ့သည်။ ပွဲချီ စိပ်စိပ်၊ ပွဲကူး ကြမ်းကြမ်း၊ စိန်အီကြာစန်းမှာ အကနိဌဗြဟ္မာဘုံသို့တိုင် ရောက်နေသည်။ မြို့က ပွဲကြိုက်သူတွေကလည်း ကဲမှ ကဲ၊ ရဲမှ ရဲ။ မင်းသားအီးနဲ့ကိုပင် ရှေ့နယ်ရေမွှေးနံ့ ထင်နေကြသည်။

"ဇာတ်ဆရာဟာ သူ့အခန်းထဲမှာ နေရချိန် နည်းလာတယ်... ဇာတ်သမားတွေကြားမှာ ကိုယ်ရောင်ဖျောက်နေရ၊ ဇာတ်သေတ္တာဘေးပုန်းနေရ၊ ဇာတ်ခုံအောက် ဝင်ဝပ်နေရ၊ ဒုက္ခမှ ဒုက္ခအစစ်... မိန်းကလေးတွေဟာ စိန်အီကြာ့အခန်းကို ဝင်တိုးထွက်တိုး... ကိုကြာကော၊ ကိုကြာဘယ်မလဲ ခဏခဏ မေးကြလွန်းတော့ စိတ်တိုလာတဲ့ ဇာတ်သမားအချို့က ကိုကြာ မရှိဘူး၊ မိလ္လာထွက်ကျုံးနေတယ်လို့ အပေါက်ဆိုး မှုတ်လွှတ်ကြတယ်... "

ပြောလျှင် ယုံနိုင်ဖွယ် မရှိ။ ကဲ... မယုံချင်နေချည်း ဖြစ်၏။ စိန်အီကြာကို မတွေ့တော့ အမှတ်တရဆိုပြီး စိန်အီကြာ သောက်သည့်ဆေးပြင်းလိပ်ကို နမ်းသွားကြသည်။ ဇွဲကောင်းသော မိန်းကလေးအချို့မှာ စိတ်ရှည်လက်ရှည် ထိုင်စောင့်ရင်း ဆေးပြင်းလိပ်ကို ဖွာကြည့်ကြသည်။ မီးညှိပြီး သောက်ကြည့်ကြသည်၊ အဟွတ် အဟွတ်တို့ အဟု အဟုတို့ သီးမွန်ပြီး မူးကြဝေကြ၊ အော့ကြအန်ကြ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးပြင်းလိပ်မှာ သာမန်ယောကျ်ားတွေပင် အနားမကပ်နိုင်သော "ကမ္ဘာ့အနံ့ကြီး" ပစ္စည်း ဖြစ်သည်။ သောက်ဖို့ အသာထား၊ မီးခိုးနံ့ရတာနှင့်ပင် ခေါင်းမူးတတ်သည်။ အထူးယောကျ်ားတွေမှ ဆေးပြင်းလိပ်ကို သောက်စွမ်းနိုင်ကြသည်။

မိန်းကလေးနှင့် ဆေးပြင်းလိပ်မှာ ချိုးဘူးနှင့် ဘယ်ရီကရိန်းလိုဝိရောဓိ ဖြစ်သည်။ မိန်းကလေးဟူသည် လှလှပပ နေတတ်သည်။ မွှေးမွှေးပျံ့ပျံ့ ကြိုက်တတ်သည်။ သည်လို သဘာဝရှိသော မိန်းကလေးတွေကစိန်အိကြာ့အကြိုက်သည် သူတို့အကြိုက် ဖြစ်စေရမည်ဆိုပြီး ဆေးပြင်းလိပ်ကို ဖျစ်ညှစ်သောက်ကြည့်ကြသည်။ နံနံစော်စော်၊ မူးမူးဝေဝေ၊ အော့အော့အန်အန်နှင့် တံတွေးတပြစ်ပြစ် ထွေးယင်းမှ ဆေးပြင်းလိပ် သောက်တတ်သွားသော မိန်းကလေးအချို့ ရှိခဲ့သည်။

"မြန်မာပြည်အနှံ့ မြို့တကာ အရပ်ရပ်မှာ ဆေးပြင်းလိပ်သောက်တတ်တဲ့ မိန်းမလှလေးတွေ ပေါ်ထွန်းခဲ့ဖူးတယ်... သူတို့ဟာစိန်အိကြာကို အသည်းစွဲ နှစ်သက်ကြသူတွေပဲ... မင်းသားကလည်းဆေးပြင်းလိပ်သောက်တတ်တဲ့ မိန်းကလေးကို ပိုဦးစားပေးခဲ့တာကိုး... ဇာတ်ဆရာနဲ့ကောင်မလေးတွေ ဆေးပြင်းလိပ် ကိုယ်စီ ခဲပြီး တဟီးဟီးတဟားဟား ဖြစ်နေကြတာ မင်းတို့ မြင်စေချင်တယ်... တစ်ဇာတ်လုံးဆေးလိပ်ခိုးတွေ မွှန်နေလို့ တို့တတွေ ရှုံအပြင်ဘက် ထွက်ထွက်နေရတယ်... "

စိန်အိကြာ စန်းမတ်တတ်ဖြစ်ခဲ့တာ တကယ်ကိုး။ နောက်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန် ပြောမှ သက်နုဇာတ်သမားတွေ ယုံကြတော့သည်။ စိန်အိကြာသည် ယနေ့အခါတွင် ဘာမှမဟုတ်တော့။ ဖုတ်လှိုက်ဖုတ်လှိုက် မင်းသားသာ ဖြစ်သည်။ သို့သော် သူသည် တစ်ချိန်တုန်းကတော့စိန်တစ်လုံးပင်။

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



အတိတ်က ရွှေခေတ်ကို ပြန်လည်တမ်းတရင်း ပစ္စုပ္ပန်တွင် ဖွတ်ကျားဖြစ်နေသော မင်းသားကို နှစ်သိမ့်သောအားဖြင့် စိန်အိကြာကို ဇာတ်သမားတွေက နာမည်သစ် ပေးလိုက်ကြသည်။ "စန်းမတ်တတ် စိန်အိကြာ (ယခင်)" ဟူ၍... ။

အိကြာကွေး
(ဇွန်လ၊ ၁၉၈၆ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✹✧✹✧✹✧


www.burmeseclassic.com

www.burmeseclassic.com



# ဟစ်မျိုးပဲရှိတဲ့ စိန်ဒါကြာ

ဇာတ်သဘင်လောကတွင် မင်းသားအမျိုးမျိုး ရှိသည်။ အချို့မင်းသားက အကကောင်းသည်။ အချို့မင်းသားက အဆိုကောင်းသည်။ အချို့မင်းသားက အပြောကောင်းသည်။ အချို့မင်းသားက အငိုကောင်းသည်။ ပါရမီ ထူးခြားသော မင်းသားမှာမူ အဆိုရော၊ အငိုရော၊ အကရော၊ အပြောရော စင်းလုံးချော ကောင်းကြသည်။

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သဘင့်တပ်မှူးကြီးဟု ကိုယ့်ကိုကိုယ် ဘွဲ့ပေးထားသော စိန်အီကြာမှာ အဆိုလည်း မကောင်း၊ အကလည်း မကောင်း၊ အပြောလည်း မကောင်း၊ ဘက်ပေါင်းစုံ ချာတူးလန်သည်။ လန်ပင်လန်လင့် ကစား လူတစ်ကိုယ်လုံး ထင်တစ်လုံး ဟူသည့်အတိုင်း သူ့ကိုယ်သူတော့ အတော် ထင်ထားသည်။

"မင်းသားတကာ မင်းသားတွေထဲမှာ ကျုပ်လိုမင်းသားက ကမ္ဘာရှားဗျ... နံနက် ဝေလီဝေလင်းမှာ အိမ်တံခါးခေါက်ပြီး ပွဲစရန် လာပေးခံရတယ်ဆိုတာ နည်းနည်းနောနော အောင်မြင်မှုမှ မဟုတ်ဘဲ... ကျုပ်ထက် သမ္ဘာရော၊ စာရော၊ ပညာရော မြင့်တဲ့ ဟိုမင်းသမီးကြီး ရှိပါရောလား... ကျုပ် ငယ်ငယ် မင်းသားမဖြစ်ခင်ကတည်းက ဇာတ်သဘင်လောကမှာ အောင်မြင်နေတဲ့ မင်းသမီးကြီးလေ... ဟဲ ဟဲ သူ ဘယ်လောက် တော်တော်ကျော်ကျော် ညကြေးကျတော့ ကျုပ်တစ်ဝက်တောင် မရရှာဘူး... သနားစရာပဲ သွတ်... သွတ်... သွတ်... သွတ်... "

ဒီလိုအပြောလေးတွေဖြင့် စိန်အီကြာက ကန်ထရိုက် အထင်ကြီးအောင် ဖန်တီးတတ်သည်။ အကြောင်းမသိသူများမှာ စိန်အီကြာကို အထင်ကြီးမိကြသည်။ အကြောင်းသိများကား စိန်အီကြာ့စကားကို သုံးခွက်ကျိုး၍ တစ်ခွက်မတင်ကြ။ စဖြီးစကြွားဆိုတာ သိကြပြီးသားမို့ "အာလူးလာမပေးနဲ့၊ ဝက်သားတုံးပေး" ဟု ဝိုင်းဟားကြသည်။

"ဇာတ်မင်းသားကြီး ဖိုးကြာ ဖိုးကြာ... တိုင်းပြည်က မျှော်... မြန်မာ့သဘင် စင်မြင့်ပေါ် ညစ်ညစ်ကျယ်ကျယ် ထင်ပေါ်လှသနော်..."

ကြည့်ပါ။ မည်မျှ မျက်နှာပြောင်သော စိန်အီကြာပါနည်း။ တူအရွယ်၊ သားအရွယ် ခေတ်ပြိုင်မင်းသားလေးတစ်ဦး၏ အများသိ သီချင်းကို စကားလုံး အနည်းငယ် လွှဲ၍ တိုက်ရိုက်ခိုးချပြီး ဆိုသည်။ အရှက်နှယ်



www.burmeseclassic.com

www.burmeseclassic.com



နည်းလှချည့်။

"ဖိုးကြာဆိုတာ မကောင်းဘူး ဇာတ်ဆရာ... ပေါက်ပေါက်ရှာရှာ နှိုက်နှိုက်ချွတ်ချွတ်တွေးရင် ဇာတ်ဆရာ သိက္ခာကျနိုင်တယ်... "

လူရွှင်တော် ကိုပါဒန်က ရင်းရင်းနှီးနှီး သတိပေးသည်။ ဖိုးကြာဆိုတာက တွေးလိုက်ရင်၊ အင်း... ဖိုးကြာပဲ ထားပါတော့။

"ဘာလို့ မကောင်းရမှာလဲဗျ... ကျုပ်က စိန်အီကြာဆိုတော့ အတိုကောက်ခေါ်ရင် ဖိုးကြာပေါ့... ဇာတ်သဘင်လောကမှာ ဂရိတ်ဖိုးစိန် တစ်ခေတ်ထွန်းခဲ့သလို ဂရိတ်ဖိုးကြာလည်း တစ်ခေတ်ထွန်းရမယ်... "

"ဇာတ်မင်းသားကြီး အီကြာ၊ အီကြာ ဆိုရင် ပိုမရှင်းပါလား ဇာတ်ဆရာ... အဲဒီလို ဆိုဖို့ ကောင်းတယ်... "

"ရှင်းတော့ ရှင်းတယ်... မူလသီချင်းနဲ့ အသံမကိုက်ဘူးဗျ... ဇာတ်မင်းသားကြီး အီးကြာ၊ အီးကြာလို့ ဝစ္စပေါက်သံထည့်ဆိုမှ အသံကိုက်မယ်... အီးကြာထက်စာရင် ဖိုးကြာကမှ တော်ပေလိမ့်ဦးမယ်... "

အီကြာကော ဖိုးကြာပါ ဘယ်ဟာမှ မတော်ပါ။ တစ်မျိုးစီ ဆိုးကြပါသည်။ သို့သော် "မြန်မာ့သဘင် စင်မြင့်ပေါ် ညစ်ညစ်ကျယ်ကျယ် ထင်ပေါ်လှသနော်" ဆိုသည်ကား စိန်အီကြာ၏ သရုပ်အမှန် ဖြစ်သည်။ စိန်အီကြာသည် ညစ်ညစ်ကျယ်ကျယ် လုပ်ရင်းဖြင့် ဇာတ်သဘင်လောကတွင် အဆိုးနည်းဖြင့် ကျော်ကြားသူပေတည်း။

"ကျုပ်တို့ ဓနုဖြူဟာ အနုပညာရှင်ပေါင်းများစွာ ထွန်းပေါ်တဲ့ ဘူမိနက်သန်ဗျ... အနုပညာမျက်နှာစာအသီးသီးမှာ ဓနုဖြူနယ်သား ပညာရှင်တွေဟာ "ခေါင်" ဆိုတဲ့ ထိပ်ဆုံးနေရာတွေမှာ ခေတ်အဆက်ဆက် ကြီးစိုးခဲ့ကြတယ်... "

စိန်အီကြာက ဒေသစွဲ အလွန်ကြီးသည်။ ဘာလေးပြောပြော၊



www.burmeseclassic.com

www.burmeseclassic.com



ဓနုဖြူက ပညာရှင်တွေ၊ ဓနုဖြူက သဘင်သည်တွေ စသည်ဖြင့် မြို့တပ်တပ် ပြောသဖြင့် အခြားမြို့သား ပညာရှင်တွေက စိန်အိကြာကို ချဉ်ကြသည်။ သံပုရာသီး၊ မန်ကျည်းသီးထက်ပင် ချဉ်ကြသည်။ ကြားပြင်းကတ်လာသဖြင့် မြေလတ်သားဇာတိ လူရွှင်တော် ကိုပုတိုက...

"ဇာတ်မင်းသားကြီး ဦးစိန်ကတုံးက ညောင်တုန်းသားလို့ မှတ်သားရဖူးတယ်... ညောင်တုန်းနဲ့ ဓနုဖြူနီးလို့ ဦးစိန်ကတုံး တော်တာ ထင်တယ်... "

ဟု အောက်ကလိအာ လေပေါက်ဖြင့် စိန်အိကြာကို နောက်သည်။ စိန်အိကြာက အကောင်းပြောသည်ဟု ယူဆ၏။

"ဟာ နီးပြီလား... ဆယ်မိုင်ကျော်ကျော်ပဲရှိတာ... တကယ်တော့ ဦးစိန်ကတုံးဟာ ဓနုဖြူသား ဖြစ်ဖို့ဗျ... ဓနုဖြူအရှေ့ဘက်ကမ်းကနေသူ့အမေ နေ့စေ့လစေ့ ကိုယ်ဝန်နဲ့ ညောင်တုန်းပြောင်းရာက ညောင်တုန်းမှာ မွေးလို့ ညောင်တုန်းသား ဖြစ်သွားတာ... ဦးစိန်ကတုံးရဲ့ဆရာက ကျုပ်တို့ ဓနုဖြူဇာတိသား ဇာတ်မင်းသားကြီး ဓနုဖြူဆရာမွန်းကြီးဗျ..."

ကိုပုတိုက စိန်အိကြာ မမြင်အောင် ကိုပါဒန်ကို မဲ့ပြသည်။ ကိုပါဒန်က နားလည်ကြောင်း ခေါင်းမသိမသာ ဆတ်ပြသည်။

သဘင့်တပ်မှူးကြီး စိန်အိကြာမှာ ဓနုဖြူသားပီပီ ဗန္ဒုလသွေးအပြည့်ရှိကြောင်း ဖော်ပြလိုသဖြင့် ပြည်ဖုံးကားအနီရောင်ကို သုံးသည်။ အနီရောင်စစ်စစ်သည် ရဲရင့်ခြင်းကို အဓိပ္ပာယ်ဆောင်သည်။ စိန်အိကြာ၏ ပြည်ဖုံးကားမှာ ပီပီပြင်ပြင် နီသော အနီရောင် မဟုတ်။ နီမယောင်နှင့် ကြောင်သော ပန်းဆီရောင် ဖြစ်နေသည်။ အရောင်သဘောတွင် ကြက်သွေးရောင်တို့၊ ပန်းနုရောင်တို့ကမှ အနီရောင်နှင့် နီးစပ်သေးသည်။ ပန်းဆီရောင်ကား နီသည်လည်း မဟုတ်၊ ပြာသည်လည်း မဟုတ်၊ ဝါသည်



www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်သော "အရောင်ကြောင်" ပေတည်း။

"ဘာမပို တာဝေ ၄လိုက်တော့၊ ရာဇဂြိုဟ် သာကေတရယ်နဲ့ အလိုဗျာ... ဖျာဝေလို့ ကရပါတဲ့ စိန်အီကြာ... "

စိန်အီကြာ ပွဲမရပါ။ ရုံဇာတ်အဆင့်မှ ဗလာပြန်ဆင်းရမလို ဖြစ်နေသည်။ ရသာမျှပွဲကလည်း လူမဝင်သဖြင့် ဖျာဝေကရသည်။ ပထမ တော့ ဟန်မလိုလို ရှိသား။ နောက် မဟန်တော့။ ဖျာဝေရာမှ ကုလားထိုင် ကော ရုံဝင်လက်မှတ်ပါ ဝေရသည်။ ဒါလည်း မဟန်။ လူက တဖြည်း ဖြည်း အကြည့်နည်းလာသည်။ ပန်းသတင်းကို လေညှင်းက ဆောင်သည်။ ဇာတ်သတင်းကို ပွဲကြိုက်သူအချင်းချင်း ဆောင်သည်။ စိန်အီကြာ အဆို မရ၊ အက မရ၊ အပြော မရ၊ သဘင့်ပညာနှင့် ပတ်သက်၍ ဘာမျှ မရ သော ရာနှုန်းပြည့် ဖွတ်ကျားမင်းသားဆိုတာ လူထုက သိကုန်ကြပြီ။

"တောက်... ဟိုမင်းသားဗျာ... ပန်တျာကျောင်းဝင်းနားတောင် မရောက်ဖူးတဲ့ မင်းသား၊ နှစ်ပါးခွင်မှာ ပရိကံပြောရင် ဟိုရောက်ဒီရောက် ကဘောက်တိ ကဘောက်ချာ၊ စုစုစည်းစည်း မရှိတဲ့ မင်းသား... သင်းက ဘယ်လောက်တော်လို့ ပွဲတွေ ရရနေတာလဲ... ပွဲချီ စိပ်ရတာလဲ... ပွဲကူး ကြမ်းရတာလဲ... "

ပွဲမရလေ ဒေါသဖြစ်လေ။ ဒေါသဖြစ်လေ စကားလွန် တရား လွန် ပြောလေ။ စိန်အီကြာ ကိုယ့်ကျင်းကိုယ်ယက်ကာ အောက်နရက် အထိ ဆင်းတော့မည်။ ဦးစိုက်ပဲ့ထောင် မနစ်ဘဲ၊ အိုးဒယ်နစ် နစ်တော့ မည်။ စန်းဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်ရာမှ စန်းမာလကီးယားတော့မည်။ သဘင်သည်တို့မည်သည် ကျဆုံးခါနီးလျှင် ဟိုရမ်းဒီရမ်းဖြင့် ပရမ်းပတာ ဖြစ်တတ်ကြသည် မဟုတ်ပါလော။

မြည်တွန်တောက်တီးတတ်သော အမယ်ကြီးလို နေ့ရှိသ၍



www.burmeseclassic.com

www.burmeseclassic.com



ဗျစ်တောက်ဗျစ်တောက် ပြောနေသည်ကို ဇာတ်သမားများ နားမချမ်းသာကြ။ တစ်နှစ် တစ်ဇာတ်၊ နှစ်နှစ်တစ်ဇာတ် အကြောင်းအမျိုးမျိုးဖြင့် ကူးလေ့ပြောင်းလေ့ ရှိကြသော ဇာတ်သမားများမှာ စိန်အီကြာ အမနာပ ပြောနေသော ဇာတ်များတွင်လည်း အလုပ်လုပ်ခဲ့ဖူးကြသည်။

ထိုထိုသော ဇာတ်များမှ ခေါင်းဆောင်မင်းသားများမှာ စိန်အီကြာထက် တစ်မျိုးမဟုတ်၊ အချို့ နှစ်မျိုး၊ သုံးမျိုးအထိ သာသော မင်းသားချည့် ဖြစ်သည်။ ထင်ပေါ်သလောက် စင်ပေါ်ကောက်သော ဒိတ်ဒိတ်ကြဲတွေ ဖြစ်ကြသည်။ သိပင် သိလင့်ကစား ဇာတ်ဆရာ မင်းသား ဖြစ်သော စိန်အီကြာကို ပြန်မပြောရဲကြပေ။ ပြောလိုက်လျှင် "ဘာလဲ၊ ခင်ဗျားက သူဇာတ်ကလား၊ ကျုပ်ဇာတ်ကလား၊ သူ့အထင်ကြီးရင် သွား၊ သူ့ဇာတ်... ကျုပ်ဇာတ်မှာ မနေနဲ့" ဟု အပြတ်ထုတ်ပစ်ခြင်း ခံရမည်။

ရန်ကုန်နှင့် မလှမ်းကမ်းမှ ရွာကြီးတစ်ရွာတွင် ကနေစဉ် မနူဖြူမှ စိန်အီကြာ့ဘကြီး ဦးသံပိန် ရောက်လာသည်။ ရန်ကုန်လာရင်းမှ ဇာတ်ရှိရာသို့ ရောက်လာခြင်း ဖြစ်သည်။ ဦးသံပိန်မှာ စိန်အီကြာ ငယ်ငယ်ကတည်းက ချီပိုးထိန်းကျောင်းလာသူ ဖြစ်၍ စိန်အီကြာကို ငယ်နိုင်။ ပြောမရလျှင် တွေ့ရာနှင့် ကောက်ပေါက်တတ်သည်။ ဦးသံပိန်ကိုတော့ စိန်အီကြာက ငယ်ကြောက်။

အကုသိုလ်အပြားလိုက် ကပ်ချင်တော့ နှစ်ပါးခွင်မှာ ပရိကံပြောရင်း အခြားမင်းသားများကို စိန်အီကြာ အမနာပ ပြောမိသည်။ ဘယ်လိုက ဘယ်လိုစကားကျွံသွားသည် မသိ။ မင်းသားတွေကို နာမည်ဖော်ပြီး ဘယ်မင်းသား ဘယ်မင်းသားက အကမကောင်း။ မီးခဲနင်းမိသလို ကသည်။ မျောက်ခုန်သလို ခုန်သည်။ ဘယ်မင်းသားက အဆိုမကောင်း၊ အပြောမကောင်း။ မန်ဒါလီအအေးပတ်သလို အသံအစ်အစ်ဖြင့် ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"သံ" နှင့် "တ" ကို မပီဘဲ ဝူးဝါး ဝူးဝါး ပြောသည် စသည် စသည်ဖြင့် လျှာဘရိတ်မအုပ်နိုင်ဘဲ ပြောလိုက်သည်။

ပုဆိုးလဲရန် အထဲခဏ ဝင်လိုက်သည်နှင့် ဦးသံပိန်နှင့် ထိပ်တိုက် တွေ့တော့သည်။ ဦးသံပိန် အကြီးအကျယ် စိတ်ဆိုးနေသည်။ တုတ်ဆွဲ၍ ထွက်ရိုက်ပါမယ် တကဲကဲ လုပ်နေ၍ နောက်ပိုင်းမင်းသားကြီး သျှောင်ထုံး စိန်က မနည်းဆွဲထားရသည်။

"မင်း တယ်မိုက်ပါလား ငကြာ... ခွေးအောက်ကို တွင်းတူးမိုက် တဲ့ကောင်... ပွဲကြည့်ထဲမှာ မင်းပရိသတ် ဘယ်နှစ်ယောက်ပါသလဲ... ဆယ်ယောက်လား၊ ဆယ့်ငါးယောက်လား... ဟိုမင်းသား ဟိုမင်းသားတွေ ရဲ့ ပရိသတ်တွေချည်း ဖြစ်နေရင် မခက်ပါလား... မင်းကို မေတ္တာ မပျက် ပါလား၊ မင်းအလုပ်ကို မင်း ထူးချွန်အောင် ကြိုးစားဖို့ပဲ ရှိတယ်... ဒီစကား မျိုး ပြောကို မပြောအပ်ဘူး... "

"ကျွန်တော်က ဇာတ်သဘင်လောကကြီး တိုးတက်ရေးအတွက်"

"တော်စမ်း... ဘာတိုးတက်ရေးလဲ... တိုးတက်ရေးဆိုတာ သတင်းစာကွ... အခု မရှိတော့ဘူး... မင်းကို ငါ ထိန်းလာတာ မင်း အကြောင်း မသိရင် ခက်မယ်... တိုးတက်ရေးတို့ ပွဲကြည့်ပရိသတ် အကျိုး ရှိရေးတို့ ဒါတွေ မျက်နှာဖုံးတပ်ပြီး တခြားဇာတ်တွေကို သက်သက် ချိုးဖဲ့ တာ၊ ဘယ်နေ့ ဘယ်ရက်က ဘယ်မင်းသားက ဘယ်မြို့က ဘယ်ပွဲခွင် မှာ ဘယ်လိုကတယ် ဘယ်လိုဆိုတယ်လို့ တိတိကျကျ ပြောနိုင်ရတယ် ကွ... ဒီပုံဒီနည်း ကတတ်ပါတယ်... ဆိုတတ်ပါတယ်လို့ လုံးချ ဝါးချလို့ မရဘူး... ပရိသတ်က လက်မခံဘူး... "

"ကျွန်တော်... ကျွန်တော်... "

"ဘာ ကျွန်တော်လဲ... ငါ ဆော်မိလိမ့်မယ်... မင်းသား လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မင်းမှာ အကာစွမ်းရည် မရှိဘူး... အဆိုစွမ်းရည် မရှိဘူး... အပြော စွမ်းရည် မရှိဘူး... မင်းထက်သာတဲ့ မင်းသားတွေကို စကားကြီး စကား ကျယ်တွေ သုံးပြီး အမနာပ ပြောတတ်တဲ့ စွမ်းရည်ပဲ ရှိတယ်... ဟုတ် တယ် မဟုတ်လား ကြော..."

တစ်မျိုးပဲ ရှိသော စိန်အိကြာ ဦးသံပိန်ကို နှုတ်လှန်မထိုးနိုင် တော့။ တစ်ခါတည်း ငြိမ်ကျသွားလေသတည်း။

အိကြာကွေး

(ဩဂုတ်လ၊ ၁၉၈၆ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✹✧✹✧✹✧



www.burmeseclassic.com

www.burmeseclassic.com



# ရပါတယ်ဆိုသော်လည်း

စိန်အီကြာလို မင်းသားက ကမ္ဘာရှားတောင် မဟုတ်။ စကြဝဠာ ရှားသည်။ သူ့လိုမင်းသားက ဇာတ်သဘင်လောကတွင် တစ်ကောင်တည်း ရှိသည်။ တစ်ကောင်တည်းပဲ ဒါပေမယ့် ဖွတ်ကျားဆိုတာ စိန်အီကြာပင်။

ဇာတ်ကခြင်းအလုပ်ဖြင့် ထမင်းစားနေသော်လည်း ဇာတ်ပညာ ပိုင်းတွင် စိန်အီကြာမှာ မူကြိုအဆင့်သာ ရှိသည်။ အတွေ့အကြုံအရ

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



သမ္မာအရ၊ ဝါအရ ပညာသည်သည် ကြာလေ တော်လေ တော်လေသာ ဖြစ်ရမည်။ စိန်အီကြာကား ကြာလေ ရှော်လေတည်း။

သားအရွယ်၊ မြေးအရွယ်၊ နောက်ပေါက်မင်းသားတွေ သူ့ကို တစ်ယောက်ပြီး တစ်ယောက် ကျော်တက်သွားကြသည်။ စိန်အီကြာကား နောက်ဆုံးတန်းတွင် ကျောက်ချ၍ နေရစ်သည်။ ဇာတ်အဖွဲ့သစ် ပေါ်ဦး မလား။ စိန်အီကြာကို ကျော်တက်သွားမှာ သေချာသည်။ စိန်အီကြာက တော့ အားလုံး၏နောက် အတော်ဝေးဝေးမှ နွေးတုံ့ နွေးတုံ့ဖြင့်သာ လိုက် လာပေလိမ့်မည်။

ပြောတော့သာ အားလုံးကို ကျော်ဖြတ်ရမယ်။ တကယ်ကား အားလုံးက သူ့ကို ကျော်ဖြတ်သွားကြသည်။ နောက်ဆုံးမှ မြက်စား၍ ဖယ်ရမ်း ဖယ်ရမ်းလိုက်နေရသူကား ကျွန်ုပ်တို့၏ စိန်အီကြာ။

အနုပညာအလုပ်သည် ကြိုးစားနိုင်မှ တန်ကာကျသည်။ နည်း နည်းပေါ့လိုက်သည်နှင့် များများ ဒုက္ခ ဖြစ်တတ်သည်။ စိန်အီကြာကား ငံပြာရည် မစွက်၊ ဆားမခတ်သော ပေါ့ပြက်ပြက် မင်းသား။ မိမိ ထမင်း စားနေသော ပညာကို ထက်မြက်အောင် လက်ပြောင်အောင် မသွေး မတိုက်။ ရပါတယ်၊ ဖြစ်ပါတယ်၊ အလွယ်လေးပါ လက်သုံးစကားများ ဖြင့် ကြုံသလို ကျသလို ဖြစ်ကတတ်ဆန်း လုပ်လာခဲ့သည်။ ဇာတ်ပညာ အကြောင်း မေးကြည့်။ သူတစ်ခုမှ မသိ။ ဇတ်ဇတ်ဇတ်ဇတ်နဲ့ နေတာဟာ ဇာတ်ပညာပေါ့ဟု ပြီးစလွယ် ဖြေပါလိမ့်မည်။

“လူငယ်ကြည်ခိုင်တောင် လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့ သေးတာ... လူငယ်အီကြာကလည်း လျှမ်းလျှမ်းမတောက်တောင် မှိတ် တုတ် မှိတ်တုတ်လောက်တော့ အောင်မြင်ရမှာပေါ့... ရပါတယ်... ”

ဇာတ်သဘင်တစ်ခေတ် ရွှေ့ပိုင်းပြဇာတ်လောကတွင် လူငယ် ကြည်ခိုင် လျှမ်းလျှမ်းတောက်တောက် အောင်မြင်ခဲ့ဖူးသည်။ စိန်အီကြာ



www.burmeseclassic.com

www.burmeseclassic.com



က သူ့ကိုယ်သူ လူငယ်အိကြာဟု သမုတ်ကာ မှိတ်တုတ်မှိတ်တုတ် အောင်မြင်ရမည်ဟု ကြုံးဝါးသည်။

"ဇာတ်ဆရာ တကယ်တွယ်တော့မယ်ပေါ့... "

စိန်အိကြာကို ငပေါမှန်း သိထားသော ဇာတ်သမားများက စိုးရိမ်တကြီး ဝိုင်းမေးကြသည်။ ငပေါတို့သည် ထင်ရာမြင်ရာကို ဟုတ်ဟုတ်၊ မဟုတ်ဟုတ် စွတ်ရွတ်လုပ်ကိုင်ကြသည် မဟုတ်ပါလော။

"တကယ်တောင် မကဘူး... အကယ်တစ်ထောင် တွယ်မှာဗျ"

သို့ဖြင့် မြန်မာ့ဇာတ်သဘင်၏ ရှေ့ပိုင်းပြဇာတ်လောကတွင် လူငယ်အိကြာဟူသော မင်းသားတစ်ကောင်၊ ခပ်ကြောင်ကြောင် ပေါ် ထွက်လာသည်။

"တောက်၊ အသက်ပဲ လေးဆယ်ကျော်နေပြီ... လူငယ် အိကြာတဲ့... ဒီမင်းသားရယ် အချိုးမပြေလိုက်တာ... စိတ်မှ နှံ့သေးရဲ့လား မသိဘူး... "

ရောက်လေရာ အရပ်၊ ကလေရာ ဒေသတွင် ပွဲကြည့်ပရိသတ်က ဝေဖန်ကြသည်။ စိန်အိကြာကား နကမွတိမတုန်လှုပ်။ ဝေဖန်ရေး အလိုမရှိဟု မကြွေးကြော်သေးသော်လည်း ဝေဖန်ရေး ဂရုမစိုက်ကြောင်းကိုကား လက်တွေ့ပြခဲ့သည်။ နာမည်ရှေ့မှ "လူငယ်" ကို မဖြုတ်ဘဲ နေခြင်းတည်း။

"ဇာတ်ဆရာရေ... ပရိသတ်တွေကတော့ ပြောကုန်ပြီ... "

"ဘာပြောတာလဲ... ကျုပ်တော်တယ်တဲ့လား... တော်ရမှာပေါ့ ခနေဖြူသားကိုး... "

"မဟုတ်ဘူး ဇာတ်ဆရာ... နာမည်ရှေ့မှာ "လူငယ်" တပ်ထားတာကို ပြောတာ... အသက်လေးဆယ်ကျော်က လူငယ်ဆိုရင် လူကြီးဟာ သင်္ချိုင်းခြေတစ်ဘက်လှမ်းနေတဲ့ အဘိုးကြီး ဖြစ်ရမယ်တဲ့... "



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား... မနာလိုလို့ ပြောတာ... ပြောပါစေ... သံပတ်ကုန်ရင် သူ့အလိုလို အော်တိုငုတ်တုတ် ရပ်သွားလိမ့်မယ်... ကျုပ်ကတော့ လူငယ်အိုကြာပဲ... ရပါတယ်... "

မင်းသားက ခဏ ခဏ ရပါတယ်၊ ရပါတယ် ပြောတော့ ဇာတ်သူဇာတ်သားများလည်း ရပါတယ်၊ ဖြစ်လာကြသည်။ ဘာမဆို ရပါတယ် ချည့်သာ။ မရတာ တစ်ခုမှ မရှိ။ မီးသမားကလည်း မီးဆင်ရာတွင် ရပါတယ်။ ကားသမားကလည်း ကားဆင်ရာတွင် ရပါတယ်။ ထမ်းဆင့်ကလည်း ပစ္စည်းရွှေ့ရာတွင် ရပါတယ်။

မီးသမား ရပါတယ်ကြောင့် မီးတွေ လင်းတာလင်း၊ မလင်းတာ မလင်း ဖြစ်ပေါင်းများပြီ။ ကားသမား ရပါတယ်ကြောင့် ဆက်တင်ကားတွေ မှားတာ မှား၊ လွဲတာ လွဲပေါင်း မနည်းတော့။ ထမ်းဆင့်သမား ရပါတယ်ကြောင့် မီးလုံးကွဲတာတွေ၊ မီးချောင်းကွဲတာတွေ မရေတွက်နိုင်တော့။

"ဒါ မင်းပြောရမယ့် စကား... ပိုလို့လည်းမဖြစ်ဘူး... လိုလို့လည်း မရဘူး... အတိအကျ ပြောမှ ဖြစ်မယ်... အရေးကြီးတယ်နော်... စကားမှားသွားရင် ဇာတ်လမ်းတစ်ခုလုံး သွားရော... "

ပြဇာတ်ဒါရိုက်တာက ပြောရမည့်စကားကို အတိအကျ ရေးပေးကာ ကျက်ခိုင်း၊ လေ့ကျင့်ခိုင်းသည်။ ဇာတ်သမားက စာရွက်ကို ခေါင်းအုံးဘေးချထားကာ ရပါတယ်။

"ဒီသီချင်းက ဇာတ်ကျောရိုးအတွက် အရေးကြီးတယ်... ဇာတ်လမ်းတစ်ခုလုံးရဲ့ ရည်ရွယ်ချက်ကို ဒီသီချင်းမှာ ဖော်ပြထားတယ်... စကားလုံးတစ်လုံးမှ မှားလို့ မဖြစ်ဘူးနော်... "

"ရပါတယ် ဆရာ... "

"ဒီမှာ ကိုပါဒန်... ခင်ဗျား သရုပ်ဆောင်ရမှာက ကရုဏာဒေါသနော်... ကိုယ့်သမီးကို ဒေါသဖြစ်ပေမယ့် မရိုက်ရက်တဲ့ အမူအရာ



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလောက် စမ်းကြည့်ရအောင်... ”

“စမ်းဖို့ မလိုပါဘူး ဆရာရယ်... ပါဒန်တို့ ဇာတ်ကစားလာတာ သွားအမွေး ပေါက်နေပြီ... ခွင်ထဲကျမှ တစ်ခါတည်း တန်းလုပ်မယ်... ရပါတယ်... ”

တစ်ယောက်ပြောလည်း ရပါတယ်။ နောက်တစ်ယောက် ပြောလည်း ရပါတယ်။ စိန်အိကြာမှ စ၍ တစ်ဇာတ်လုံး ရပါတယ်ချည့် ဖြစ်နေကြသည်။

တကယ်ကသောအခါ တစ်ယောက်မှ မရတော့။ စကားတွေ ပိုပြောသည်။ အရေးကြီးတာတွေ ကျန်ခဲ့သည်။ အမူအရာတွေကလည်း မင်းတိုင်းကျေ ပေ့ါရွှတ်ရွှတ်။ ဇာတ်ကတာမှ ဟုတ်ကြပါလေစ။ ညကြေး ယူကောင်းရုံ၊ ဝတ်ကျေတန်းကျေ လှုပ်ရှားနေကြသလို ဖြစ်နေသည်။ ပြဇာတ်ဒါရိုက်တာ အများကြီး အားကြီး စိတ်ပန်းရသည်။ သေများပင် သေချင်စိတ် ပေါက်မိသည်။

“စိတ်တော့ မရှိပါနဲ့ စိန်အိကြာ... ခင်ဗျားဇာတ်ဟာ “ရပါတယ် ဇာတ်” လို့ သတင်းကြီးနေတယ်... ကျွန်တော်တို့ နထိုးပလို့က ဇာတ်သမား ဆိုလို့ မရဘူး... ရွာသားအတော်များများဟာ ကဖူးဆိုဖူးသူတွေ ဖြစ်နေ တယ်... ဆိုရင် ဆိုမှန်း သိတယ်၊ ပြီးကပစ် ကရင် ကမှန်း သိတယ်... ရွာငယ်ပေမယ့် ဇာတ်အတွေ့အကြုံ မငယ်ဘူး... ”

နထိုးပလို့ရွာဘုရားပွဲအတွက် ဇာတ်လာငှားသော ရွာလူကြီးများ ပွင့်ပွင့်လင်းလင်း ပြောလည်း စိန်အိကြာသည် ဆေးပြင်းလိပ်ခဲကာ ပြုံးစိစိ မျက်နှာဖြင့် နားထောင်နေသည်။ ပွဲလက်ခံ၍ စရန်ယူပြီးနောက် ထုံးစံ အတိုင်း ပြောလိုက်သည်။ ရပါတယ်။

နထိုးပလို့ရွာ ဘုရားပွဲကား ကြက်ပျံမကျ စည်လှသည်။ ရွာနီး ချုပ်စပ်ကပါ လှေဖြင့်၊ လှည်းဖြင့်၊ တကူးတက လာအားပေးကြသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ် မည်းမည်းလှုပ် ဖြစ်နေသည်။ ပွဲဈေးတန်းကြီးကပင် တစ်မျှော်တစ်ခေါ်။

ပွဲက ဗလာပွဲ။ ရုံဗလာ နေရာမရွေး ကခဲ့သော စိန်အီကြာအဖွဲ့ လူပင်လယ်ကြီးကို ကြည့်ကာ ကနေ့ည နထို့ပလို့က တောသားတွေ စိန်အီကြာအကြောင်း ကောင်းကောင်း သိသွားရမယ်ဟု စိတ်ကို မောင်းတင်လိုက်သည်။ ဩဘာလက်ခုပ်သံတွေ တဖျောင်းဖျောင်း တညံညံဖြင့် မိုးခြိမ့်ခြိမ့် လျှံစေရမည်။

ထိုညပြဇာတ်မှာ "ဒုတိယလူ၏ တတိယအသည်းမှ စတုတ္ထအဆွေး" အမည်ရှိ အူကြောင်ကြောင် ပြဇာတ်။ ပြဇာတ်နာမည်က ကြောင်သလို ဇာတ်လမ်းကလည်း ကြောင်သည်။ အဖေတစ်ကိုယ်၊ သား တစ်ကိုယ်၊ ဘကြီးတစ်ကိုယ်၊ ဦးလေးတစ်ကိုယ်၊ စိန်အီကြာတစ်ယောက် တည်းက ဆန်းဆန်းကြယ်ကြယ် လေးကိုယ်လေးရုပ်ခွဲ၍ သရုပ်ဆောင် သည်။

ပြဇာတ်တိုက်စဉ်က ထုံးစံအတိုင်း ရုပ်ပါတယ်ဖြင့် ပေါ့ပေါ့လုပ်ခဲ့သော ဇာတ်သမားများသည် တကယ် ကသောအခါတွင်လည်း ထုံးစံအတိုင်း ရုပ်ပါတယ်ပင်။ ဇာတ်လမ်းက အချစ်ကို အသားပေးကာ၊ ဖိုက်တင်ခန်းကို အရိုးပေး၍၊ ဟာသကို အရေခွံ ပေးထားသည်။ မြင်းစီးပြီး အထီးမှန်း၊ အမမှန်း မသိ ဆိုသလို ဘာမှန်းမသိသော ခပ်ရှုပ်ရှုပ်၊ ခပ်ရှော်ရှော် ဇာတ်လမ်း ဖြစ်သည်။

မင်းသမီး မီးယပ်စိန်အသံကလေး ညောင်နာနာဖြင့်...

"ရွှေပွဲလာညှော်ပရိသတ်များရှင့်... ယနေ့ည တင်ဆက်မည့် ပြဇာတ်ကတော့ လူငယ်အီကြာ အထူးသရုပ်ဆောင်ထားတဲ့ "ဒုတိယလူ၏ တတိယအသည်းမှာ စတုတ္ထအဆွေး" ဆိုတဲ့ အဆင့်မြင့် ပြဇာတ် ဖြစ်ပါတယ်... ရှုစားတော် မူကြပါရှင့်... "

လက်ခေါက်မှုတ်သံ၊ လက်ခုပ်တီးသံများကြားတွင် "ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးလဲဟ” ဟု စူးစူးဝါးဝါး အော်သံ ကြားရသည်။ ပြဇာတ် စကၡ် သိပ်မကြာခင် ပရိသတ် အော်သံတွေ ဟိုနားသည်နားက စိခနဲ လောင် ခနဲ ကြားရသည်။

“အဆင့်မြင့်ဆိုတာ ဂျမ်းတုံးခုထားလို့ ဖြစ်ရမယ်… ”

“ဘယ်ဟုတ်မလဲ… မောင်းတက်လျှိုသွင်းပြီး လူအားနဲ့ ဖိနင်း လို့ အဆင့်မြင့်တာ… ”

“ဘာတွေလဲဗျို့… ရုတ်ရုတ် ရုတ်ရုတ်နဲ့ ရွာထဲ ခွေးရူးဝင်တုန်း ကအတိုင်းပဲ… ”

ပရိသတ် အကြီးအကျယ် ဆူကုန်သည်။

ဘယ်လိုမှ ဆက်ကလို့ မရတော့။ အဆင့်မြင့်ပြဇာတ်ကြီးကို တစ်ပိုင်းတန်းလန်းဖြင့် ရပ်ပြီး၊ နှစ်ပါးသွား ထွက်လိုက်ရသည်။ ရပါတယ်။ ရပါတယ်။ ပေါ့ပေါ့ပြောကာ လွယ်လွယ်လုပ်ခဲ့သမျှ တကယ်လက်တွေ့ တွင် မရနိုင်ကြောင်းကို စိန်အိကြာ ကောင်းကောင်း သိသွားချေပြီ။


အိကြာကွေး
(ဒီဇင်ဘာလ၊ ၁၉၈၆ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✸✧✸✧✸✧



www.burmeseclassic.com

www.burmeseclassic.com



# ပန်းတွေနဲ့ ပိန်

"အို… ဘယ်ခါများမှကွယ်… စမ်းကျရေတစ်စက်သဖွယ်… ပန်းအလှတွေ ဆက်မလဲ နော်ကွယ်… "

ဤကား ပွဲနားစဉ်ကာလတိုင်း စိန်အီကြာ ရေရွတ်နေကျသီချင်းဖြစ်သည်။ မင်းသားငယ်ငယ်လေးတွေ နှစ်ပါးခွင်မှာ ပန်းဆက်ခံရသည်ကို လူကြီးပိပိ စိန်အီကြာ မနာလို။ သားအရွယ်၊ မြေးအရွယ်လေးတွေ၏



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုကို စိန်အိကြာ ဘယ်လိုမှ မုဒိတာ မပွားနိုင်။

"ဟင်း... ဟင်း ဒီကောင်လေးတွေက မနေ့တစ်နေ့ကမှ စင်ပေါ် ရောက်လာတာ... အဖွေ့အရှိန်၊ အစ်ကို့အရှိန်၊ ဘကြီး ဘထွေးတွေရဲ့အရှိန် နဲ့ ဇာတ်ခုံပေါ်မှာ တက်ကျယ်နေကြတာ... သင်းတို့တော့ ပန်းဆက်ကြ တယ်... ပန်းပို့ကြတယ်... ပန်းပေးကြတယ်... ဘယ်သူ့အရှိန်မှ မပါဘဲ ကိုယ့်အရှိန်နဲ့ကိုယ် ကျယ်နေတဲ့ ငါ့တော့ ဘယ်သူမှ ပန်းမဆက်ကြဘူး၊ ပန်းမပို့ကြဘူး၊ ပန်းမပေးကြဘူး... အနယ်နယ် အရပ်ရပ်က မုဆိုးမတွေ၊ တစ်ခုလပ်တွေ တယ်ညံ့ကြတာကိုး... ဆက်ကြစမ်းပါ၊ ပို့ကြစမ်းပါ၊ ပေးကြ စမ်းပါ... အို ဘယ်ခါမျှားမှကွယ်... စမ်းကျရေတစ်စက်သဖွယ် ပန်းအလှ တွေ ဆက်မလဲ... နော်ကွယ်... "

အပြီးသတ်ကျတော့လည်း အမြီးပြတ်ရသည်ဆိုသလို ဘာတွေ ပဲ ကြုံးဝါး၊ အဆုံးတွင် ဤသီချင်းကို ညည်းကာ စိန်အိကြာ စိတ်ဓာတ်ကျ သည်ချည်း။ ကျနေသော စိတ်ဓာတ်မှာ မြေလတ်ပိုင်းမြို့တစ်မြို့တွင် ပြန် တင်စရာ ကြုံလာသည်။

"ဇာတ်မင်းသားကြီး ဖိုးကြာ ဖိုးကြာ... တိုင်းပြည်က မျှော်... မြန်မာ့သဘင် စင်မြင့်ပေါ်... ဝင့်ဝင့်ထည်ထည် ထင်ပေါ်လှသနော်..."

ကိုယ်ပိုင်သီချင်း မရှိ၍ သူများသီချင်းကို ခပ်တည်တည် ခိုးချ ကာ နှစ်ပါးကနေစဉ် ထူးခြားမှုတစ်ခု ဖြစ်သွားသည်။ လူရွှင်တော် ကိုပါဒန် က ပန်းတစ်ခက် လာပို့၏။ ပန်းက အဖိုးတန်ကြီးတော့ မဟုတ်။ မြေလတ် ပိုင်းတွင် တွေ့ရတတ်သော စက္ကူပန်း ဖြစ်သည်။

"ဘယ်သူ ပို့ခိုင်းလိုက်တာလဲ ကိုပါဒန်... "

"မသိဘူး ဇာတ်ဆရာ... ဇာတ်စင်ဘေးကို လာပေးသွားတာပဲ မင်းသားကို ပေးလိုက်ပါလို့ မှာသွားတယ်... "

မည်သူက ပေးပေး၊ ပန်းပေးခံရသည်မှာ သေချာပြီ။ စိန်အိကြာ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းပျော်သွားသည်။ ဇာတ်ကစားခဲ့သည်မှာ အနှစ်နှစ်ထောင်ကျော်ခဲ့ပြီ။ ဤကဲ့သို့ ပန်းပေးခြင်း၊ ပန်းဆက်ခြင်းကို တစ်ကြိမ်တစ်ခါမှ မကြုံဖူးခဲ့။

"တစ်ခဲနက် အားပေးကြသော မြေလတ်ပရိသတ်များကို ကျေးဇူး ဥပကာရ အထူးတင်ရှိပါတယ် ခင်ဗျာ... မိဘများ မြှောက်စားမှ တောက်ကြွားရမယ့် မင်းသားဆိုတော့ ပန်းတစ်ခက် ကမ်းဆက်လိုက်တာနဲ့အမျှ အတိုင်းမသိအောင် ပျော်သွားရပါတယ်... သို့ပါသောကြောင့် ဇာတ်မင်းသားကြီး ဖိုးကြာ ဖိုးကြာ... ပန်းတွေနဲ့ ပျော်... ဟော့ ဇာတ်မင်းသားကြီး ဖိုးကြာ ဖိုးကြာ ပန်းတွေနဲ့ ပျော်... "

စိန်အီကြာ ငပေါ်မှာ စက္ကူပန်းခက်ကလေး ကိုင်မြှောက်ကာ ကွေးနေအောင် ကသည်။ ထိုညနှစ်ပါးခွင်မှာ ဇာတ်စင်ပေါ် မျောက်တင် ကမြင်းသလို အလွန် မျက်စိနောက်စရာ ကောင်းသွားသည်။ မြေလတ် ပရိသတ်သည် စိန်အီကြာကို ငပေါ်အဖြစ် ခွင့်လွှတ်ထားကြသည်ဖြစ်၍ လက်ခုပ်တီးကာ အားပေးကြပါသည်။

"ဟား ဟား... ကျုပ်ရဲ့ဇာတာ စန်းလဂ်ဟာ အမြုပ်တစီစီ ထွက်အောင် အတက်ကြီး တက်လာပြီ... မြန်မာပြည်အရပ်ရပ် လှည့်ကလာတာ ဒီမြို့ကျမှ ပန်းဆက်တာ ခံရတော့တယ်... "

မှန်သည်။ အခြားသော မြို့များက စိန်အီကြာကို ဖုတ်လေသည့် ငပိ ရှိသည်ဟု မမှတ်ကြ။ လိမ္မော်သီးပေးခြင်း၊ သကြားလုံး ပေးခြင်း၊ ချိုချဉ်ပေးခြင်း လုံးဝ မရှိ။ ဇာတ်ခုံနောက်ပိုင်းသို့ ဝင်လာမိတ်ဆက်ခြင်းမျိုး မကြုံဖူး။ ပန်းဆက်ခံရဖို့မှာ စိတ်မျှပင် မကူးဝံ့ချေ။

"သိပ်လည်း မြှောက်မနေနဲ့ဦး မြင်းလားကြီး... ပန်းဆက်တာ ဘယ်သူလဲဆိုတာ စုံစမ်းပြီးမှ မြှောက်... "

ဇာတ်ခုံမန်နေဂျာ ဟာကြူလီငပျော့က အမြင့်ကတ်ကတ်ဖြင့် ပင် အပေါက်ဆိုး မှတ်သည်။ သူက စိန်အီကြာနှင့် သူငယ်ချင်းဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



စိန်အိကြာကို သူများတွေက မင်းသားကြီး ခေါ်ပေမယ့် သူက မခေါ်။ မြင်းလားကြီးဟုသာ အမြဲတမ်း ခေါ်သည်။

"ဘယ်သူဆက်ဆက်ပေါ့ကွာ… ပန်းဆက်တာသာ လိုရင်း မဟုတ်လား… ငါလို မင်းသား၊ စကြဝဠာရှားဆိုတာ မင်းမြင်ပြီ မဟုတ်လား… "

"ဟုတ်ပ ဟုတ်ပ… ငပေါ်ကြီး ခင်ဗျား… "

ငပျော့က နောက်ပိုင်းကသော ဝန်လေသံဖြင့် မခိုးမခန့် ပြော ပြီး အနားမှ ခွာသွားသည်။ ဆက်နေလျှင် စိန်အိကြာကို သျှောင်ဆွဲကာ နားရင်းပါးရင်း အုပ်မိတော့မည် ဖြစ်၍ ခပ်မြန်မြန် ထွက်သွားခြင်း ဖြစ် သည်။

ဒုတိယည နှစ်ပါးခွင်တွင်လည်း စိန်အိကြာ ပန်းဆက်ခြင်း ခံရ ပြန်သည်။ သည်ညတော့ ထူးထူးခြားခြား ပန်းဆက်သူ အတော်များလာ သည်။ ပန်းတွေက အတော်များလာသည်။ ပန်းတွေက ထုံးစံအတိုင်း စက္ကူပန်းတွေပင် ဖြစ်နေသည်။ ပွင့်ဖတ်က စက္ကူကလေးလို ပါးပါးလှပ် လှပ် ရှိသဖြင့် စက္ကူပန်းဟု ခေါ်ခြင်း ဖြစ်သည်။ စက္ကူဖြင့် လုပ်ထားသော တကယ့်စက္ကူပန်း မဟုတ်။ မည်သို့ပင် ဖြစ်စေ၊ အဖြူ၊ အနီ၊ အဝါနှင့် အရောင်စပ်ထားသော စက္ကူပန်းများကား နှစ်ပါးခွင်တွင် လှလှပပ ဝေဝေ ဆာဆာ ဖြစ်စေသည်ကတော့ အမှန်။

လူရွှင်တော် ကိုပါဒန်က ယူလာလိုက်၊ လူရွှင်တော် ကိုပုတိုက ယူလာလိုက်ဖြင့် စက္ကူပန်းရောင်စုံတွေ အတော်များများ ရောက်လာ သည်။ ပန်းတစ်ခက် ရောက်လာတိုင်း စိန်အိကြာ သီချင်းတစ်ပုဒ် ဆိုသည်။ ပန်းတစ်ခက် ရောက်လာတိုင်း စိန်အိကြာ စိတ်ဓာတ်တစ်ခါ မြင့်ရသည်။

"ဒီမြို့က တယ်လည်း ဟုတ်နေပါလား… ဒီပန်းတွေကို ဆယ် ကျော်သက် ပွဲကြိုက်ခင်တွေက ပို့ပေးကြတာ ထင်တယ်… "



www.burmeseclassic.com

www.burmeseclassic.com



"လာလာပေးကြတာကတော့ ကလေးတွေချည့်ပဲ ဇာတ်ဆရာ ကလေးထဲမှာတောင် ကျွန်တော် သတိထားမိသမျှ မိန်းကလေး မပါဘူး အားလုံး ယောကျ်ားလေးတွေချည့်ပဲ... "

"သူတို့အစ်မတွေ သူတို့အဒေါ်တွေက ကိုယ်တိုင်ပေးရမှာ ရှက်လို့ မောင်လေးတွေ၊ တူလေးတွေကို တစ်ဆင့်ပေးခိုင်းတာ ဖြစ်ရမယ်... ဘာပဲဖြစ်ဖြစ် ပန်းဆက်တာဟာ ပန်းဆက်တာပဲ... ကျုပ်တော့ အတိုင်းမသိ အနှိုင်းမရှိအောင် ဂုဏ်ယူတယ်ဗျို့... "

တတိယည နောက်ဆုံးည နှစ်ပါးခွင်တွင်လည်း ပန်းတွေတစ်လှေကြီး ရောက်လာသည်။ ထုံးစံအတိုင်း စက္ကူပန်းရောင်စုံတွေချည်းပင်။

ပန်းပေးလာကြသူများမှာလည်း ယခင်ယခင် ညများလို ကလေးများပင် ဖြစ်နေသည်။ စိန်အိုကြာ နည်းနည်းတော့ သံသယ ဝင်ရပြီ။ ဒီကလေးတွေ ဘာကြောင့်များ ညစဉ် ပန်းဆက်နေရပါလိမ့်။

"ပန်းတစ်ခက်ကို ကမ်းဆက်တဲ့ ပွဲကြိုက်ခင်များကို စိန်အိုကြာ ကျေးဇူးကမ္ဘာ တင်ပါတယ် ခင်ဗျား... နှစ်ပါးခွင်မှာ ပန်းဆက်ကြသူများ ပထမည၊ ဒုတိယည၊ တတိယည သုံးညစလုံး ဆက်ခဲ့သူများ အားလုံး နှစ်ပါးခွင်အပြီးမှာ ဇာတ်ခုံနောက်ပိုင်းကို ခေတ္တခဏ လာခဲ့ကြဖို့ မေတ္တာရပ်ခံပန်ကြားပါတယ်... ကျေးဇူးတုံ့ပြန်ချင်လို့ပါ ခင်ဗျား... "

နှစ်ပါးခွင်အပြီးတွင် ဇာတ်ခုံနောက်ပိုင်းသို့ ကလေးတွေ တစ်အုပ်ကြီး ဝင်လာကြသည်။ ထိုကလေးများကို ခေါ်ဆောင်လာသူကား ဟာကြူလီငပျော့။

ကလေးတွေ အားလုံး ယောကျ်ားတွေချည့် ဖြစ်နေသည်။ အသက်အငယ်ဆုံး ကိုးနှစ်မှ အသက် အကြီးဆုံး (၁၂) နှစ် အထိ ကလေးအရွယ်စုံ ဖြစ်သည်။ ခေါင်းတုံးနှင့်တစ်မျိုး၊ သျှောင်ထုံးတစ်သွယ်၊ ဘိုဆံတောက်ဖြင့် တစ်နည်း ကလေးအသီးသီးမှာ ချစ်စရာကောင်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကလေးမင်းများ လွှတ်နေတဲ့ ခုတင်တွေမှာ ဝင်ထိုင်ကြပါ..."

ကလေးတွေ ပျော့ညွှန်ပြသော ခုတင်များတွင် အလှိုအလှို ဝင်ထိုင်ကြသည်။ သူတို့မျက်နှာလေးတွေက ရှက်သွေးဖြန်းနေသည်။ နာမည်ကျော် နိုင်ငံသိမင်းသားကြီးက တလေးတစား ခေါ်ယူတွေ့ဆုံသည်ကို သူတို့တတွေ အနေရ အထိုင်ရ ခက်နေကြဟန် တူသည်။

"ပထမည ပန်းဆက်တာ... "

"ကျွန်... ကျွန်တော်ပါ ခင်ဗျ... "

ချောင်ထိုးနှင့်ကလေးက အသံတုန်တုန်ဖြင့် ဖြေသည်။

"မင်းသဘောနဲ့မင်း ဆက်တာလား... မင်းအစ်မ ဒါမှမဟုတ် မင်းအဒေါ်က ဆက်ခိုင်းလို့ ဆက်တာလား... မင်းသားကြီးက သိချင်နေတယ်ကွ... အမှန်အတိုင်း ဖြေလိုက်စမ်းပါကွာ... "

"ကျွန်... ကျွန်တော့်သဘောနဲ့ ကျွန်တော် ဆက်တာပါ... ဒီ ဒီ ဦးလေးက ကတာကို သဘောကျလို့ပါ... "

ဤတွင် ဆေးပြင်းလိပ်ခဲ၍ နားထောင်နေသော စိန်အိကြာက ဝမ်းပန်းတသာ ဝင်မေးသည်။

"ခေါင်း၊ ခါး၊ ခြေ၊ လက် ဤလေးချက် မပျက်စေရ သုခုမတဲ့ ငါ့တူ... ဦးလေး ကတာ အချိုးအဆက် ကျလို့ မင်းသဘောကျတာ ဖြစ်ရမယ် ဟုတ်တယ် မဟုတ်လား... "

"မ... မ မဟုတ်ပါဘူး ဦးလေး... ဦးလေးပြောတဲ့ သုခမတွေ ဘာတွေ ကျွန်တော် မသိပါဘူး... ဦး ဦးလေး ကတာ ကျွန်တော်တို့ ဖန်ခုန်တာနဲ့ တူလို့ သဘောကျပြီး ပန်းဆက်တာပါ... "

စိန်အိကြာ ဟိုက်... ရှာလပတ်ရည် အော်ပြီး ဆေးပြင်းလိပ်တို ပြုတ်ကျသွားသည်။ ကျန်ကလေးများကို ပျော့က ဆက်မေးသည်။

မည်သည့်ကလေးမျှ အစ်မတွေ၊ ဒေါ်လေးတွေက တစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ခိုင်းခြင်း မဟုတ်။ သူတို့သဘောနှင့် သူတို့ စက္ကူပန်းတွေ ခူးကာ ဆက်ကြခြင်း ဖြစ်နေသည်။ ကလေးတစ်ယောက်က စိန်အိကြာကတော ဘုတ်တလုတ် တောက်တဲ့ ကစားတာနှင့် တူသည် ပြောသည်။ ကလေးတစ်ယောက်ကမူ စိန်အိကြာ ကသည်မှာ အင်္ဂတေမြေမနင်း ကစားသည်နှင့် တူ၍ သဘောကျရပါသည်ဟု ဝန်ခံ၏။

"ကိုင်း ကိုင်း... တစ်ယောက်ပဲ ကျန်တော့တယ်... မင်းကကော စိန်အိကြာကို ဘာသဘောကျလို့ ပန်းဆက်တာလဲ... "

ထိုကလေးမှာ သွက်လက်ချက်ချာပုံ ရသည်။ မထစ်မငေါ့ဘဲ ဖြေ၏။

"ဒီဦးလေး ဇာတ်စင်ကို ဟိုဘက်ဒီဘက် ပြေးလိုက်လွှားလိုက် ကတာကို သဘောကျလို့ပါ... ကျွန်တော်တို့ ခွေးရူးတိုင်ကူးတမ်းကစား သလိုပဲ ခင်ဗျ... "

စိန်အိကြာမှာ ဟိုက်... ရှာလပတ်ရည်တွေ အော်ရပေါင်းများ သဖြင့် ထပ်မအော်နိုင်တော့။ ခုတင်ပေါ်သို့ ပက်လက်လန် လဲသွားသည်။ ဇာတ်ခုံမန်နေဂျာ ဟာကြူလီငပျော့၏ ရယ်သံတစ်ဝက် စွက်ထားသော အသံ ပေါ်လာသည်။

"ခင်ဗျားကတာဟာ သူတို့ ကစားတာတွေနဲ့ အသီးသီးအသက တူနေလို့ ပန်းဆက်တာတဲ့... ပန်းတွေနဲ့ ဂိန်နေတဲ့ စိန်အိကြာရေ့ ကျေးဇူး တုံ့ပြန်တဲ့အနေနဲ့ ဒီကလေးတွေကို ချိုချဉ်တစ်လုံးစီ ဝေပေးလိုက်ပါတော့ ဗျာ... သွတ် သွတ် သွတ်... "

အိကြာကွေး

(မတ်လ၊ ၁၉၈၇ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✸✧✸✧✸✧



www.burmeseclassic.com

www.burmeseclassic.com



# ထိုးဇာတ်

"မင်းသားနှယ်... ဘာမျှား လုပ်ဦးမလို့ပါလိမ့်... "

ဤသို့သော အတွေးကိုယ်စီဖြင့် ဇာတ်သမားတွေ ရင်ဖိုနေကြသည်။ နေ့လယ်တစ်နာရီတိတိတွင် ဇာတ်ခုံပေါ်သို့ မပျက်မကွက် စုဝေးရောက်ရှိနေစေရမည်တဲ့။ ဇာတ်ဆရာ စိန်အိုကြာ၏ နှစ်ချက်လွှတ် အမိန့်အရ အိပ်နေရာမှ ထလာခဲ့ကြရသည် မဟုတ်ပါလား။

တွတ်ပီစာရေးဝိုက်

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တော့ မျက်ခုံးတွေ လှုပ်တယ်ဗျာ... တစ်ခုခုတော့ တစ်ခုခုပဲ... "

နောက်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန်က ပူပန်သောလေသံဖြင့် ပြောသည်။ သူသည် နောက် နောက်က အတွေ့အကြုံများအရ စိန်အီကြာ လူစုခိုင်းလျှင် တစ်ခုမဟုတ်တစ်ခု ပေါက်တတ်ကရ လုပ်ရ တော့မည်ကို ကျိန်းသေသိနေသည်။

"မျက်ခုံးတွေ လှုပ်တာဟာ မျက်စပစ်ချင်လို့ပေါ့ဗျာ... သခေါ ကြည်ဖြစ်ဖြစ်၊ မီးယပ်ပိန်ဖြစ်ဖြစ် မင်းသမီးတစ်ယောက်ယောက်ကို မျက်စ ပစ်လိုက်... ဒါဆို ကျိန်းကြေသွားမယ်... "

လူရွှင်တော် ပါဒန်က အဘိုးကြီး စိတ်သက်သာရာရအောင် ဝင်နောက်သည်။ သျှောင်ထုံးစိန် လူရောစိတ်ပါ အကြီးအကျယ် ညစ်နေ သည်။ နွံ့နေသော အပေါ်ရှေ့သွားတစ်ချောင်းက မခံမရပ်နိုင်အောင် တစစ်စစ် ကိုက်နေသည်။ ပွဲဈေးတန်းမှ ညှော်နံ့များက ဇာတ်ရုံထဲသို့ လေနှင့်အတူ လွင့်လွင့်လာနေကြသည်။

"သွားက နာရတဲ့အထဲ ညှော်ကလည်း နံလိုက်တာနော်... "

"မစားရ ညှော်ခံဆိုတာ ဒါကို ပြောတာပေါ့ အဘိုးကြီးရ... "

တစ်ယောက်တစ်ပေါက် ဖောက်သလို စကားတွေများနေကြ သည်မှာ စိန်အီကြာ ရောက်လာမှပင် လုံးဝဥဿုံ မီးရေနှင့်သတ် ငြိမ်းသွား ကြတော့သည်။ မီးကို ရေဖြင့် သတ်တာကမှ ရှဲခနဲ မြည်ဦးမည်။ ဇာတ် သမားများမှာ ရှဲခနဲပင် မမြည်နိုင်ကြ။ စိန်အီကြာ သူ့အခန်းမှ ထွက်လာ တာ မြင်သည်နှင့် ရုတ်တရက် တိတ်သွားကြသည်။ ဇာတ်ဆရာမင်းသား ဆိုတော့ ကြောက်ကြရပေသကိုး။

စိန်အီကြာက သူ့ဇာတ်ထဲမှာတော့ ဘုရင်တစ်ဆူ။ သူပြောသမျှ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဇာတ်သမားတွေ နာခံရသည်။ ကလန်ကဆန် လုပ်မည် မကြံနှင့်၊ ဟင်း… ဟင်း ညကြေး ဖြတ်ပစ်မည်။ ဇာတ်ထဲက ထုတ်ပစ်မည်။ သူ တစ်ခွန်းဟလိုက်ရုံဖြင့် ဇာတ်သမား၏ ထမင်းအိုး ဂွမ်းခနဲ ကွဲသွားမည်။ စိန်အိကြာကို ဘာထင်သလဲ။

"ခင်ဗျားတို့ကို ခေါ်ရတာက ကျုပ် စိတ်ကူးတစ်ခု ရလို့ပဲ… ကျုပ်တို့မှာ နောက်ပိုင်းဇာတ်ထုပ် နည်းနေတာ ခင်ဗျားတို့ သိတယ်နော်"

"ဟုတ်ကဲ့ သိပါတယ် ဇာတ်ဆရာ… "

စိန်အိကြာ ဇာတ်သဘင်အဖွဲ့တွင် နောက်ပိုင်းဇာတ်ထုပ် နည်းရုံမျှမက ရှေ့ပိုင်းပြဇာတ်လည်း ဟုတ်တိပတ်တိ များများမရှိပေ။ တခြားဇာတ်တွေ ကထားတာကို အမြီးပြန်ခေါင်းပြန်၊ ပြောင်းပြန်လှန်၍ ကြံဖန်ကနေရသော အဒိန္နဒါနာ ခိုးချပြဇာတ် သုံးလေးထုပ်သာရှိသည်။

"ပရိသတ်သဘောကျ လက်ခုပ်ဩဘာများများရမယ့် နောက်ပိုင်းမျိုးလုပ်ဖို့ ကျုပ် စိတ်ကူးထားတယ်… ဇာတ်ကတော့ ထိုးဇာတ်ပဲ… ဇာတ်လမ်းက ငါးရာ့ငါးဆယ်တို့၊ ဇင်းမယ်ပဏ္ဏာသတို့ကို အခြေမခံဘူး… ကျုပ်ဟာကျုပ် တွေးကြံထားတဲ့ ကိုယ်ပိုင်ဇာတ်လမ်း… ဒါထက် ထိုးဇာတ်ဆိုတာကိုကော ခင်ဗျားတို့ သဘောပေါက်ကြရဲ့လား… "

"ပေါက်ပါတယ် ဇာတ်ဆရာ… "

"ပင်ကိုဉာဏ်နဲ့ ထိုးထွင်းကြံဆထားတဲ့ ဇာတ်မဟုတ်လား… "

"ထပ်တေရီး… ဘယ်က ဟုတ်ရမှာလဲ… နာမည်ကိုက ထိုးဇာတ်ဗျ… အဓိပ္ပာယ်ရှိရှိ မရှိရှိ အကြောင်းယုတ္တိ တန်တန်မတန်တန် ဇာတ်စသည်က ဇာတ်ဆုံးအထိ အကြိတ်အနယ် ထိုးကြ တွယ်ကြတာဟာ ထိုးဇာတ်ပဲ… "

ဇာတ်သမား၏ တစ်ပြိုင်တည်း သက်ပြင်းချသံသည် ဇာတ်ရုံ



www.burmeseclassic.com

www.burmeseclassic.com



နံရံမှ ထရံများပင် လှုပ်သွားသည်။ ဘုရား၊ ဘုရား၊ ဇာတ်ဆရာသောက်ရှူး က ထူးကူးခြားခြား ထိုးဇာတ်တဲ့။ အကြိတ်အနယ် တွယ်ကြရမယ်တဲ့။ သျှောင်ထုံးစိန် မျက်ခုံးလှုပ်သည်မှာ လှုပ်ထိုက်ပါသည်။ ထိုးရမည့် ဇာတ် ဖြစ်သော "ထိုးဇာတ်" အကြောင်းသာ ကြိုတင်သိထားလျှင် မျက်ခုံးတင် မက သျှောင်ထုံးပါ လှုပ်ထိုက်သည် မဟုတ်ပါလော... ။

"နတ်ထိ့ပလို့ရွာ ဘုရားပွဲမှာ ကျုပ်တီထွင်ထားတဲ့ ထိုးဇာတ်ကို ခုံပေါ် တင်မယ်... ခင်ဗျားတို့ အားလုံးသက်လုံကောင်းအောင် ထိုးတတ် ကြိတ်တတ်အောင် ရှောင်တတ်တိမ်းတတ်အောင် ခုကတည်းက လေ့ကျင့် ပြင်ဆင်ထားကြပါ... အားလုံး သွားနိုင်ပြီ... "

ဇာတ်သမားများမှာ ညတွင် ဇာတ်ကပြီး နေ့မှာ အိပ်ရသဖြင့် "ထိုးဇာတ်" အတွက် လေ့ကျင့်မှု မလုပ်နိုင်ကြပေ။ နောင်ခါမှ ရောက် ရားပဲ၊ သဗ္ဗေသတ္တာ ကမ္မသကာ၊ ကံကိုသာ ပုံအပ်ထားလိုက်ရလေသည်။ အများ ရင်ဖိုနေကြသော ပွဲခွင်ကား ရောက်လာလေပြီ။

ထိုညက ဇာတ်သမားတိုင်း နောက်ပိုင်း ဇာတ်ကပြန်ချိန် မရောက်ပါစေနှင့် နှစ်ပါးနှင့်ပင် မိုးစင်စင် လင်းသွားပါစေဟု တိတ်တခိုး ဆုတောင်းကြသည်။ သို့သော် သူတို့ ဆုတောင်းသည် မပြည့်နိုင်တော့ပေ။ စိန်အိကြာက နှစ်ပါးခွင်ကို အတိုချုံးကကာ နောက်ပိုင်းကို ဖျတ်ခနဲ ခုန် ကူးလိုက်လေပြီ။

ထိုးဇာတ်ဆိုသည့်အတိုင်း ထိုးကြိတ်ခြင်းကို ဦးစားပေးထား သဖြင့် ဇာတ်လမ်းတစ်လျှောက်လုံး ထိုးစရာ၊ ကြိတ်စရာ အကွက်အခင်း တွေချည့် ဖြစ်နေသည်။ တက္ကသိုလ်ပြည်တွင် အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ် သော ပညာများ သင်ကြားပြီး၊ ပညာလည်း စုံ၊ ကြင်ယာပါ စုံကာ တိုင်းပြည် သို့ ပြန်လာသော ဝိဇယကုမ္မာမင်းသား (စိန်အိကြာ) သည် တောအုပ်



www.burmeseclassic.com

www.burmeseclassic.com



အလယ်တွင် ဒေဝကုမ္ဘအမည်ရသော နတ်ဘီလူးနှင့် တွေ့ကြသည်။

ဤတွင် ဘီလူးနှင့် မင်းသား ဖိုက်တင်ချကြ၏။ ထိုးဇာတ်ဆိုသည့်အတိုင်း သူနိုင်ကိုယ်နိုင် အကြိတ်အနယ် ထိုးကြရာ ဘီလူးလည်း ခေါင်းဆောင်းပြုတ်၊ မင်းသားလည်း သျှောင်ထုံးပြေ ဇာတ်ခုံပေါ်တွင် ဝရုန်းသုန်းကားတွေ ဖြစ်ကုန်သည်။

ဘီလူးလုပ်သော ဇာတ်သမားမှာ စိန်အိကြာကို မုန်းနေ ချဉ်နေတာ ကြာပြီ။ အကွက်ရတုန်း ဆော်မှဟု သဘောထားပြီး၊ နားသယ်စပ်ကို တခွပ်ခွပ် မြည်အောင် ဖိထိုးသည်။ သျှောင်ထုံးပြေပြီး၊ ဆံပင်တွေ မျက်နှာအုပ်နေသဖြင့် စိန်အိကြာ တစ်ဖတ်သတ် ခံရနေရသည်။ နာလွန်းမက နာလာ၍ "ဟေ့ကောင်... မင်းကို ညကြေးဖြတ်မယ်... " ဟု ပြောလိုက်မှ အထိုးရပ်သွားသည်။

"သည်းခံပါ ဇာတ်ဆရာ... ထိုးဇာတ်ဆိုလို့ ကျွန်တော် ထိုးရတာပါ... "

ညကြေးဖြတ်မယ်ဆိုတော့ အကြောက်သား။ ဘီလူးလုပ်သော ဇာတ်သမားက စိန်အိကြာကို တောင်းပန်သည်။ စိန်အိကြာ နားထင်နှစ်ဘက်တွင် ချက်ချင်း ယောင်တတ်လာသည်။ ခေါင်းထဲတွင် ဇာတ်မောင်းကြီး ဝင်ထုနေသလို တဒူဒူ မြည်နေသည်။ နားနှစ်ဘက်ကလည်း နားအုံတွေ ကွဲထွက်သွားသည်လား မသိ။ ပိတုန်းကောင်တွေ ထောင်ချီပြီး ဝင်နေသလို တဝီဝီ တဒီဒီ ကြားနေရသည်။

"မင်းအမေလင် သည်းခံရမှာလား... ဒါ တမင်ထိုးတာပဲ... ညကြေးဖြတ်ရုံတင် မဟုတ်ဘူး... ထုတ်ကို ပစ်မယ်... "

စိန်အိကြာ ကြာကြာ ဆက်ဒေါသမထွက်နိုင်ပါ။ သူ့အာရုံများ ဇာတ်ခုံမြင်ကွင်းဆီ ရောက်သွားသည်။ မင်းချင်းလုလင်များ ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



လူရွှင်တော် ကိုပါဒန်နှင့် ကိုပုတိုတို့ ရည်စားကိစ္စဖြင့် စကားများတာ ရန်စောင်နေကြလေပြီ။

"သည်လုံမငယ်ဟာ ကျုပ်နဲ့ အရင်မေတ္တာမျှတာဗျ… ကျုပ်တို့ နှစ်ယောက်ရဲ့မေတ္တာခရီးလမ်းမှာ မောင်ရင် အမှိုက်ဝင်မရှုပ်ပါနဲ့… အချိန် မနှောင်းမီ နောက်ဆုတ်ပါ… "

"ဟား ဟား… ရယ်ချင်တယ်ဗျ… ကျုပ် ရယ်ချင်တယ်… ဒီလုံမရဲ့ ငယ်ကချစ်ဖူး ရည်စားဦးဟာ ကျုပ်ဗျ… ဟောဒီ ကျုပ်… အရမ်း ကြီး ဂလန်ဂလားနဲ့ ခေါင်းတလား မဆန့်တဲ့ ခင်ဗျား မဟုတ်ဘူး… "

ကိုပါဒန်နှင့် ကိုပုတိုစကားတန်း ရှည်နေသည်ကို စိန်အိကြာ သည်းမခံနိုင်တော့။ သူတို့လေများတာနှင့် ထိုးဇာတ် သရုပ်ပျက်တော့ မည်။ "ဟေ့လူတွေ… ထိုးဇာတ်… ထိုးကြပါတော့လား… " ဟု ကားကြား ထဲမှ လှမ်းသတိပေးလိုက်သည်။ သဏ္ဍာန်လုပ်၊ သရုပ်တူအောင် ကိုပါဒန် တို့ ထိုးကြရတော့သည်။ ပျက်ကယ်၊ ပျက်ကယ် ဟန်လုပ်ထိုးရာက ချော် ထိုးမိပြီး အသားနာလာတော့ ဒေါသတွေ အလုံးအရင်း ထွက်ကာ တကယ် ထိုးကြတော့သည်။ နတ္ထိပလို့ ပရိသတ် သွေးကြွသွားသည်။ ဝင်အော် အားပေးကြသည်။

"ထိုးဇာတ်ကွ… ဒါမှ ထိုးဇာတ်အစစ်… ချ ချ ကိုဂျပုကို မြေကြီး ထဲ ဝင်သွားအောင် ချ… "

"တွယ်စမ်းပါ… ဘာကြောက်နေတာလဲ… ဒီဂလန်ဂလား ကို ခုန်ထိုး ခုန်ထိုး… "

တစ်ပွဲလုံး ကျွက်ကျွက်ဘရမ္မက် ငရဲပွက်သည့်နှယ် ဆူညံသွား သည်။ ဆိုင်းကလည်း ဆူ၊ ပွဲကလည်း ဆူ၊ သွေးတွေပါ ဆူလာသဖြင့် ကိုပါဒန်နှင့် ကိုပုတို သူသေကိုယ်သေ ထိုးကြရာ ဒဏ်ရာကိုယ်စီဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခြေကုန်လက်ပန်းကျမှ ရပ်ကြသော တူ၏။

ဥဒ္ဓေနီမင်းကြီး ထွက်ကြွလာရာတွင် ဝဿကာရပုဏ္ဏားလည်း အပါးမှ ပါလာသည်။ မင်းသားကြီး သျှောင်ထုံးစိန်က ဥဒ္ဓေနီမင်းကြီး အဖြစ် သရုပ်ဆောင်သည်။ ဝဿကာရပုဏ္ဏားအဖြစ် လူကြမ်းကိုပန်က သရုပ်ဆောင်သည်။ ကိုပန်မှာ ကြမ်းရ၊ ရမ်းရမည်ဆိုလျှင် နှစ်ယောက် မရှိအောင် ပြိုင်စံရှားသည်။ ပွဲကြည့်ပရိသတ်၏ မေတ္တာတုံးအဖြစ် ပြောင်း ဖူးရိုးများ၊ ခုံဖိနပ်စုတ်များ၊ နွားချေးထုပ်များဖြင့် မကြာခဏ ချီးမြှင့်ခြင်း ခံရသူ ဖြစ်သည်။

သျှောင်ထုံးစိန်မှာ အလိုလိုမှ အားငယ်ရသည့်အထဲ ကိုပန်နှင့် တွဲရသဖြင့် အသည်းတွေ အူတွေ တုန်နေရသည်။ ဇာတ်လမ်းအရ စစ်သူကြီးကို အထင်မှားအောင် ပုဏ္ဏားက ခြေထိုးရမည်။ ဥဒ္ဓေနီမင်းက ရှေ့က၊ ပုဏ္ဏားတော်ကြီးက နောက်ပါးက ထွက်လာကြစဉ် ကားလိပ်ကြား မှ စိန်အိကြာက "ကိုပန်၊ ခြေထိုးရမယ်နော်... ခြေထိုးရမယ်... " ဟု လှမ်းသတိပေးသည်။

ခြေထိုးသည်ဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး အထင်မှား အမြင် မှားအောင် ကြားဝင်၍ ကုန်းချောခြင်း ဖြစ်သည်။ ထိုသည်ကို ကိုပန်က ဘယ်လိုသဘောပေါက်သည် မသိ။ ဥဒ္ဓေနီမင်းကြီး၏နောက်ပါးမှ ထွက် ပြီး ဘေးချင်းယှဉ်တက်လာ၍ မင်းကြီး၏ ရှေ့သို့ ခြေထိုးခံပေးလိုက် သည်။ ဥဒ္ဓေနီမင်းကြီး သျှောင်ထုံးစိန်မှာ ဟတ်ထိုး လဲပါလေသတည်း။

"ဘုရင်ကြီး မှောက်ရက်လဲတာ ကိုင်ရိုက်လိုက်တဲ့ အတိုင်းပဲ" နတ်ထို့ပလို့ပရိသတ်က ကအုန်းအုန်း ရယ်ရာမှ မှတ်ချက်ချသည်။ မှန်သည်။ ဥဒ္ဓေနီမင်းကြီး သျှောင်ထုံးစိန်မှာ မကိုင်နှံတစ်ခြား၊ သန်လျက် တစ်ခြား ဖြစ်လျက် ပုံပျက်ပန်းပျက် မှောက်ရက်လဲခဲ့ရသည် မဟုတ်ပါ လော။



www.burmeseclassic.com

www.burmeseclassic.com



စိန်အိကြာ၏ ထိုးဇာတ်မှာ ဟိုးဟိုးကျော်သွားသည်။ မည်မျှ ကျော်သနည်းဆိုသော် ဇာတ်ဆရာကိုယ်တိုင် နားရောဂါ အထူးကု ဆရာဝန်နှင့် ပြရသည်။ ဇာတ်သမားများလည်း လက်ကျိုးသူ ကျိုး၊ ခြေပွတ်တိုင် လည်သူလည်၊ နှုတ်ခမ်းကွဲသူ ကွဲ၊ မျက်လုံးရောင်သူ ရောင်။ "ထိုးဇာတ်" နှင့် ပတ်သက်၍ အမြတ်ထွက်သူမှာ နောက်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန်တစ်ယောက်သာ ရှိသည်။ မှောက်ရက်လဲရာတွင် နာနဲ့နေသော အပေါ်ရှေ့သွား ကျိုးသွားသဖြင့် သွားကိုက်ပျောက်သွားသည် ဟူသတတ်။

အိကြာကွေး


(မေလ၊ ၁၉၈၇ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✸✧✸✧✸✧



www.burmeseclassic.com

www.burmeseclassic.com



# ပေါက်တဲ့သူ မှန်မှန်ပြော

"တောက်... ကောင်းစားနေလိုက်တာ... "

မိန်းကလေးတွေ ပတ်လည်ဝိုင်းနေသော စိန်အီကြာကို ကြည့်ကာ လူရွှင်တော် ကိုပါဒန်က တီးတိုးပြောလိုက်ရာ လူရွှင်တော် ကိုပုတိုတို့က...

"ခွေးရူးကောင်းစား တစ်မွန်းတည့်ပဲဗျ... စိန်အီကြာကောင်းစား



www.burmeseclassic.com

www.burmeseclassic.com



တာကတော့ ဘယ်လောက်တာရှည်မယ် မသိဘူး... ခွေးရူးထက်တော့ အချိန်နည်းနည်း ပိုပါလိမ့်မယ်... သူက လူရူးကိုဗျ... အဟတ် ဟတ် ဟတ် ဟတ်... ”

အရုပ်ထဲမှ အတင်းပြောတယ်ဆိုတာ ဇာတ်ထဲက အိပ်နေသလောက်ပဲ ရှိသည်။ ဇာတ်သည် အရုပ်လို မဟုတ်။ အလွန်ကျဉ်းမြောင်းသည်။ နေ့စဉ် ဒီမျက်နှာတွေချည်း ကြည့်နေရသည်။ မြင်နေရသည်။ ဒီအဝန်းအဝိုင်းလေးအတွင်းမှာ ဒီလူ ဒီလူတွေပဲ ထိတွေ့ဆက်ဆံနေရ သည်။

ပြဿနာမျိုးစုံ တစ်ခုမဟုတ်တစ်ခု အမြဲ ကြုံရသည်။ အတင်းပြောသော အလုပ်ကို မိန်းမများသာ မဟုတ်၊ အတောင်နှစ်ဆယ် ဝတ်ပါသည်ဆိုသော ယောကျာ်းများကလည်း မြိန်ရေယှက်ရေ လုပ်ကြသည်။ “နေ့အိပ်ညက” လောကငယ်ငယ်လေးမှာ အတင်းပြောတဲ့ အလုပ်သာ မရှိလျှင် ဘယ်လောက်များ ပျင်းရိဖို့ ကောင်းလိုက်မလဲ။

သည်ဘက်နှစ်များမှာ စိန်အီကြာ “စန်း” တက်လာသည်။ သူ့ “စန်း” က ရိုးရိုးတန်းတန်း တက်သည် မဟုတ်၊ အမြုပ်တစီစီ ထွက်ကာ ထောင့်တန်းဆွဲ၍ တက်ခြင်း ဖြစ်သည်။ အခြားခေတ်ပြိုင်မင်းသားများ မနာလိုဖြစ်သည်မှာ မဆန်း။ ကိုယ့်ဇာတ်ထဲမှ လူရွှင်တော်တွေကပင် မနာလို ဖြစ်ရသည်မှာ ဆန်း၏။ သည်လောက် အတက်ကြမ်းတဲ့ “စန်း” လည်းဆိုတာ ချင့်သာ ကြည့်တော့။ သည့်ထက် ထပ်ကက်လျှင် ကုန်ဈေးနှုန်း၏တင်ပါးကို ခေါင်းဖြင့် ပြေးဆောင့်မိဖို့သာ ရှိတော့သည်။

“စိန်အီကြာဘုန်း၊ မိုးသို့ချွန်း၊ အပျိုပုန်း အိမ်မှာ မနေသာ” တဲ့။ စိန်အီကြာ ရောက်ရာအရပ်၊ ကရာရုံသို့ အိမ်တွင်းပုန်းအပျိုလေးများ ရောက်ရောက်လာကြသည်။ အိမ်တွင်းမပုန်းသော အပျိုလေးများကိုကား စကားအဖြစ် ထည့်ပြောစရာ မလိုတော့။ ဇာတ်ရုံနောက်ပေါက်မှ တစ်ဆင့် မင်းသား၏အခန်းဆီသို့ ဝင်ချည်ထွက်ချည် လုပ်ကြသည်မှာ လိပ်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကပင် အရှုံးပေးရသော ဟူ၏။

"ကိုကြာ အိပ်တုန်းလားဟင်... ကိုကြာ နိုးပလား... ဝင်နှိုးလိုက်မယ်နော်... "

ဤနေရာတွင် ကိုကျော်ဆိုသော မောင်ကျော်ဟိန်းသည် ကိုကြာဆိုသော စိန်အိကြာကို လိုက်၍ မီမည် မဟုတ်။ သူ့အား "ကိုကျော် ကိုကျော်" ခေါ်ကြသူများမှာ ဖုယောက်ျားလေးများသာ ဖြစ်သည်။ "ကိုကြာ ကိုကြာ" ဟု ခေါ်ကြသူများကား နုနယ်ပျို့မျစ်အလှရည်တွေ ရွှန်းသစ်နေသော မိန်းကလေးများသာတည်း။

"ဟဲ့... ဟဲ့ မနှိုးနဲ့... မနှိုးနဲ့... ဝင်နှိုးရင် နင် အ... အ အထိုးခံရမယ်... မင်းသားက သူအိပ်တုန်း သွားနှိုးရင် လက်ညှိုးနဲ့ ယောင်ထိုးတတ်တယ်... ဘကြီးက သားသမီးချင်း စာနာလို့ တားတာ... "

နောက်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန်က မင်းသား အိပ်နေသော အခန်းဘက်သို့ လှမ်းကြည့်ပြီး ခပ်တိုးတိုး ပြောသည်။ ရဲရဲ၊ သဲသဲနှင့် ကဲကဲ အမည်ရှိသော ဆံတိုကုပ်ဝဲ သုံးယောက်မှာ အဘိုးကြီးကို မကျေနပ်ကြ။ ရဲရဲနှင့် သဲသဲတို့ မင်းသမီးများ၏ ခုတင်တွင် ထိုင်နေကြစဉ် ကဲကဲ လှစ်ခနဲ ပျောက်သွားသည်။

ခန်းဆီးအပြာကြီး ထူထဲလုံခြုံစွာ ကာထားသော စိန်အိကြာ့အခန်းထဲမှ တခစ်ခစ် ရယ်သံ ကြားရသည်။ ကဲကဲက မည်သည့်နည်းဖြင့် နှိုးလိုက်သည် မသိ။ ခွေးသူခိုး စိန်အိကြာ နိုးလာသည်။ အင်း... သူ့နည်းနဲ့ သူ နိုးတော့လည်း အလွယ်သားပါလားဟု သျှောင်ထုံးစိန် သံဝေဂယူနေစဉ် ရဲရဲနှင့် သဲသဲတို့လည်း ခန်းဆီးပြာ ကာထားသော အပြာခန်းထဲသို့ သုတ်ခနဲ၊ သုတ်ခနဲ ဝင်လိုက်သွားကြသည်။ ရယ်သံများ ပိုမိုစည်ညံလာသည်။

"ကျုပ် မှားတယ်ဗျာ... ကျုပ် သိပ်မှားတယ်... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှားတာလဲ ကိုပါဒန်ရဲ့... ငါးပြားစေ့နဲ့ ဆယ်ပြားစေ့လား"

"မဟုတ်ဘူး ကိုပုတို... ကျုပ်ဟာ လူရှင်တော် မလုပ်ဘဲ မင်းသားလုပ်ခဲ့မိရင် ဘယ်လောက်ကောင်းလိုက်မလဲ... "

"သဘောပေါက်တယ်ဗျို့... မှားတဲ့အထဲမှာ ဟောဒီမောင်မောင်ပုတိုလည်း ပါပါတယ်ဗျာ... "

နောက်ပြီး မင်းသားကြီး သျှောင်ထုံးစိန်က "အဲဒီအမှားစာရင်းမှာ ထိပ်ဆုံးတစ်နေရာက ငါလည်း ပါတယ်ဟေ့... "

ဟု ကြိတ်မနိုင် ခဲမရ ပြောရင်း သျှောင်ထုံးကို ဖြေပစ်ကာ တဗျင်းဗျင်း ကုတ်နေလေသတည်း။ မောင်မှားလို့ သျှောင်ယားတယ်ဆိုတာ ဒါကို ပြောတာ ထင်တယ်။

စိန်အီကြာက ရန်ကုန်ခွင် ဝင်မိလျှင် တော်တော်နှင့် ပြန် မထွက်တော့။ စမ်းချောင်းရုံ၊ တာမွေရာပြည့်ရုံ၊ သံလမ်းရုံ၊ အင်းစိန်ရုံ၊ တောင်ဥက္ကလာ မြောက်ဥက္ကလာရုံ၊ ဒေါပုံရုံ၊ အလုံရုံ၊ ရုံမှန်သမျှ စုံအောင် ဝင်သည်။ သူဝင်ဖို့ ကီလီဆိပ်ကမ်းမှ ကုန်သျှောင်ရုံတွေပဲ ကျန်တော့သည်။ ဒီရုံတွေကလည်း ဇာတ်မသွင်းလို့ သွင်းရင် ဝင်ဦးမှာ သေချာသည်။

အချို့ရုံများဆိုလျှင် စိန်အီကြာက နှစ်ကြော့ပြန် သုံးကြော့ပြန် ထပ်ထပ်ဝင်သည်။ အီအိုင်နေသော ရေပြင်တွင် ဝဲလှည့်နေသော မစင်တုံးလို ရန်ကုန်ရုံပေါင်းစုံ လှည့်လည်နေသော စိန်အီကြာကို အချို့က ဟားကြသည်။ ဒီမင်းသားက မိုးဖြိုင်ဖြိုင် မရွာမချင်း ရန်ကုန်က ခွာမယ် မထင်ဘူး။ ကနေတုန်း လေကြီးမိုးကြီး ကျပြီး ရုံပြိုကျမှ ခွာမယ့် မင်းသားပဲ။

စိန်အီကြာအဖို့ ရန်ကုန်ခွင်မှ "ကိုကြာ မခွာနိုင်" ဖြစ်သည်မှာ အကြောင်းအမျိုးမျိုး ရှိပါသည်။ ရဲရဲ၊ သဲသဲ၊ ကဲကဲတို့လို ဆတ်စလူး ဇာတ်ရှူးများကို သံယောဇဉ် ဖြစ်ရခြင်းသည် အဓိကအကြောင်း ဖြစ်သည်။ သဲသဲတို့နှင့် ကြည်နူးရသလောက် ဒေါ်ဆုံကြီးဆိုသည့် ကတော်ကျ



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးမကြီးကိုကား စိန်အီကြာ အသည်းတုန်၊ အူတုန်၊ တစ်ကိုယ်လုံး တုန်အောင် စိတ်ညစ်ရသည်။

ဒေါ်ဆုံကြီးက လေးဆယ်ကျော်။ ရာဝင်အိုးကြီးလို ပုပုမည်းမည်း၊ ဝတုတ်ပြဲ။ ဒါကြီးက ဆယ်ကျော်သက်ဆံတိုတွေနှင့် အပြိုင်။ စိန်အီကြာကလေးရာ ရုံတိုင်းသို့ ရောက်သည်။ ကဲကဲ၊ သဲသဲတို့နှင့် ဆိုနေကျ။ ကတောက်ကဆ ဖြစ်နေကျ။ ကောင်မလေးတွေ "ကိုကြာ ကိုကြာ" ခေါ်သလို သူကလည်း လိုက်ခေါ်သည်။ အသံကို တမင်ညှု ခေါ်သဖြင့် "ကိုကြား ကိုကြား" ဟု ဝစ္စပေါက်တွေ အပိုပါသွားသည်။ "ဂုတ်ကြား ဂုတ်ကြား" မဖြစ်လို့ တော်သေးတာပေ့ါ။

စမ်းချောင်းပဒုမ္မာကွင်းရုံမှာ စိန်အီကြာ ဒုတိယအကြိမ် ပြန်ဝင်သည်။ ထုံးစံအတိုင်း ရဲကဲသဲတို့ ရောက်လာကြသည်။ ထုံးစံအတိုင်း စားသောက်ဖွယ်ရာမျိုးစုံ ယူလာကာ စိန်အီကြာ ခုတင်ထက်တွင် တစ်ဘက်တစ်ချက်စီ ညှပ်ထိုင်၍ ကျွေးကြ မွေးကြသည်။ စိန်အီကြာကလည်း ထုံးစံအတိုင်း ကျွေးသမျှ အကုန်စားသည်။

"ကိုကြာ... ဟ ဟ ငါးသလောက်ဥကြော် ခွံ့ပေးမယ်... "

စိန်အီကြာ ပါးစပ်ဟလိုက်၏။ ငါးသလောက်ဥကြော်တတစ် ဝင်လာသည်။ ဝါးလို့မှ မညက်သေး။

"ကိုကြာ... ဟဦး... ကဲ ကြော်လာတဲ့ ကြက်ဥကြော်... "

ဟရပြန်၏။ ဝါးရပြန်၏။

"ကိုကြာကို မင်းတို့ချည်း မှုပိုင်မလုပ်ပါနဲ့... ရဲတို့လည်း ပိုင်ပါတယ်နော် ကိုကြာ... ဟ ဟ ပုစွန်ကြော်လေး ဝါးရအောင်... "

"ဝုတ်ပါတယ် ဝုတ်ပါတယ်... အားလုံး ပိုင်ပါတယ်... "

စိန်အီကြာ အစားမျိုးစုံ ဝါးရင်း ဗလုံးဗထွေး မပီမသ ပြောလိုက်စဉ် ဒေါ်ဆုံကြီး ရောက်လာသည်။ သူက လိမ္မော်သီးတွေ ယူလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခုတင်ပေါ်မှ ကောင်မလေးတွေကြားသို့ အတင်းတွန်းထိုး တက်ထိုင်ကာ လိမ္မော်သီး ကျွေးသည်။ သူကလည်း "ကိုကြား ဟ ဟ... " ပါပဲ။

"ဟွန်း... နံလိုက်တာ... အီးစော် အီးစော်... အန်တီပေါက်တာ မဟုတ်လား... "

အလွန်ဆိုးဝါးပြင်းထန်လှသော အနံ့ကြီး အခန်းတွင်းမှာ ပျံ့သွားသည်။ ကဲကဲက နှာခေါင်းရှုံ့၍ ဒေါ်ဆုံကြီးကို စွပ်စွဲ၏။

"အောင်မယ်... နင်တို့ ပေါက်ပြီး ဘာ ငါ့လွှဲချတာလဲ... "

ရဲရဲနှင့် သဲသဲကလည်း မခံ။

"ကျွန်မတို့ မပေါက်ဘူး... အန်တီပေါက်တာ... အန်တီ့ရုပ်က အီးလုံးသန်မယ့်ရုပ်ကြီး... "

သို့ဖြင့် အသံတိတ်အနံ့၏ လက်သည်တရားခံကို ရှာမရဘဲ အချင်းချင်း စွပ်စွဲကြကာ ရန်ဖြစ်လုမတတ် ပြင်းထန်ကုန်သည်။ ဤတွင် စိန်အီကြာက အသံလေး ညောင်နာနာဖြင့် ဇာတ်ဟန်ပါပါ ဝင်တားသည်။

"တော်ကြပါကွယ်... မင်းတို့တွေ ဘယ်သူမှ မပေါက်ပါဘူး... အစားတွေ စုံသွားလို့ ကိုကြာ ပေါက်လိုက်တာပါကွယ်... ဟဲ ဟဲ... "

အီကြာကွေး


(ဇူလိုင်လ၊ ၁၉၈၇ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✹✧✹✧✹✧



www.burmeseclassic.com

www.burmeseclassic.com



# သောင်တင်ဇာတ်

အခြေအနေပေါ် မူတည်၍ ဇာတ်အမျိုးမျိုး ရှိသည်။

တစ်မြို့မှ တစ်မြို့ကူး၊ တစ်ရုံမှ တစ်ရုံဆက်၊ ပွဲချိစိတ်စိတ် မနား တမ်း ကရသော ဇာတ်ကို "ခြေသွက်ဇာတ်" ဟု ခေါ်သည်။ တောင်မှ မြောက်ကူး၊ မြောက်မှ အနောက်ကူး ဝေးလံသော အရပ်များကို ခုန်ချည် ပျံချည် ကူးကရသော ဇာတ်ကို "မျောက်ခုန်ဇာတ်" ဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ပြေးကန်ထရိုက်ဖြင့် ပွဲခွင်တွေ ကျားကုပ်ကျားခဲ ဆင်လျက် ကြုံသလို ကရသော ဇာတ်ကို "ကြုံကဇာတ်" ဟု ခေါ်သည်။

စိန်အိကြာကား "ကြုံကဇာတ်" ပေတည်း။ ရုံဗလာ။ နေရာမရွေး ကြုံသလို ကလာရာမှ နထို့ပလို့ရွာအရောက်တွင် မိုးကျလာသည်နှင့် ကြုံရသည်။ ဇာတ်တို့မည်သည် မိုးနှင့် စိန်ပြေး၍ အထက်အညာသို့ အလုအယက် တက်ရသည်ချည်း။ အပြေးလျင်သော ဇာတ်များ မိုးလွတ်၏။ အပြေးနှေးသော ဇာတ်များ မိုးနှင့် ပက်ပင်းတိုးကြ၏။

ကရင်းတန်းလန်းမှ မိုးတအုန်းအုန်း ရွာချသောအခါ ဇာတ်သမားတွေ ရေချသော ကြွက်စုတ်တွေလို ဖြစ်ရသည်။ ရုံထဲ ရေဝင် ဖျာတွေ မျောသည်။ ပွဲကြိုက်ခင်များ ကျူဖျာခေါင်းတင်ပြီး ကြည့်သည်။ ထိုင်သော ဖျာသည် ဆောင်းစရာ ဖြစ်ရသည်။ ဗရုတ်သုက္ခမှ တကယ့် ဗရုတ်သုက္ခ။ အအိပ်မက်သော ပွဲကြည့်သူတစ်ယောက် ပက်လက် ကုလားထိုင်ပေါ် အိပ်ပျော်လျက် ရုံထဲက ရေပြင်ကျယ်မှာ ကုလားထိုင် ကြီး ဟိုဟိုသည်သည် မျောနေသည်ကို မကြာခဏ မြင်ရတတ်သည်။

"ကျုပ်တို့ အပြေးနှေးလို့ နောက်က လိုက်လာတဲ့ မိုးက မီလာပြီ၊ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ... "

နထို့ပလို့ရွာ၏ ဘုရားပွဲနောက်ဆုံးည ကနေတုန်း မိုးပေါက်ကလေးတွေ တဖျောက်ဖျောက် ကျလာသည်။ စိန်အိကြာ နှစ်ပါးကနေရာမှ လူရွှင်တော် ကိုပါဒန်ကို တိုးတိုးလှမ်းမေးသည်။

"ရှေ့ခွင်တွေကလည်း မရေမရာ၊ မိုးလွတ်အောင် ပြေးစရာကလည်း စရိတ် မရှိ... ဒီနထို့ပလို့မှာလည်း ဇာတ်ကျောက်ချပြီး တစ်မိုးခိုကြတာပေါ့ ဇာတ်ဆရာ... "

"အေးဗျ... အဲဒါ ကောင်းတယ်... "

သဘော်ကျောက်ချသည်က ကျောက်ကြီးကျသံ တဝုန်းဝုန်း



www.burmeseclassic.com

www.burmeseclassic.com



မြည်သေးသည်။ ဇာတ်ကျောက်ချသည်က ဘာသံမျှ မမြည်။ စိန်အိကြာ အဖွဲ့ ရောက်ရာအရပ်၊ ကြုံရာဒေသတွင် ဤသို့လျှင် မိုးခိုရမြဲ။ ဇာတ်လောကတွင်... စိန်အိကြာ အထိုက်အလျောက် အောင်မြင်သည်။ အောင်မြင်ဇာတ်အဖြစ် သတ်မှတ်လို့ ရသည်။ အောင်မြင်ဇာတ်သည် မမျှော်လင့်ဘဲ သောင်တင်ဇာတ် ဖြစ်သွားသည်။ စိန်အိကြာဇာတ် နထိုဲ့ပလို့ရွာမှာ သောင်တင်နေပြီ။

"မိုးကျတာလည်း အပြစ်မတင် ဖြစ်အင်၊ ဟောဒီ မိုးပေါက်တွေ ကျလာ့တယ်... ကိုကြာက အပြစ်တင် ချင်မယ့် သောင်တင် (အဲလေ) သောင်တင် ကိုယ့်ဇာတ် ကိုယ်သာ သနားမိပါရဲ့ အစဉ်... "

ကွယ်လွန်သူ ဇာတ်မင်းသားကြီးတစ်ဦး၏ အမျှားသိ သီချင်းကို စိန်အိကြာက ပြောင်ပြောင်ဆိုချပြီး အပြတ် ဟစ်ထည့်လိုက်သည်။ နထို့ပလို့ရွာမှာ ဒီတစ်မိုးတော့ ဇာတ်သောင်တင်ပါပြီဟု သွယ်ဝိုက်၍ ကြော်ငြာလိုက်ခြင်းပင်။ ကိုယ့်ဇာတ်ကိုယ်သာ သနားမိပါရဲ့ အစဉ် ဆိုတာက စိန်အိကြာ အလကား ညာတာ။ ပရိသတ်တွေက ကရုဏာ သက်အောင် ဖြီးတာ။

သူ့ဇာတ်သမားတွေကို ဘာမျှ သနားစရာ မလို။ ဇာတ်ကသော ပညာအပြင် သူတို့မှာ အခြားသော ပညာတွေလည်း အသီးသီး ရှိကြသည်။ ကွေ့အမျိုးမျိုးကို တက်အမျိုးမျိုးဖြင့် လှော်တတ်သည်။ တက်မပါလည်း လက်ဖြင့် တက်တတ်သည်။ တစ်နှစ်တစ်ခါ ကြုံလေရာတွင် သောင်တင်နေကျ။ သောင်တင်ခြင်းမှာ စိန်အိကြာဇာတ်အဖွဲ့အဖို့ ရိုးဟိုးဟိုးနေပါပြီ။

"ဇာတ်ဆရာ... ဇာတ်က အဖွဲ့သား ဘယ်လောက်ရှိသလဲ..."

"တစ်ရာကျော် ရှိတယ် သူကြီးမင်း... "

"အင်း... ကျုပ်တို့ရွာက ကြီးပြီး စားရေရိက္ခာပေါပေလို့ တော်



www.burmeseclassic.com

www.burmeseclassic.com



တော့တယ်... ကြုံတဲ့အိမ်မှာ ကြုံသလို တက်စားကြပါ... အားမငယ်ကြပါနဲ့... အားမနာကြပါနဲ့... "

အားငယ်တာတို့ အားနာတာတို့ စိန်အိကြာဇာတ် အဘိဓာန်မှာ မရှိပါ။ သောင်တင်မည်ဆိုကတည်းက ရွာစီးပွားရေးအခြေအနေကို ကြည့်သည်။ ပိုင်မှ တင်သည်ချည်း။ ဒါကြောင့်လည်း စိန်အိကြာဇာတ်မှာ ယနေ့ကာလအထိ ဖုတ်လှိုက်ဖုတ်လှိုက်ဖြင့် လမ်းဆက်လျှောက်နေနိုင်ခြင်း ဖြစ်သည်။

"ရပါတယ် သူကြီးမင်း... ကျေးဇူးတော် အနန္တ တင်ပါတယ်... ကျွန်တော့်အဖွဲ့သားတွေက ဇာတ်ပညာအပြင် အခြားပညာတွေလည်း တတ်ကြပါတယ်... ရွာမှာ တာဝန်မပိုဘဲ အေးအေးလူလူ သက်တောင့်သက်သာနဲ့ တစ်မိုးကျွတ်သွားမှာပါ... "

သောင်တင်ပြီး သုံးလေးရက်အကြာတွင် ဇာတ်သမားတွေ အသွင်ပြောင်းကြသည်။ တတ်သည့်ပညာ မနေသာ။ အလုပ်အမျိုးမျိုး လုပ်ကြသည်။

နထိုဲ့ပလို့က နေ့စဉ်ဈေးအပြင် ငါးရက်တစ်ဈေးပါ ရှိသည်။ ဈေးချင်းဆုံသောအခါ အလွန်စည်သည်။ မင်းသမီးသခေါကြည်က မုန့်ပေါင်းလုပ်ရောင်းသည်။ မင်းသမီးမဆလာစိန်က အာပုံလုပ်ရောင်း၏။ မင်းသမီးမီးယပ်စိန်က မုန့်ဟင်းခါး ရောင်းသည်။

သခေါကြည်နှင့် မဆလာစိန်တို့၏ အပြိုင်ဈေးခေါ်သံမှာ စည်စည်ညံညံ ရှိလှသည်။ သူတို့က မင်းသမီးဆိုတော့ အသံပညာကို နေရာတကျ သုံးတတ်ကြသည်။ မီးယပ်စိန်၏ မုန့်ဟင်းခါးမှာလည်း လက်မလည်အောင် ရောင်းကောင်းလှသည်။ နထိုဲ့ပလို့၏ အမြဲတမ်း မုန့်ဟင်းခါးသည် ဒေါ်ဇာယုက "မုန့်ဟင်းခါးချင်းအတူတူ မင်းသမီးဟာက ပိုကောင်းတယ် ထင်ကြတာကိုး... " ဟု စကားနာ ထိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



လူရွှင်တော် ကိုပါဒန်နှင့် လူကြမ်းကိုပန်တို့က အုန်းပင်တွေ အငှားလိုက်တက်သည်။ ကြိုက်ဈေးရလျှင် သစ်ပင်ကြီးများကို လှဲပေး၊ ဖြတ်ပေးကြသည်။ လူရွှင်တော်ကိုပုတိုကတော့ တစ်မျိုး။ သူက အနှိပ် အနင်း တတ်သည်။ ရိုးရိုးအနင်းခံလျှင် သုံးကျပ်၊ အနှိပ်ပါ တွဲရလျှင် ငါးကျပ်၊ အနှိပ်ခံသူ မပျင်းအောင် ရယ်စရာ ပြောရလျှင် ခုနစ်ကျပ်၊ သူကြီးမင်းမှာ ဒူလာသည်ဖြစ်၍ ကိုပုတို၏ နေ့စဉ်ဖောက်သည် ဖြစ်နေသည်။ ဆယ်အိမ်ခေါင်းလုပ်ပြီး ရွာမှာ နေပါဟုပင် အဆွယ်ခံရသည်။

နောက်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန်သည် ဦးရှင်ကြီး ဆွမ်းတင် အိခ်စပတ်။ ဇာတ်ထဲတွင် ဝတ်သော ဘိုးဘိုးအဝတ်အစား ပိတ်ဖြူ ကြယ်အပေါ်ဖြူအောက်ဖြူ ဝမ်းဆက်ဝတ်ပြီး "ကွန်းစင်ခရီးမှာ ဆွမ်းတင် လို့ ပြီးပါပေ့... ကျွန်းညိုပိုင်စံ စခန်းဆီသို့ ပြန်မြန်းကြွချီတော်မူလှည့်ပါ ဒေဝါ့သခင် နတ်ဦးရှင် ခင်ဗျာ... " ဘာညာကွိကွ၊ အစရှိတာတွေ ရွတ် တတ်သည်။ သူ ဆွမ်းတင်နေလျှင် ရေငန်ပိုင်ဦးရှင်ကြီးကိုယ်တိုင် ကိုယ့် ဆွမ်းကိုယ် တင်နေသလို ထင်ရအောင် ပြောင်မြောက်လှသည်။ အာဂ သျှောင်ထုံးစိန်ပေတည်း။

အပျိုတော် ဒေါ်မှုန်ကြီးနှင့် သူ့သမီး ယိမ်းသမတို့က "ပြိတ္တာမ အကြော်စုံ" ဆိုင်းဘုတ်တပ်၍ အကြော် ကြော်ရောင်းသည်။ အမေက လည်း ဝဝ၊ သမီးကလည်း ဖက်တီး။ ပြိတ္တာမအမည်နှင့် လိုက်ဖက်လှပါ ဘိ။ အမေကော သမီးပါ နှစ်ယောက်စလုံး ပြိတ္တာမ ဖြစ်နေသည်။ ထို ဆိုင်တွင် နထို့ပလို့ လူပျိုသိုးကြီး ဦးလေးကိုဆိတ်ဖား စက်ကျလှသည်။ နေ့စဉ် တွေ့မြင်နေရ၏။ ရေနွေးပဲ ထည့်မလိုလို၊ အကြော်ပဲ ကြော်မလိုလို ပိုက်ဆံပဲ သိမ်းမလိုလိုဖြင့် ဇာက်သမသားအမိနားမှာ ပြိတ္တာအနားပျာဖြစ် နေသည်။ ရွာကာလသများ၏ အတွင်းသတင်းအရမူ ဦးလေးကိုဆိတ်ဖား သည် ပြိတ္တာအသေးစားလေးကို ချိန်နေသည်ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com



စိန်အိကြာကတော့ ဟိုယောင်ယောင် ဒီယောင်ယောင် အိယောင်ဝါးပါ။ အကသင်တန်းပေးသည်ဆိုပြီး ကလေးတစ်ဦး ဆန်တစ်ပြည် ယူလျက် ဟုတ်ဟုတ်ဟတ်ဟတ် ဘာမျှမသင်။ ကလေးတွေ ကို ငပျော့နှင့် ပစ်ထားပြီး ဆေးပြင်းလိပ် လက်ကြားညှပ်၍ ဟိုအိမ် ဒီအိမ် ထမင်းလျှောက်စားနေသည်။ မကြာမကြာ မီးယပ်စိန် မုန့်ဟင်းခါးဆိုင်တွင် အလကား ဝင်စားတတ်သည်။

တော်သလင်းတွင် မိုးပါး၍ ခြေခင်းလက်ခင်း သာလာသည်။ သောင်တင်ဇာတ်အဖို့ သောင်ပေါ်မှ ဆင်းရမည့် အချိန် ရောက်လာပြီ။ စိန်အိကြာ “ကျေးဇူးတုံ့ပြန်ပွဲ” အဖြစ် နထို့ပလို့ရွာကို နှုတ်ဆက်သည်။ ထိုပွဲသုံးညမှ တကယ့်ဗလာပွဲ ဖြစ်သည်။

ဖျာမဝေ၊ ရုံဝင်လက်မှတ် မဝေ၊ ဘုရားရုံကို အလုံးစုံ ဖွင့်ထားသည်။ နထို့ပလို့တစ်ရွာလုံး ကလေးလူကြီးမရွေး ရွာလုံးကျွတ် ကြွကြွ ပါ၊ နေရာကောင်းရလိုလျှင် စောစောလာပါ။ ပိုက်ဆံတစ်ပြားမှ ပေးစရာမလို။ မေတ္တာဖြင့် ကသည့် မေတ္တာပွဲ။

ဒုတိယညတွင် ငပျော့က ကလေးတစ်ယောက်လျှင် မာလကာသီးတစ်လုံးစီ ရုံဝင်ကြေး ယူလိုက်သဖြင့် အနည်းငယ် ပွစိပွစိ ဖြစ်သွားသည်မှအပ သုံးညလုံး အဆင်ပြေပြေ အောင်အောင်မြင်မြင်။ ထမင်းသခင် ကျေးဇူးရှင်ရွာကို ဇာတ်တစ်ဖွဲ့ကလုံး တက်ညီလက်ညီ အစွမ်းကုန်ကပြ ကျေးဇူးဆပ်ကြသည်။

“နထို့ပလို့က တကယ်အားပေးလို့ ပြန်ပါဦးမယ်ဗျာ... ပြန်ပါဦးမယ်ဗျာ... နောင်နှစ်ခါမှ တစ်ခေါက် ပြန်လို့ လာပါဦးမယ်ဗျာ... လာပါဦးမယ်ဗျာ... ”

အောင်မယ်... စိန်အိကြာတို့က ပြန်တာ အေးအေး မပြန်၊ နောင်နှစ်ခါ အလာချောင်အောင် နိမိတ်ပြသီချင်းဖြင့် စရန်သတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သေးသည်။ မည်သို့ပင် ဖြစ်စေ နထိုပလို့တစ်ရွာလုံး စိန်အိကြာအဖွဲ့ကို လွမ်းတသသ ဖြစ်ကျန်ခဲ့ကြသည်။ နောင်နှစ်တွင်လည်း ဇာတ်လာ သောင်တင်ပါစေဦးဟု ဆုတောင်းကျန်ခဲ့ကြလေသည်။

အိကြာကွေး
(စက်တင်ဘာလ၊ ၁၉၈၇ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✹✧✹✧✹✧



www.burmeseclassic.com

www.burmeseclassic.com



# ဆန်ချက်တဲ့ စိန်အီကြာ

"ဆန်နည်းနေပြီ ဇာတ်ဆရာ... "

ဇာတ်ထမင်းချက်ကြီး ကိုဝက်ကြီးက လာပြောတော့ စိန်အီကြာ စိတ်အကြီးအကျယ် ညစ်သွားသည်။ ခုရက်များတွင် ဇာတ်တွေ ကပ်သင့်နေသည်။ စိန်အီကြာ တစ်ဇာတ်တည်း မဟုတ်၊ ဇာတ်တိုင်းလိုလို ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်လေရာအရပ်၊ ကလေရာရုံတိုင်းတွင် ပွဲကြည့်နည်းနေသည်။ ကြက်ဝိုင်းလောက်ပင် မစည်ချင်။ ကျိုးတိုးကျဲတဲနှင့် ပွဲဖြစ်ရုံလောက်သာ ကနေကြရသည်။ ပွဲကြည့်တွေက စိတ်မပါသလို၊ ဇာတ်သမားတွေကလည်း စိတ်မပါ။ စိတ်က မပါဘဲ ရုပ်ချည်းသက်သက်ဖျစ်ညှစ်လှုပ်ရှားနေရသလို ဖြစ်နေသည်။

"ဆန်နည်းနေရင် ဝယ်ပေ့ါဗျာ... ငခွက် ကိုမျောက်ကြီး သွားခေါ်စမ်း... မြန်မြန်လာခဲ့ဖို့ ပြော... "

ထမ်းဆင့်ငခွက်ကို မန်နေဂျာ ကိုမျောက်ကြီးအား ခေါ်ခိုင်းလိုက်ရသည်။ စိန်အိကြာဇာတ်အဖွဲ့တွင် အရေးပါ၊ အရာရောက်သောကြီးနှစ်ကြီး ရှိသည်။ တစ်ကြီးက ဇာတ်ထမင်းချက် ကိုဝက်ကြီး။ နောက်တစ်ကြီးက ဇာတ်မန်နေဂျာ ကိုမျောက်ကြီး။

"ကျွန်တော့်ကို ခေါ်တယ်ဆို... "

ကိုမျောက်ကြီး သုတ်သီးသုတ်ပျာဖြင့် ရောက်လာသည်။ မျက်နှာက အိပ်ချင်ပြေသေးဟန် မတူ။ စူတူတူ၊ ငူတူတူ ဖြစ်နေသည်။

"ကိုဝက်ကြီးကို ဆန်ဖိုးထုတ်ပေးလိုက်ပါ... ထမင်းချက်ဖို့ ဆန်နည်းနေတယ်တဲ့... "

ဟိုက်၊ ရှာလပတ်ရည်။ ဆန်ဖိုးဆိုပါလား။ ညက လူဝင်နည်းသဖြင့် ငွေက မဖြစ်ညစ်ကျယ်ပဲ ရသည်။ ကန်ထရိုက်ခွင် မဟုတ်။ ကိုယ်ပိုင်ခွင် ဖြစ်နေတော့ လူမဝင်လျှင် ရင်မောရမြဲ။ ဇာတ်သမားတွေကတော့ အိပ်လို့ ကောင်းကြတုန်း။ အိပ်မက်ကောင်းကလေးတွေပင် မက်ကောင်း မက်နေကြမည်ထင်သည်။ ဇာတ်ဆရာနှင့် ကြီးနှစ်ကြီး သျှောင်ထုံးမီးတောက်နေသည်ကို သူတို့တွေ သိလိမ့်မည် မဟုတ်။

"သက်ပြင်းတွေ ချမနေပါနဲ့ဗျာ... ရှိတဲ့ငွေထဲကသာ ဆန်ဖိုးနဲ့ဟင်းဖိုး ထုတ်ပေးလိုက်ပါ... ဇာတ်သမားတွေ နိုးလာလို့ ထမင်းချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းမရရင် ကျုပ်ကို ပြဿနာ ဝိုင်းတက်ကြလိမ့်မယ်... ”

လူပေါင်းတစ်ရာနီးပါး၏ စားဝတ်နေရေးတာဝန်များသည် ဇာတ်ဆရာ စိန်အီကြာ၏ သျှောင်ထုံးပေါ်မှာ ရောက်နေသည်။ ကုန်းခေါင်ခေါင်၊ ငါ့သျှောင် ဘယ်သူဆွဲပ့ါမယ်ဟု ညည်းတွားနေ၍ မဖြစ်။ ဘယ်သူမှ ဆွဲမည်မဟုတ်သဖြင့် ကိုယ့်သျှောင်ကိုယ်သာ ဆွဲရတော့မည်။ ဝက်ဖြစ်မှတော့ မစင်ကြောက်နေလို့ မရ။ ဇာတ်ဆရာဖြစ်မှတော့ ဇာတ်သမားတွေ၏ စားဝတ်နေရေး၊ လူမှုရေးတွေကို ကြောက်နေလို့ မရ။

ကိုဝက်ကြီး၊ ကိုမျောက်ကြီး ကြီးနှစ်ကြီးနှင့် ညှိနှိုင်း၍ တစ်ရက်စာ ထမင်းဟင်းကိစ္စကို စီစဉ်ပေးလိုက်နိုင်သဖြင့် ရင်ထဲမှာ တစ်ရက်စာအတွက် သောက လျော့သွားသည်။ နက်ဖြန်ပေါင်းများစွာ၏ အရေးတွေ ကျန်သေးသည်။ ယနေ့ကိစ္စ ယနေ့ရှင်း။ နက်ဖြန်ကိစ္စ နက်ဖြန်မှ ရှင်း။ သည်လိုလုပ်လို့ မရ။ နက်ဖြန်ကိစ္စအတွက် ယနေ့ကတည်းက ကြိုတင်ပြင်ဆင်ထားမှ ဖြစ်မည်။ ဖြစ်နိုင်ပါက သန်ဘက်ခါ၊ ဖိန်းနွဲခါအတွက်ပါ တွေးခေါ်မြော်မြင်၍ ကြိုတင်စီစဉ်ထားပါမှ တန်ကာကျမည်။

ဆန်ကိစ္စမှာ ရောက်လေရာ အရပ်တိုင်းတွင် ဇာတ်တိုင်း ကြုံနေရသော ကိစ္စ ဖြစ်သည်။ ဇာတ်ဆိုသည်မှာ တစ်နေရာတည်း ကျောက်ချမနေ။ တစ်မြို့က တစ်မြို့၊ တစ်ရွာက တစ်ရွာ ပွဲခွင်ရှိသမျှ လှုပ်ရှားရွေ့လျားနေရ၍ ကုန်ဝယ်စာအုပ် မရှိ၊ သန်းခေါင်စာရင်း မရှိ။ ရောက်တဲ့နေရာမှာ ဆန်ကို ကြုံသလို ဝယ်စားနေရသည်။

ဒေသခံသဘင်ကောင်စီများနှင့် သက်ဆိုင်ရာတို့ ပူးပေါင်းဖြေရှင်းပေးမှသာ ဇာတ်သမားများ ဆန်ကို သက်သက်သာသာ ဝယ်စားနိုင်ကြမည်။ အပြင်ဆန်ကို အပြင်ဈေးဖြင့်သာ ဝယ်စားနေရလျှင် ဇာတ်သမားများ ခါးချည့်ကုန်ကြလိမ့်မည်။ ထမင်းစားမှ အားရှိမည်၊ အားရှိမှ သဘင်အလုပ် နစ္စ၊ ဂီတ၊ ဝါဒိတ ကို ပြောင်မြောက်အောင် ထမ်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မည်။

အားမရှိဘဲ ခါးချည့်နေလျှင် နစ္စသည် စနစ်မကျနိုင်။ ဂီတသည် မကြည်မြနိုင်။ ဝါဒီတမှာ ညာမိကြမည် မလွဲ။ ဝင်ငွေကောင်းသော ဇာတ်ကြီးတွေမှာ မထောင်းသာလှသော်လည်း စိန်အိကြာတို့လို မဖြစ်ညစ် ကျယ်ဇာတ်အိလည်လည်တွေမှာ အသက်ဘယ်က ရှူရမှန်း မသိအောင် ဘေးကျပ်နံကျပ် ဖြစ်နေကြရသည်။

"မီးမရှိတဲ့ဆေးပြင်းလိပ်တိုကို နင်းကန် ဖွာပြီး ဇာတ်ဆရာဘာတွေ စဉ်းစားနေတာလဲ... မျက်နှာပေါင်းတင်သလို သျှောင်ထုံးပေါင်းတင်ဖို့ စဉ်းစားနေတာ ထင်တယ်... "

ယနေ့မှ ထူးထူးခြားခြား စောစီးစွာ နိုးလာသော ဇာတ်ခုံမန်နေဂျာ ဟာကြူလီငပျော့က စိန်အိကြာကို လာနောက်သည်။ ဒီကောင်က ဒီလိုပဲ။ စိန်အိကြာနှင့် သူငယ်ချင်း ဖြစ်နေ၍ သူ့ကို ဗွေယူလို့ မရ။ သည်းခံနိုင်သမျှ သည်းခံ၊ သည်းမခံနိုင်လျှင် ဆဲလွှတ်။ ဒါပဲ ရှိသည်။

"မနက်ဖြန်အတွက် စဉ်းစားနေတာကွ... ညက လူဝင်နည်းတာ မင်းအမြင်ပဲ... ဒီညပါ ဆက်လူဝင်နည်းနေရင် မနက်ဖြန်အတွက် ခက်တယ်ကွ... မင်းနဲ့ငါ အပါအဝင် လူပေါင်းတစ်ရာကျော် စားဖို့... "

စိန်အိကြာ စကားမဆက်နိုင်ဘဲ တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ ငပျော့ ပွေးပြုံး ပြုံးသည်။ မျက်လုံးနှစ်ဘက် ပိတ်သွားအောင် ပြုံးခြင်း ဖြစ်၏။

"စားဖို့ ပါးစပ်ပါပါတယ်ဗျ... ပူမနေစမ်းပါနဲ့... ဒီည လူဝင်အောင် ဒီလိုလုပ်... ရုံကွဲမတတ်၊ ပြုံခဲကျပ်အောင် လူဝင်စေရမယ်လို့ ကျွန်တော် အာမခံတယ်ဗျာ... "

ငပျော့ပေးသော အကြံမှာ မဆိုးလှ။ ဖြစ်နိုင်စရာ အလားအလာ ရှိသည်။ ရှေးအစဉ်အလာကို ပြန်လည်ဖော်ထုတ်ရာ ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကာလ၊ ဒေသအခြေအနေနှင့် ကိုက်ညီ၏။ ဤအရပ်မှာ ဆန်ထွက်ရာ အရပ်ဖြစ်၍ ဆန်တစ်ပြည် ငွေတစ်မတ်ကို အိမ်တိုင်းက လွယ်လွယ်ကူကူ ရှော့ရှော့ရှူရှူ တတ်နိုင်ကြမည်သာ။

"ယနေ့ည ကျက်သရေမင်္ဂလာအပေါင်း ခညောင်းသော ထရံမိုးထရံကာ ရုံတော်ကြီးတွင် စိန်အိကြာ ဇာတ်သဘင်အဖွဲ့ကြီး အထူးနှုန်းဖြင့် ကပြပါလိမ့်မည်... ဖျာတစ်ချပ်လျှင် ဆန်တစ်ပြည်၊ လူတစ်ယောက်လျှင် ငွေတစ်မတ်ဖြင့် ပြေ (ပြည်) အရပ်မှ ကျေနပ်အောင် ကပြမည်ဖြစ်ပါ၍ အချိန်မဖြုန်းဘဲ တစ်အိမ်လုံး ကြွကြွပါခင်ဗျား နောင်... နောင်နောင်... "

မောင်းခတ်လိုက်သည်နှင့် တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားသည်။ နေ့လယ်ကတည်းက ဖျာအရောင်းသွက်လာသည်။ ရှေ့တန်းဖျာတွေ ရုတ်ချည်း ကုန်သွားသည်။ လာလိုက်တဲ့ ဆန်တွေဆန်တွေဆိုတာ ဖွေးခနဲ ဖွေးခနဲ။ သူ တစ်ပြည်၊ ငါ တစ်ပြည်။ ဟိုအိမ်နှစ်ပြည်၊ ဒီအိမ်က သုံးပြည်။ လူများ များသလို ဆန်တွေကလည်း များသည်။ ကိုဝက်ကြီးမှာ ဆန်တွေခြင်နေရသဖြင့် မအားရ။ ကိုမျောက်ကြီးမှာ ဆန်တွေ သိမ်းနေရသဖြင့် မနားရ။

"ဘယ်နှယ့်လဲ စိန်အိကြာ... ကျွန်တော့်စိတ်ကူးလေး နိပ်တယ်မဟုတ်လား... "

"အိမ်း... နိပ်ပါ့ နိပ်ပါ့... "

ငပျော့က အမှတ်လာယူနေသဖြင့် စိန်အိကြာက အမှတ်တွေဖောဖောသီသီ ပေးပစ်လိုက်၏။ သည်တိုင်းဆို မနက်ဖြန်အတွက်သာမဟုတ်။ သန်ဘက်ခါ၊ ဖိန်းနွှဲခါနှင့် ဖိန်းပက်လက်၊ ဖိန်းမှောက်လျက်တွေအတွက်ပါလုံလောက်သွားသည်။ လုံလောက်ရုံမက ပိုလျှံပင်နေသေးသည်။

ရှေ့ပိုင်းဖျာတွေက ဖျော့ဖျော့ ကုန်သွားသလို အလယ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖျာတွေလည်း တဝေါဝေါ ကုန်လိုက်လာသည်။ နောက်ပိုင်းဖျာတွေနှင့် ကုလားထိုင်အချို့သာ ကျန်တော့သည်။

"တောက်… နွားစာစဉ်းနေရတာနဲ့ နည်းနည်း နောက်ကျသွားတယ်… စောစောလာနိုင်ရင် ရှေ့ပိုင်းဖျာ ရမှာ… နောက်ပိုင်းဖျာတော့ တစ်ပြည် မလုပ်နဲ့… ငါးဘူးပဲ ထားဗျာ… "

အရေးထဲ ဆစ်တဲ့ဆက်တဲ့ ပွဲကြည့်လည်း ရှိသေး။

"ရပါတယ် ရပါတယ် ယူပါ… "

ငါးဘူးလည်း ဆန်ပဲလေ။ ပိုရုံမက လျှံတောင် နေပြီပဲ။ စိန်အိကြာတို့က ငါးဘူးလည်း မငြင်းပါဘူး။ ယူတာပါပဲ။ ဒနမဝင်ခင် ဖျာကုလားထိုင် အားလုံး ပြတ်သည်။ စိန်အိကြာ၏ သဘင်သက်တမ်း တစ်လျှောက်တွင် ဤလိုအောင်မြင်မှုမျိုးကို ဤတစ်ကြိမ်သာ ရသည်။ ပျော်စရာ ပျော်စရာ၊ မဟာပျော်စရာကြီးပါလားနော်။

"လူတစ်ယောက် တစ်မတ်ဆိုပေမယ့် ကျွန်မတို့ ငါးယောက်ကို တစ်ကျပ်ပဲ ထားလိုက်ပါ… တစ်မတ် အကြွေမပါဘူး… "

"ရပါတယ် ရပါတယ် ဝင်ကြပါ… "

"ဦးရေး… ယူကြီးတစ်မတ်ဆိုရင် အနော်တို့ခရေးကျ ဆယ့်ငါး ပြားပေါ့… ဒါပဲပါတယ်ဗျ… "

"ရတယ် ရတယ်… ဝင်… "

"အကြွေမရှိလို့ ဘဲဥတစ်လုံး ယူလာခဲ့တယ်ဗျာ… ဖြစ်မလား"

"သိပ်ဖြစ်ပေါ့… ဝင်ပါ… "

"အကြွေလည်း မရှိဘူး… ကျပ်တန်လည်း မရှိဘူး… ကျုပ်တို့ သားအဖအတွက် ရေကြိုငါးပိအစိတ်သား ယူလာတယ်… ဝင်လို့ရမလား"

"ဟာ ငါးပိလည်း စားရတာပဲ… ဝင်ပါ ဝင်ပါ… "

"ဖျာနှစ်ချပ် ဝယ်ထားတယ်… ကလေးလူကြီး စုစုပေါင်း ကိုး



www.burmeseclassic.com

www.burmeseclassic.com



ယောက်... သီးမွှေးငှက်ပျော တစ်ခိုင်ဗျာ... လက်ခံလား... လက်ခံရင် အားချင်း ပြန်ခုတ်ပြီး ယူခဲ့မယ်... ”

“အောင်မယ်လေး လက်ခံပါတယ်... လက်ခံပါတယ်... မြန်မြန် ပြန်ခုတ်ပါ... ထမင်းစားပြီး သီးမွှေးငှက်ပျောနဲ့ ပိတ်လိုက်ရင် နိုပ်မှနိုပ် နိုပ်မှနိုပ်... ”

ထိုညက အစောကြီး ပြည့်သဖြင့် ပွဲစောစော ထွက်ဖြစ်သည်။ ဘုရားကန်တော့ခန်းစနေစဉ် လူတစ်ယောက် ဆန်ကောတစ်ချပ်ဖြင့် ရုံ ပေါက်ဝတွင် ရစ်သီရစ်သီ လုပ်နေသဖြင့် အပေါက်စောင့်က...

“ဟော့လူ ပွဲကြည့်မယ် မဟုတ်လား... ဝင်လေဗျာ... ”

“ကြည့်မလို့ပါပဲ... ပိုက်ဆံပါမလာဘူး... ဒီဆန်ကောပဲ ပါတယ်”

“စကောလည်း ဆန်ပြာရတာပဲ... ပေး စကော... ဝင် မြန်မြန်”

တစ်ခါက ဂဠုန်တစ်ကောင်သည် နဂါးတစ်ကောင်ကို တွေ့၍ အတင်းလိုက်လေရာ နဂါးသည် အသက်ဘေးဖြစ်၍ အသွင်အမျိုးမျိုး ပြောင်းပြီး ပြေး၏။ ဂဠုန်သည် လူအသွင်ယူ၍ ပင်လယ်ကမ်းစပ်မှ ဆား ချက်ရင်း နဂါးပေါ်အလာကို စောင့်သည်။ အကြံကုန် ဂဠုန်ဆားချက်ဟု စကားပုံ ပေါ်လာသည်။

စိန်အိကြာကား ဆားချက်သူ မဟုတ်၊ ဆန်ချက်သူ ဖြစ်သည်။ ဆန်ချက်ရင်း ဆန်သာမက ပိုက်ဆံပါ ရ၍ ဘဲဥ၊ ရေကြိုင်းပိ၊ သီးမွှေး ငှက်ပျောနှင့် ဆန်ကောတစ်ချပ်ပါ နောက်ဆက်တွဲ ရသွားသည်ကို ကျွန်ုပ် တို့ ဝမ်းသာရမည် မဟုတ်ပါလော။

အိကြာကွေး

(နိုဝင်ဘာလ၊ ၁၉၈၇ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✸✧✸✧✸✧

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



# ကြိုးကြာ ဖိုးကြာ

"အရင်မိန်းမဖို့... ဆီ"

"ဒီဆီ... "

"နောက်မိန်းမဖို့... ဆီ"

"ဒီဆီ... "

"အဟုတ်ပ မုချအတည်... ကျုပ်ရမယ့် ဒီဆီ ဒီဆီ (အို... ဘာတဲ့တုန်း) အဟုတ်ပ မုချအတည် ကျုပ်ရမယ့် ဒီဆီ ဒီဆီ... "

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ရုံနောက်ဘက် မလှမ်းမကမ်းမှ ထမင်းချက်သော နေရာတွင် ဖြစ်သည်။ လူရွှင်တော် ကိုပါဒန်သည် ဆီပုလင်းကို ကိုင်ကာ အထက်ပါသီချင်းဖြင့် ကွေးအောင် ကနေသည်။ ဇာတ်ထမင်းချက် ကိုဝက်ကြီးက ဆီပုလင်းကို လိုက်လုသည်။ ကိုပါဒန်က မမိအောင် ရှောင်၍ ကနေဆဲ။ ထမ်းဆင့်တွေ၊ ကားဆွဲတွေ၊ မီးစက်သမားတွေက ကြားက ကာဆီးကာဆီး လုပ်ပေးကြသည်။

"ဟော့လူ... ကိုပါဒန် ပုလင်းပေးဗျာ... "

"မပေးဘူး ကိုဝက်ကြီး... အဟုတ်ပ မုချအတည် ကျုပ်ရမယ့် ဒီဆီ ဒီဆီ... "

"ဝါး လား လား လား... "

ကာဆီးထားသူတွေက ကိုပါဒန်ကို ဝိုင်းအော်အားပေးကြသည်။ ဆူလွန်းညံလွန်းသော အသံတွေကြောင့် စိန်အီကြာ အိပ်ပျော်နေရာမှ နိုးလာသည်။ ဇာတ်ရုံနောက်ဘက်မှာ ဘာတွေ ဖြစ်နေပါလိမ့်၊ ဝေသာလီပြည် ဘီလူးဝင်သလို ကျွတ်ကျွတ်ညံအောင် ဆူပွက်နေပါလား။

"ခွက်... ဟော့ကောင် ခွက်... "

ပစ္စည်းထိန်းခွက်လည်း အနားမှာ မရှိ။ ဘယ်လိုအော်လို့ ခေါ်လို့မှ ခွက် ရောက်မလာ။ ခါတိုင်းဆို ခွက်တစ်ခွန်းဟလိုက်ရုံဖြင့် ဒီကောင် အနားသို့ အပြေးရောက်လာနေကျ။ တန်တော့ ဒီကောင်ပါ အော်ဟစ်ဆူပွက်နေရာသို့ ရောက်နေလို့သာ ဖြစ်ရမည်။

"တောက်... ဘာတွေမှန်းလဲ မသိဘူး... စည်းကမ်းမရှိတဲ့ ကောင်တွေ... "

စိန်အီကြာ ဒေါတပွပွဖြင့် သျှောင်ထုံး ဖရိုဖရဲကို ပြင်ထုံးပြီး၊ ဇာတ်ရုံနောက်ဘက် ထွက်ခဲ့သည်။ ထိုနေရာတွင် ပွဲကလေးတမျှ စည်ကားနေသည်။ ဇာတ်သမားအတော်များများ ထိုနေရာတွင် ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။

"ဟော့လူတွေ... ဘာဖြစ်နေကြတာလဲ... "

စိန်အိကြာ အသံကို မောင်းတင်၍ အော်မေးလိုက်သည်။ ဆူပွက်နေသော အသံများ မီးကို ရေဖြင့် သတ်သလို ရုတ်တရက် တိတ်သွား၏။ ဇာတ်ဆရာအသံကြားတော့ ကိုဝက်ကြီး အားတက်လာသည်။ သည်ဒုက္ခမှ ကယ်နိုင်မည့်သူဆို၍ စိန်အိကြာတစ်ယောက်သာ ရှိသည်။ အချိန်မီရောက်လာ၍ တော်ပါသေးရဲ့ တော်ပါသေးရဲ့။

"ကိုပါဒန် ဆီပုလင်း ယူထားတယ် ဇာတ်ဆရာ... "

ဟိုက် ရှာလပတ်ရည်၊ ဆီပုလင်းယူထားတယ် ဆိုပါလား။ မှုခင်းတကာတို့တွင် ဘယ်ပုဒ်မနှင့် ငြိမှန်း မသိသော ရောမ မှုခင်းကြီး ပါလား။ ကိုပါဒန်လက်ထဲတွင် ဆုပ်ကိုင်ထားသော ဆီပုလင်းကို လက်ပူးလက်ကြပ် မျက်မြင်ကိုယ်တွေ့ တွေ့နေရသည်။

"ကိုပါဒန် ပြန်ပေးလိုက်ပါ... ဒါ နောက်စရာ မဟုတ်ဘူး... "

"ဟုတ်... ဟုတ်... ဟုတ်ကဲ့ပါ ဇာတ်ဆရာ... "

စိန်အိကြာက တစ်ခွန်းတည်း ခပ်ပြတ်ပြတ် ပြောလိုက်သည်။ ကိုပါဒန်က ဆီပုလင်းကို ပြန်ပေး၏။ ကိုဝက်ကြီးက ဆီပုလင်းကို လှမ်းယူရင်း "စိတ်ညစ်ပါတယ်ဗျာ" ဟု ညည်းသည်။ စိန်အိကြာ ဇာတ်ရုံထဲ ပြန်ဝင်သွားသောအခါ ကိုပါဒန်က...

"ကံခေလို့ မွဲတာကြောင့် အမှန်မသွေ မလွဲ ယူသွားပါတဲ့ ဆီ ဆီ ဆီ ဆီး... "

ဟု တီးတိုး ငိုချင်းချသည်။ နောက်ဆုံး အလုံး "ဆီ" ကို ဝစ္စပေါက် ထည့်ကာ "ဆီး" ဟု တမင်ဆိုပြီး "အောင်မယ်လေး ဆီးသွားချင်လိုက်တာ" ဟု နောက်သဖြင့် ဇာတ်သမားတွေ ခပ်အုပ်အုပ် ရယ်ကြသည်။ သူများရယ်လို့ မရယ်နိုင်သူကား ဇာတ်ထမင်းချက် ကိုဝက်ကြီး၊



www.burmeseclassic.com

www.burmeseclassic.com



ဆီပုလင်းကို မြှောက်ကြည့်လိုက်၊ အောက်မှ ဆူပွက်နေသော ချဉ်ရေဟင်းအိုးကြီးကို ငုံ့ကြည့်လိုက်၊ တစ်ဖန် ဆီပုလင်းကို ပြန်မြှောက်ကြည့်လိုက် လုပ်ရင်း ထည့်ရမည့် အနေအထားကို ချိန်ဆနေရသဖြင့် ကိုဝက်ကြီး မျက်နှာ မှုန်ကုပ်ကုပ် ဖြစ်နေသည်။

"အူတွေလည်း တစ်နေ့တခြား ချဉ်ချဉ်လာပြီ... "

"ဟုတ်ပဗျာ... တစ်နေ့လာချဉ်ရေဟင်း နှစ်နေ့လာ ချဉ်ပေါင်ဟင်း... ကျုပ်တို့ဇာတ်လည်း ဇာတ်ချဉ်ကြီး ဖြစ်မှန်းမသိ ဖြစ်လာပြီ"

"ဒါပေါ့... သဘင်တစ်ခေတ်မှာ ချေဉ်ဖြစ်တယ်ဆိုတာ"

ထမင်းရုံမှာ ထမင်းဟင်းယူရင်း ဇာတ်သမားများ ပွင့်ပွင့်လင်းလင်း အတင်းပြောနေကြခြင်း ဖြစ်သည်။ ထမင်းတာဝန်ခံ ကိုဝက်ကြီးက နားမပါသလို မကြားဟန်ဆောင်၍ ထမင်းဟင်းများကို အချိုးကျ ထည့်ပေးနေသည်။ ဆီပြန်ဆီလျှံမှဲ့ဟင်းများ၊ အသားငါးဟင်းများ၊ မစားရကြာချေပြီ။ လေးလရာသီဟု စာချိုးရမလို ဖြစ်နေသဖြင့် ဇာတ်သမားများ မကျေနပ်ကြ။

"ဇာတ်မင်းသားကြီး ဖိုးကြာ ဖိုးကြာ တိုင်းပြည်ကမျှော်... ဇာတ်မင်းသားကြီး ဖိုးကြာ ဖိုးကြာ တိုင်းပြည်က မျှော်... မြန်မာ့သဘင်စင်မြင့်ပေါ် ပြူးတူးပြောင်တောင် ထင်ပေါ်လှသနော်... "

ကိုယ်ပိုင်သီချင်းမရှိ၍ ကြားဖူးနားဝ သူများသီချင်းကို စာသားအနည်းငယ် ပြင်ဆိုရင်း စိန်အီကြာ ကိုယ့်အသံကိုယ် လန့်သွားသည်။ စိန်အီကြာ အသံမကောင်းပါ။ သူ၏မူလပင်ကိုယ်အသံမှာ မန်ဒါလီ အအေးပက်သလို ဂီး ဂီး ဂဲ ဂဲ အသံသာဖြစ်သည်။ သို့သော် သူက သဘင်ရည်ဝပြီး သဘင်အထာညက်ပြီးဖြစ်သဖြင့် အပေါက်တည့်အောင် ဆိုတတ်သည်။ အဆိုပါးနပ်မှု၊ အတီး၏ပံ့ပိုးမှု၊ အသံချဲ့စက်၏ ထောက်ကူမှုတို့ကြောင့် အလွန်ညံ့ဖျင်းသော အသံမှာ နားဝင်ပီယံဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ညမှ ထူးထူးခြားခြား သူ့အသံက ကရဝိက်သံ ကြိုးကြာသံ ထွက်သွားသည်။ ဟိုက်... ရှာလပတ်ရည်။ ကမ္ဘာ့အံ့ချီးဖွယ်ရာပါပဲ။ ယခင်က မန်ဒါလီ အအေးပတ်သံက အဘယ်မည်သော စကြာဝဠာသို့ လွင့်ပါသွားသည်မသိ။ စိန်အိကြာ့ အသံမှာ ပြည်လွင်လွင်နှင့် စည်စည်ပင်ပင် ဖြစ်နေသည်။ ပျားရည်အိုးထဲ စိမ်ထားသလို တကယ်ချိုသောအသံပါ။

"ကြာ... ကြာ... ကြာ... ကိုကြီးကြာ... ပုဆိုးလေးမ,တဲ့ကာ တစ်မျိုးလေးကတဲ့ကြာ သဘင်အရာ မယှဉ်သာ... လင်ကြာ... "

ဟိုက်... ရှာလပတ်ရည်။ နှစ်ပါးခွင်မှာ သံပြိုင်ဆိုကြသော မီးယပ်စိန်တို့ သာကေတမိနူတို့ သွားခေါကြည်တို့ မင်းသမီးတစ်သိုက်၏ အသံတွေကလည်း ခါတိုင်းထက်ပို၍ စာစာလွင်လွင် ဖြစ်နေကြပါလား။ နောက်ပိုင်းမင်းသားကြီး ဩှောင်ထုံးစိန် ရှင်ဘုရင်လုပ် ထွက်သောအခါ ဘုရင်နှင့်ဆိုင်ရာ စာရွက်သည်။ အဘိုးကြီးအသံက ယခင်လို ဩဩအက်အက် မဟုတ်တော့။ ကြည်ကြည်လင်လင် သာသာယာယာဖြစ်နေသည်။

ခြုံ၍ဆိုရလျှင် တစ်ဇာတ်လုံး အသံတွေ ကောင်းလာကြသည်။ ခုံပေါ်တက်မကရသော ထမ်းဆင့်တွေ၊ ကားဆွဲတွေ၊ ဆိုင်းသမားတွေ၊ မီးသမားတွေပါ အသံတွေ ကောင်းလာကြသည်။ ဇာတ်ခုံနောက်ပိုင်းတွင် တစ်ယောက်နှင့်တစ်ယောက် ပြောကြဆိုကြသောအသံများကို အမှတ်မထင် ကြားမိသွားကြသည့် ဧည့်ပရိသတ်များက "ဟ... ဟယ်... အသံကောင်းကြတဲ့... "ဇာတ်သမားတွေပါလား။ တစ်ဇာတ်လုံး သိကြားပေးတဲ့ အသံတွေ ရထားသလား မှတ်ရတယ်" ဟု ချီးကျူးကြသည်။ ထိုသတင်းသည် အရပ်ရပ်သို့ ပြန့်သွား၏။

"စိန်အိကြာဇာတ်က ဇာတ်ကြောမှာ တော်ရိလျော်ရိဆိုပေမယ့် အသံအရာမှာတော့ တကယ့်ကမ္ဘာ့ရှားဇာတ်ဗျ... ခေါင်းဆောင်မင်းသား စိန်အိကြာကစပြီး တစ်ဇာတ်လုံး အသံကောင်း... အသံအောင်... အသံ



www.burmeseclassic.com

www.burmeseclassic.com



ရတွေချည့်ပဲ... သူတို့အသံမျိုးတွေက အသံချဲ့စက် မပါဘဲတောင် ဆိုလို့ကလိုရတယ်... ဇာတ်တကာ့ ဇာတ်ထဲမှာတော့ အသံအကောင်းဆုံး... အသံအမိဆုံးဇာတ်ပါပဲဗျာ... ”

ယင်းသို့လျှင် ကောင်းသတင်းအထွေထွေ ဝေဖြာလာသော အခါ စိန်အိကြာက သူ့ကိုသူ "ကြိုးကြာ... ဖိုးကြာ" ဟု အမည်ပေးလိုက် သည်။ နောက်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန်ကလည်း အားကျမခံ သူ့နာမည်ကို 'မဓုသဒ္ဒသျှောင်ထုံးစိန်' လုပ်လိုက်သည်။ မဓုသဒ္ဒ ဆိုတော့ ပျားရည်နှယ် ချိုမြသောအသံပေါ့လေ... မင်းသမီး မီးယပ်စိန်ကလည်း ရိုးရိုးမီးယပ်စိန်ဘဝမှ 'ဥသြသံရှိန် မီးယပ်စိန်' ဖြစ်လာသည်။ သွားခေါ် ကြည်ကလည်း ကရဝိတ်ခေါ်ခေါ် အမည်ပြောင်းသည်။

စိန်အိကြာတို့ဇာတ်က စားလာတာ အံသွားပင် ဗထက်ချိုင့် ဖြစ်တော့မည်။ မည်သည့်ဇာတ် ဆောင်းပါးရှင်ကမှ ဖုတ်လေသည့်ငါးပိ ရှိသည်ဟု မထင်ခဲ့ကြ။ ကြိုးကြာ ဖိုးကြာအဖြစ် အသံကောင်းခြင်း သတင်း တွေ တားမရ ဆည်းမရ။ ပိတ်မရ ဆို့မရ။ တစ်ပြည်လုံး အုံးအုံးထလာ ကာမှ အင်တာဗျူးကြဖို့ သတိရကြတော့သည်။

တစ်လျှောက်လုံး တစ်ခါမှ အဗျူးမခံရဘဲ သူများတွေ ဗျူးဖွတ် ဖွတ်ကြေမှ ကိုယ့်လာဗျူးသောအခါ စိန်အိကြာ မျက်နှာဘယ်သွားထားရ မှန်းမသိအောင် ရှက်ကိုးရှက်ကန်းတွေ ဖြစ်ရသည်။ ခုံပေါ်မှာ အရှက် အကြောက်မရှိ သီခဲ့၊ ကခဲ့၊ သရုပ်ဆောင်ခဲ့သော စိန်အိကြာတစ်ယောက် ဗျူးဆရာများ ရှေ့မှောက်ဝယ် ရင်တုန်ပန်းတုန် တစ်ကိုယ်လုံး တုန်နေ သည်။ အထစ်ထစ် အငေါ့ငေါ့ဖြင့်...

“ဆ... ဆ... ရာတို့က ဘာ... ဘာ... ဘာများသိကြချင်ပါလဲ... ခ... ခ... ခမျာ”

အင်တာဗျူးနတ်ကလည်း ဒိန်းဒလိန်းနတ်လိုပင် ဖမ်းစားတတ်



www.burmeseclassic.com

www.burmeseclassic.com



ပါလား။ စိန်အိကြာ လက်ကြားမှ ဆေးပြင်းလိပ်တိုလေး တဆတ်ဆတ် တုန်နေသည်။ လမ်းကြိတ်စက် ခေါင်းပေါ် ရွက်ထားရသလို ဝန်လေး ပင်ပမ်းလှသော ဗျူးခြင်းကို မြန်မြန် ပြီးဆုံးစေချင်လှပြီ။

"မင်းသားနှင့်တကွ ဇာတ်တစ်ဖွဲ့လုံး အသံကောင်းတဲ့အကြောင်း ကို အထူးသဖြင့် သိချင်လို့ပါ.. ကျန်တာတွေ မပြောလည်း ရပါတယ်..."

စိန်အိကြာ ထမင်းချက် ကိုဝက်ကြီးကို ခေါ်ခိုင်းလိုက်သည်။ ကိုဝက်ကြီး ကျောအပြောင်သားဖြင့် ပါလာ၏။ ဗျူးဆရာတွေ ရှေ့မှာ ကိုဝက်ကြီးလည်း ကိုရှက်ကြီး ဖြစ်နေသည်။ ရှင်းပြပေမယ့် စကားတွေ က တောင်ရောက် မြောက်ရောက်၊ အရှေ့ရောက် အနောက်ရောက်။ ကပေါက်ချိ ကပေါက်ချာ။

"ကိုင်း... ကိုင်း... ကျွန်တော်ကပဲ ရှင်းပြပါတော့မယ်... ကျွန်တော်ဟာ ခေါင်းဆောင်မင်းသား ဆိုပေမယ့် ဇာတ်သမားတွေနဲ့ လက်ရေတစ်ပြင်တည်း တစ်အိုးတည်း စားပါတယ်... စိန်အိကြာဇာတ်မှာ မင်းသားရယ်... ကားဆွဲရယ်... မခွဲခြားပါဘူး... အားလုံးတစ်ပြေးညီ ချဉ်ရေဟင်းအတူတူ နှိပ်ကြတာပါပဲ... "

ပြောရင်း ပြောရင်း စိန်အိကြာ တဖြည်းဖြည်း ရဲလာသည်။

မီးသေနေသော ဆေးပြင်းလိပ်တိုကို မီးညှိကာ ဆက်ပြော သည်။ စကားပြောလိုက်၊ ဆေးပြင်းလိပ် ဖွာလိုက်ဖြင့် အာတွေ့လာသည်။ သွက်လက်လာသည်။ လမိုင်းကပ်လာသည်။ အင်တာဗျူးနတ် ဘယ် အရပ်ရောက်သွားသည်မသိ။ စိန်အိကြာကိုယ်ပေါ်မှ ခွာသွားသည်။

"အဟင်း... ဆရာတို့ သိကြတဲ့အတိုင်းပါပဲ... အသံနဲ့ အလုပ် လုပ်နေရတဲ့လူတွေရဲ့ အမိကရန်သူဟာ 'ဆီ' ဖြစ်ပါတယ်... ဆီစားများရင် အသံဝင်တတ်တယ်... အသံကပ်တတ်တယ်... ဆီသိပ်စားတဲ့အခါ ရိုးရိုး စကားပြောတာတောင် လည်ပင်းညှစ်ခံထားရသလို အစ်တစ်တစ်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရင် သီချင်းဆိုရတဲ့အခါ ဆရာတို့ စဉ်းစားကြည့်ပါ... လည်ချောင်းမှာ ချွဲကျိုကျို၊ လျှာတွေမှာ ထူပိန်းပိန်းဖြစ်ပြီး ဆိုရတာ အပေါက်အလမ်း မတည့်တဲ့အတွက် ကိုယ့်ပါးကိုယ်ပြန်ရိုက်ချင်တဲ့ စိတ်တွေပေါက်ရတယ်"

ဗျူးဆရာတစ်ယောက်က စိန်အီကြာ ပြောတာတွေ လိုက်မှတ် နေသည်။ မှတ်ပါစေ။ စိန်အီကြာဘယ်လိုမှ ရှုံးတိုးရှုံ့တန့် မဖြစ်တော့ပါ။ ပြောစရှိတာ ဆက်ပြောသည်။

"ကျွန်တော့်ဇာတ်က ဟဲ... ဟဲ... ကြွားတယ်တော့ မထင်ပါနဲ့ မဖြစ်ညစ်ကျယ်ဇာတ်ပါ... ရုံဗလာ၊ နေရာမရွေး၊ ပစ္စန္တရာဇ် ချောင်ကြို ချောင်ကြားအထိ လိုက်ကနေရတဲ့ဇာတ်ပါ... စီးပွားရေးအရ စားလောက် ရုံသာရတဲ့ ဇာတ်ကလေးပါ... ဝင်ငွေအနိမ့်ဆုံးမှာ ရှိပါတယ်... ဆီဈေးက ဇာတ်ရုံခေါင်မိုးကနေ သစ်ပင်ခွကြား... သစ်ပင်ခွကြားကနေ ထန်းပင် ထိပ်ဖျား... အဲသလို ကမြင်းကြောထပြီး တက်တက်နေတော့ ကျွန်တော့် လို ဝင်ငွေနည်းတဲ့ ဖွတ်ကျားဇာတ်ဟာ ဘယ်လိုလုပ်ပြီး ဆီ ဖောဖောသီသီ သုံးရဲမလဲ... ဆီပြန်၊ ဆီလှိမ့်၊ ဆီကြော်တွေ စားနိုင်မလဲ... သို့ဖြစ်ပါ၍ ဆီကုန်သက်သာသော ဆီနည်းနည်းနှင့် အလုပ်ဖြစ်သော ချဉ်ရေဟင်း၊ ချဉ်ပေါင်တွေချည်း နေ့စဉ်လိုလို ချက်ရပါတယ်... ဇာတ်သမားတွေက အူတွေချဉ်ကုန်ပြီ... သဘင်တစ်ခေတ်မှာ ချေဥ်ဖြစ်ပြီ... ဘာညာကွိကွ ကွယ်ရာမှာ အတင်းချကြပေမယ့် အသံတွေကောင်းလာတာ... အသံတွေ လွင်လာတာတော့ အမှန်ပါပဲ... ကြိုးကြာ... ဖိုးကြာနှင့်တကွ ဇာတ်တစ်ဖွဲ့ လုံး အသံကောင်းရခြင်းကတော့ ဆီဖောဖောသီသီ ဝယ်မစားနိုင်ကြလို့ ပါပဲခင်ဗျာ... "

အီကြာကွေး

(ဇန်နဝါရီလ၊ ၁၉၈၈ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧❋✧❋✧❋✧

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



# သဘင်လူ့ရှုပ်မင်းသား စိန်အိကြာ

ပညတ်ရာ ဓာတ်ပါဟူသော စကားမှာ အလွန်မှန်သည်။

ပင်ကိုဗီဇက ကိုက်ချင်နေသော ခွေးတစ်ကောင်ကို "တိုက်ဂါး" ဟု နာမည်ပေးကြည့်ပါ။ ထိုခွေးသည် ထိန်းမနိုင်၊ သိမ်းမရအောင် ကိုက်ပြပါလိမ့်မည်။

ပင်ကိုယ်ဗီဇက ကြမ်းချင်၊ ရမ်းချင်သော စိန်အိကြာကို နှစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ခွင်တွင် လူရွှင်တော် ကိုပါဒန်က

"ကျုပ်တို့ မင်းသားက ရိုးရိုးမင်းသား မဟုတ်ဘူး... လူရမ်း မင်းသားဗျ... ရမ်းတဲ့နေရာမှာ ဝါးလုံးမစင်သုတ်ပြီး၊ ဘယ်သူ့ပေပေ စွတ်ရမ်းတာ... များသောအားဖြင့် သူများမပေဘဲ... သူ့မစင်က သူ့ပြန်ပေလေ့ရှိတယ်... ကိုင်း သဘင်လူရမ်းမင်းသားရေ... အလှည့်ကျတော့လည်း မနွဲ့ ရဘူးတဲ့... ပရိသတ်များ မျှော်နေကြပြီ... "

အမြင်ကတ်ကတ်ဖြင့် "လူရမ်းမင်းသား" ဘွဲ့တပ်ကာ မြှောက်ပေးသည်။ စိန်အီကြာ ငပေါက မြှောက်ပေးလို့ မြှောက်ပေးမှန်း မသိ။ ပြည်တ်ရာ ဓာတ်ပါကာ စင်ပေါ်မှ ရမ်းလိုက်သည်ကား...

"အဟမ်း... ဇာတ်သမားလာရင် မှတ်သားစရာ ပါရမယ်တဲ့... ကျုပ်လာတဲ့အခါ မှာတော့ မှတ်သားစရာဆိုလို့ အတ္တကြီးတာတွေ၊ မာနကြီးတာတွေ၊ သေသွားတဲ့ လူတွေ နာမည်ကို အသုံးချပြီး ကြွားလုံးထုတ်တာတွေ၊ ပရိသတ်ကို စော်ကားတာတွေ ဒါတွေပဲ ပါမယ်... "

ပွဲကြည့်ပရိသတ်က ထိုစကားကြားရသည်နှင့် စိန်အီကြာကို စိတ်ပျက်သွားသည်။ ပရိသတ်သည် အကြောင်းမသိခင်က အတော်မင် မျှော်လင့်ခဲ့ကြ၏။ သဘင့်ထိပ်တင် စိန်အီကြာ ဘာညာနှင့် လူအထင်ကြီး အောင် ဖြီးထားသည်ကို အဟုတ်ကြီး မှတ်ခဲ့ကြသည်။ ဟာသနှော၍ ပြောရလျှင် တောင်ပို့ထွက်မှ ဖွတ်မှန်းသိ ဟု ပြောရမည် ထင်သည်။ စကားထဲက ဇာတိပြလာသော စိန်အီကြာကို ပွဲကြည့်ပရိသတ်က တောင်ပို့ ထဲက ဖွတ်မှန်း သိသွားကြလေပြီ။

ဖွတ်ကို ဖွတ်အတိုင်း မထားဘဲ မိကျောင်းဖြစ်အောင် ကန်ထရိုက်က မြေတောင် မြှောက်ပေးသည်။ ထိုပွဲကား ငါးချို၊ ငါးညကမည့်ပွဲ။ ကန်ထရိုက်ကား အခြားသူမဟုတ်၊ စိန်အီကြာက သေဆို သေ၊ ရှင်ဆို ရှင်ရမည့် ဟာကြူလီငပျော့ ငပျော့ပွဲ ဆိုတော့ စိန်အီကြာတို့က



www.burmeseclassic.com

www.burmeseclassic.com



မလျှော့ဘဲ ရမ်းနိုင်သည်။ ဖွတ်မိကျောင်းဖြစ်၊ မြစ်မချမ်းသာ၊ ဓမ္မတာပင်။ ငါးညပ် မိကျောင်းဖြစ်ခွင့်ရှိလို့သာ ငါးလလောက်သာ ဖြစ်ရလျှင် သဘင်လောကကြီး အဖတ်ဆယ်မရအောင် ပျက်စီးပေတော့မည်။

"ဒီမှာ အားလုံးနားထောင်... ဇာတ်သမားပြန်ရင် မှတ်သားစရာကျန်ရမယ်တဲ့... ကျုပ်ပြန်သွားရင် မှတ်သားစရာဆိုလို့ ခင်ဗျားတို့ ရွာသားတွေကို စိတ်ဝမ်းကွဲပြားအောင် အချင်းချင်း ရန်တိုက်ပေးပြီး သွေးခွဲခဲ့တာတွေ ကျန်ခဲ့လိမ့်မယ်... ခွဲရေးမှာ ကျုပ်က အကျိုးအကြောင်း အသံကောင်းဟစ်ပြီး လိမ္မာပါးနပ်စွာနဲ့ ကောက်ကျစ်စဉ်းလဲစွာ ခွဲတတ်တယ်နော်... အခွဲအိတ်စပတ်ဗျ... ရွာတောင်ပိုင်းနဲ့ ရွာမြောက်ပိုင်း ရန်ဖြစ်အောင် ရွာအရှေ့ပိုင်းနဲ့ ရွာအနောက်ပိုင်းစကားများအောင် စိတ်ကောင်းစေတနာကောင်းနဲ့ ချောက်တွန်းခဲ့ပမယ်... "

ပွဲဦးညကတည်းက ရွာပရိသတ်က စိန်အီကြာကို အော့နှလုံးနာသွားသည်။ ဤမျှ မိုက်ရိုင်းသောသူက မင်းသား အမည်ခံဝံ့သည်ကို အားလုံးက အံ့သြကြသည်။ စိန်အီကြာကို မပြောသာတော့။ ကိုယ့်ရွာသားချင်း ဖြစ်သည့် ကန်ထရိုက်ပျော့ကိုပဲ အပြစ်တင်ကြသည်။ ဒီကောင့်ကို စင်ပေါ်တင်ပေးမည့်အစား တို့ရွာက အမူးသမားငတင်ကို တင်ပေးလိုက်တာကမှ ကောင်းဦးမယ်... ငတင်က မူးရင် ရမ်းတတ်ပေမယ့် ဒီကောင်ထက်စာရင် အများကြီး ယဉ်ကျေးသေးတယ်တဲ့... "

ရွာတွင် "အလင်းရောင်" အမည်ဖြင့် စာကြည့်တိုက်တစ်ခု ရှိသည်။ နှစ်ပေါင်းသုံးဆယ်ကျော်သည်အထိ သက်တမ်းရှည်ခဲ့သော စာကြည့်တိုက် ဖြစ်၏။ မူလတည်ထောင်ခဲ့သော ရွာသားများက အသက်ကြီးသွား၍ စာကြည့်တိုက် နာယက နေရာရောက်သွားသည်။ လူလတ်ပိုင်းက စာကြည့်တိုက် အမှုဆောင်အဖြစ် တာဝန်ဆက်ယူ၏။ လူငယ်ပိုင်းက စာကြည့်တိုက်တွင်း သန့်ရှင်းရေး ပတ်ဝန်းကျင် သာယာသူတို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် အမှိုက်ရှင်းခြင်း၊ ပန်းပင်စိုက်ပျိုးခြင်းများကို တာဝန်ယူကြသည်။ တစ်ရွာလုံး တက်ညီလက်ညီဖြင့် လှုပ်ရှားနေကြသော အလင်းရောင်စာကြည့်တိုက်ကလေးကို စိန်အိုကြာက နှစ်ပါးခွင် စကားဖန်ပြောရင်း သွေးခွဲလိုက်သည်ကား...

"နေ့လယ်က ဇာတ်နားခိုက် ရွာထဲ လျှောက်ကြည့်တော့ စာကြည့်တိုက်ကလေး တစ်ခုတွေ့ခဲ့တယ် ကိုပါဒန်... စာအုပ်စာတမ်းတွေ စုံစုံလင်လင်၊ ပန်းပင်ပန်းပွင့်တွေ ဝေဝေဆာဆာနဲ့ ရွာကျက်သရေဆောင် စာကြည့်တိုက်ကလေးပါပဲ... ငပျော့က တစ်ဆင့် စာကြည့်တိုက်အကြောင်း ကျုပ်စုံစမ်းကြည့်မိတယ်... နာယကအဖွဲ့ကိုတော့ အထူးပြောစရာ မရှိပါဘူး... စိတ်ကောင်းစေတနာကောင်း ရှိတဲ့ တကယ့်လူ့အဖိုးတန်တွေပါ... လက်ရှိ စာကြည့်တိုက်အမှုဆောင်အဖွဲ့ကိုတော့ နည်းနည်းပြောချင်တယ်... "

"အမိန့်ရှိပါ... လူရမ်းမင်းသား ခင်ဗျာ... "

"လက်ရှိ အမှုဆောင်အဖွဲ့ဟာ စာအုပ်ထိန်းသိမ်းမှု ညံ့ဖျင်းတယ်... စာအုပ်တွေ ကိုင်တွယ်တာ ကြမ်းတမ်းတယ်... ဒီအမှုဆောင်အဖွဲ့ ပိတ်ဆို့ထားလို့ သန့်ရှင်းရေး လုပ်ရတဲ့ လူငယ်တွေ၊ ပန်းပင်ရေလောင်းရတဲ့ လူငယ်တွေ အမှုဆောင် မဖြစ်တာပါ... သူတို့ကိုလည်း အမှုဆောင်အဖြစ် အလှည့်ပေးသင့်တာပေါ့... လူငယ်တွေကိုယ်စား ကျုပ် ရှေ့နေလိုက်ပါရစေ... "

"ဝါး ဟား ဟား... ရယ်ရတယ်ဗျို့... ဖြဲ... "

ပရိသတ်က တစ်ခဲနက် ရယ်သံဖြင့် တုံ့ပြန်သည်။ စိန်အိုကြာ၏ ခွေးရဲ ခွဲရေး မဟာအကြံအစည်ကြီး ဘူးပေါ်သလို ပေါ်သွားလေပြီ။

ယခုနာယကအဖွဲ့က စာကြည့်တိုက်ကို ပျိုးထောင်စဉ်က လက်ရှိအမှုဆောင်အဖွဲ့က သန့်ရှင်းရေး၊ သာယာရေးများ ထမ်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်။ အသက်အရွယ်အရ အတွေ့အကြုံအရ တာဝန်အဆင့်ဆင့် ယူခဲ့ခြင်းသာ ဖြစ်သည်။ ယနေ့ လူငယ်များသည် အချိန်အခါ ကျသော အခါ စာကြည့်တိုက် အမှုဆောင်များ ဖြစ်လာကြလိမ့်မည်။ ယနေ့ အမှုဆောင်များသည် နာယကနေရာသို့ ရောက်သွားကြလိမ့်မည်။

"မင်း မင်းသားက ဘယ်လိုလဲကွာ ငပျော့… ဇာတ်ကတာ ကောင်းကောင်း မကဘူး… ဟိုလူ့ဆဲ ဒီလူ့ပုတ်ခတ် အသားယူလိုက်၊ အရိုးယူလိုက်၊ သွေးခွဲလိုက်၊ ရန်တိုက်လိုက်နဲ့ ဘယ်လိုကောင်လဲ… "

"ဟဲ ဟဲ… သဘင်လူရမ်းမင်းသားပါဆိုနေမှ ဒီလောက်တော့ ရှိမှာပေါ့… "

တစ်ညထက် တစ်ည ပို၍ ပို၍ ရမ်းလာသော သဘင်လူရမ်း မင်းသား စိန်အိကြာကို ပရိသတ်များ မကျေမနပ် ဖြစ်လာသည်။ စိန်အိကြာက ငါးစိမ်းသည် ပါးစပ်ကို အငှားတပ်ထားသလို ရမ်းရမ်းကား ကားတွေ ပြောသည်။ ပလီစိချောက်ချက်တွေ လိမ်သည်။

ညီညွတ်သော ရွာအစုအဝေးကို ဝသကာရပုဏ္ဏားက အဘ ခေါ် လောက်အောင် သွေးခွဲသည်။

နောက်ဆုံးညတွင် သည်းမခံနိုင်တော့သော ရွာလူငယ်များက ဆိုင်းခါးပြတ်ကလေးတစ်ခု ရှာ၍ စိန်အိကြာ ပွဲခင်းထဲ အစောကြီး ရောက် နေသည်။ ပွဲမထွက်မီ "ကလိမ်ပလီပလာ စိန်အိကြာ" သီချင်းကို မြိုင်မြိုင် ဆိုင်ဆိုင် ဆိုကြတီးကြသည်။ ထိုပရိသတ်က ထိုသီချင်းကို သဘောကျ လှသဖြင့် လက်ခုပ်လက်ဝါးတီးကာ ရယ်ကြသည်။ လူရမ်းမင်းသား စိန်အိကြာ ယမ်းပုံမီးကျလေပြီ။

ဟော့ကောင် ငပျော့… မင်းရွာက ကောင်တွေက မိုက်ရိုင်းလှ ချည်လား… မင်းကြားတယ် မဟုတ်လား… ငါ့ကို "ကလိမ်ပလီပလာ စိန်အိကြာ" တဲ့… တောက် ရိုင်းလိုက်လေကွာ… လူချင်း ဆင်းရိုက်ဖို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတော့တယ်… အများနဲ့ တစ်ယောက်မို့လို့ ငြိမ်ခံနေတာကွ… ”

“ဒါတော့ ခင်ဗျားက စပြီး မိုက်ရိုင်းခဲ့တာကိုး… ပြဿနာမှန်သမျှ ခင်ဗျားကချည်း စခဲ့တာ မဟုတ်လား… ဖြစ်လာမှ ဟိုလူ့လွှဲချ ဒီလူ့လွှဲချ လုပ်မနေနဲ့… သမ္မာကျမ်းစာမှာ ပါသလိုပေါ့… “လေကို စိုက်ပျိုးသူကား လေမုန်တိုင်းကို ရိတ်သိမ်းရလိမ့်မည်” တဲ့… ခင်ဗျား စိုက်ခဲ့တဲ့ “လေ” က စိုင်ကလုံတွေ၊ တိုက်ဖွန်းတွေ ဖြစ်လာပြီ… ကိုယ့်စေတနာအတိုင်း ကိုယ်ပြန်ခံရတာ သဘောကြီးကြီးထားပြီး ပျော်ပျော်ကြီး ခံပေါ့ဗျာ…”

“ဟေ့ မခံဘူးကွ… စိန်အိကြာကို ဒါမျိုး လာချိုးလို့ ဘာရမလဲ ငါကသာ တစ်သက်လုံး သူများကို စော်ကားလာတာ… ငါ့စော်ကားလို့ ဘာရမလဲ… ဒီည သိမယ်… ”

သဘင်လူ့ရမ်းမင်းသားသည် သေတာတောင် ဝမ်းကျ မရပ်ပေ။ အသက်မထွက်ခင် ဘရွှတ်ဆိုပြီး၊ နောက်ဆုံး ဝမ်းကို ကျဖြစ်အောင် ကျသွားသေးသည်။

“စောစောလေးက ဆိုင်းခါးပြတ်နဲ့ သီချင်းဆိုသွားတဲ့ ကောင်တွေဟာ အလွန်အောက်တန်းကျတဲ့ ကောင်တွေ… ဒါမျိုးကို (ကလော်တုတ်ဂီတ) လို့ ခေါ်တယ်… ကျုပ် ရေးရရင် တစ်နေ့အပုဒ်တစ်ရာ အသာလေးပေါ့ဗျာ… အခုပဲ ကလော်တုတ်ဂီတမျိုး နမူနာ ရေးပြမယ်… သီချင်းရေးတဲ့ လူငယ်သုံးလေးယောက်ကို တန်းစီရပ်ခိုင်းပြီး (မြို့မငြိမ်း၊ နန်းတော်ရှေ့ ဆရာတင်တို့ ပြုစုပျိုးထောင်ခဲ့တဲ့ ဂီတလမ်းကြောင်းကို ဂုဏ်ယုတ်အောင် လုပ်တဲ့အတွက် ဂီတဂုဏ်ယုတ်ဘွဲ့ကို ချီးမြှင့်လိုက်ပါတယ် ခင်ဗျား ရှိုး… ဖြောင်း ဖြောင်း ဖြောင်း ဖြဲ) ဆိုရင် ပြီးတာပဲ မဟုတ်လား… ”

နှစ်ပါးခွင်ထဲမှ အသားလွတ်ရမ်းလိုက်သော စိန်အိကြာ့စကားကို ပရိသတ်က လက်ခုပ်မတီးပေ။ နောက်ဆုံးဝမ်းအဖြစ် ဘရွှတ်ဟု မြည်အောင် ရှက်ရမ်းရမ်းသွားခြင်းမှန်း သိကြသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ဇာတ်ရုံရှေ့၌ ဧရာမပိုစတာကြီး တစ်ချပ်ပေါ်ထောင်ထားသည်ကို ဇာတ်သမားများ မြင်ကြရသည်။ ပိုစတာပါစာများကို ဖတ်၍ ဇာတ်သမားများ ပွဲကျနေကြစဉ် စိန်အိကြာ ရောက်လာသည်။ စာကို ဖတ်ကြည့်ပြီး သဘင်လူရမ်းမင်းသား မျက်လုံးပြူးသွားသည်။ နှုတ်ခမ်းဖျားမှ ဆေးပြင်းလိပ်တိုလေး ဖုတ်ခနဲ ပြုတ်ကျသွားသည်။ ပိုစတာကြီးတွင် ဧရာမစာလုံးကြီးများဖြင့် ရေးထားသည်ကား... ။

"ဦးဖိုးစိန်၊ ဦးစိန်ကတုံးတို့ ပြုစုပျိုးထောင်ခဲ့သော သဘင်လမ်းကြောင်းကို ပုံပျက်ပန်းပျက် ဖြစ်အောင် ဖျက်ဆီးခဲ့သည့်အတွက် စိန်အိကြာအား သဘင်လမ်းသရဲဘွဲ့ကို တညီတညွတ်တည်း ပေးအပ်လိုက်ပါကြောင်း... ဂွီ... သွတ် သွတ် သွတ် သွတ်... "

အိကြာကွေး

(မတ်လ၊ ၁၉၈၈ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✹✧✹✧✹✧



www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်သွေးပျက်ချိန်

“ဇာတ်ဆရာ ရှိပါသလား ခင်ဗျား... ”

“ဟုတ်ကဲ့ ရှိပါတယ်... ရှိပါတယ် ကြွကြပါ.. ”

အသံကြားလိုက်သည်နှင့် ပွဲငှားပဲဆိုတာ စိန်အိကြာ တန်းခနဲ သိလိုက်သည်။ အတွေ့အကြုံက သင်သည်ဆိုတာ ဒါမျိုးကို ပြောတာပါ။

လူတွေက ငါးယောက်ဖြစ်သည်။ အားလုံး မျက်နှာသစ်တွေ ချည့်။ ဝတ်ထားသော ပုံတွေ မြင်ရရုံဖြင့် တောသားတွေမှန်း သိသာသည်။

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဧကန္တ မြန်မာပြည်တစ်နေရာရာက ဘုရားပွဲ ကျင်းပမည့် အကျိုးဆောင် ပုဂ္ဂိုလ်တွေပဲ။

တည်နေရာ တောင်ဥက္ကလာမှာ ဇာတ်ကျောက်ချနေရတာ ကြာပြီ။ သူများဇာတ်တွေ အသီးသီး ခြေသွက်နေကြစဉ် စိန်အီကြာဇာတ်မှာ တင်ပျဉ်ခွိတ်၍ အငြိမ့်သား ထိုင်နေရသည်။ နာမည်ကျော်ကြား လူကြိုက်များတဲ့ ဇာတ်ဆိုတာ ဒီလိုပဲပေါ့။

မြန်မာပြည် ဇာတ်လောကမှာ စိန်အီကြာတစ်ယောက် ရှိမှ ရှိမသေးရဲ့လား။ ဇာတ်မကဘဲ ဆိုက်ကားများ နင်းနေပြီလားဟု လူတွေ မေ့လျော့နေကြချိန်တွင်မှ ဤတောသားငါးယောက်က ဆိုက်ဆိုက် မြိုက်မြိုက် အိမ်တိုင်ရာရောက် ပွဲငှားရောက်လာသည်။ လူအစစ်တွေမှ ဟုတ်ကြပါလေစ။ စိန်အီကြာဇာတ် ဒုက္ခရောက်နေသည်ကို သိ၍ သိကြားမင်းက နတ်သားငါးပါးကို လူယောင်ဖန်ဆင်းပြီး ဇာတ်ငှား လွှတ်လိုက်တာများလား။

"ထိုင်ကြပါ ခင်ဗျာ... အခါးရည်များလည်း သုံးဆောင်ကြပါ... စိန်အီကြာဆိုတာ ကျွန်တော်ပါပဲ... နောင်ကြီးတို့က"

သူတို့ငါးယောက် အိမ်ခေါင်းရင်းခန်းမှာ ရှိုးတိုးရှန့်တန့် အမူအရာဖြင့် ဝင်ထိုင်သည်။ စိန်အီကြာ့တစ်အိမ်လုံးမှာ ဇာတ်ပစ္စည်းတွေဖြင့် ရှုပ်ပွနေ၏။ နောင်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန်ကိုင်သော သန်လျက်မှာ အခန်းထောင့်တွင် တံမြက်စည်းနှင့်အတူ ထောင်လျက်သားရှိနေသည်။

"ဟဲ ဟဲ... သျှောင်ထုံး မြင်တာနဲ့ မိတ်ဆွေကြီးကို ဇာတ်ဆရာမှန်း သိပါတယ်... ဆေးပြင်းလိပ်ကို လက်ကြားညှပ်ထားတယ်ဆိုတော့ စိန်အီကြာဆိုတာ ပိုသေချာသွားတာပေါ့... ဟဲ ဟဲ... ကျွန်တော်တို့က နထိုပလို့ရွာက ဘုရားပွဲ အကျိုးဆောင်ပုဂ္ဂိုလ်တွေပါ... ဇာတ်ဆရာတို့ ဇာတ်ကို သုံးည ငှားရန်အတွက် လာရောက်ကြခြင်း ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ငါးယောက်ထဲမှာ လူရည်အလယ်ဆုံးဟု ယူဆရသော အသား မည်းမည်း ပုပုဝဝက ပြောသည်။ စကားပြောရင်းမှ အဓိပ္ပာယ်မရှိဘဲ တဟဲဟဲ ရယ်နေ၏။ သူရယ်လိုက်တော့ အာခံတွင်းက ကောက်ညှင်း ငချိတ်ရောင် သွားမည်းမည်းကြီးတွေ ပေါ်ပေါ်သွားသည်။

"ဟုတ်ကဲ့ ခင်ဗျာ... ဘုရားပွဲဆိုတော့လည်း တစ်အားခဲပြီး လာကြတာပေါ့... ကုသိုလ်ရေးဖြစ်နေတော့ ကျွန်တော်တို့ကလည်း အလှူပါတဲ့ အနေနဲ့ ဇာတ်ကြေးကို လျှော့ယူပါ့မယ်... ဒါ့အပြင် ဇာတ် ဟိုမှာ ရှိနေသမျှ ကသည်ဖြစ်စေ၊ မကသည် ဖြစ်စေ နောင်ကြီးတို့ ရွာက စားရေးသောက်ရေး တာဝန်ယူရပါမယ်... ဆေးလိပ်၊ ကွမ်းဆေး၊ လက်ဖက်၊ ထန်းလျက်၊ ကြံသကာ အစပေါ့ ခင်ဗျာ... "

"စိတ်ချပါ စိတ်ချပါ... ထန်းလျက်၊ ကြံသကာမက ကြိုက်တတ်ရင် ထန်းရည် ခါးပါ ရရပါစေ့မယ်... "

အမှန်တော့ စိန်အီကြာက ဇာတ်ကြေးကို လျှော့ယူကာ ထမင်း၊ ဟင်းတာဝန်ကို ရွာပေါ်သို့ တင်ပေးလိုက်ခြင်း ဖြစ်သည်။ သူ လျှော့သော ဇာတ်ကြေးက ထမင်းဟင်းစရိတ်၏ တစ်ဝက်ပင် မရှိ။ ဇာတ်သမား လည်တယ်ဆိုတာ ဒါမျိုးပြောတာပါ။ စကားဖြင့် ချီထားလိုက်ပုံလေးကလည်း ဘယ်လောက် ပညာသားပါသလဲ။ ဇာတ် ဟိုမှာရှိနေသမျှ ကသည် ဖြစ်စေ၊ မကသည် ဖြစ်စေတဲ့။ ဇာတ်အဖွဲ့သားတစ်ရာကျော်၏ နေ့စဉ် စားသောက်စရိတ်ကို နထို့ပလို့က ကုန်းရုန်းခံပေတော့။

"ဟဲ ဟဲ... ဒါဆို ကာရန်သင့်ကြပါပြီ။ ကျွန်မတော်တို့ကို ခွင့်ပြုပါဦး... တန်ခူးလဆန်းငါးရက်နေ့မှာ ပွဲဝင်ပါမယ်... စောစောရောက်အောင်သာ ကြွခဲ့ကြပါ... "

"စိတ်ချပါ... စိတ်ချပါ... တန်ခူးလဆန်းဆန်းချင်း ရောက်လာမှာပါ ခင်ဗျာ... "



www.burmeseclassic.com

www.burmeseclassic.com



စိန်အီကြာမှာ သူ့အတွေးနှင့် သူ ပျော်ပြီး ကျန်ခဲ့သည်။ နတို့ပလို့ အကျိုးဆောင်များကလည်း သူတို့အတွေးနှင့် သူတို့ ပျော်ပြီး ပြန်သွားကြသည်။ အခြားဇာတ်ပေါင်းစုံ လှည့်လည် ငှားခဲ့ကြပြီ။ နတို့ပလို့ဆိုသည်နှင့် တစ်ခါတည်း ဟင်သွားကြ၏။ ရွှေပုံပေးတောင် မလိုက်ဟု ခပ်ပြတ်ပြတ် ပြောကြသည်။

စိန်အီကြာဆိုသော ပေါတောတော မင်းသားတစ်ယောက်သာ ရှောရှောရှူရှူဖြင့် လက်ခံသည်။ နတို့ပလို့သည် အလွန်မြေကြမ်း၊ လူကြမ်းသဖြင့် ဇာတ်တိုင်း လန့်ကြသည်ကို သူ မသိသေး။ ဇာတ်ရှောင်ရွာ ဖြစ်နေသည်ကို သူမသိသေး။ မသိ၍သာ လက်ခံလိုက်ခြင်း ဖြစ်သည်။ ကိစ္စမရှိပါ၊ မကြာခင် သိရပါတော့မည်။

✧✹✧✹✧✹✧

(၂)

"စိန်အီကြာဆိုတာ ဟိုသျှောင်ထုံးနဲ့ အဘိုးကြီး ဖြစ်ရမယ်... "

ရွာကို ဇာတ်ရောက်စ မော်တော်ပေါ်မှ ဇာတ်သေတ္တာတွေ ချနေစဉ် နတို့ပလို့က ပညာပြပါပြီ။ သျှောင်ထုံးစိန်ကို စိန်အီကြာတဲ့။ သိသာမြင်သာပါလျက် သက်သက် လှောင်ပြောင်ခြင်း ဖြစ်သည်။ လှောင်ပြောင်သူတွေက ငယ်ငယ်ရွယ်ရွယ် နှပ်ချေးတွဲလောင်းတွေ မဟုတ်။ လောက်လောက်လားလား ကာလသားကြီးတွေ။

"မင်းသမီးတွေကလည်း ပိန်လိုက်တာ... အာပြခြောက်နဲ့ ညီအစ်မလား မှတ်ရတယ်... ပိန်ရတဲ့အထဲ မည်းကလည်း မည်းသေး... အာပြခြောက် ကျပ်တိုက်ထားတဲ့အတိုင်းပဲ... "

"အေးကွ... စက္ကူယပ်တောင် ထောင်ထားတာကမှ သူတို့ထက်



www.burmeseclassic.com

www.burmeseclassic.com



စာရင် ဝဦးမယ်... ဘယ်က မီးယပ်ပိန် မီးယပ်ခြောက်တွေ စုခေါ်လာသလဲ မှ မသိတာ... "

သခေါကြည်တို့ မီးယပ်စိန်တို့လည်း စိတ်ကသိကအောက် ဖြစ်ကြရပြီ။ လူရွှင်တော် ကိုပါဒန်ကတော့ ဘယ်သူ့မှ အရေးမစိုက်။ အရပ်ကြီးကြီးမားမားဖြင့် မော်တော်ပေါ်မှ ဝင့်ကြွားစွာ ဆင်းလာသည်။

"အရပ်ကောင်းမှ အလောင်းလှဆိုတာ ဒီအရပ်မျိုးကွ... သေရင် ပျဉ်ကုန်မယ်... ဖျာလိပ်နဲ့ ပတ်ချမှ တွက်သားကိုက်တာ... "

လူရွှင်တော် ကိုပုတိုလည်း အပြောအဆိုမလွတ်။ ဒီလို ဂျပုမျိုး သေလျှင် နွားစားခွက်ထဲ ထည့်ချတောင်ရသည်ဟု ကြဲကြဲဖန်ဖန် ပြောင်လှောင်ကြသည်။ ဆိပ်ကမ်းမှာ ဇာတ်ပစ္စည်းတွေ ပုံထားရင်း ဇာတ်သမားများ စိတ်ပိန်နေကြစဉ် ဒိန်းခနဲ အသံကြီး တစ်သံ ပေါ်လာသည်။

"ဘာသံလဲဟ... ဘာသံလဲ ဘာသံလဲ... "

"ကလေးတစ်ယောက် အင်ကို ခဲနဲ့ ပေါက်ပြီး ထွက်ပြေးသွားတယ်... "

"တောက်... "

စိန်အီကြာ တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်စဉ် ရွာသားတစ်ယောက် ဝါးလုံးပြတ်ကိုင်၍ အနားရောက်လာသည်။

"ဟေ့ ဘယ်သူလဲကွ... တောက်ခေါက်တာ... နာချင်ပြီ မှတ်တယ်... "

"သတ္တိခဲစိန်အီကြာ အသာငြိမ်နေလိုက်ရသည်။ ရွာသားတစ်ယောက်က (လာပါ ချိုဆိမ့်ရယ်၊ ခွေးနဲ့ ဖက်ကိုက်မနေပါနဲ့) ပြောရင်း ဝါးလုံးပြတ်နှင့် ဒေါသကုမ္ပာရကို အတင်းဆွဲခေါ်သွားသည်။

"ရတနာသုံးပါးကို မမေ့ကြနဲ့... အန္တရာယ်ကင်းဂါထာတွေ နာနာ ရွတ်ကွ... ဒီညပွဲကြမ်းမှာ သေချာတယ်... "



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမင်းသားကြီး သျှောင်ထုံးစိန်က တစ်ဇာတ်လုံးကို လှည့်လည်သတိပေးသည်။ သူ သတိမပေးခင်ကပင် ဇာတ်သမားများ တတ်သမျှ မှတ်သမျှ ရွတ်ဖတ်နေကြပါပြီ။ ညနေတိုင်း မှုးလေ့ရှိသော ငပျော့ပင် ထိုနေ့အဖို့ ဘုရားမှန်း၊ တရားမှန်း သိတတ်နေသည်။ မဆလာ စိန်ထံမှ စိပ်ပုတီးငှားကာ အရဟံ အရဟံဟု စိပ်နေ၏။

ပွဲက ဗလာပွဲ ဖြစ်သည်။ ဇာတ်ခုံကို လယ်ကွင်းထဲတွင် ဆောက်ထားသည်။ ပရိသတ်ကား စည်သလား မမေးနှင့်။ ကြက်ပျံမကျ ဝက်ဝက်ကွဲ။ သို့သော် ဘဝင်မကျစရာကား ပွဲခင်းနေရာ အနှံ့အပြားတွင် ခဲလုံးများ ပုံထားခြင်းပင်။ ဟိုမှာ တစ်ပုံ၊ သည်မှာတစ်ပုံ စုစုပေါင်း အပုံငါးဆယ်ကျော် ရှိသည်။

"မင်္ဂလာရယ်မှ မဏ္ဍိုင်လေ ဟေ ဟေ... "

အပျိုတော်နတ်သံပစ်သည်နှင့် ပွဲလယ်မှ အော်သံတွေ ကြားရသည်။ ဘာတွေ ဆိုနေတာလဲ။ တိတ် တိတ်တဲ့။ အပျိုတော်က မတိတ်ဘဲ ဆက်ဆိုသော အခါ ဇာတ်စင်ပေါ်သို့ ခဲတွေ ကျလာသည်။ အပျိုတော် အခန်းကို တစ်ပိုင်းတန်းလန်းဖြင့် ရပ်ပစ်လိုက်ရသည်။

"ချစ်ဖူးတယ်၊ ချစ်ဖူးတယ်... အို မလွယ်ဘူး ရှုးနိုင်တယ်... "

စိန်အိကြာ စတိတ်ရှိုး ထွက်တော့ အော်ကြပြန်သည်။ "ဘာတွေလဲကွ... ချစ်ဖူးဆိုတာ တို့ရွာက ဘကြီးချစ်ဖူးကို ပြောတာလား... ဘကြီးချစ်ဖူး မရှုးဘူး... မင်းသာ အရှုး... " စိန်အိကြာလည်း စတိတ်ရှိုးကို တိုးလိုးတန်းလန်းဖြင့် ရပ်လိုက်ရပြန်သည်။

"တန်ခူးရယ်တဲ့ အခါတော်၊ စိတ္တြာ ဝန်းရံခတယ်... သင်္ကြန်လခေါ်... "

မင်းသားကြီး သျှောင်ထုံးစိန် တန်ခူးလဘွဲ့ဆိုတော့လည်း အော်ကြတာပါပဲ။ ဒါ စိန်အောင်မင်း ဆိုပြီးသားကြီးတဲ့။ ဒီအရပ်နဲ့ ဒီဇာတ်က



www.burmeseclassic.com

www.burmeseclassic.com



တော့ တွေ့နေကြပြီ။ ဘာဆိုလို့မှ မရ၊ ဘာကလို့မှ မရ အောက်က အော်သံ၊ အုန်းအုန်းညံနေသည်။

"ကောင်းကောင်းကြည့်ကြပါ ခင်ဗျာ... ဇာတ်သမားတွေ အလုပ်လုပ်လို့ မရပါဘူး... "

ရွာအကျိုးဆောင်တစ်ယောက်က ဇာတ်စင်ပေါ်တက်၍ မေတ္တာရပ်ခံသည်။ ပွဲဌားလာတုန်းက မည်းမည်း၀၀ ပုဂ္ဂိုလ် ဖြစ်သည်။ သူ့ကိုလည်း ပရိသတ်က မလေးစား။ "ကောင်းကောင်း မကြည့်ရအောင် ကျုပ်တို့က ဇာတ်သမား ခေါင်းပေါ် တက်ထိုင်ကြည့်နေလို့လား... အလုပ်လုပ်လို့ မရရင် မလုပ်နဲ့... နထို့ပလို့ကွ ဘာမှတ်သလဲ... မဇာကွမ်းစား သွားမယ်" ဟု အော်ကြသည်။ ခဲတွေ ကျလာတော့ အကျိုးဆောင်လည်း အကျိုးမဆောင်နိုင်တော့ဘဲ စင်ပေါ်က ဆင်းပြေးရသည်။

"မေတ္တာတွေ အသချေပွားများပါလို့ တောင့်ထားဗျို့ တောင့်ထားဗျို့... "

"ကော်ကီးကော်... ကော်ကီးကော်... "

စိန်အိကြာ နှစ်ပါးထွက်နေစဉ် ပွဲခင်းအလယ်မှ နှဲသံ ကြားရသည်။ နှဲက အပေါက်မြင့်နေသဖြင့် သံကြောင်ကြီး ထွက်လာသည်။ တောင့်ထားဗျို့၊ တောင့်ထားဗျို့ ကော်ကီးကော်၊ ကော်ကီးကော် ဟု နှဲကြောင်က သံယောင်လိုက်ပေးသည်။

"ဗျို့... နှဲဆရာကြီး ခင်ဗျားတော်ပါတယ်... မမှုတ်ဘဲနေရင် ပိုတော်မယ်... "

ကိုပါဒန်က အတည်လိုလို အပြောင်လိုလို လှမ်းရိတော့ နှဲဆရာက မတ်တတ်ထ၍...

"ဘာလို့ တော်ရမှာလား... မှုတ်တယ်ကွ ကီကီ..."

ဟု မှုတ်ပြသည်။ နှဲကြောင်သမားမှာ ထိုကစ၍ ပြန်မထိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့။ ပရိသတ်က (ကိုသန့်စင်ကြီး မှုတ်တာ မှုတ်၊ မှုတ်သာ မှုတ်) ဟု လက်ခုပ်ဝိုင်းတီးပေးကြသည်။ စိန်အိကြာ ဒုက္ခရောက်ပါပြီ။ သီချင်းတစ်ပုဒ်ဆိုမယ်လို့ စလိုက်တိုင်း နှဲက (တော်တော့ တော်တော့) ဟု ပီပီသသ မှုတ်၍ တားမြစ်သည်။ စိန်အိကြာ မတော်ဘဲ ဆက်ဆိုသောအခါ မင်းအမေ၊ မင်းနှမ စသည်ဖြင့် နှဲဖြင့် ဆဲသည်။ နှဲကလည်း အာဂနှဲ။ သီချင်းမှုတ်လျှင်သာ ကြောင်သည်။ ဆဲတာကြတော့ မကြောင်။ ပါးစပ်ဖြင့် ဆဲသလို ပီပီသသ ထွက်လာသည်။

စိန်အိကြာကလည်း ဘာရမလဲ။ မြန်မာပြည်အရပ်ရပ် လှည့်ကလာတဲ့ အမာခံဇာတ်သမားပဲ။ နှဲဖြင့် ဆဲနေသည့်ကြားက ဆက်ဆိုမည်ဟု ပါးစပ်ဟလိုက်စဉ်... ။

“ဂိန် ဟိန် ဟိန်... ”

ဟု ငယ်သံပါအောင် အော်လိုက်သော အသံကြီး ထွက်လာသည်။ ကာလသားတစ်သိုက် ကြိုးချည်ထားသော ခွေးကို တုတ်ဖြင့် ပိတ်ရိုက်လိုက်တာပါလား။ ပွဲကြည့်တာ လူချည်းမကြည့်ဘဲ ခွေးပါ ကြိုးချည်၍ ပွဲခင်းထဲ ခေါ်လာသည်။ စိန်အိကြာ ပါးစပ်ဟတိုင်း ခွေးကို ရိုက်ရိုက်ပေးတော့...

“ဂိန်အိကြာ ပွဲကရာတိုင်းမှာ အပျိုချောတွေက ဂိန်... ဂိန်... ဂိန်... ပန်းစည်းတွေ ချိုဂိန်တွေ... လက်ဆောင်ပဏ္ဏာတွေ ဂိန်ပါလို့... ”

သွားပါပြီ။သီချင်းသံနှင့်ဂိန်သံ ရောထွေးကုန်သည်။စိန်အိကြာက ဂိန်အိကြာ ဖြစ်၊ အပျိုချောတွေပင် ဂိန် ဂိန် ဂိန် ဖြစ်ကုန်သည်။ ခွေးသံနှင့်အတူ နှဲကြောင်သံကလည်း တကော်ကော် ဝင်လုပ်သည်။ အသံတွေ အကုန်ရော မှုတ်ကုန်သဖြင့် ဇာတ်ခုံမန်နေဂျာ ဟာကြူလီငပျော့က...

“ခင်ဗျားတို့ မိသားဖသားပီပီ စည်းကမ်းရှိရှိ ကြည့်ကြပါ... ဒီလို နှောင့်ယှက်နေရင် ဇာတ်ကတာကို ရပ်ရပါလိမ့်မယ်... ” ဟု ခပ်မိုက်မိုက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကျိန်းတော့မှ ပိုဆိုးကုန်သည်။ စောစောက နှဲဖြင့်သာ ဆဲသည်။ ယခုတော့ တစ်ပွဲလုံး ပါးစပ်ဖြင့် စိုင်းဆဲကြကာ ဇာတ်ခုံပေါ်သို့ ခဲမိုး ရွာချသည်။ မီးလုံးတွေ ကွဲ၊ မီးချောင်းတွေ ကွဲ၊ ဇာတ်သမားအချို့ ခေါင်းတွေ ကွဲကာ ညတစ်ဝက်မကျိုးခင် ဇာတ်နားလိုက်ရသည်။ စိန်အိုကြာ တောင် အရှောင်မြန်ပေလို့။ သို့တိုင် သျှောင်ထုံး ခဲမှန်ကာ ဆံပင်တွေ ပြေကျပြီး မျက်နှာပေါ်သို့ ဖိုးရိုးဖားရား ဖြစ်သွားရသေးသည်။ အတွင်းထဲ ကို ဝင်ပြေးပေလို့သာ ခေါင်းမပေါက်ခြင်း ဖြစ်သည်။

သုံးညကမည့်ပွဲမှာ တစ်ညတည်းဖြင့် နိဂုံးချုပ်သွားသည်။ အကျိုးဆောင်များက "နောက်ညတွေ ဆက်ကပါ.. ကျွန်တော်တို့ တာဝန် ယူပါတယ်... ဒီလို မဖြစ်စေရပါတော့ဘူး... " ဟု အာမခံကြသည့်တိုင် စိန်အိုကြာ လန့်သွားပါပြီ။

မြန်မာပြည်တွင် နထို့ပလို့ကဲ့သို့ မြေကြမ်း၊ လူကြမ်းသော ပွဲခွင် မျိုး များများ မရှိသည့်တိုင် တစ်ခွင်စ နှစ်ခွင်စတော့ ရှိသည်။ ပရိသတ်မှာ ပွဲကြည့်ဖို့ လာသည်မဟုတ်။ ပွဲဖျက်ဖို့ လာကြခြင်း ဖြစ်သည်။ ပွဲပျက် သွားလျှင် သူတို့ ဝမ်းသာကြသည်။ ဘယ်ဇာတ်တုန်းက သူတို့ နှိပ်စက် လိုက်လို့ ဘယ်လိုပြေးရတာကွဟု ဂုဏ်ယူစကား ပြောတတ်ကြသည်။

လူတွေ သွေးပျက်သလို ဇာတ်တွေလည်း သွေးပျက်ဖူးကြပါ သည်။ စိန်အိုကြာကား နောက်တစ်ခါ ကြောက်ပါပေ့၊ နထို့ပလို့ ဆိုရ လောက်အောင် နထို့ပလို့ရွာတွင် ဇာတ်ပျက်ခဲ့လေသည်တကား။

အိုကြာကွေး


(မေလ၊ ၁၉၈၈ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

✧✸✧✸✧✸✧

တွတ်ပီစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



# လင်းရင်ပြီးရော ဇာတ်တော်ကြီး

"မောသလား စိန်အီကြာ... "တဲ့။

သခေါကြည်ကမေးသည်။ ဘယ်နှယ်ပြောပါလိမ့်၊ ခေတ်ဟောင်း အနှစ်နှစ်ဆယ် စတီရီယိုသီချင်းမျိုးစုံ နှစ်ဆယ့် ခုနှစ်ပုဒ်တီတီ မရပ်တမ်း မနားတမ်း နန်းစတော့ ဆိုခဲ့ရတာပဲ။ မောသမှ ရင်ထဲက လှုပ်လှုပ် လှုပ်လှုပ်နေအောင် မောသည်။ အသက်ဘယ်ကထွက်ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိအောင် မောသည်။ သို့သော် ခေါင်းဆောင်မင်းသားဖြစ်နေတော့ အဆင်ပြေအောင် ကြည့်ပြောလိုက်ရသည်။

"မောတော့မောတာပေါ့ ဒါပေမယ့် ဟောဟဲဟောဟဲ... "

မြန်မာဇာတ်သဘင်စင်မြင့်တွင် စတိတ်ရှိုးဆိုသော အကုသိုလ်ထုပ်ကြီးကို ဘယ်သေချင်းဆိုးက စတင်ခဲ့သည်စထွင်ခဲ့သည် မသိ။ ခုတော့ အကုသိုလ်ထုပ်ကြီးက တစ်နေ့တခြား ကြီးကြီးလာကာ မျှော့တွယ်ထားသလို ဖယ်မရ၊ ခွာချမရ ဖြစ်နေသည်။

ညဦး အချိန်ကောင်းတွေကို စုပ်မျိုစားသောက်သည်။ တေးသံသာပဲ ခေါ်ခေါ်၊ စတိတ်ရှိုးပဲဆိုဆို၊ ဤဘာမှန်းမသိသော ခပ်ကြောင်ကြောင်အလုပ်က အချိန်ကုန်လှသည်ကား အမှန်။

ဇာတ်သမားအာနှင့် ဘယ်လိုမှ မအပ်စပ်သော ခေတ်ပေါ်သီးချင်းတွေကို စည်းမရှိ ဝါးမမိ ကုန်းကျုံး ဟစ်နေရသည်။ အူးအူးအားတို့၊ ရဟူး၊ ရဟူးတို့ တိရစ္ဆာန် အော်သံတွေကို ကြားညှပ် ကြားညှပ်ထည့်ပေးရသည်။ စတိတ်ရှိုးဆိုတာကြီးကို မျိုးစေ့ချခဲ့သော သဘင်အဖျက်ကောင် မရရအောင် စုံစမ်းပြီး နားရင်း ပါးရင်း ပစ်ပစ်ကျင်းဖို့သာ ကောင်းတော့သည်။

"အချိန်ဘယ်လောက်ရှိသွားပြီးလဲဟေ့... "

"သန်းခေါင်နီးနေပြီ ဇာတ်ဆရာ... "

ပွဲထွက်နောက်ကျရသည့်အထဲ စတိတ်ရှိုးဆိုသော မကောင်းဆိုးရွားက ရုပ်ရှင်တစ်ပွဲစာ ကျော်ကျော် အချိန်တွေကို ဝါးမျိုစားသောက်သွားပါရောလား။

"ပြဇာတ်ထွက်တော့ဟေ့၊ ခန်းစေ့ ကမနေနဲ့၊ နှစ်ပါးသွားဖို့ အချိန်မကျန်ဘဲ နေမယ်၊ ထုံးစံအတိုင်း ခုန်ပျံကျော်လွှားကြ... "

စိန်အိကြာ၏ပြဇာတ်တွေမှာ အားလုံး အာဒိန္နာဒါနာကံ ထိုက်



www.burmeseclassic.com

www.burmeseclassic.com



ထားသော ခိုးရာပါ ပစ္စည်းတွေချည်း ဖြစ်သည်။ ဝတ္ထုက ခိုး၏။ ရုပ်ပြက ခိုး၏။ ရုပ်ရှင်က ခိုး၏။ ဇာတ်ဇာတ်ချင်း ခိုး၏။ ပြဇာတ်ဟုဆိုမည့် အစား ခိုးရာပါ ပစ္စည်းမျိုးစုံပြပွဲဟုသာ ဆိုဖို့ကောင်းတော့သည်။

ပြဇာတ်နာမည်ကို ကြည့်ဦး။ (ဒုတိယ အရွယ်၏တတိယအချစ်မှ စတုတ္ထအဆွေး)တဲ့။ ဘာပြောလို့ ပြောမှန်းမသိသည့် နာမည်။ အီလယ်လယ်။ အူကြောင်ကြောင် နာမည်။ ဇာတ်လမ်းကလည်း အီလယ်လယ် အူကြောင်ကြောင်ပါပဲ။

ဤဇာတ်လမ်းတွင် စိန်အီကြာက အစ်ကိုရုပ် ညီရုပ်၊ ဇာတ်ရုပ် နှစ်ရုပ်ခွဲ၍ နှစ်ကိုယ်ခွဲ သရုပ်ဆောင်သည်။ တစ်ရုပ်တည်း၊ တစ်ကိုယ်တည်းတောင်၊ အသုံးကျအောင် သရုပ်မဆောင်နိုင်တာ။ နှစ်ကိုယ်နှစ်ရုပ် ဆိုတော့ ကရင်း၊ ကရင်း ရှုပ်ကုန်သည်။

အစ်ကိုက ဥပဒေ ဘက်တော်သား၊ ညီက ဒုစရိုက်သမား၊ လူမိုက်သမားက ရာဇဝတ်မှုပပျောက်ရေး တရားတွေ ဟောလိုဟော။ သူကလည်း မနိုင်မနင်းဖြင့် ရှုပ်ကုန်သလို ပရိသတ်တွေမှာလည်း အူချာ ပတ်ချာလည်ကုန်သည်။ ခု အစ်ကိုဖြစ်လိုက်၊ ခုညီဖြစ်လိုက်ဆိုတော့ ပြောရမည့် စကားတွေ ရောထွေး ကုန်ခြင်းပင်။

သို့သော် တော်ပါသေးသည်။ ခုန်ပျံကျော်လွှား ကသဖြင့် (ဒုတိယအရွယ်၏ တတိယ အချစ်မှ စတုတ္ထ အဆွေး) အကောင်းစား ပြဇာတ်ကြီး မြန်မြန်ပြီးသွားပေလို့။ မပြီးလျှင် စိန်အီကြာကော ပရိသတ်ပါ ခေါင်းမူး ခေါင်းနောက်စရာ ဝဋ်ဒုက္ခကြီးကို ဆက်ခံနေရဦးမည်။

“ဒီပြဇာတ် ခေါက်ထားလိုက်မှ ထင်တယ်... တစ်ခါက တစ်ခါ ခေါင်းရှုပ်၊ ကြာရင်တံတားလေးရောက်မယ်... ဒါထက်အချိန် အချိန် အချိန်ကြည့်ကြစမ်း... ”

“သုံးနာရီထိုးတော့မယ်... ဇာတ်ဆရာ... ”

**တွတ်ပီစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com


ဟိုက် ရှာလပတ်ရည်၊ အချိန်မနည်းတော့ပါလား။ ညဦးပိုင်းက စတိတ်ရှိုး နှိပ်စက်ခဲ့သမျှ ဆက်၍ဆက်၍ ဒဏ်ခံနေရသည်။ စိန်အိကြာ စဉ်းစားရပြီ။ နှစ်ပါးကို အချိန်ဆွဲကပြီး မိုးလင်းလိုက်ရမလား။ ဒါမှမဟုတ် နှစ်ပါးကို သဘောလောက်ပဲကပြီး နောက်ပိုင်းဇာတ်ကိုအဖြစ်လောက် ထည့်၍ လင်းရမလား။

မြို့လေးက ငယ်သည်။ လမ်းပန်း အဆက်အသွယ် ခက်၍ ခေါင်သည်။ ပရိသတ်ထဲတွင် လူကြီးပရိသတ်တွေ အတော်များများ ပါနေသည်။ ကာလဒေသအခြေအနေအရ နောက်ပိုင်းဇာတ်ကို မကလို့ မဖြစ်တော့။

'ကဲ ကဲ စီခြောက်ဆယ် တစ်ခွေစာ နှစ်ပါးခွင်ပဲ၊ မြူးမြူးသွက်သွက်နဲ့ မြန်မြန်ကပြီး နောက်ပိုင်းဆက်ကမယ်... မင်းသမီးတွေ သခေါတို့ မီးယပ်တို့ မဆလာတို့ ညည်းတို့တစ်ယောက်တစ်ပုဒ်လုပ်မနေနဲ့... ငါနဲ့အတူ သံပြိုင်သုံးပုဒ်ဆို၊ သုံးကြော့ကပြီး နှစ်ပါးသိမ်းမယ် အချိန်မရှိတော့ဘူး... ”

“ကျုပ်တို့ဟားတွေကကော ဘာလုပ်ရမှာလဲ။ ထိုင်နေရမှာလား”

လူရွှင်တော် ကိုပါဒန်နှင့် ကိုပုတိုတို့က မေးသည်။

“အဲ့ အဲ့ ခင်ဗျားတို့ကတော့ တောက်လုံးတစ်ယောက် တစ်လုံးစီဆို တော်ပြီ။ ခွင်ရှည်ကြီးတွေ၊ ဆိုက်ရှည်ကြီးတွေ လုပ်မနေကြနဲ့နော်။ နောက်ပိုင်း မထွက်ရင် ပရိသတ်က ပြဿနာ တက်နိုင်တယ်။ အချိန်မရှိဘူး... ”

သို့ဖြင့် နှစ်ပါးခွင်ကလည်း မည်ကာမတ္တဖြင့်ပြီးသွားသည်။ နောက်ပိုင်းအတွက် စိန်အိကြာက လုပ်ချင်တာ လုပ်ကြရန် တစ်ဇာတ်လုံးကို ကင်းလွတ်ခွင့်ပေးလိုက်သည်။ သူက ဇာတ်ခုံနောက်ပိုင်းမှ ဖဲဝိုင်းတွင် မိုးလင်းအထိ ဖင်ကျောက်ချတော့မည်။ ဝိုင်းကလည်း ကောင်းလှ


www.burmeseclassic.com

www.burmeseclassic.com



သည် မဟုတ်ပါလား။

ပြဇာတ်တီးဝိုင်းမှ အတီးသမားတွေ၊ ဆိုင်းဝိုင်းကြီးမှ ရှာစား၊ လက်ထောက် ရှာစားတွေ လူစုံတက်စုံ ရောက်ကုန်ကြပြီ။ ဆိုင်းဝိုင်းကြီးကို တပည့်သားမြေးတွေနှင့် ပစ်ထားခဲ့သည်။ အဖြစ်လောက်တော့ သူတို့လည်း တီးတတ်ကြတာပဲ။

ကားဆွဲတွေ၊ ပစ္စည်းထိန်းတွေ၊ ထမ်းဆင့်တွေ၊ ထမင်းချက်တွေ စိန်အိကြာဇာတ်မှ ဖိုးကချင်မှန်သမျှ တစ်စခန်းထကြတော့သည်။ မီးစက်သမားက မိတ်ကပ်အဖွေးသားဖြင့် စောင်းပိုက်ထွက်လာ၏။ စောင်းကို တီးယောင်ပြုကာ ဆင်တွေ လာသော မန္တန်ကို ရွတ်သည်။ ပရိသတ်က ဥတ္တေနဇာတ်ပဲဟု ထင်၍ ကြည့်နေသည်။

ဆင်ထွက်မလာဘဲ မဆီမဆိုင် မိကျောင်းထွက်လာသည်။ မိကျောင်းလုပ်တာက ထမ်းဆင့်သမား တစ်ယောက်။ သူက တညင်ကျွန်းက ခင်လွန်းဆီ သွားမည့် မင်းနန္ဒာမင်းသားလေးကို ကျောပေါ်တင် ပို့ပေးရမည် ပြောသည်။ ဥတ္တေနဇာတ်မှသည် အလိုလို အော်တိုငုတ်တုတ်ဖြင့် ရှင်မွေ့လွန်း မင်းနန္ဒာဇာတ် ဖြစ်သွားသည်။

"ယာတောရဲ့ အလယ်မှာလေ... တိန်တိန် ငါပြောမယ် ရွှေရှင်ဘုရင်ရဲ့ ဟဲ့ ဟဲ့... "

ဟိုက် ရှာလပတ်ရည်။ ထမင်းချက်ကိုဝကြီးက ချင်းဖဝေး လုပ်ပြီး ထွက်လာပြန်ပါရောလား။ ရှင်မွေ့လွန်း မင်းနန္ဒာဇာတ်မှ ချက်ချင်းချင်းဖဝေးဇာတ် ဖြစ်သွားသည်။ ဖရဝးကိုဝကြီး၏ တစ်ပေါက်မှ မဝင်သော ငိုချင်းကို ဆိုင်းက မျောက်ဆိုင်း တီးပေးသည်။ ကိုဝကြီးက မျောက်ကကလေ၏။

"ဘာတွေ လျှောက်ကနေကြတာလဲ... အူပေါက်ချည့်ပဲ... "

"အူပေါက်ရုံမကဘူး... အူကင်ဆာပါ ဖြစ်တာ... "



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်တွေ စိတ်ညစ်ကုန်ကြပြီ။ အရေးထဲ ရှံနောက်ပေါက် စောင့် ကျောက်ရှူးကလည်း တစ်မျိုး။ နောက်ပိုင်းဇာတ် ကင်းလွတ်ခွင့် ပေးထားသည့်ကို အခွင့်ကောင်းယူ၍ ကျွန်စစ်သား ထွက်လာသည်။

"လုံ့ပစ်မမှားတဲ့ ကျွန်စစ်သားတဲ့ ဟေ့... "

ဆိုင်းက ဒိန် ဒိန် ဒိန်ဟု အလိုက်သင့် မောင်ဘဦး လုပ်ပေးသည်။ လုံ့ပစ်မမှားဘူးဆိုပြီး လက်ထဲမှာ ခေါင်းကြီး ကိုင်လို့။ ခေါင်းသိုင်း အကကို ကိုးရိုးကားရား ကသည်။ တကယ် ကသည့်လူတွေ ဖဲဝိုင်းမှာ မဲအုံနေစဉ် ဖိုးကချင် ဇာတ်ရှူးတွေ ထင်ရာ လျှောက်လုပ်ရင်း အရှက်ကျင်း သွားသည်။ မိုးလင်းပြီဆိုတော့ ပွဲလည်း ပြီးပြီပေါ့။

"ဇာတ်ဆရာနဲ့ တွေ့ချင်တယ်ဟေ့... ဒီကောင်နဲ့ မြန်မြန် တွေ့ရမှ ဖြစ်မယ်... ဒီကောင် ဘယ်မလဲ... "

ဟိုက် ရှာလပတ်ရည်။ ပွဲပြီးသော်လည်း မီးက မသေပါလား။ အသက်ခြောက်ဆယ်နီးပါး အဘိုးကြီးတစ်ယောက် ဖဲဝိုင်းနား ရောက်လာသည်။

"ကျွန်တော်ပါ ခင်ဗျာ... ကိစ္စကို အမိန့်ရှိတော်မူပါ... "

"အမိန့်ရှိပါတွေ အမတ်ရှိပါတွေ ထားစမ်းကွာ... နိပါတ်တွေ ဇာတကတွေက အဘိုးတန်တာတွေ ကမလား မှတ်တယ်... မင်းတို့ နောက်ပိုင်းက ဘာနောက်ပိုင်းလဲ... ဇာတ်ထုပ်မျိုးစုံက ဟိုနည်းနည်း ဒီနည်းနည်း လုပ်ကတဲ့ ဆယ့်နှစ်မျိုးချင်းသုတ် နောက်ပိုင်းလား... "

အဘိုးကြီး ဒေါပွသလောက် စိန်အီကြာတော့ အေးအေးဆေးဆေးပဲ။ ဆေးပြင်းလိပ်ကလေး ဖွာ၍ ဖဲတစ်ချပ် စမ်းပြီး အဘိုးကြီးကို ရှင်းပြသည်။

"နောက်ပိုင်းကို ကျွန်တော်တို့ မကတာ ကြာပါပြီ... ပြဇာတ် နှစ်ထုပ်နဲ့ မိုးလင်း... ဒီလိုပဲ လုပ်လာကြတာ... ဒီမှာက မကမဖြစ် ကမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ဆိုတာ သိလို့ နောက်ပိုင်းကတာ ကင်းလွတ်ခွင့်ပေးလိုက်တယ် ဇာတ်ထဲက ဘယ်သူမဆို ကချင်တဲ့လူ တက်က... ကချင်တာ က... ပြော ချင်တာ ပြော... တမင်လွှတ်ပေးထားတာ... မြန်မြန် မိုးလင်းရင် ပြီးတာပဲ... ကျွန်တော်တို့ နောက်ပိုင်းက (လင်းရင် ပြီးရော နောက်ပိုင်း)ပါ ဘကြီး..."

အိကြာကွေး

(ဇူလိုင်လ၊ ၁၉၈၀ ခုနှစ်၊ သဘင်မဂ္ဂဇင်း)

◆✧✹✧✹✧✹✧

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

| | |
|---|---|
| ၁။ အိကြာကွေး | ရယ်စရာဖေးရှင်း |
| ၂။ အိကြာကွေး | နတ်ရူးတို့ကြောင်နိုင်ပေ |
| ၃။ အိကြာကွေး | တွေ့ရကြုံရ ရှုတတလေးတွေ |
| ၄။ အိကြာကွေး | မျက်စိအောက်ကဇရာ |
| ၅။ ဓနုဖြူကျော်ထွန်း | တဝဲလည်လည်စာပေနယ် |
| ၆။ လင်းယုန်မောင်မောင် | ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ ပြောင်ချက်နှင့်လှောင်ကွက်များ |
| ၇။ သုမောင် | အရက်သမားအမှားတစ်ခါ |
| ၈။ မင်းလူ | သူ့ဆံပင်နှင်းဆီပွင့်တွေနဲ့ |
| ၉။ ချစ်နိုင်(စိတ်ပညာ) | သန့်ရှင်းသောစိတ် |
| ၁၀။ ကိုပိုက် | ၂၀၀၁ မှုဆိုးများ |
| ၁၁။ ဆုပြည့်နိုး | ဆေးရုံပေါ်ကဟာသများ |
| ၁၂။ မြန်မာ ပြည်ဆရာဟိန်း | အနုပညာရှင်များ၏လက္ခဏာပန်းခင်း |

BURMESE CLASSIC .com

www.burmeseclassic.com




www.burmeseclassic.com